www.burmeseclassic.com

# ဆုအဉ္ဇလီ

## ပြုစားတတ်သူဟူ၍လည်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးစားတတ်သူဟူ၍လည်း

လုံးချင်းဝတ္ထုကြီး

ပုံနှိပ်သူ
ဦးမောင်မှိုင် (မြဲ ၀၃၈၅၄)
အမှတ် ၅၃၃၊ အင်းတော်လမ်း
၆၄ ရပ်ကွက်၊ စက်မှုဇုန် (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။



ထုတ်ဝေသူ
ဒေါ်ရွှေနှင်း(တိုင်းလင်းစာပေ
(မြဲ ၁၂၉၉)
အမှတ်-၃/၆၅အုပ်စု၊ ဆောင်း...
ဟော်ဘွားကြီးကုန်း၊ အင်းစိန်၊



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၉၉/၉၉/(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၉/၂၀၀၀/(၂)
ပထမအကြိမ်
မတ်လ၊ ၂၀၀၀ ခုနှစ်
အုပ်ရေ (၅၀၀)
တန်ဖိုး (၂၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း - ပိုက်ပိုက်



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | -ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | -ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | -ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းမည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

# ဆုအဉ္ဇလီ

# ပြုံးစားတာ့တော်သူ့ပုဆိုးလည်း

(လုံးချင်းဝတ္ထုသစ်)

လှိုင်စာပေ၊ စာပူးအမှတ် ၁၃၁၄

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည်။ စောစောက ဟိုတစ်ပွင့်၊ ဒီတစ်ပွင့်လင်းလက်နေသော ကြယ်ပွင့်လေးတွေပင် မည်းမှောင်သော ကောင်းကင်ပြင်ကြီးတွင် မရှိတော့။ လျှပ်နွယ်၊ လျှပ်ပန်းများကတော့ တဖျိုးဖျိုးတဖျပ်ဖျပ် ဝင်းလက်နေတာကြောင့် မကြာခင် မိုးရွာတော့မည့်ဟန်ပင်။ သို့တိုင်အောင် ထိုပတ်ဝန်းကျင်ရှိ လူတွေကတော့ ဆိုးဝါးလာသော ရာသီဥတုအခြေအနေကို သတိမပြုမိစွာ အော်ဟစ်ဆဲ ဆူညံဆဲဖြစ်၏။ ဂစ်တာသံတွေ၊ သီချင်းသံတွေက သူ့နားထဲသို့ ဆူညံစွာစီးဆင်းဝင်ရောက်လာသည်။ မည်းမှောင်သော ကောင်းကင်ပြင်အောက်ဝယ် မီးပုံပွဲမှ အရှိန်ကြောင့်

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်ဖြင့် လွှမ်းထား၏။ သူ သက်ပြင်းတစ်ချက် ကြိတ်ချကာ ထိုနေရာမှ အသာလှမ်းထွက်ခဲ့သည်။ သည်အချိန်မှာ သူဘာကိုမှ မမြင်ချင်၊ မကြားချင်ပေ။ သူ တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်းချမ်းသော အရပ်မှာ အေးအေးဆေးဆေး တွေးနေချင်၏။

သူ့ရင်ထဲမှာ ခံစားနေရတာတွေက ရင်နှင့်မမျှမို့ တစ်စိမ့်စိမ့်တွေးကာ နာကြည်းနေချင်သည်။ အထူးသဖြင့် မိန်းမတစ်ယောက်၏ လှည့်စားမှုကို ဖြစ်သည်။ ဘာဖြစ်လို့ သူဟာ မိန်းမတစ်ယောက်ရဲ့ လှည့်စားမှုကို ခံခဲ့ရတာလဲ။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို ဒီလိုပဲ လွယ်လွယ်နဲ့ လှည့်စားတတ်သလား၊ ဘာပဲဖြစ်ဖြစ် သူကတော့ မိန်းမတစ်ယောက် လှည့်စားမှုကြောင့် ဒီနေရာ၊ ဒီဒေသသို့ ရောက်ခဲ့ရလေပြီ။

ဒါဟာ သူ့ရဲ့ ပျော့ညံ့ချက်လား၊ ဟင့်အင်း၊ သူပျော့ညံ့စွာ အရှုံးပေးခဲ့တာ မဟုတ်ပါဘူး၊ လှည့်စားတတ်တဲ့ မိန်းမတစ်ယောက်ရဲ့မျက်နှာကို မတွေ့ချင်၊ မမြင်ချင်လို့ သူ တမင်ရှောင်ထွက်ခဲ့တာပါ။ ဒါပေမယ့်လည်းလေ သူ့ရင်ထဲက ဘယ်လိုပဲ နာကြည်းအောင်တွေးပေမယ့် ခုလို တိတ်ဆိတ်တဲ့ ညမျိုးမှာ ဇော်ကိုပို၍ သတိရတမ်းတတာတော့ အမှန်ပါ။ ဒါကိုက သူ့ရဲ့အရှုံးတစ်မျိုးဆိုလျှင်တော့ ဘာမှမတတ်နိုင်ပါ။ တကယ်တော့ ဇော်က သူ့ကိုအမြဲတမ်း ညို့





ငင်ဆွဲဆောင်နိုင်တဲ့သူတစ်ယောက်ပါလေ။ တစ်ခါ တစ်ခါတော့လည်း ကိုယ့်ကိုကိုယ် စိတ်နာချင်မိ၏။ ကိုယ့်ကိုလှည့်စားခဲ့တဲ့ မိန်းမတစ်ယောက်ကိုမှ ဘာဖြစ်လို့ သတိရ တမ်းတနေချင်ရတာလဲလို့။

သွားစမ်းကွာ. . ။

သည်မိန်းမကို သူ့ရင်ထဲက ဖယ်ထုတ်ပစ်လိုက်တော့-

ပြီးတော့ လူငယ်တစ်ယောက်ပီသစွာ သူများတွေလို ဓောင်ဟစ်ပျော်မြူးပစ်လိုက်၊

တဲ ဒါဆို သူ့ရင်ထဲ ဘယ်လောက်ပေ့ါပါးသွားမလဲ။

သို့သော် တကယ်တမ်းမှာတော့ ထိုစိတ်ကူးက လက်တွေ့အကောင်အထည်ဖြစ်မလာပါ။ ဇော်နဲ့ပတ်သက်ပြီး ရင်ထဲက ခံစားချက်တွေကို လွယ်လွယ်ဖယ်ထုတ်ပစ်လို့ရမယ်တဲ့လား။ ဒီလိုသာ-အလွယ်တကူ ဖယ်ထုတ်ပစ်၍ရမည်ဆိုလျှင် သူ ဒီနေရာ၊ ဒီဒေသကိုတောင် ရောက်ခဲ့မည်မဟုတ်။

သူ မီးပုံပွဲနှင့် အလှမ်းကွာဝေးသော တောင်ကမူစွန်းလေးပေါ်သို့တစ်ယောက်တည်း လှမ်းတက်ခဲ့၏။ မီးပုံပွဲမှ အလင်းရောင်တချို့က သူရှိသည့်ကမူစွန်းပေါ်သို့ ခပ်ရေးရေးမျှ ကျရောက်နေသည်။ သူမြက်ခင်းစိမ်းလေးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ညို့ဆိုင်းနေသော ပတ်ဝန်းကျင်ကိုကြည့်ပြီး သူ့ရင်ထဲ အလွမ်းဝေဒနာပိုလို့သာ ခံစားရသည်၊ ကြည့်ပါဦး ဒီလိုတိတ်ဆိတ်အေးချမ်းတဲ့ညမျိုးမှာသူ့နားမှာ ဇော်သာရှိခဲ့လျှင် ဘယ်လောက်များကောင်းလိုက်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ သူကသာ ဇော်ကို သတိရတမ်းတနေတာပါ။ ဇော်ကတော့ သူ့လိုလူတစ်ယောက်ကို သတိရတမ်းတဖို့ဝေးစွ။ ဇော့်ကြောင့် သူ ဒီနေရာရောက်နေတာကိုတောင် တစ်စက်လေးတောင် သိမည့်ပုံမပေါ်ပေ။ သတိမရသည့်အပြင် သူ ဒီလိုရပ်ဝေးသို့ထွက်လာခဲ့တာ ဇော့်ကြောင့်ဆိုတာသိလျှင် ကြိတ်ကာ ဂုဏ်ယူဝမ်းသာနေမလားမသိ။ ဒါမှမဟုတ် သူ၏ ရှောင်ဖယ်ထွက်လာခဲ့မှုကို ပျော့ညံ့စွာ အရှုံးပေးသူအဖြစ် ပြစ်တင်ရှုတ်ချကဲ့ရဲ့လေမလား။ အော် သူ မတွေးတတ်အောင်ပါပဲလေ။

နောက်ဆုံးတော့ ဇော်ဘက်က သူ့ကိုဘယ်လိုပဲထင်ပါစေ သူ ဂရုစိုက်လေမည်မဟုတ်ပါ။ ဇော်နဲ့ ပတ်သက်ပြီး သူ့ရင်ထဲက ခံစားချက်တွေကိုသာ အပြီးတိုင်ဖယ်ထုတ်ပစ်ချင်မိတော့၏။ ဒါမှ သူ့ရင်ထဲက ဝေဒနာသက်သာမှာ မဟုတ်လား။

ထွက်သွားပါကွာ၊ မင်း ကိုယ့်ရင်ထဲက အမြန်ဆုံးထွက်သွားစမ်းပါ၊ သူ့လက်နှစ်ဖက်ကို ဝှေ့ယမ်းကာ တစ်ယောက်တည်း ရူးသွပ်စွာ အော်ဟစ်မိ၏။ ထိုစဉ်

"ရင်ထဲက ဝေဒနာတွေကို ဒီလိုဖွင့်ဟလိုက်ယုံနဲ့ သက်သာသွားသလား ကိုယ့်ညီ"

"ဟင်"





သူ့လက်အစုံက လေထဲတွင် ရပ်တန့်သွား၏။ ထို့နောက် အသံလာရာဆီသို့ ဖုံ့ဖြစွာ လှည့်ကြည့်လိုက်၏။ သူ လှည့်အကြည့်မှာ လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူက အနောက်တိုင်းဝတ်စုံအဖြူကိုသေသပ်စွာ ဝတ်ဆင်ထားသည်။ အရွယ်ကတော့သုံးဆယ်ပတ်ဝန်းကျင်လောက်ရှိမည်။ ထိုလူ၏ မြင့်မားတောင့်တင်းသော အရပ်အမောင်းက သူဝတ်ထားသော အနောက်တိုင်းဝတ်စုံဖြင့် လိုက်ဖက်လှသလို၊ ထိုလူရုပ်ရည်က ယောကျ်ားတစ်ယောက်ချင်းပင် "ဒီလိုချောလိုက်တာ"ဟု ပြောရမည့် ရုပ်မျိုး။ အထူးသဖြင့် ညအမှောင်မအောက်မှာပင် ထိုလူ့၏ မျက်လုံးတွေက စူးရှတောက်ပလွန်းနေတာကိုတော့ သတိပြုမိလိုက်၏။

ဒါပေမယ့် သူကတော့ ထိုလူရောက်လာခြင်းအတွက် များစွာ စိတ်အနှောင့်အယှက်ဖြစ်သွားရ၏။ ကျွတ်. . တစ်ယောက်တည်းအေးအေးဆေးဆေးနေချင်ပါတယ်ဆိုမှ ဘယ်လိုပုဂ္ဂိုလ်မျိုးက ဒီနေရာကိုရွေးပြီး ရောက်လာပါလိမ့်။ သူအလိုမကျစိတ်ဖြင့်ထိုပုဂ္ဂိုလ်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်၏။

"ခင်ဗျား ဘယ်သူလဲ"

သူ့အမေးကို ထိုလူက ရုတ်တရက်မဖြေ၊ သူ့ကို နူတ်ခမ်းထောင်းတင်းစေ့ကာ ပြုံး၍ကြည့်လိုက်ပြီးနောက် သူ့လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တွင်ကိုင်ထားသော အရက်ထည့်ထားသည့်လှပသော ဖန်ခွက်ရှည် မျောမျောလေးတစ်ခုကို သူ့အားလှမ်းပေး၏။

"ဒီမှာကိုယ့်ညီ၊ ကိုယ့်ညီအနေနဲ့ ကိုယ်ဘယ်သူဆိုတာ သိဖို့ ထက် ဟောဒီလို အေးချမ်းတိတ်ဆိတ်တဲ့ညမျိုးမှာ စိတ်ညစ်စရာတွေ တွေးနေမယ့်အစား ဟောဒီဝိုင်အရက်ကိုသောက်လိုက်၊ ဒါဆို ကိုယ့် ညီဆီက စိတ်ညစ်စရာတွေ အားလုံးချက်ချင်းပျောက်ကွယ်သွားပြီး လောကကြီးတစ်ခုလုံး နွေးထွေးလာလိမ့်မယ်"

ပြောပြောဆိုဆို ထိုလူက သူ့ထံသို့ အရက်ခွက်လှမ်းပေး ၏၊ သူသည် ထိုလူကမ်းပေးသော အရက်ခွက်ကို မယူသေးဘဲ ခေါင်းခါယမ်းလိုက်၏။

"နေပါဦး၊ ခင်ဗျားက ကျွန်တော်စိတ်ညစ်နေတယ်လို့ ဘယ်လိုသိလဲ"

"အဟွန်း ဒါတ လွယ်ပါတယ်လေ၊ ဒီလောက်ပျော်စရာ ကောင်းတဲ့ ညမျိုးမှာတောင် ကိုယ့်ညီက ဘယ်သူနဲ့မှ မရောနှော မခေါ်ပြောဘဲ တစ်ယောက်တည်းဒီမှာလာထိုင်နေကတည်းက ကိုယ့် ညီရင်မှာ စိတ်မချမ်းမြေ့စရာတွေရှိနေလို့ဆိုတာ ဘယ်သူမဆို ခန့် မှန်းလို့ရတယ်"

ရုတ်တရက် သူ့မျက်နှာ ထူပူသွား၏။ သူ့ရင်ထဲမှ ဝေဒနာ ခံစားချက်တ မြင်ရသူတိုင်းသိသာလောက်အောင်ဖြစ်နေပြီလား။ နေ





ပါဦး၊ ဒီလိုလူကရော ဘာဖြစ်လို့ သူတစ်ယောက်တည်းနေတဲ့ဆီကို ထူးထူးခြားခြားရောက်လာတာလဲ။

"နေပါဦး ခင်ဗျားကရော တစ်ယောက်တည်းရှိနေတဲ့ ကျွန် တော့်ဆီ ဘာဖြစ်လို့ ရောက်လာရတာလဲ"

"ဒါတော့ ကိုယ့်ညီရယ်၊ ကိုယ့်ညီကို ငေးမှိုင်နေမယ့်အစား တခြားသူတွေလို ပျော်ပျော်ပါးပါးနေစေချင်လို့ပေါ့"

"တကယ်လို့ ကျွန်တော့်ရင်ထဲမှာ ခင်ဗျားထင်သလို စိတ် ချမ်းမြေ့စရာတွေ မရှိဘဲ၊ အေးအေးဆေးဆေးနေချင်လို့ ဒီမှာ တစ်ယောက်တည်း လာနေတာဆိုရင်ကော"

သူ့အမေးကို ထိုလူက ဖြေးညှင်းစွာ ခေါင်းခါသည်။ ပြီး တော့ သူ့ကိုစူးရှသောမျက်ဝန်းများဖြင့် စေ့စေ့ကြည့်ကာ-

"လုံးဝမဖြစ်နိုင်ဘူးကိုယ့်ညီ၊ အဲဒီလိုပြောရင်လည်း ကိုယ့် ညီ ညာတာပဲဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ညီတို့ အရွယ် ရင်ထဲမှာ သောကဆိုတာသာမရှိရင် လွတ်လပ်ပျော်ရွှင်မှုကို မက် မောတတ်ကြတဲ့ လူငယ်တွေပါကွာ"

တော်လိုက်တဲ့လူ၊ သူဘာဖြစ်နေတယ်ဆိုတာကို ဒီလူ တောင်းကောင်းအကဲခတ်နိုင်ပါလား၊ အင်းလေသူ့ကိုကြည့်ကတည်း တ ထက်မြက်မည့်ပုံစံဆိုတာ အသိသာကြီးပဲလေ။ ဒါပေမယ့် သူက ထိုလူ့ကို ဆက်လက်စမ်းချင်သေးတာမို့ ပခုံးတစ်ချက်တွန့်ကာ ပြီး မည့်ဟန်ပြုစဉ် ထိုလူက ရုတ်တရက် သူ့လက်ကိုကာပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး ကိုယ့်ညီ၊ မင်းမငြင်းလိုက်နဲ့ဦး၊ ကိုယ့်ညီ ဘာကြောင့်စိတ်ညစ်သလဲဆိုတာ ကိုယ်ထပ်ပြောလိုက်ဦးမယ်၊ ကိုယ့်ညီ စိတ်ညစ်နေတာ မိန်းမတစ်ယောက်အတွက်ပဲ ဖြစ်ရမယ်"

"ဟင်"

ထိုလူ့စကားက သူ့ရင်ထဲကို တိုက်ရိုက်လာထိမှန်တာကြောင့် သူ ဟန်မဆောင်နိုင်အောင် အံ့ဩသွားရ၏။ ကိုယ့်ရင်ထဲက အကြောင်းတွေကိုလည်း ထိုလူသိနေဟန်မို့ ရှက်သလို ခံစားမိရသည်၊ သည်လူဟာ ဘာဖြစ်လို့ ဒီလောက်တောင် အကဲခတ်နိုင်စွမ်းရှိတာပါလိမ့်။ သို့သော် လူငယ်ပီပီ မခံချင်စိတ်ဖြင့် ရှေ့ဆက်ခွတ်တိုးမေးလိုက်၏။

"နေပါဦး ခင်ဗျားက ကျွန်တော့်အကြောင်းတွေ ဒီလောက်သိနေရအောင် အကြားအမြင်ဓာတ်ရှိနေသလား"

"နိုး နိုး ကိုယ့်ညီထင်သလို ကိုယ်ဘာမှ အကြားအမြင်ဓာတ်မရှိဘူး။ ကိုယ်က လူတစ်ယောက်ရဲ့စိတ်ကိုဝင်ပြီး ခံစားကြည့်တာ"

"ဒါဆို ခင်ဗျားပြောနေတာတွေ ထင်နေတာတွေ မှန်တယ်ပေါ့"

သူ၏ ခပ်ရွဲ့ရွဲ့အမေးကို ထိုလူက နှုတ်ခမ်းစေ့ကာပြုံးသည်။

ထို့နောက်ကြည်လင်ပြတ်သားသော ဓလေသံဖြင့် တစ်လုံးချင်းပြောသည်၊





"ဒါဖြင့် ကိုယ့်ညီက မဟုတ်ဘူးလို့ ငြင်းလေ ကဲ"

သည်လိုဆိုတော့လည်း သူမငြင်းနိုင်ပါ။ တကယ်လည်း သူ့ရင်ထဲမှ ခံစားနေတာ မိန်းမတစ်ယောက်အတွက်ပဲ မဟုတ်လား၊ သူ သက်မတစ်ချက်ဖွဖွချကာ-

"ဟင်၊ ဟုတ်တယ်ဗျာ၊ ကျွန်တော်မငြင်းချင်ပါဘူး၊ ကျွန်တော်စိတ်ထဲ မပျော်နိုင်ပါဘူးဗျာ၊ဒါနဲ့ အစ်ကိုက ဘာဖြစ်လို့ ကျွန်တော့်ရင်ထဲက ခံစားချက်တွေကို ဒီလောက်သိနေရတာလဲ"

ငြင်း၍မရသည့်အဆုံး သူ ဝန်ခံလိုက်ရ၏၊ ပြီးတော့ သူ့ရင်ထဲက အကြောင်းတွေကိုသူနှင့်တစ်ခါမျှမသိသောလူတစ်ယောက်က သိနေသည့်အတွက် အံ့ဩသလိုလည်း မေးလိုက်မိ၏၊ ထိုလူက သူ့မေးခွန်းကို မဖြေသေးဘဲ ဝိုင်အရက်ခွက်ကိုလှမ်းပေးလိုက်၏၊ ထို့နောက် သူကိုယ်တိုင်လည်း အရက်တစ်ကျိုက် မော့သောက်ပြီးမှ-

"အော် ကိုယ့်ညီရယ်၊ ကိုယ်လည်း ကိုယ့်ညီတို့အရွယ်က ဖြတ်သန်းလာရတဲ့လူတစ်ယောက်ပဲ၊ ဒီအရွယ်မှာဒီလိုခံစားနေတာ ဘာကြောင့်လဲ ကိုယ်သိတာပေါ့။ ကဲ ကိုယ့်ညီစိတ်ညစ်စရာတွေ ပျောက်သွားအောင် သောက်လိုက်ပါဦး"

သူ ခေါင်းတစ်ချက်ညိတ်၏။ ထို့နောက် ဖန်ခွက်ကို မော့သောက်လိုက်ပါသည်၊ သူ့ရင်ထဲမှာ ပူရှိန်းထွေးသွားတာနှင့် ဒဏ်ရာတွေက စောစောကလောက်မဆိုးတော့ဟု ထင်ရ၏၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် သူ့အတွက် ယခုလိုအဖော်လိုနေချိန်မှာ ထိုလူရောက်လာခြင်းသည် အကောင်းဆုံးအဖော်တစ်ဦးအဖြစ် သတ်မှတ်ယုံပင်။ အထူးသဖြင့် သူ့ရင်ထဲမှ ဝေဒနာတွေကို ဖွင့်ပြောလိုက်ရရင် သူ့စိတ်ထဲအနည်းငယ် သက်သာသွားနိုင်သည် မဟုတ်ပါလား။ ပြီးတော့ ဒီလူက သူတို့လို လူငယ်လေးတွေ၏ ခံစားချက်ကို နားလည်မည့်ပုံပင်။ ထို့ကြောင့် အရက်တကျိုက်သောက်ပြီးနောက် ထိုလူ့ကို နှစ်ခြိုက်စွာ ပြုံးပြလိုက်ရ၏။

"ဒါဆို အစ်ကိုက ကျွန်တော့်လိုပဲ အချစ်အတွက် ခံစားဖူးတယ်ပေါ့ ဟုတ်လား"

"ဟာ ဘယ်လိုမေးလိုက်တာလဲ ကိုယ့်ညီရာ၊ ကိုယ်လည်း အသည်းနှလုံးရှိတဲ့လူပဲကွ၊ အချစ်အတွက် ခံစားဖူးတာပေါ့"

ထိုလူက ပြုံး၍ခပ်သွက်သွက်ဖြေ၏။ သူက ထိုလူ၏ ပွင့်လင်းမှုကိုသဘောကျသွားရသည်။ အင်း ကြည့်ရတာ ဒီလူလည်း သူ့လိုပဲ အသည်းကွဲဝေဒနာခံစားဖူးသည်ထင်၏။

"ဒါဆို ကျွန်တော်တို့နှစ်ယောက်က ခံစားချက်တူတွေပေါ့ ဒါနဲ့ အစ်ကိုက အချစ်အတွက်နဲ့ ကျွန်တော့်လိုပဲ အသည်းကွဲတာလား"

"အင်း ဘယ်လိုပြောရမလဲ၊ ကိုယ်က အသည်းကွဲတာတော့ မဟုတ်ဘူးကွ၊ အရှက်ခွဲခံရတာ"

"ဗျာ ဘယ်လို"





သူ နားရှုပ်သွားတာမို့ အံ့ဩဟန်ဖြင့် ထိုလူကိုကြည့်မိ၏။ ထိုလူက ပြုံးကာ -

"ကိုယ့်ညီ နားရှုပ်သွားပြီထင်တယ်၊ ဒီလိုကွ လွန်ခဲ့တဲ့ သုံးလလောက်က ကိုယ်မိန်းမတစ်ယောက်ကို လက်ထပ်ဖို့စီစဉ်ဖူးတယ်၊ ဒါပေမယ့်ကွာ အဲဒီမိန်းကလေးက ကိုယ်နဲ့လက်ထပ်ခါနီးကျမှ သူ့ချစ်သူနောက်လိုက်သွားတယ်"

"ဟာ ဒါအတော်ဆိုးတဲ့လုပ်ရပ်ပဲအစ်ကို"

"ဒါပေါ့ကွာ၊ ကိုယ်အရှက်ရတာပေါ့၊ တစ်ခုကောင်းတာ က ကိုယ်တို့နှစ်ယောက်ကိစ္စကို ကိုယ်တို့အသိုင်းအဝိုင်းလောက်သာ သိခဲ့တာ"

"ဟင်း တော်သေးတာပေါ့၊ ဒါဆို အစ်ကိုတော်တော်ခံစားရမှာပဲနော်"

"အင်း ခံတော့ခံစားရတယ်၊ အဲဒါက ကိုယ့်ဂုဏ်သိက္ခာအတွက်ပဲ၊ သူလက်ထပ်သွားတာကိုတော့ ကိုယ်ဘယ်လိုမှ မခံစားရဘူး"

"ဟင် အစ်ကိုက အဲသည်မိန်းမကို မချစ်ဖူးလား"

သူ တအံ့တဩမေးတော့ ထိုလူပြုံး၍ ခေါင်းခါယမ်း၏။

"သူက ကိုယ့်ချစ်သူမဟုတ်ဘူးလေ၊ လူကြီးတွေသဘောတူခဲ့တာကွ၊ ဒီတော့ သူ့အတွက် ကိုယ်ဘာခံစားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အစ်ကိုက အဲသည့်မိန်းမကို မချစ်ဘဲလက်ထပ်ဖို့ စိတ်ကူးခဲ့တာပေါ့၊ ပြောစမ်းပါဦး အစ်ကိုမိန်းမတစ်ယောက်ကို အချစ်မပါဘဲ လက်ထပ်လို့ရသလား"

သူက အချစ်အတွက် ခံစားနေရချိန်မှာ မိန်းမတစ်ယောက်ကိုအချစ်မပါဘဲ လက်ထပ်ဖို့ကြိုးစားခဲ့ဖူးသော ထိုလူကို အံ့ဩသလို မေးမိ၏။

"ဒါကတော့ ကိုယ့်ညီရာ၊ ကိုယ်တို့အရွယ်ဆိုတာ အချစ်ထက် ဦးနှောက်ကိုပဲ ဦးစားပေးရမယ့်အရွယ်လေ၊ ကိုယ့်ဘဝနဲ့ သင့်တော်မယ်ထင်တဲ့ မိန်းကလေးမျိုးကို ရွေးလိုက်တဲ့သဘောပါ"

"ကျွန်တော် လုံးဝလက်မခံဘူး အစ်ကို၊ အချစ်မှာ အသက်အရွယ်ကန့်သတ်ထားတာမရှိဘူး၊ ပြီးတော့ အိမ်ထောင်တစ်ခုကို အချစ်မပါဘဲ လက်ခံတည်ဆောက်ဖို့စိတ်ကူးတာ ယောက်ျားမပီသတဲ့လူတွေရဲ့ အလုပ်ပဲ၊ အစ်ကို စဉ်းစားကြည့်လေ၊ ယောက်ျားဆိုတာ အိမ်ထောင်တစ်ခုမှာ ဦးစီး ဦးဆောင်လုပ်သွားရမယ့်သူတွေ၊ ဒီတော့ ကိုယ့်ဘဝနဲ့တစ်သက်လုံးလက်တွဲမယ့်သူဟာ ကိုယ်ချစ်တဲ့သူပဲ ဖြစ်ရမယ်။ ပြောပါအုံး၊ အစ်ကိုဘဝမှာကော တကယ်ချစ်ရမယ့်သူ မပေါ်ဖူးဘူးလား"

သူ့အမေးကြောင့် ထိုလူ့မျက်နှာတည်ငြိမ်သွား၏။ ထိုလူ့မျက်ဝန်းအစုံကလည်း ရီဝေသွား၏။

"ဟုတ်တယ်ကိုယ့်ညီ၊ မှန်တာပြောရရင် ကိုယ့်ဘဝမှာ အချစ်ဆိုတာ တစ်ခါမှ မတွေ့ဖူးဘူး ကိုယ့်ညီ၊ ကိုယ်တွေ့ဖူးတဲ့ မိန်းမ





လေးတွေဟာလည်း ကိုယ့်စိတ်တိုင်းကျမဟုတ်ဘူး၊ တကယ်တော့ အိမ်ထောင်တစ်ခုမှာ အချစ်ဆိုတာပါရင် ပိုပြည့်စုံတာပေါ့၊ တစ်ခါတစ်ခါတော့ ကိုယ်ကိုယ်တိုင်လည်း အချစ်စစ်အချစ်မှန်ကို တွေ့ဖူးချင်ပါတယ်"

"ကျွန်တော်ကတော့ အစ်ကိုအရွေးလွန်နေပြီ ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့ရုပ်ရည်၊ အစ်ကို့အနေအထားနဲ့ အစ်ကို့ အနားမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာပါ"

"အဟွန်းကိုယ့်ညီပြောတာကိုယ်မငြင်းပါဘူး၊ လူဆိုတာက လွယ်လွယ်နဲ့ရတဲ့အရာကို တန်ဖိုးမထားချင်တဲ့သဘောကွ၊ ကိုယ်တကယ်တန်ဖိုးထားရမယ့်မိန်းကလေးမျိုးမတွေ့သေးတာလည်း နေမှာပါ"

"ကျွန်တော်ကတော့ အစ်ကိုနဲ့ဆန့်ကျင်ဘက်ပဲဗျာ၊ ကျွန်တော့်ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ချစ်မိရတဲ့သူက ကျွန်တော့်ကို ရက်ရက်စက်စက် အသည်းခွဲတယ်"

သူသည်ပြောရင်းဆိုရင်း စောစောကကြည်လင်နေသော မျက်ဝန်းတွေပင် မှုန်မှိုင်းရီဝေလာရ၏။ သည်အကြောင်းကို ပြန်တွေးမိတိုင်းလည်းရင်ထဲ အသည်းထဲက တဆစ်ဆစ်နာကျင်ရ၏။ ထိုလူကတော့ သူ့ကိုစူးလက်သောမျက်လုံးများဖြင့်ကြည့်ကာ-

"ဘာဖြစ်လို့လဲ ကိုယ့်ညီကို ကိုယ့်ညီချစ်သူက ပစ်သွားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူးအစ်ကို၊ သူ ကျွန်တော့်ကို လှည့်စားသွားတာ၊ ဘယ်လိုလှည့်စားသွားတာလဲဆိုတော့ ကျွန်တော့် အချစ်တို့ လက်ခံမလိုလုပ်ပြီးမှ ရက်ရက်စက်စက်ငြင်းလွှတ်လိုက်တာ ဗျာ ဖြောစမ်းပါဦးအစ်ကို၊ မိန်းမတစ်ယောက်ဟာ ဒီလိုပဲ လှည့်စား တတ်သလား"

ပြောရင်းသူ့အသံတွေ တုန်ယင်လာရ၏။ ထိုအကြောင်း နှင့်ပတ်သက်လျှင် သူ တကယ့်ကိုခံစားရတာပါ၊ ဘယ်လောက်ပဲ မုန်းမေ့ဖို့ နာကြည်းဖို့ကြိုးစားပေမယ့် ဖော့်ကိုတော့ သူ့နှလုံးသားက ဘယ်လိုမှ မုန်းမေ့၍မရဘူးလေ။ ဖော် ဘာဖြစ်လို့သူ့အပေါ် ဒီ လောက်တောင်ရက်စက်ရတာပါလိမ့်။

"ကိုယ့်အတွေ့အကြုံအရတော့ မိန်းမတွေဟာ များသော အားဖြင့် လှည့်စားတတ်တဲ့အမျိုးကွ၊ မိန်းမတွေကို ဘယ်နေရာမှ ပုံသေကားချပ် တွက်မရဘူး၊ အထူးသဖြင့် ကိုယ့်ညီကိုလှည့်စားလိုက် ပုံက အတော် ရက်စက်တာပဲ"

"ဒါကြောင့် ကျွန်တော်ခံစားနေရတာပါအစ်ကို၊ သူ ကျွန် တော့်အပေါ် ဒီလိုရက်ရက်စက်စက် လှည့်စားတာကို အခံရလဲခက် တယ်၊ နာလည်းနာကြည်းတယ် အစ်ကို"

"ဒါပေမယ့် ကိုယ့်ညီနှလုံးသားကအဲဒီမိန်းကလေးကိုတော့ မုန်းလို့မရဘူးမဟုတ်လား"

သူ့ ရင်ထဲက ခံစားချက်ကို အတိအကျပြောလိုက်သော ထိုလူ့စကားကြောင့် သူ အံ့ဩသွားရ၏။ ထိုလူကတော့ နှုတ်ခမ်း





တင်းတင်းစေ့ကာ သူ့ရင်ကို ထွင်းဖောက်သောမျက်လုံးဖြင့် ကြည့်နေ ၏၊ ထိုမျက်ဝန်းတွေကို လွန်ဆန်ကာ အမှန်တရားကို သူ ဘယ်လို ခုံးတွယ်နိုင်မှာလဲ။

"အစ်ကိုက သိပ်သိတာပဲနော်၊ ဟင်၊ ဟုတ်ပါတယ် အစ်ကို ရာ၊ သူ ကျွန်တော့်ကို ဘယ်လိုပဲနာကြည်းအောင်လုပ်ပါစေ၊ ကျွန် တော့်နှလုံးသားကတော့ သူ့ကိုဘယ်လိုမှ မေ့လို့မရပါဘူးဗျာ"

"အော် ကိုယ့်ညီက အဲဒီမိန်းကလေးကို တော်တော်မြတ် နိုးတာပဲနော်၊ ဒီလောက်အချစ်ကြီးတဲ့ ကိုယ့်ညီလို လူမျိုးကိုမှ လှည့် စားတတ်တဲ့မိန်းကလေးက အတော်ရက်စက်တာပဲ၊ ဒီတော့ကွာ ကိုယ့်ညီအနေနဲ့ဒီလောက်ကိုယ့်အပေါ်မှာ ရက်စက်စိမ်းကားတဲ့ မိန်း မတစ်ယောက်ကို အတတ်နိုင်ဆုံး မေ့ပစ်လိုက်ကွာ"

"မေ့ပစ်ဖို့ ကြိုးစားပါတယ်အစ်ကို၊ ဒါကြောင့် သူနဲ့အဝေး ဆုံးနေရာဖြစ်တဲ့ ဒီဒေသကို ကျွန်တော် ရောက်လာတာပေ့ါ၊ ခက်တာ က အစ်ကိုရယ်၊ လူကသာ သူ့အနားကအဝေးဆုံးနေရာကို ပြေးခဲ့ ပေမယ့် ကျွန်တော့်နှလုံးသားကတော့ သူနဲ့အနီးဆုံးနေရာမှာ ကျန်ခဲ့ ဦးလေ"

"ဒီလောက်တောင်ပဲလား၊ ကိုယ့်ညီရာ၊ ကိုယ်သာ ကိုယ့်ညီ နေရာမှာဆိုရင်တော့ အဲဒီမိန်းကလေးနဲ့အဝေးဆုံးကို ထွက်မပြေး ဘူး မာကျောလွန်းတဲ့ သူ့အသည်းနှလုံးကို ပျော့ပျောင်းလာအောင် ကိုယ် ဆက်ကြိုးစားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့လွယ်လိုက်တာ အစ်ကိုရာ၊ ကျွန်တော်က လွယ်လွယ်ကူကူနဲ့ အလျော့ပေး၊ အရှုံးပေးတတ်တဲ့ကောင်မဟုတ်ပါဘူး။ ဒါပေမယ့် သူက ဘယ်လိုမှ မပေးချင်တဲ့အရာကို ကျွန်တော် ဇွတ်ကြိုးစားလည်း မောယုံပဲရှိမှာပေါ့။ ပြီးတော့ သူက သူမကြိုက်တာကို ဇွတ်တိုးလုပ်ရင် မုန်းပစ်လိုက်မယ်တဲ့၊ ကဲ ကျွန်တော် ဘာလုပ်ရမလဲ အစ်ကို"

သူ အကြံဉာဏ်တောင်းသလို ထိုလူ့ကိုကြည့်ကာမေးလိုက်၏။ ထိုလူက ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားသလိုလုပ်သည်။ နောက်တော့ ထိုလူ့နှုတ်ဖျားကတည်ငြိမ်လေးနက်စွာဖြင့် တစ်လုံးချင်းပြောလာ၏။

"ဒီလောက်တောင် အကြင်နာတရားမရှိတဲ့ မိန်းမကို မင်းဘဝထဲက အပြီးတိုင်ဖယ်ထုတ်ပစ်လိုက်ကွာ"

ထိုအခါ သူက ဖြေးညင်းစွာ ခေါင်းခါယမ်းလိုက်၏။

"သေချာတယ်အစ်ကို၊ ကျွန်တော် သူ့ကိုဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး"

ထိုအချိန်တွင် ပတ်ဝန်းကျင်အားလုံး တိတ်ဆိတ်နေလေပြီ မှောင်မိုက်သောကောင်းကင်အောက်မှာ သူတို့နှစ်ယောက်တည်း ရှိနေလေတော့သည်။

❒





# မွေ့အိမ်ဇော်



www.burmeseclassic.com

www.burmeseclassic.com



အလွန်အေးစိမ့်နက်မှောင်သော ချောက်ချားဖွယ်ရာကောင်းသည့် ညတစ်ညတွင် အုတ်နီတို့ဖြင့်တည်ဆောက်ထားသော ရှေးကျသော အိမ်ကြီးတစ်အိမ်တွင် သူမဘဝကို စတင်ခဲ့၏။

လူ့လောကသို့ ဇော် ပထမဦးဆုံးစတင်ဝင်ရောက်လာသည့်အချိန်မှာပင် ဇော်၏ မိခင်သည်လည်းလူ့လောကကြီးမှ အပြီးတိုင်ကျောခိုင်းထွက်သွားရလေ၏။ အဆိုးဝါးဆုံးအခြေအနေတစ်ခုတတော့ ဇော်သည် စနေသမီးဖြစ်နေခြင်းပင်၊ ထို့အတွက် ဇော့်ကိုတော့ မိခင်မဲ့သော ကလေးငယ်အဖြစ်သနားဖို့ထက် ဆိုးဝါးသည့်ကံကြမ္မာကို ယူဆောင်လာသော ကလေးငယ်အဖြစ်ကြောက်ရွံ့တုန်လှုပ်နေခဲ့ကြ၏။

လှိုင်ဆငယ

www.burmeseclassic.com

www.burmeseclassic.com



မေမေဆုံးသွားသည့်နေ့ (ထို့အတူ သူမလူ့လောကကြီးထဲသို့ ဝင်ခြေချခွင့်ရသည့်နေ့)မှာပင် အဖေသည် အရက်သမားကြီးအသွင်သို့ လုံးလုံးလျားလျားရောက်သွား၏။ ထို့အတွက် အဖေသည် ဇော်အား မပြုစုနိုင်၊ မစောင့်ရှောက်နိုင်၊ ဇော့်ကို တခြားသူတွေလို ကြောက်ရွံ့မတုန်လှုပ်ဘဲ ချစ်မြတ်နိုးခဲ့သော်လည်း မိုးလင်းမှ မိုးချုပ်အရက်သောက်ခြင်းဖြင့်သာ အချိန်ကုန်ဆုံးစေသည်။

ပြုစုစောင့်ရှောက်မည့်သူကင်းမဲ့နေသော ဇော့်ကို ပတ်ဝန်းကျင်က မကြာခင် သေလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း အလွန်တရာအသက်ပြင်းသော ဇော်သည် တော်ရုံနှင့်မသေဘဲ အဖေဝယ်တိုက်သော နွားနို့ကို မဝတစ်လှည့်၊ ဝတစ်လှည့်သောက်ရင်း အံ့ဩဖွယ်ကောင်းအောင် ဆက်လက်အသက်ရှင်ခဲ့၏။

ဇော်အသက်ငါးနှစ်တင်းတင်းပြည့်သောနှစ် (ထိုနေ့မှပင်ကျောင်းစတက်သောနေ့တွင်) အဖေသည် ဇော့်အတွက် ထူးခြားသော လက်ဆောင်တစ်ခုကို ပေးခဲ့၏။ ထိုလက်ဆောင်ကတော့ အသွားညိုညို၊ ကိုယ်ဟန်သွယ်သွယ်နှင့် ခက်ရှက်ရှက်မျက်နှာကို တမင်ဖန်တီးထားသော မိန်းမတစ်ယောက်ပဲဖြစ်ပြီး ထိုမိန်းမကို "အမေ"လို့ခေါ်ရမည်ဟု အဖေပြောလိုက်သည့်ခဏမှာတော့ ကမ္ဘာပေါ်တွင် ဇော်ကြည့်မရဆုံးသော မိန်းမမှာထိုမိန်းမဖြစ်သွားရတော့၏။





ထိုအချိန်မှစ၍ အဖေက "မခင်စီ"ဟုခေါ်သော ဇော်က "အဒေါ်ကြီး"ဟုခေါ်သော မိန်းမတစ်ယောက်သည် သူတို့သားအဖနှင့်အတူ စိတ်ပျက်စရာကောင်းလောက်အောင် အတူရှိနေတော့၏၊ (ထူးဆန်းတာကတော့ ဇော်သည် ထိုမိန်းမကြီးကို အမေဟုအယ်တော့မှ မခေါ်သလို သူကလဲ ဇော့်ကိုသမီးဟု တစ်ခါမှ မခေါ်ဖူးပါ) သို့သော် ဇော်တို့ တစ်အိမ်ထဲတွင် အတူနေကြ၏။

မိုးလင်းလျှင် ထွက်သွားတတ်သော မိုးဆုံးဆုံးချုပ်မှ ပြန်လာတတ်သော ဖေဖေနှင့်မျက်နှာချင်းဆိုင်ဖို့ရန် မလွယ်ကူသော်လည်း မခင်စီဆိုသည့် ထိုကြည့်မရသော မိန်းမကြီးနှင့်မူ တစ်ချိန်လုံးမျက်နှာချင်းဆိုင် တွေ့နေရတတ်၏။ ဇော်က သူ့ကို တစ်နေကုန်လို့မှ စကားတစ်ခွန်းမပြောသလို (လိုအပ်တာကတော့ ပြောသည်ပေါ့၊ ဥပမာ ထမင်းစားမယ်ဆိုတာမျိုး)သူကလဲ သူ့ကို လိုအပ်တာထက်ပိုမပြောပါ။ ဤနည်းဖြင့် ဇော်တို့နှစ်ယောက်က တစ်အိမ်တည်းအတူနေပြီး အသံတိတ်စစ်ပွဲကျင်းပနေကြ၏။

သို့သော် ရွှေ့လျားကုန်ဆုံးသော အချိန်သည် ရပ်တန့်မနေတာကြောင့် ဇော်သည်လည်း တစ်စထက်တစ်စလှလားမြောက်ခွင့်ရခဲ့ပြီ။ သူမတို့တတိယတန်းရောက်ချိန်မှာတော့ ဒေါ်ခင်စီဆိုသော မိန်းမကြီးတွင် ထူးဆန်းစွာ ကိုယ်ဝန်ရှိလာ၏။ ထို့အတွက် ဖေဖေသည် ဒေါ်ခင်စီအပေါ် ထူးထူးခြားခြားအမူအရာပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



မသွားသော်လည်း ဇော်နှင့် ဒေါ်ခင်စီကြားတွင်မူ ထူးထူးခြားခြား ပြောင်းလဲမှုများဖြစ်လာခဲ့၏။ အထူးသဖြင့် ဒေါ်ခင်စီသည် သူ့မှာ ကိုယ်ဝန်ရှိနေတာကို အကြောင်းပြ၍ အိမ်မှုကိစ္စများကို မလုပ်တော့ခြင်းဖြစ်သည်။

ဒေါ်ခင်စီ၏ အိမ်မှုကိစ္စအားလုံးသည် သူမထံသို့ လွှဲတူစွာ ရောက်ရှိလာသည်။ ထမင်းချက်၊ ရေခပ်၊ ကြမ်းတိုက်စသည်ဖြင့် တစ်နေ့တစ်နေ့ အားရတယ်မရှိအောင် အချိန်ပြည့်ခိုင်းနေတော့၏။ ဇော့်အတွက် ကျောင်းတက်ချိန်တွင်ပင် အနိုင်နိုင်ဖြစ်ခဲ့ရသည်။ တစ်နေ့တည်းမဟုတ်ဘဲ ရက်ဆက်ကြီးဆိုတော့ ထိုမိန်းမကြီးကို ဇော် စိတ်ဆိုးလာသည်။ အဆိုးဆုံးကတော့ ဇော်သူငယ်ချင်းများနှင့် ကစားနေချိန်တွင် လိုက်ခေါ်၍ အလုပ်ခိုင်းတတ်ခြင်းပင်။

ထိုအချိန်မျိုးတွင် ဇော်စိတ်ထဲမှ ဒီမိန်းမကြီးအိမ်မှာ ရှိမနေလျှင်ကောင်းမည်ဟု မကျေမနပ်အမြဲတွေးတတ်လာခဲ့၏။ အဖေ့ကို ထိုကိစ္စနှင့်ပတ်သက်ကာ တိုင်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သောနေ့မှာပင် အံ့ဩစရာကောင်းလောက်အောင် ထိုမိန်းမသည် သူ၏ ဝမ်းဗိုက်ပူပူကိုလက်ညှိုးထိုးပြလျက် အဖေ့နားကပ်ကာ တီးတိုးတီးတိုးဖြင့် ဘာတွေပြောကာ သဘောကျနေတယ်မသိ၊ အဖေ့နှုတ်ခမ်းတွေပါ ပြုံးရယ်နေတာကိုမြင်ရစိုက် သူမသည် ရှုံးမိုက်စွာပင် အဖေ့ရှေ့မှာရပ်နေသည့် ထိုမိန်းမကို ဇော်နှင့်အဝေးဆုံးအရပ်ဆီသို့ တွန်းတိုက်ဝစ်လိုက်ချင်မိတော့၏။





သို့သော် ဇော်သည် ထိုမိန်းမကြီးနှင့် နှိုင်းဆလျှင် လွန်စွာပင် ငယ်ရွယ်သေးကွေးလျက်ရှိသဖြင့် ဇော်၏ ဆန္ဒအတိုင်းလုပ်ပိုင်ခွင့်မရှိပါ။ ထို့ကြောင့် ဇော်သည် မကျေနပ်သော မျက်နှာ၊ မှုန်ကုပ်ကုပ်ဖြင့် အခန်းထောင့်တစ်နေရာတွင် ထိုင်လျက် အစိမ့်ပွာယ်မဲ့ အိမ်ကြမ်းပြင်ကို စူးစိုက်ကြည့်နေခဲ့၏။ ဇော်၏ အမူအရာကို ကြည့်လျက် ဟန်ပါပါပခုံးတစ်ချက်တွန့်ကာ အဖေ့နားကပ်၍ တစ်စုံတစ်ခုကို တိုးတိုးတိတ်တိတ်ပြောလျက် ခိုးခိုးခစ်ခစ်ရယ်ကာ ဧည့်ခန်းထဲမှ ထိုမိန်းမကြီးထွက်သွားသည်။

အဖေ့ကို ဘာတွေပြောနေမှန်း ဇော်မသိသော်လည်း ဇော်အကြောင်းတွေ ပြောနေမှန်းသိရှိစွာ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်း စေ့ပိတ်ကာထားလိုက်၏။ အဖေသည် အတော်ကြာသည့်အထိ ဇော့်ကို ချစ်မြတ်နိုးစွာ ပြုံးလျက်စိုက်ကြည့်နေပြီးမှ 'သမီး' ဟု တိုးတိုးလှမ်းခေါ်၏။ အဖေ့ခေါ်သံကိုကြားသော်လည်း ဇော်မထူးဘဲ ပေကပ်နေသည့်အခါ အဖေက အပြုံးနှင့်အတူ ဇော်ရှိရာလျှောက်လာခဲ့၏။

"သမီးဘာတွေ စိတ်ကောက်နေတာတုန်းကွ၊ အဖေ့ကိုပြောပါဦး"ဟု ချစ်စနိုးဖြင့် ဇော့်ကို ပွေ့ထူလျက် ရင်ခွင်မှာပိုက်လျက်မေး၏။ အဖေ့ထံမှ ချွေးနံ့နှင့်ရောထွေးပါလာသည့် အရက်နံ့ကို ရှူရှိုက်ရင်း အဖေ့မျက်နှာကို သူမ ဖျတ်ကနဲ မော့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် အဖေ့မျက်နှာကို တစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲ ခေါင်းပြန်ငုံ့လိုက်တော့ အဖေက ဘာကိုသဘောကျသည်မသိ အသံထွက်အောင် ရယ်ရင်း ဇော့်နဖူးပြင်ကို ငုံ့နမ်း၏။

“အဖေကြီး သိပါတယ်ကွာ၊ သမီးက အဒေါ်ကြီးကို စိတ်တောက်နေတာမဟုတ်လား။ အလုပ်တွေလုပ်ရလို့လေ၊ အဟား ဒါလေးများကွာ၊ သမီးက စိတ်ဆိုးစရာလား၊ အခု အဒေါ်ကြီးက သမီးအတွက် မောင်လေးတစ်ယောက် အဖော်ရအောင် မွေးပေးမှာ သမီး မပျော်ဘူးလား၊ ပြောစမ်း”

အဖေ့အသံက ပျော်ရွှင်နေဟန် ဒါပေမယ့် ဇော်ကတော့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ အဖေ့ကိုယ်တိုင်က သူ့မိန်းမဘက်ပါနေတာဟု ဝမ်းနည်းစွာ တွေးမိ၏။ ထို့ကြောင့် ခေါင်းကို သွက်သွက်ခါယမ်းကာ-

“ဘယ်က မောင်လေးမှမလိုချင်ဘူး၊ သမီး အဖေ့ကိုပဲချစ်တယ်”ဟု ခပ်ပြတ်ပြတ်ပြောချလိုက်၏။ အဖေက ဇော့်မျက်နှာကို ထူထဲသော မျက်ခုံးတစ်ချက်ပင့်၍ အံ့သြသလိုကြည့်ရင်း

“ဘာဖြစ်လို့လဲကွ”

ဟုမေး၏။ ဇော် အဖေ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ အဖေ နည်းနည်းမှ မသိဘူးလား၊ ဇော့်ဘဝထဲမှာ အဖေကလွဲလို့ ဘယ်သူတစ်ဦးတစ်ယောက်မှ မလိုအပ်ဘူးဆိုတာ ပြီးတော့





အဖေ၏ မေတ္တာကိုလည်း ဇော် ဘယ်လိုမှ ခွဲဝေမပေးချင်ဘူးဆိုတာ၊ အခုတော့ ဇော့်ဘက်မှ နှမြောတွန့်တိုနေသော အဖေ၏ မေတ္တာသည် ဇော်မဟုတ်သော လူသားနှစ်ယောက်ကို ခွဲဝေပေးဖို့ အသင့်ဖြစ်နေပြီ။ သည့်အတွက် ဇော့် ရင်ထဲ ဘယ်လောက်နာကျင်အောင် ခံစားရတယ်ဆိုတာ အဖေမသိပါ။

“အဖေ မေးတာကို ဖြေလေ သမီး”

နှုတ်ခမ်းလွှာနှစ်ခုကို တင်းတင်းစေ့ကာ တိတ်ဆိတ်နေသော ဇော့်ကို ပခုံးလှုပ်ကာ အဖေထပ်မေး၏။ ဇော် နှုတ်ခမ်းအစုံကို လှစ်ခနဲ ဖွင့်ဟလိုက်သည်။

“သူတို့ကို သမီးမုန်းတယ် အဖေ”

“ဟင် သမီးက သူတို့ကိုမုန်းတယ်၊ ကြည့်စမ်း၊ အဲဒီလို မပြောရဘူးလေ၊ သူတို့ဟာ သမီးရဲ့ ဆွေမျိုးတွေပဲ မဟုတ်လား”

“ဟင့်အင်း၊ သမီးမှာ ဘာဆွေမျိုးမှ မရှိဘူး၊ အဖေတစ်ယောက်ပဲရှိတယ်”

“သမီး”

ဇော် ခေါင်းမာစွာပြောတော့ အဖေ့မျက်ဝန်းတွေ နီရဲကာ ဒေါသတကြီးအော်၏။ ဇော်ကတော့ အဖေ့မျက်ဝန်းတွေကိုကြောက်ရွံ့ခြင်းမရှိဘဲ ခပ်စူးစူးသာ ပြန်၍ရင်ဆိုင်ကြည့်လိုက်၏။ အဖေက ဇော့်ကိုကြည့်ပြီး သက်ပြင်းဖွဖွတစ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးနောက်တစ်ခါ အဲလိုမပြောရဘူးနော်၊ သူတို့က သမီးရန်သူတွေမှ မဟုတ်တာပဲကွယ်"

ရန်သူထက်တောင် ဆိုးပါသေးတယ်အဖေဟု ဇော် အော်ဟစ်ပြောလိုက်ချင်သည်။ ဒါဆိုရင် အဖေ၏ အခြေအနေက စောစောတထက် ပိုဆိုးသွားနိုင်သည်။ အဖေက ဇော့် နဖူးလေးကို တစ်ချက်ငုံ့နမ်းကာခပ်တိုးတိုးပြော၏။

"အဖေက သမီးကိုချစ်ပါတယ်ကွယ်၊ သူတို့ကလဲ သမီးကို မမုန်းပါဘူး၊ ကဲ သမီးလေးသွားကစားတော့"

ဇော် အဖေ့ကိုတစ်ချက်ကြည့်ကာ နေရာမှ လှစ်ကနဲ ပြေးထွက်ခဲ့၏၊ အဖေက ဇော့်ကိုချစ်ပါတယ်တဲ့။ ဒီစကားလေးနဲ့ပဲ ဇော့်ရဲ့ မကျေနပ်မှုတွေ၊ နာကြည်းမှုတွေကို ဖြေဖျောက်ပစ်လိုက်ရတော့မှာလား။ ဟင့်အင်း။ ဇော်ဟာ နာကြည်းစရာတစ်ခုကို တော်တော်နှင့်မေ့တတ်တဲ့မိန်းကလေးမျိုး မဟုတ်ဘူး၊ လက်ရှိအခြေအနေမှာ အဖေဟာ ဇော့်ထက် သူတို့ကိုပိုချစ်နေတယ်ဆိုတာ အသိသာကြီးပဲမဟုတ်လား။ ဇော်သည် အဖေ့ရှေ့မှ ပြေးထွက်ကာ အိမ်ရှေ့ဘက်ထွက်ခဲ့၏၊ လမ်းမပေါ်တွင် သူတို့ရပ်ကွက်ထဲမှ ကလေးတွေစုတစားနေကြသည်။ ဇော့်ကိုမြင်တော့ ထိုကလေးအုပ်စုထဲမှ စောမင်းနိုင်က လှမ်းခေါ်၏။

"မွေ့အိမ်ဇော်လာဟေ့၊ ဒီမှာကစားဖို့တစ်ယောက်လိုနေတာအတော်ပဲ"





ကစားနေသော ကလေးအုပ်စုကိုကြည့်ပြီး ဇော် စိတ်ထဲက ဘစားချင်လာရ၏။ ဒါပေမယ့် စောစောကနာကြည်းမှုကတော့ မပြေပျောက်ချင်သေးပါ။ သို့သော် ကလေးပီပီ ထိုအဖြစ်အပျက်တွေကို စိတ်ထဲမှာထားကာ ကစားတဲ့အုပ်စုထဲ ဝင်ခဲ့လိုက်၏။

စောစောက အနည်းငယ်ဆူညံဆူညံရှိနေသော ကလေးအုပ်စုသည် ဇော်ရောက်လာချိန်မှ ပို၍ စည်ကားဆူညံလာ၏။ တစ်ယောက်တစ်ပေါက်အော်ဟစ်ငြင်းခုန်ကစားရင်း တစ်ချက်မှာတော့ ဇော်၏ ကစားဖော်ကစားဖက် တူးမာက မန်ကျည်းစေ့များကို ပို၍သူတာ အနိုင်ပိုင်းလေ၏။ ထိုအချက်ကိုသူများတွေ မသိပေမယ့် ဇော်ကတော့ တိတ်တဆိတ် သိမြင်လိုက်သည်။ မဟုတ်မမှန်တာကို ယိစဥ်မှစ၍ သူများအမျှော်မှာလည်း မလုပ်တတ်သလိုကိုယ့်အပေါ်ဆာလုပ်လျှင်လည်း ငြိမ်ခံမနေတတ်သော ဇော်က တူးမာ၏ လုပ်ရပ်ကို ချက်ချင်းဖော်ထုတ်လိုက်သည်။

"တူးမာ ဘာလို့ ဇယ်စေ့ပိုယူတာလဲ"

"ဟင် ငါဘယ်မှာယူလို့လဲ၊ မိဇော်နော် နင်မဟုတ်တာတွေ ပြောနဲ့"

ကြည့်စမ်း တူးမာဘယ်လောက်အငြင်းသန်သလဲ၊ မဟုတ်တာလဲလုပ်သေးတယ်၊ ဝန်ခံခြင်းမရှိဘဲ ဇော့်ကိုတောင် အပြစ်တင်လိုက်သေးတာမို့ ဒေါသဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ယူတာ ငါအသေအချာမြင်တာပဲ တူးမာ၊ နင့်လက်ထဲက ဇယ်စေ့တွေကို အခုပြန်ချစမ်း"

"အို ဘာလို့ပြန်ရကြည့်နေမှာလဲ၊ ဒါ ငါနိုင်ထားတာတွေ"

"တူးမာ နင်ဇွတ်မငြင်းနဲ့၊ နင်ယူတာ ဘယ်သူ့မှ မမြင်ပေမယ့် ငါကိုယ်တိုင်မြင်တယ်"

မှန်ရာကိုဝန်မခံချင်သောတူးမာကို သူမစူးရှသော မျက်လုံးများဖြင့်ကြည့်ကာ ဒေါသတကြီး အော်ဟစ်ပစ်လိုက်၏။ အမှန်တော့ စောစောက ဒေါသအရှိန်လည်းမပြယ်သေးပါ။ ဇော် အသေအချာပြောတော့ သူနိုးလူမိုသွားသည့်ပုံစံဖြင့် ရှက်ရမ်းရမ်းတော့၏။

"အေး ယူတော့ ဘာဖြစ်လဲ၊ နင့်ကိုငါက ဂရုစိုက်နေရမှာလား"

"ဂရုစိုက်ရမယ်တူးမာ၊ မဟုတ်တာလုပ်ရင် ငါ သိပ်မုန်းတယ်"

"မုန်းပေါ့၊ နင့်ဖာသာ သေအောင်မုန်းလိုက်၊ ငါကတော့ ငါအနိုင်ရဖို့တစ်ခုပဲ သိတယ်"

"အေး အဲဒီလောက်အနိုင်လိုချင်တဲ့နင်တော့လား စောစောက သူများမသိအောင် ဇယ်စေ့တွေယူတဲ့လက် အမြန်ဆုံးကျိုးပါစေ"

"ဟား ဟား နင်ကျိန်တိုင်းငါ့လက်က ကျိုးရမှာလား မိဇော် နင့်ဖာသာကျိန်ချင်သလောက်ကျိန်၊ ငါ့လက်ကတော့ ဘယ်တော့မှ မကျိုးဘူးမှတ်ထား"





တူးမာက ဇော့်ကိုလှောင်ပြောင်ကာ အော်ဟစ်ရယ်မောရင်း ကစားဝိုင်းမှ ထွက်သွား၏။ ဇော်သာ တူးမာ၏ ကျောပြင်ကို ကြည့်လျက် အံတင်းတင်းကြိတ်ကာ ကျန်ရစ်ခဲ့သည်။ ဇော်တို့၏ အဖြစ်အပျက်ကို အစမှအဆုံး မြင်လိုက်ရတဲ့သူတွေကတော့ မခင်စီနှင့် ထိုပတ်ဝန်းကျင်မှ လူတစ်ချို့ပင်။

ထိုအချိန်မှာပင် ဇော်တို့ဝိုင်းမှ ပြေးထွက်သွားသော တူးမာတစ်ယောက် ခပ်လှမ်းလှမ်းအရောက်မှာ လက်တစ်ဖက်ထောက်လျက် ဗိုင်းခနဲ ချော်လဲကျတော့၏။ တူးမာ၏ အဖြစ်အပျက်ကို ဇော်တို့အားလုံး အံ့အားတသင့်ကြည့်နေစဉ်မှာပင် တူးမာ တစ်ယောက် စောစောက လက်ထောက်ကျသွားသောလက်ကိုကိုင်လျက် အော်ဟစ်ငိုတော့၏။

"အမလေး နာတယ်၊ နာတယ်၊ လက်ကျိုးပါပြီ အမေရ အီး ဟီး"

တူးမာ၏ အော်ဟစ်ငိုသံက ပတ်ဝန်းကျင်တစ်ခုလုံး ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ တူးမာ၏ မိခင်က စိုးရိမ်တကြီးအိမ်ထဲမှ ပြေးထွက်လာပြီးတူးမာကိုပွေ့ခေါ်သွားသည်။ ဆရာဝန်နှင့်ပြကြည့်လိုက်တော့ တူးမာတကယ်ပင် လက်ကျိုးသွားသည်တဲ့။ ထူးဆန်းတာကတော့ တူးမာကျိုးသွားသောလက်သည် စောစောက သူများတွေမသိအောင် ဇယ်စေ့တွေ ယူသွားသော လက်ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစားနေသော ကလေးအုပ်စုက တူးမာ၏ လက်ကျိုးခြင်းသည် မေ့အိမ်ဇော် ကျိန်စာမိတာတဲ့။ သို့သော် မခင်စီနှင့် ပတ်ဝန်းကျင်မှ လူတွေကတော့ တူးမာလက်ကျိုးသွားတာဟာ တကယ်ပဲ မေ့အိမ်ဇော်၏ ကျိန်ဆိုမှုကြောင့် ကျိုးသွားတာလားဟု ဝေခွဲ၍မရဖြစ်ကြရသည်။ ဒါဟာ မေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေး၏ ကျိန်စာကြောင့် တကယ်ဖြစ်သွားတာလား၊ တမင်တကာတိုက်ဆိုင်မှုလား။

နောက်နေ့တွင် လက်ကိုကျောက်ပတ်တီးစည်းလျက် တူးမာကိုတွေ့တော့ နှုတ်ခမ်းတင်းတင်းစေ့ကာ ကြည့်ပြီးမေးလိုက်၏။

"နင်ကျိုးတဲ့လက်က မနေ့က ဇယ်စေ့တွေ မသိအောင်ယူလိုက်တဲ့လက်မို့လား"

"ဟုတ်တယ် အဲဒီလက်ပဲ"

တူးမာက ငိုသံလေးဖြင့် ရိုးသားစွာဖြေ၏။ ဇော် ခေါင်းတစ်ချက်ညိတ်လိုက်ကာ-

"ဝမ်းနည်းမနေပါနဲ့တူးမာ၊ တကယ်တော့ နင့်မတရားမှုကို နင်ခံရတာပါပဲ"

"ဟင် ဘာ ငါ မတရားမှုလဲ မိဇော်၊ နင့်ပါးစပ်ပုပ်ကြီးနဲ့ ကျိန်ဆဲလို့ ငါဒီလိုခံရတာ သိလား"

"ဒါဆိုရင်တော့ ငါစိတ်မကောင်းပါဘူး တူးမာရယ်၊ ငါ့ပါးစပ်ပုပ်ကြီးဆိုတာထက် နင့်ရဲ့အနိုင်ကျင့်တတ်တဲ့စိတ်ဓာတ်က နင့်ကိုပြန်အကျိုးပေးတာပါ"





"တော်စမ်း၊ နောက်တစ်ခါ နင်ငါ့ကို အဲဒီလို ဘယ်တော့မှ သာမကျိန်နဲ့၊ နင်နဲ့လည်း မခေါ်တော့ဘူး သိလား"

"အေး ငါကလည်း နင့်လို တရားမျှတမှုမရှိတဲ့သူမျိုးနဲ့ ခေါ်ဖို့စိတ်ကူးမရှိတော့ပါဘူး၊ ကဲ ငါသွားမယ်"

သူမပြောပြောဆိုဆို ချာကနဲလှည့်ထွက်သွားလေတော့ တူးမာတစ်ယောက် "တောက်"တစ်ချက်ဖြင့် ပြင်းပြင်းထန်ထန် ခေါက်၍သာ ကျန်ရစ်ခဲ့ရ၏။ သို့သော် ထိုအချိန်မှစ၍ ပတ်ဝန်းကျင်ရှိ ကလေးများအားလုံး ဇော်နှင့်သိပ်မကစားတော့ပေ။ အကြောင်းကတော့ သူတို့၏ မိဘများက ဇော်၏ အမှတ်တမဲ့ ကျိန်စာကိုကြောက်ရွံ့သောကြောင့် ကလေးများကို မကစားရန် မှာထားသောကြောင့် ဖြစ်သည်။

ပတ်ဝန်းကျင်မှာလည်း ဇော့်ကိုပြုစားတတ်သူလေးဟု အမည်သစ်ပေးခြင်း ခံရလေ၏။ ဘယ်သူတွေဘယ်လိုခေါ်ခေါ် ဇော်ကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်လှပါ။ ဇော်မှန်တယ်ထင်ရာကိုသာ အမြဲလုပ်တတ်၏။ ဇော်၏ ပင်ကိုယ်စရိုက်သည် မတရားမှုကို မုန်း၏။ ဇော်ကိုယ်တိုင်လည်း ဘယ်သူ့အပေါ်မှ မတရားတာ မလုပ်။ ဇော့်ကိုလုပ်လာလျှင်လည်း ဇော်ခံစားရတာထက် ထိုလူ့ကို ဆယ်ဆပြန်ခံစားစေချင်သည်။ ထိုဟာသည် ဇော်၏ အကျင့်စရိုက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဇော့်ခံယူချက်က လူတွေ၏ ကောင်းခြင်းဆိုးခြင်းသည် ထို လူတွေပေါ်၌သာ မူတည်သည်ဟူ၍ပင်။ စိတ်ကောင်း၊ စေတနာ ကောင်းထားသောလူတစ်ယောက်သည် ကောင်းတာကိုခံစားရမှာ ဖြစ်ပြီး၊ စိတ်သဘောထား ဆိုးသောသူသည် မကောင်းတာကို ခံစား ရမှာပဲဖြစ်၏။ တူးမာလက်ကျိုးခြင်းသည် ဇော်၏ ကျိန်ဆိုမှုနှင့် မဆိုင် ဘဲ တူးမာ၏ မကောင်းသောစိတ်ဓာတ်ကြောင့်ဟု ဇော်က ယူဆချိန် မှာတော့ ပတ်ဝန်းကျင်တွင် တူးမာလက်ကျိုးရတာ မွေ့အိမ်ဇော်၏ ကျိန်ဆိုမှုကြောင့်ဟု စွပ်စွဲနေကြလေ၏။

သို့သော် ထိုသူတွေဘက်မှာတော့ ဇော်၏ သူငယ်ချင်းဖြစ် သူ စောမင်းနိုင်မပါရှိခဲ့ပါ။ စောမင်းနိုင်က ဇော်ကိုပင် ပြန်၍ အား ပေးနေလိုက်ပါ၏။

"နင်ဘာမှ စိတ်မညစ်နဲ့မိဇော်၊ တူးမာကျိုးရတာ နင့် ကြောင့်မဟုတ်ဘူး၊ သူ့ရဲ့ မကောင်းတဲ့စိတ်ဓာတ်ကြောင့် ဖြစ်ရတာ"

"ငါလည်း အစကတည်းက ဒီလိုခံယူထားပါတယ် စောနိုင်၊ သူတို့ ဘာပြောပြော ငါဂရုမစိုက်ဘူး၊ ငါသိတာက ငါလည်း ဘယ် သူ့ကိုမှ မတရားမလုပ်ဘူး၊ သူများတွေလည်း ငါ့ကို မတရားလာ လုပ်ရင် သိပ်မုန်းတယ်"

"ကောင်းတယ်၊ အဲဒီစိတ်ထားအကောင်းဆုံးပဲ။ မတရား တာဆို ငါလည်းမုန်းတယ် မိဇော်"





သူတို့နှစ်ယောက် အယူအဆတူသူဖြစ်၊ တစ်ခြားသူတွေ ထက်ပို၍ ပေါင်းစည်းမိကြ၏။ ဘယ်သူတွေကမှ ဇော့်ကို ထိတ်လန့် တာ လာကစားခြင်းမရှိပေမယ့် စောမင်းနိုင်ကတော့ ဇော်နှင့်အမြဲ သာကစားတတ်၏။ ဒါပေမယ့် စောမင်းနိုင်၏ မိခင်က သူ့ကို ဇော် နှင့်ကစားတာ မကြိုက်။

"စောမင်းနိုင်၊ နင့်ကိုငါပြောတယ် မဟုတ်လား၊ ဒီကောင် မလေးနဲ့ မကစားရဘူးဆိုတာ"

ဇော့်ကို မလိုလားသောမျက်လုံးများဖြင့် ကြည့်ကာ စော မင်းနိုင်ကို လက်ဆွဲခေါ်သွားတတ်သည့် စောမင်းနိုင်၏မိခင်ကို သူမ ကြိတ်ကာ မုန်းခဲ့ရ၏။ ဒါပေမယ့် စောမင်းနိုင်ကတော့ သူ့မိခင်၏ အလစ်ကိုချောင်းမြောင်းကာ ဇော့်ထံရောက်လာလေ့ရှိသည်။ ထို အခါ ဇော်က နှုတ်ခမ်းကိုတင်းတင်းစေ့ကာ စူးတောက်သောမျက်လုံး များဖြင့် သူ့ကိုကြည့်ပြီး-

"စောနိုင် နင် ငါနဲ့ဘယ်တော့မှ လာမကစားနဲ့"

"ဟင် ဘာဖြစ်လို့လဲ"

စောမင်းနိုင်က အံ့ဩသလို မေးတော့ ဇော် မျက်နှာလေး ငို၍တင်းမာသွား၏။

"နင်မသိဘူးလား ကိုနိုင်၊ နင့်အမေက နင့်ကိုငါနဲ့ မကစား ရဘူးလို့ ပြောထားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါမှ နင်နဲ့မကစားပဲ မနေနိုင်တာ"

စောမင်းနိုင်အပြောကြောင့် ဇော် ဘာဆက်ပြောရမှန်းမသိ။ တကယ်ဆို အားလုံးထဲမှာ စောမင်းနိုင်ကို ဇော် ခင်ပါ၏။ အားလုံးက ဇော့်ကိုကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ရှောင်ဖယ်နေချင်ကြချိန်မှာ ကိုနိုင်တစ်ယောက်ပဲ ဇော့်ဘက်က မားမားမတ်မတ် ရပ်တည်ရှိနေတာ မဟုတ်လား၊ ဒါပေမယ့် ကိုနိုင့်မိခင်၏ မျက်လုံးများကိုတော့ မုန်းတီးနေမိသည်။ ထို့ကြောင့် ကိုနိုင်အား စိမ်းကားစွာ ပြောလိုက်ခြင်းဖြစ်၏။

"နင် ငါ့ကို မကြောက်ဘူးလားကိုနိုင်"

"ဟာ ဘာကိစ္စကြောက်ရမှာလဲ၊ နင်က ကြောက်ရအောင် သရဲမှ မဟုတ်ဘဲ"

"ဒါပေမဲ့ လူတွေက ငါ့ကို သရဲသဘက်ထက် ပိုကြောက်နေပုံပဲ ကိုနိုင်"

ဇော်ဝမ်းနည်းအားငယ်သလိုပြောတော့ကိုနိုင်စိတ်မကောင်းဟန်ဖြင့် ဇော့်ကိုကြည့်၏။

"အမှန်ကိုပြောရရင် ငါ့မျက်စိထဲမှာတော့ သူတို့က ပိုကြောက်စရာကောင်းတယ် မိဇော်၊ နင်ကမှ အရုပ်၊ ဗိုမရုပ်နဲ့တူတာ"

ကိုနိုင်ပြောမှ ဇော့်ကိုယ်ဇော် ပြန်ငုံ့ကြည့်မိ၏။ ဝါဖျော့ဖျော့ ဂါဝန်လေးနှင့် ဇော့်ကလိုက်ဖက်နေသလား။





"နင်တကယ်ပြောတာလား ကိုနိုင်"

"တကယ်ပေါ့ဟ၊ ဟောဒီရပ်ကွက်ထဲမှာ နင့်လို အရုပ်လေးနဲ့တူအောင်လှတဲ့ ကောင်မလေးမျိုး ဘယ်သူမှ မရှိဘူး"

ကိုနိုင်၏ ပြောစကားကြောင့် စောစောက ဝမ်းနည်းအားငယ်ချင်စိတ်တွေ ဇော့်ထံမှ ပျောက်သွားရသည်။ လူတွေထင်သလို ဇော်ဟာ ကြောက်စရာမကောင်းပါဘူး။ ထို့အပြင် အားလုံးထဲမှာ ပို၍ ချစ်စရာအကောင်းဆုံးတောင် ဖြစ်နေလိုက်သေး၏။

ကဲ ဘယ်လောက်ပျော်စရာကောင်းသလဲနော်။

❒



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဇော့်အတွက် လူတွေ၏ ယူဆချက်ကိုပို၍ ပြင်း
[illegible]နံယုံကြည်စေခဲ့သော အဖြစ်အပျက်တစ်ခုပေါ်ပေါက်လာရ၏။
[illegible]အဖြစ်အပျက်ကတော့ ဇော်၏ မိထွေး ဒေါ်ခင်စီမှ စခဲ့သည်။
[illegible]ာကိစ္စကြောင့် ပတ်ဝန်းကျင်ရှိ ကလေးများနှင့်မကစားရပေ။
[illegible] ကစ်ယောက်တည်းအိမ်ထဲမှာ ပန်းချီဆွဲနေတတ်၏။ ဇော်က
[illegible]လက်ရာကို ပါရမီရှိသူတစ်ဦးလို ကောင်းမွန်စွာ ဆွဲနိုင်သည်။
[illegible] ဆွဲသော ပန်းချီကားလေးများကိုကြည့်ကာ ကိုယ့်ဘာသာ ကြည်
[illegible]နေတတ်၏။ ထိုသို့ ဇော် မြတ်နိုးနှစ်သက်သော ပန်းချီကားလေး
[illegible]ကို ရက်ရက် စက်စက် ဖျက်ဆီးခဲ့သူက ဒေါ်ခင်စီ။

လှိုင်ဓာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တ ဇော်တစ်ယောက်တည်း ပန်းချီပုံလေးတွေ ဆွဲနေစဉ် ဒေါ်ခင်စီရောက်လာ၏။

"မီဇော် မီဇော်"

ဒေါ်ခင်စီ၏ ကျယ်လောင်စူးရှသော အသံကြီးက ဇော့်အခန်းထဲ ထိုးဖောက်ထွက်လာသည်၊ ဒေါ်ခင်စီသည် အသံဆိုးကာ ဇော်၏ စိတ်ကိုများစွာ အနှောင့်အယှက်ဖြစ်သွားစေသည်၊ ဇော် ပန်းချီဆွဲနေစဉ် တိတ်ဆိတ်ငြိမ်သက်နေမှ ကြိုက်၏။ ယခုလို စိတ်ပါဝင်စားစွာ ပန်းချီဆွဲနေချိန်မှာ ဆူညံခြင်းမျိုးကို ဇော်က အလွန်မုန်းသည်၊ ဇော်ဒေါ်ခင်စီထံမှ အာရုံကို ဖယ်ကာ ပန်းချီကို ဆက်ဆွဲနေစဉ် ခြေသံပြင်းပြင်းဖြင့် ဒေါ်ခင်စီအခန်းထဲ ဝင်လာ၏၊

"မီဇော် ငါခေါ်နေတာ မကြားဘူးလား"

ဇော် ဆွဲနေသော ပန်းချီပုံကို ဆတ်ကနဲ ဆွဲယူကာ ဒေါ်ခင်စီမေးတော့ ဇော့်မျက်လုံးတွေ စူးကနဲ တောက်သွား၏။

"ကြားသားပဲ၊ ဒီမှာ ပန်းချီဆွဲနေတာ"

"ကြည့်စမ်း၊ ကြားလျက်သားနဲ့ ငါ့ကို ပမာမခန့်လုပ်တာပေါ့လေ"

ဒေါ်ခင်စီက ဒေါသဖြစ်သောမျက်လုံးများဖြင့် ဇော့်ကိုကြည့်ကာမေး၏။ ဇော် နှုတ်ခမ်းတင်းတင်းစေ့ကာ ဒေါ်ခင်စီကိုကြည့်လိုက်၏၊





"ဘာမှ ပမာမခန့်လုပ်တာမဟုတ်ဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတာ"

"အမယ် နင်က ငါ့ကိုပြန်ပြောတယ်ပေါ့လေ၊ နင် ပန်းချီဆွဲတာ အရေးမကြီးဘူးဟဲ့၊ သွားစမ်း၊ ငါ့အတွက် လမ်းထိပ်က ဆေးဆိုင်မှာ အားဆေးသွားဝယ်ပေး"

ကြည့်စမ်း၊ ဘယ်လောက်နိုင့်ထက်စီးနင်းနိုင်လိုက်သလဲ၊ အားဆေးသောက်တယ်ဆိုတာ ဘယ်သူ့အတွက်လဲ ဇော်သိတာပေါ့၊ သူနဲ့ သူ့ဗိုက်ထဲက ကလေးအတွက်ပဲ၊ ဒေါ်ခင်စီလက်ထဲမှ ပန်းချီကားကို ဇော် စူးစူးစိုက်စိုက်ကြည့်ကာ-

"ပန်းချီကားကိုပြန်ပေးပါ၊ အဲဒီပန်းချီကားပြီးမှ သွားဝယ်ပေးနိုင်မယ်"

"အမယ် ညည်းပန်းချီကားက ငါ့ထက်အရေးကြီးနေသေးသလား ဟင်"

"ကြီးတယ်၊ သိပ်အရေးကြီးတယ် သိလား"

"ဘာ နင်က ငါ့ကိုပြန်ပြောတယ်ပေါ့၊ ကဲဟယ် ဒီလောက်နင့်အတွက် အရေးကြီးလှတဲ့ပန်းချီကား"

"ဟင်"

ဒေါ်ခင်စီသည် ဇော်၏ ပန်းချီကားကို အပြုံးကြီးကြီးဖြင့် အစိတ်စိတ်အမွှာမွှာဆွဲဆုတ်ပစ်လိုက်လေသည်။ အစိတ်စိတ်အမွှာအမွှာ ဖြစ်သွားသောပန်းချီကားကိုကြည့်ပြီး ဇော့်ရင်ထဲ တဆစ်ဆစ်



www.burmeseclassic.com

www.burmeseclassic.com



တဖျစ်ဖျစ် နာကျင်လာရ၏။ ဒေါ်ခင်စီလက်ထဲမှ ပန်းချီကားကို ပန်းချီကားလို့ ဇော်မမြင်တော့ပါ။ ဇော့် နှလုံးသားတစ်ခုဟုသာ မြင်ယောင်ကာ အံတင်းတင်းကြိတ်မိတော့၏။

"ကောင်းပြီ ဒေါ်ခင်စီ၊ ကျွန်မ အင်မတန်တန်ဖိုးထားတဲ့ ပန်းချီကားကို ရှင်ဖျက်ဆီးပစ်တယ်၊ ဒီအတွက် ရှင်လည်းပဲ၊ ရှင် အင်မတန်မြတ်နိုးတန်ဖိုးထားတဲ့ ရှင့်ဗိုက်ထဲက ကလေးနဲ့ရှင်ဟာ ကျွန်မ ပန်းချီကားချပ်လို အစိတ်စိတ်အမွှာမွှာနဲ့ ကြေမွပျောက်ဆုံးသွားပါစေ"

ထိုစကားကိုဇော် တည်ငြိမ်စွာပြောပြီးချိန်မှာတော့ ဒေါ်ခင်စီသည် ထိတ်လန့်ချောက်ခြားသော မျက်နှာဖြင့် ဇော့်ကိုကြည့်ကာ အသံတုန်တုန်ယင်ယင်ဖြင့် -

"နင် နင်ငါ့ကိုကျိန်ဆဲလိုက်တာလား မိဇော်"

ဒေါ်ခင်စီမေးလိုက်မှ ဇော်လည်း ကိုယ့်ဖာသာ အထိတ်တလန့်ဖြစ်ကာ တကယ်ပဲ ဇော့်နှုတ်ဖျားက ဒေါ်ခင်စီကို ကျိန်ဆဲသလိုဖြစ်သွားသလားဟု စဉ်းစားမိရ၏။ ဒေါ်ခင်စီသည် ဇော့်အခန်းမှ ကမူးကရှူးပြေးထွက်သွားကာ ဘေးပတ်ဝန်းကျင်အိမ်များသို့သွားပြီး "မိဇော်ငါ့ကိုကျိန်ဆဲတယ်၊ မိဇော် ငါ့ကို ကျိန်ဆဲတယ်"ဟု လူတကာကိုလိုက်လံရှင်းပြလေ၏။ ဇော်ကတော့ ဒေါ်ခင်စီ၏ ထိတ်လန့်တုန်လှုပ်မှုကို ကြည့်ပြီး အလွန်အမင်း အံ့သြနေသည်။

ကျိုင်ဓာလေ



ဇော် ပြောတာလေးနှင့်ဒေါ်ခင်စီဘာကြောင့် ဒီလောက်တုန်လှုပ်သွားရတာလဲ၊ ဇော်ပြောတဲ့စကားဟာ ဒေါ်ခင်စီအတွက် တကယ်ဖြစ်မယ်လို့ ထင်နေသလား၊ ဇော်ကတော့ ထိုစကားသည် ထိုနေရာတွင် ပယ်ပျောက်သွားလိမ့်မည်ဟု ထင်ခဲ့၏။

သို့သော် ဇော့်အထင်သာ မှားခဲ့ပါ၏။ ထိုအဖြစ်အပျက်ပြီး၍ သုံးရက်ခန့်အကြာတွင် ဒေါ်ခင်စီတစ်ယောက် ရေချိုးခန်းထဲမှာ ချော်လဲကာ ကိုယ်ဝန်ပျက်ကျ သေဆုံးသွားရလေ၏။ ထိုအခါ ဇော် ပတ်ဝန်းကျင်မှ လူများက ဒေါ်ခင်စီသေဆုံးရတာ ဇော့်ကြောင့်ဟု အတိအကျစွပ်စွဲကာ ဇော့်ကိုလည်း ပြုစားတတ်သူဟူ၍ အတိအကျသတ်မှတ်လိုက်ကြတော့၏။

သည့်အတွက် ဇော့်မှာ ငြင်းခွင့်မရှိ၊ ဖြေရှင်းခွင့်မရှိ၊ အဖြစ်အပျက်တွေကလည်း ဇော်ပြောတိုင်း ဖြစ်တတ်တာမို့ ဇော် ဖြေရှင်းချက်ကို ဘယ်သူမှ လက်မခံနိုင်အောင် ဖြစ်ကြ၏။ ဇော် ဘယ်လိုပဲ ဖြေရှင်းဖို့ကြိုးစားပါစေမူ ပတ်ဝန်းကျင်က ဇော့်အား ကြောက်စရာကောင်းသော ပြုစားတတ်သူအဖြစ် ရှောင်ဖယ်နေတတ်ကြတော့သည်။

ကျိုင်ဓာလေ

www.burmeseclassic.com

www.burmeseclassic.com



## "နောက်ဆယ်နှစ်ခန့် လွန်မြောက်ပြီးနောက်"

လိုင်ဓာလေ

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် ကြွေရုပ်လေးတမျှ လှပကာ နုထွေးအိပျောင်း ညက်ညောသော မိန်းကလေးတစ်ယောက်အတွက် ချစ်သူခင်သူ များပါဘဲဟု အများသူငါ ထင်လင့်ကစား မွေ့အိမ်ဇော်ဆိုသည့် မိန်းကလေးအတွက်မူ ပတ်ဝန်းကျင်၏ရှောင်ဖယ်ကျဉ်ထားမှုကြောင့် အဖော်ကင်းမဲ့နေရလေ၏။ အထူးသဖြင့် ဇော့်ကွယ်ရာတွင် ဇော့်အား ပြုစားတတ်သူဟူ၍ အမည်ပေးကာ ရွံ့ထိတ်ဟန်နှင့် ရှောင်ရှားကြခြင်းလည်း ဖြစ်သည်။

သို့သော် ဇော်ကလည်းထိုအရာတွေကို ဂရုစိုက်တတ်သူ မဟုတ်ပါ။ ဖခင်အရက်သမားကြီးကို အလုပ်အကျွေးပြုရင်းတစ်ဖက်

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းမှ တက္ကသိုလ်ပညာကိုသင်ယူနေသူဖြစ်၏။ မွေ့အိမ်ဇော်ဆိုသည့် မိန်းကလေးက သူမမှန်တယ်ထင်ရာကို ပြုလုပ်တတ်၍ ကိုယ့်ဘဝတိုးတက်မည့်အရာမှန်သမျှကို တရားမျှတစွာ လုပ်ကိုင်တတ်သူလည်းဖြစ်သည်။ပတ်ဝန်းကျင်က ဇော့်အပေါ် ရှောင်ကျဉ်ဖို့ ကြိုးစားသလို ဇော်ကလည်း ပတ်ဝန်းကျင်ဆိုတာကို နည်းနည်းလေးမှ ဂရုစိုက်သည့်မိန်းကလေးမဟုတ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားကာ ဘဝကို ကြံ့ကြံ့ခိုင်ခိုင်အောင် ကြိုးစားနေသူ ဖြစ်သည်၊ ဇော့်အတွက် အရေးကြီးဆုံး အရာသည် လောကတွင် ဇော်တို့ သားအဖနှစ်ယောက် အဆင်ပြေ စွာ ရပ်တည်ရေးဖြစ်၏၊ သည့်အတွက် ဇော်က ဘဝကို ကျစ်လစ်သိပ်သည်းစွာ တည်ဆောက်ခဲ့၏။

ဇော် ဆယ်တန်းအောင်သည့်အချိန်မှာပင် ကုမ္ပဏီတစ်ခု၏ လက်နှိပ်စက်စာရေးမလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ အရင်က သူမဖခင်သည် အလုပ်လုပ်နိုင်သေးသော်လည်း ယခုတော့ နှစ်များစွာ အရက်သောက်ခဲ့သည့်ဒဏ်ကြောင့် ကျန်းမာရေး ချို့ယွင်းလေပြီ၊ ထို့ကြောင့် ဇော်တို့နှစ်ယောက်ဘဝရပ်တည်ရေးကို ဇော်၏ လစာဝင်ငွေဖြင့် လုံလောက်အောင် ရပ်တည်ရ၏။ ဇော့်အတွက် နေ့စဉ်ပင် အလုပ်ကတစ်ဖက်၊ ကျောင်းစာများက တစ်ဖက်ဖြင့် မအားလပ်အောင်ရှိခဲ့တာမို့ ပတ်ဝန်းကျင်ဆိုတာ ဇော့်အတွက် သာမန်ကိစ္စလေးတစ်ခုလောက်ပင် အရေးမကြီးတော့ပါ။





ဒါပေမယ့် ပတ်ဝန်းကျင်က ဇော့်ကို စိတ်ဝင်စားပါ၏။ ရုပ်ကလေးမှုန်နေအောင် နူညက်ချောမောလှပါသော ဇော်၏ အခြေအနေကို အမြဲတစေ စိတ်ဝင်စားစွာ မျက်လုံးဒေါက်ထောက်ကြည့်နေတတ်ကြသည်။

ဇော် ဘာတွေလုပ်နေသလဲ။

ဇော် ဘယ်လိုနေသလဲ စသည်ဖြင့် ဇော့်ရှေ့တွင် အရေးမစိုက်ဟန်၊ ဂရုမစိုက်ဟန်ပြုခဲ့သမျှ ဇော့်ကွယ်ရာတွင် တိုးတိတ်တိတ် အတင်းချတတ်ကြ၏။ ဒါပေမယ့် ဇော်က သူတို့၏ အတင်းအဖျင်းစကားတွေကိုဦးနှောက်ထဲ အရောက်မခံခဲ့ပါ။ အထူးသဖြင့် ဇော့်ကို စိတ်ဝင်စားကြတဲ့သူတွေကတော့ ရပ်ကွက်ထဲမှ လူငယ်တွေဖြစ်သည်၊ သူတို့၏ မိခင်များက ဇော့်ကို ကြောက်လန့်ကာ မပတ်သက်ဖို့ ဘယ်လိုပင်ဟန့်တားကြပါစေ၊ ဇော်၏ လှပမှုက ထိုယောကျ်ားတို့၏ မျက်စိအာရုံကို ညှို့ယူဖမ်းစားဆွဲဆောင်ထားနိုင်လေသည်။ ထို့ကြောင့် သူတို့မိခင်တွေ ဘယ်လောက်တားစေခဲ့ကာမူ ဇော်၏ အချစ်ကိုရဖို့အတွက် နေ့စဉ်အနည်းနှင့်အများတော့ ရှိနေတတ်၏။

သို့သော် ဇော်ကတော့ မည်သည့်ယောကျ်ားသား တစ်ဦးကိုမှ စိတ်ဝင်စားခြင်းမရှိခဲ့ပေ။ ဇော့်မေတ္တာတောင်းခံလာသူတွေကို ညာသားပါစွာပင် ရှောင်ဖယ်ငြင်းဆိုတတ်သည်။ တစ်ချို့ ဇွဲကောင်းသည့်အမျိုးသားတွေက တော်ယုံနှင့် ဇွဲမလျှော့ဘဲ ဇော့်မေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းယူဖို့ ကြိုးစားတတ်၏။ သည်အခါ ဇော်ကလည်း သည်းမခံ တတ်တော့ပေ။ စိတ်ဆိုးစွာ တုန့်ပြန်တတ်သည့်အတွက် ဇော့်တွင် သာဓကတစ်ခုရှိခဲ့ဖူးသည်။

ထိုလူက ဇော်တို့ရပ်ကွက်ထဲတွင် ပိုက်ဆံအရှိဆုံးဟု ဆိုရမည့် ထူးအောင်ပင်။ ထူးအောင်က ပိုက်ဆံအရှိန်ဖြင့် မောက်ကြွားချင်သော စိတ်ရှိသည်။ ပိုက်ဆံမရှိသူများကို အထင်သေးချင်၏။ ဇော်က ထိုစိတ်ထားမျိုးရှိသောလူကို အလွန်မုန်းတီးသည်။ ထိုလိုလူက ဇော့်လို ပိုက်ဆံမရှိသော မိန်းကလေးတစ်ယောက်၏ မေတ္တာကို တောင်းခံလာတာ ကြားရသူတွေအတွက် အံ့ဩစရာ။ ကိုထူးအောင် ဇော့်ကို စိတ်ဝင်စားတာ ဇော်၏ အလှအပများကြောင့်ဆိုတာ သိသာနေ၏။ ဒါပေမယ့် ဇော်ကတော့ ကိုထူးအောင်ပိုက်ဆံရှိတာကို စိတ်မဝင်စားပေ။ ကိုထူးအောင်ကိုလည်း နှစ်သက်ခြင်းမရှိတာမို့ ငြင်းဆိုခဲ့သည်။ သည်မှာတင် ပြဿနာဖြစ်တော့၏။

ကိုထူးအောင်က သူ့လိုလူတစ်ယောက်၏ မေတ္တာကို ငြင်းရပ့်မလားဟု ဇော့်ကို အကြီးအကျယ်ဒေါ်ဖြစ်လေ၏။ ဇော်က ဘာမို့လို့ သူ့မေတ္တာကို လက်မခံရတာလဲ စသည်ဖြင့် ကွယ်ရာတွင် မောက်မောက်မာမာ ပြောသောစကားများကို သူမပြန်ကြားရလေ၏။ ယောကျ်ားဖြစ်ပြီး ကွယ်ရာတွင် ဒီလိုပြောတတ်တဲ့ ယောကျ်ားမျိုးကို ဇော်ကလည်း ကောင်းစွာ အထင်သေး၏။ ထို့ကြောင့် နောက်





တစ်ခါ ကိုထူးအောင်ကိုတွေ့တော့ မျက်နှာထားတည်တည်ဖြင့်သာ နေမိသည်။

ဇော် မျက်နှာထားတည်တည်ဖြင့် နေတာကိုပင် ထူးအောင် တစ်ယောက်အခံရခက်စွာ ရှိ၏။ ဇော့်အချစ်ကို ဖွဲ့မလျှော့ဘဲ လိုချင်တာကြောင့် အလျှော့ပေးဆက်ဆံဖို့ ကြိုးစားသည်။

"မွှေ့အိမ်ဇော် တို့အပေါ် ထားတဲ့သဘောထားကို ပြန်ပြီး စဉ်းစားပါဦး"

"ကျွန်မ စကားတစ်ခွန်းကို ပြင်မပြောတတ်ဘူး ကိုထူးအောင်"

"မဟုတ်သေးပါဘူး။ မွှေ့အိမ်ဇော်၊ တို့မှာ ဘာအပြစ်ရှိလို့လဲ"

အာလေးလျှာလေးဖြင့် မေးလာသောကိုထူးအောင်မျက်နှာကို သူမ စေ့စေ့ကြည့်မိ၏။ အရက်သောက်ထားသော အရှိန်ကြောင့် ကိုထူးအောင်မျက်ဝန်းတွေက နီရဲနေသည်။

ဇော် သက်ပြင်းတစ်ချက်ချကာ ခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"ဆောရီးပဲ ကိုထူးအောင်၊ ကိုထူးအောင်မှာ ဘာပြစ်ချက်မှ မရှိပါဘူး။ ကျွန်မစိတ်ကိုက ကိုထူးအောင်ကို လက်မခံနိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပြီးတာနှင့် သူမ ထိုနေရာမှ ချာကနဲလှည့်ထွက်၏။ ဒါပေမယ့်-

"နေပါဦး မိဇော်"

"ဟင် ဒါဘာလုပ်တာလဲ၊ ကိုထူးအောင်၊ အခု ကျွန်မလက်ကို လွှတ်ပါ"

နူးညံ့ပျော့ပျောင်းသော သူမလက်တစ်ဖက်ကို ကိုထူးအောင်လှမ်းဆွဲလိုက်ရတာမို့ ဒေါသဖြစ်သွားရသည်။ ကိုထူးအောင် ခပ်မှဲ့မှဲ့ပြုံးကာ ခေါင်းခါယမ်း၏။

"တို့လိုချင်တဲ့အဖြေကို ပေးမှ မင်းလက်ကိုလွှတ်ပေးမယ်"

'ဟင် ရှင့်ကို မချစ်နိုင်ပါဘူးလို့ ကျွန်မ ဘယ်နှစ်ခါပြောရမလဲ ကိုထူးအောင်"

"အဲဒီစကားက တို့အတွက် လုံးဝအဓိပ္ပာယ်မရှိပါဘူး၊ တို့လို လူတစ်ယောက်က မင်းအတွက် ဘာမချစ်နိုင်စရာ ရှိလဲ မိဇော်"

ကြည့်စမ်း၊ သူ့ကိုယ်သူ အထင်ကြီးနေလိုက်တာ၊ ဇော် ရွံရှာမုန်းတီးသော မျက်ဝန်းများဖြင့် ကိုထူးအောင်ကို ကြည့်လိုက်၏။ သူ့မှာ ပိုက်ဆံရှိတာနဲ့ မိန်းကလေးတစ်ယောက်က သူ့ကို လွယ်တူစွာ လက်ခံရမည့်တဲ့လား၊ ဟင့်အင်း မဖြစ်နိုင်တာ၊ ဇော် ခံယူထားသော အချစ်သည် အင်မတန်ဖြူစင်ရိုးသား၏။ သူ့အလိုအလျောက် နှလုံးသားထဲမှ ယိုစိမ့်ထွက်လာသော မေတ္တာမျိုးသာ အချစ်စစ်





အချစ်မှန်ဖြစ်သည်။ နှလုံးသားကိစ္စမှာ ဘာအရောင်အစွန်းမှ မပါဝင်စေရ။ ကိုထူးအောင်က မေတ္တာကို ငွေဆိုသော အမည်းရောင်ကြီးဖြင့် လွှမ်းမိုးချင်သူပင်။

ဇော် နှုတ်ခမ်းတင်းတင်းစေ့ကာ ကိုထူးအောင်ကို ကြည့်လိုက်၏၊ ကိုထူးအောင်ကလည်း ရီဝေသော မျက်လုံးများဖြင့် သူ့ကိုကြည့်နေသည်။တင်းတင်းစေ့ထားသော ဇော့်နှုတ်ခမ်းအစုံက တဖြည်းဖြည်းချင်းဖွင့်ဟလာကာ-

"ကျွန်မ နောက်ဆုံးမေးမယ် ကိုထူးအောင်၊ ကျွန်မလက်ကို ရှပ်အခု လွှတ်မလား၊ မလွှတ်ဘူးလား"

"လုံးဝမလွှတ်ဘူး မိဇော်၊ တို့လိုချင်တဲ့အဖြေရမှ"

"ဪ ဒီလိုလား၊ ဒါဆိုလည်း ရပါတယ်လေ၊ ရှင်သိပ်လိုချင်နေတဲ့ ကျွန်မဆီက အဖြေ ကဲ"

"ဟင် မိဇော်"

ကိုထူးအောင် ဟန့်တားပေမယ့် မမီလိုက်ပါ။ ဇော်၏ လက်တစ်ဖက်က ကိုထူးအောင်၏ ပါးပြင်တစ်ဖက်သို့ အရှိန်ပြင်းစွာ ကျရောက်သွား၏။

"နင် နင် ငါ့ပါးကိုရိုက်တယ်ပေါ့ ဟုတ်လား မိဇော်"

"ဟုတ်တယ်ရိုက်တယ်၊ ကျွန်မကို မတရားလုပ်ရင် ကျွန်မက တရားမျှတစွာ တုန့်ပြန်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါကလဲ ငါ့အသားကိုထိရင် ဟောဒီလို လုပ်တတ်တယ်"

"အမေ့ ဟာ"

ကိုထူးအောင်က သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော ဇော်၏ လက်တစ်ဖက်ကို ရုတ်တရက်ချိုးလိမ်လိုက်တာကြောင့် ဇော်အသည်းခိုက်အောင် နာကျင်သွားရသည်။ ဇော့်အဖြစ်ကိုကြည့်ပြီး ကိုထူးအောင်က ခပ်မဲ့မဲ့ပြုံးကာ-

"မှတ်ထား မိဇော်၊ နောက်တစ်ခါ ငါ့အသားကို နာကျင်အောင်လုပ်ရင် နင် ဒီ့ထက် ပိုဆိုးမယ်"

"ခွေး ခွေး နင်က ခွေးလိုယုတ်မာတဲ့ကောင်ပဲ၊ အေး ငါကလည်း ပြန်ပြောလိုက်မယ်၊ ငါ့အသားကို နာကျင်အောင်လုပ်တဲ့ နင်ဟာ ငါနာကျင်တာထက် ဆယ်ဆပိုနာကျင်စေရမယ် သိလား"

ထိုစကားကို သူမက စိမ်းတောက်သောမျက်လုံးများဖြင့် ကိုထူးအောင်အား စိုက်ကြည့်ကာ အသည်းနှလုံးထဲမှ လာသောလေသံဖြင့် အေးစိမ့်စိမ့်ပြောပြီးနေရာမှ ချာကနဲ လှည့်ကာပြေးထွက်ခဲ့၏။ ထူးအောင်ကတော့ နောက်မှ လှောင်ပြောင်ရယ်မောကာ ကျန်ရစ်ခဲ့သည်။

ဇော်ရင်ထဲမှာတော့ ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုထူးအောင်အပေါ် နာလိုမုန်းတီးလိုက်သည့်အဖြစ်။ ဇော့်ဘဝမှာ ဒီလိုမျိုး





နာနာကျင်ကျင် တစ်ခါမှ မခံစားဖူးတာမို့ ရင်ထဲပူလောင်လှ၏။ ငါ ခံစားရတဲ့ ဝေဒနာထက် ဆယ်ဆမက သင်ခံစားရပါစေဟု အကြိမ်ကြိမ် အခါ ခါ ကြိတ်ကာ ဆုတောင်းမိသည်။

သို့သော် ထူးဆန်းစွာပင် ထိုည၌ ကိုထူးအောင်တစ်ယောက် ကားမှောက်ကာ တစ်ကိုယ်လုံး ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့လေ၏။ ထိုအခါ ဇော်သည် ပတ်ဝန်းကျင်တွင် ပိုမို၍ ရှောင်ဖယ်ခွယ်ဖြစ်လာလေသည်။ ဇော်နှင့်ကိုထူးအောင်တို့ ပြဿနာဖြစ်ချိန်၌ ဘေးပတ်ဝန်းကျင်တွင် လူတစ်ချို့ရှိနေခဲ့သည်၊ ကိုထူးအောင် ဒီလိုဖြစ်ရခြင်းသည် ဇော်၏ ကျိန်ဆိုမှုကြောင့်ဟု ပြင်းပြင်းထန်ထန် စွပ်စွဲလာကြ၏။ ဇော်ကတော့ ကိုထူးအောင်၏ မကောင်းသောစိတ်ထားကြောင့် အထူးသဖြင့် ထိုညက ကိုထူးအောင်တစ်ယောက် အရက်မူးအောင်သောက်၍ ကားမောင်းသောကြောင့် ထိုကဲ့သို့ ဖြစ်ရတာဟု ယူဆ၏။ ဒါပေမယ့် ဇော့်အပေါ် ပတ်ဝန်းကျင်၏ အထင်လွဲမှားမှုကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ မဖြေရှင်းပေးနိုင်ပါ။

သည့်အတွက် ကိုထူးအောင်ကိစ္စနှင့်ပတ်သက်ပြီး ဇော်၏ မေတ္တာကို တောင်းခံသူ အလိုလိုနည်းပါးသွားသည်။ ဒါကိုပင် ဇော်တ ကြိတ်၍ ကျေနပ်ရပါ၏။ သို့မဟုတ်လျှင် ထိုကိစ္စတွေကိုတာဝန်တစ်ခုလို နေ့စဉ် စိတ်ညစ်ညူးစွာ ရင်ဆိုင်ရတာ တစ်ဒုက္ခ မဟုတ်ပါလား။ ဒါပေမယ့် ဇော့်ကိုကြောက်ရွံ့ခြင်းမရှိဘဲ ဖွဲ့မလျှော့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အနည်းအကျဉ်းကျန်သူတွေရှိ၏။ သည်လောက်ကိစ္စကိုတော့ ဇော်တ မမှုပါ။

သည်နေ့လည်း ဇော်အလုပ်မှအပြန် နောက်ကျတာမို့ အိမ်သို့ ခပ်သွက်သွက်ပြန်ခဲ့သည်။ ဇော် ရပ်ကွက်ထဲရောက်ချိန်မှာတော့ လမ်းမီးတစ်ချို့ပင် ထွန်းလင်းနေပြီ။ ဇော်အလုပ်ကအပြန် ဘတ်စ်ကားနှစ်ဆင့်လောက် စီးရတာမို့ အိမ်ပြန်နောက်ကျခြင်းပင်။ ဇော် လမ်းချိုးလေးထဲအရောက်-

"မိဇော် မိဇော်"

နောက်မှ ခေါ်သံနှင့်အတူ ပြေးလိုက်လာသံကြောင့် သူမ လှည့်ကြည့်လိုက်တော့ ငယ်စဉ်ကတည်းကမှစ၍ သူမ၏ အခင်မင်ဆုံးဖြစ်ခဲ့သော စောမင်းနိုင်ခေါ်သည့် ကိုနိုင်။ သူမ ကိုနိုင့်ကို မျက်မှောင်လေးကုပ်ကာ ကြည့်ရ၏။

"ဘာများအရေးတကြီးဖြစ်လာလို့ ငါ့ကို ဒီလောက်အော်ခေါ်နေရတာလဲ ကိုနိုင်"

"ဆောရီးဟာ ငါက နင့်ကိုတွေ့လို့ဝမ်းသာအားရခေါ်လိုက်တာပါ၊ နင်နဲ့ငါက မတွေ့ရတာကြာပြီ မဟုတ်လား"

ကိုနိုင့်အဖြေကြောင့် ဇော်ပြုံးချင်မိသွား၏။ တကယ်ဆိုဇော်နဲ့ ကိုနိုင်က တစ်ရပ်ကွက်ထဲနေကြတာပဲ တွေ့ချင်လျှင် အလွယ်လေးပါ။ ဒါပေမယ့် ဇော်ကလည်း ဇော့်အလုပ်နဲ့ဇော် ရှုပ်နေ





ဘာမို့ ကိုနိုင့်ကို မတွေ့သလို၊ စက်မှုတက္ကသိုလ်ကျောင်းသားဖြစ်သောကိုနိုင်ကလည်း ကျောင်းတက်ရတာနှင့်အချိန်ကုန်နေတာမို့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ပါ။ သည်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူမတို့ နှစ်ယောက်ဆုံခြင်းပါ။

"ဖြစ်ရလေ။ ငါကနင်မတွေ့ဘူးတဲ့လူကိုးဒါနဲ့ နင် ဘာကိစ္စငါ့နောက်လိုက်လာရတာလဲ"

"အဟဲ ဟိုလေ၊ နင့်ဆီက အဖြေတောင်းထားတဲ့ကိစ္စမိဇော်"

"အော် နင်အခုထက်ထိ ငါ့ဆီကအဖြေလိုချင်တုန်းကိုးနင့်ကိုထူးအောင်အဖြစ်ကိုကြည့်ပြီး နောင်တမရချင်သေးဘူးလားကိုနိုင်"

"ဘာဆိုင်လဲ မိဇော်၊သူကသူပဲ၊ ငါကငါပဲ"

ကိုနိုင့်မျက်နှာထားတည်တည်ဖြင့် ပြောတော့ ဇော် သက်ပြင်းတစ်ချက် ကြိတ်ချမိရ၏။ ကိုနိုင့်ကိုတော့ ငယ်သူငယ်ချင်းတစ်ဦးမို့ ခင်ပါသည်။ ဒါပေမယ့် ကိုနိုင့်အမေကို ကြည့်မရတာကြောင့် ငယ်စဉ်ကလို ရင်းရင်းနှီးနှီး မဆက်ဆံမိတော့။

"နင်က တစ်ယောက်စီပြောပေမယ့် ကိုထူးအောင်ဖြစ်ရတာ ငါ့ကြောင့်လို့ တစ်ရပ်ကွက်လုံးက ပြောနေကြတာပဲ မဟုတ်ဘူးလား ကိုနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေ ဘာပြောပြော၊ ကိုထူးအောင်ကိစ္စဟာ နင်နဲ့ လုံးဝမဆိုင်ဘူးလို့ ငါယုံကြည်တယ် မိဇော်၊ သူ့ဖာသာသူ လူမှန်းမသိ သူမှန်းမသိအောင် အရက်မူးကားမောင်းလို့ ဖြစ်ရတာ၊ နင်နဲ့ ဘာမှမဆိုင်ဘူး"

ကိုနိုင့်စကားကြောင့် ဇော် သက်ပြင်းတစ်ချက်ချလိုက်၏။ ကိုနိုင်ဟာ ယေစဉ်တုန်းကလိုပဲ ဇော့်ဘက်မှရပ်တည်နေတုန်းပါလား။ ဘယ်သူတွေ ဘာပြောပြော ဇော့်အပေါ်မှာ နားလည်မှုရှိစွာ ကိုနိုင်ဆက်ဆံခဲ့၏။ ထို့ကြောင့် သူငယ်ချင်းတွေအားလုံးထဲမှာ ကိုနိုင့်ကို ခင်မင်ဆုံးဖြစ်ခဲ့ရတာ ဇော် ငြင်းမရပါ။

အရွယ်လေးတွေရောက်လာတော့လည်းကိုနိုင်တစ်ယောက် သူများနည်းတူ ဇော့်ကိုစိတ်ဝင်စားခဲ့၏။ တစ်ခြားသူတွေကို ပြတ်သားစွာ ငြင်းဆန်ခဲ့ပေမယ့် ကိုနိုင့်ကိုတော့ ယေသံယောဇဉ်ဖြင့် စိမ်းကားစွာ မပြောရက်ပါ။ ပြီးတော့ အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ချောမွေ့သော စက်မှုတက္ကသိုလ်ကျောင်းသား ကိုနိုင်ပုံစံကလည်း မိန်းကလေးတွေအတွက် စိတ်ကူးယဉ်ချင်စရာပါ။ ခက်တာက ကိုနိုင့်မိခင်သည် သူ့သားဖြစ်သူကို ဒီတစ်ရပ်ကွက်လုံးရှိတဲ့ ဘယ်မိန်းကလေးနဲ့မှ မထိုက်တန်ဘူးဟု ယူဆထားသူပင်။ အထူးသဖြင့် ဇော့်လို မိန်းကလေးမျိုးနှင့် လုံးဝသဘောတူလိမ့်မည်မဟုတ်။ ထို့ကြောင့် မဖြစ်နိုင်သော လမ်းကို အစကတည်းက ဖြတ်ရန် ဇော် စိတ်ကူးထား၏။





"ကိုနိုင်ရယ် နင့်လို ငါ့အပေါ် နားလည်ကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ အခုတော့ ငါဟာ ပတ်ဝန်းကျင်အလယ်မှာ ကြောက်ရွံ့စရာကောင်းတဲ့ မိန်းမဖြစ်နေပြီ၊ နင်ရော ငါ့ကို မကြောက်ဘူးလား ကိုနိုင်"

"ဟာ ဘာကြောက်ရမှာလဲ မိဇော်၊ ငါ့မျက်စိထဲမှာတော့ နင်က ကြောက်စရာမကောင်းတဲ့အပြင် အရမ်းကိုချစ်စရာကောင်းနေတာ"

"အာ ကိုနိုင်နော် ပေါက်တတ်ကရ လျှောက်မပြောနဲ့"

ဇော့်ကို စေ့စေ့ကြည့်ကာ ကိုနိုင်အပြောကြောင့် ရင်ထဲ ကြည်နူးသလိုလို၊ရှက်သလိုလိုဖြစ်ရပါသည်။ ကိုနိုင်ကတော့ ရှက်နေသော ဇော့်ကို ရင်ခုန်စွာကြည့်ပြီး-

"တကယ်ပြောတာ မိဇော်၊ ငါ့မျက်စိထဲမှာ နင် ဟာ တစ်နေ့တစ်ခြားပိုပိုလှလာတယ်၊ တဖြည်းဖြည်းနဲ့ နင့်ကို စိတ်မချချင်တော့ဘူး မိဇော်"

"အောင်မယ် စိတ်မချရအောင် နင်နဲ့ငါက ဘာဆိုင်လို့လဲ"

ဇော် မျက်စောင်းထိုးပြောတော့ ကိုနိုင်ပြုံးစိစိဖြင့် ပြောသည်။

"ဒါကြောင့်ဆိုင်ပါရစေတော့လို့ ငါပြောတာပေါ့ မိဇော်"

"ဟင့်အင်း မဖြစ်နိုင်တာ နင် ငါနဲ့ ပတ်သက်လာရင် ဒုက္ခရောက်လိမ့်မယ် ကိုနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်က ငါ့ကိုခြိမ်းခြောက်နေတာလား မိဇော်"

"ဒါ ငါ ခြိမ်းခြောက်တာ မဟုတ်ဘူး ကိုနိုင်၊ ငါနဲ့ပတ်သက်တဲ့လူတိုင်းတစ်ခုမဟုတ်တစ်ခု ဒုက္ခရောက်ကြတာ နင်အသိပဲ မဟုတ်လား"

"တော်စမ်းပါဟာ အဲဒီအယူအဆကိုလက်ခံရင် အစကတည်းက နင့်မေတ္တာကို ငါမတောင်းခံဘူး မိဇော်၊ ဒီမှာ ငါ အရှင်းဆုံးပြောလိုက်မယ်၊ နင်နဲ့ပတ်သက်ပြီး ရောက်လာမယ့်ဒုက္ခကို ငါ ကျေနပ်စွာ ခံယူမယ် မိဇော်"

ကိုနိုင်ပြတ်သားစွာ ပြောနေပြီ။ ဇော် ဘာဆက်ပြောရမလဲ ကိုနိုင်ပုံစံကြည့်ရတာလည်း တော်ရုံဖြင့် ဇွဲလျှော့မည့်ပုံမပေါ်။ ဇော့်ကို စူးရဲစွာကြည့်နေသော ကိုနိုင့်မျက်လုံးတွေကိုမသိမသာရှောင်လွှဲရင်း-

"နင်ကငါ့ကြောင့် ဖြစ်ပေါ်လာမယ့် ဒုက္ခကို ကျေနပ်စွာ ခံယူနိုင်ပေမယ့် ငါက အဲဒီဒုက္ခတွေကို မပေးရက်ပါဘူး ကိုနိုင်ရယ်"

"ဟင် နင်က ဘာဖြစ်လို့လဲ၊ ဒီဒုက္ခတွေကို ငါ့အပေါ်မပေးရက်တာလဲ နင် ငါ့ကို"

"မဟုတ်ဘူး။ နင်က ငါ့ရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်နေလို့ ကိုနိုင်"

စောစောက အားတက်သရောဖြစ်သွားသော ကိုနိုင်မှာ ဇော်၏ စကားကြောင့်စိတ်ခတ်ကျသွား၏။ သူ့ကိုဒုက္ခမပေးရက်တာဟာ သူ့အပေါ် သံယောဇဉ်ရှိနေလို့ ဟု ကြည်နူးစွာ တွေးမယ်





လုပ်တုန်း ဇော်က သူ မျှော်လင့်ချက်တွေကို ရိုက်ချိုးဖျက်ဆီးလိုက်တာပါပဲ၊ သူ ခေါင်းတစ်ချက်ခါယမ်းကာ ဇော့်ကို စေ့စေ့ကြည့်လိုက်၏၊

"ငါ နင့်ရဲ့ငယ်သူငယ်ချင်းမဖြစ်ချင်တော့ဘူး မိဇော်"

"ဒါဆို ဝမ်းနည်းစရာပဲ၊ ငါက အားလုံးထဲမှာ နင့်ကို သံယောဇဉ်အရှိဆုံး သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်ထားတာ ကိုနိုင်"

"ငါ့အပေါ် သံယောဇဉ်ရှိတယ်ဆိုလို့ ဝမ်းသာပါတယ် မိဇော်၊ ဒါပေမယ့် အဲဒီ သံယောဇဉ်တွေကိုသူငယ်ချင်းအဖြစ် ငါ မလိုချင်ဘူး"

သူ့အပြောကြောင့် ဇော့်မျက်နှာလေး နီးမြန်းသွား၏။ သူ ဘာကို ပြောနေတယ်ဆိုတာ ဇော် သိတာပေါ့။

"ခက်ပါလား ကိုနိုင်ရယ်၊ ငါ ပေးနိုင်တာကတစ်မျိုး၊ နင် လိုချင်တာက တစ်မျိုးဖြစ်နေတာကိုး၊ ဒီမှာ နင့်ကိုအကောင်းဆုံး အကြံပေးမယ်၊ နင့်ငါ့အချစ်ကို မျှော်လင့်နေမယ့်အစား နင်တို့ကျောင်းက မိန်းကလေးတစ်ယောက်ယောက်ကို ပြောင်းကြိုက်လိုက်ပါလား"

"ဘာပြောတယ်မိဇော်၊ နင်က ငါ့အချစ်ကို ဘာများမှတ်နေသလဲ၊ နင်မှတ်ထား မိဇော်၊ ငါက မိန်းမမြင်တိုင်းကြိုက်တတ်တဲ့ကောင် မဟုတ်ဘူး၊ ငါ့အချစ်ကို ဟိုပြောင်းဒီပြောင်းလုပ်ရအောင် ငါ့အချစ်က ဒီလောက်ပေါ်များမနေဘူး"

www.burmeseclassic.com



သူမျက်နှာနီနီဖြင့် ပြောတော့ ဇော် ပြောတာလွန်သွားပြီလားဟု စိတ်မကောင်းဖြစ်သွား၏။

"ဆောရီးပဲကိုနိုင်ရယ်၊ ငါက နင့်ကို စိတ်ချမ်းသာစေချင်လို့ပါ"

"နင်ငါ့ကို တကယ်စိတ်ချမ်းသာစေချင်ရင် ငါ့မေတ္တာကို နင်လက်ခံပါလား မိဇော်"

"ကိုနိုင်ရယ်"

ငယ်သူငယ်ချင်းတစ်ယောက်မို့ မချစ်ပါဘူးဟု ပြောရမှာလည်း ခက်သလိုပါပဲလား။ သူ စိတ်ချမ်းသာအောင် ဖြေလိုက်ရင်ကော ရေရှည်ဆက်ရမည့်သူမတို့နှစ်ယောက်ရဲ့ ဘဝခရီးလမ်းဟာ ပျော်စရာကောင်းမည်တဲ့လား။ မထင်ပါ။ လုံးဝကို မထင်ပါ။ မျက်စိထဲမှာ ကိုနိုင်မိခင်မျက်နှာကို မြင်ယောင်မိတော့ ဇော် ညင်သာစွာခေါင်းခါယမ်းမိသည်။

"မဖြစ်နိုင်ပါဘူး ကိုနိုင်ရယ်၊ လုံးဝမဖြစ်နိုင်ပါဘူး။ နင်နဲ့ငါ သူငယ်ချင်းအဖြစ်နေကြတာ အကောင်းဆုံးပါ"

"ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ မိဇော်၊ နင် ဘာတွေကိုစိုးရိမ်နေတာလဲ ဟင်"

ဇော် ကိုနိုင့်မျက်ဝန်းတွေကို စေ့စေ့ကြည့်မိ၏။ ဇော် ဘာတွေ စိုးရိမ်နေတယ်ဆိုတာ ကိုနိုင်တကယ်မသိဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား။





"ဒီမှာကိုနိုင်၊ ဘာတွေမဖြစ်နိုင်တာလဲဆိုတာ နင်အသိဆုံးပါ၊ ငါ ဘာမှ ဖြေစရာမလိုဘူး၊ ကဲ ငါသွားမယ်"

မွေ့အိမ်ဇော် ချာကနဲလှည့်ထွက်ခဲ့၏။ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်သန်းနေပြီ။ ကိုနိုင်ကတော့ မွေ့အိမ်ဇော်ကိုငေးကြည့်ကာ စဉ်းစားနေလိမ့်မည်။ သူတို့နှစ်ယောက်ကြားမှာ ဘာတွေ မဖြစ်နိုင်တာလဲလို့၊ တကယ်တော့ နင် သေချာတွေးကြည့်ရင် သိနိုင်ပါတယ် ကိုနိုင်ရယ်။

သို့သော် နောက်ရက်များမှာလည်းကိုနိုင်လာစောင့်နေမြဲသည်။ မွေ့အိမ်ဇော်ကို မြင်တော့ ပြုံးပြကာ

"မိဇော် နင်မနေ့က ပြောသွားတာတွေကိုငါ သေချာ စဉ်းစားပြီးပြီ၊ နင် စိုးရိမ်နေတာ ငါ့အမေအတွက် မဟုတ်လား"

"အေး ဟုတ်တယ် ကိုနိုင်၊ခုလို နင်နဲ့ငါ စကားပြောနေတာမြင်ရင် နင့်အမေ နင့်ကို ဘာပြောမလဲ"

"ဘာပြောရမှာလဲ၊ နင်နဲ့ငါဟာ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေပဲဟာ"

"ဒါပေမယ့် အချိန်တွေက မတူတော့ဘူးလေ၊ ပြီးတော့ ငါတို့နှစ်ယောက်ရဲ့အနေအထားတွေကလဲ မတူတော့ဘူး ကိုနိုင်"

"နင်ဘာကိုပြောတာလဲ မိဇော်"

"ရှင်းရှင်းလေးပါ၊ ငယ်ငယ်တုန်းက ဖြူစင်တဲ့ကလေးအသူငယ်ချင်းဆိုတာ ဘာမှအပြစ်မရှိဘူး။ အခု နင်ရောငါပါ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီ၊ ပြီးတော့ နင်က ငါ့အချစ်ကို တောင်းထားတဲ့ လူ ဒါပေမယ့် နင့်အမေကိုယ်တိုင်က ငါ့ကိုမကြည်ဖြူတာ နင်အသိပဲ ကိုနိုင်"

"ဒါပေမယ့်ဟာ ငါက နင့်ကိုချစ်နေတာပဲ"

"နင်ချစ်နေတာကို မချစ်နဲ့လို့ ငါ မတားပါဘူး၊ ဒါပေမယ့် ငါ့ဆီက အချစ်ကိုတော့ မမျှော်လင့်နဲ့"

"ဘာဖြစ်လို့လဲ နင်ငါ့ကို မုန်းလို့လား၊ မိဇော်"

"ဟင့်အင်း၊ နင့်ကိုငါ ဘာကြောင့်မုန်းရမှာလဲ၊ နင်နဲ့ ငါ ရန်သူမှ မဟုတ်ဘဲ၊ အေး ဒါပေမယ့် နင့်ကိုချစ်လည်း မချစ်နိုင်ဘူး ကိုနိုင်၊ နင့်အပေါ်မှာ သူငယ်ချင်းတစ်ယောက်လိုပဲသံယောဇဉ်ရှိ တယ်"

"ဒါဆိုရင်လဲ ငါ့အတွက် မျှော်လင့်ချက်မဆိုးပါဘူး မိဇော် သူငယ်ချင်းသံယောဇဉ်ကနေ ချစ်သူဆိုတဲ့ သံယောဇဉ်ဖြစ်လာနိုင် တာပဲ ငါကတော့ နင့်အချစ်ကို ဆက်မျှော်လင့်နေမှာပဲ"

ကိုနိုင့်အပြောကြောင့် ဇော် ပခုံးတစ်ချက်တွန့်လိုက်၏ မမျှော်လင့်နဲ့လို့လည်း မပြောချင်၊ ဒါ သူ့ဘက်က ခံစားချက် အခွ အရေးပဲ။

"ဒါကတော့ နင့်သဘောပဲလေ၊ ငါ ဘာမျှော်လင့်ချက်ပေး ထားတာတော့ မဟုတ်ဘူးနော် ကိုနိုင်"





"ငါ နားလည်ပါတယ် မိဇော်ရာ၊ နင့်ဆုံးဖြတ်ချက်က ငါ့ ကံတရားနဲ့ပဲဆိုင်ပါတယ်။ ငါကံကောင်းရင် နင့်အချစ်ကိုရမယ်၊ ငါ ကံမကောင်းရင် နင့်အချစ်ကို မရဘူး ဒါပဲ"

"နင့်စိတ်ဓာတ်ကို ငါ လေးစားသွားပြီ ကိုနိုင်၊ တကယ်တော့ သူတွေကို စီရင်နေတာ သူတို့ရဲ့ ကံကြမ္မာပဲ၊ သူတို့ဆိုးမှုကောင်းမှု ဆို သူတို့ရဲ့ကံကြမ္မာကပဲ ဖန်တီးသွားကြတာ၊ ဒါနဲ့များ ငါ့ကိုသူတို့ တ ဘာလို့ အပြစ်တင်စွပ်စွဲချင်ရတာပါလိမ့် ကိုနိုင်ရယ်"

ဇော်က စိတ်ထိခိုက်ဟန်ဖြင့်ပြောတော့ကိုနိုင်စိတ်မကောင်း ဖြစ်သွား၏။ ထို့ကြောင့် အတတ်နိုင်ဆုံး နှစ်သိမ့်လိုက်၏။

"အဲဒီလူတွေက သိပ်ကိုအတ္တရှိတဲ့လူတွေမို့ပါဟာ၊ သူတို့ ကြောင့်တော့ နင်ဘာမှ စိတ်မထိခိုက်ပါနဲ့ မိဇော်"

"ဒါပေမယ့် သူတို့စွပ်စွဲလောက်အောင်လည်း ငါနဲ့ပတ် သက်တဲ့အဖြစ်အပျက်တွေက မှန်နေတာ မဟုတ်လား"

"ဒါကတော့ဟာ တမင်ကြုံကြိုက်သွားတဲ့ တိုက်ဆိုင်မှုတွေ ပါ နင်ပြောလို့ ဖြစ်ရတယ်တော့ မဟုတ်ပါဘူး"

"ကိုနိုင်ရယ် နင့်လို နားလည်မှုမျိုး တစ်ခြားသူတွေမှာ ရှိ ရင် ဘယ်လောက်ကောင်းလိုက်မလဲ၊အခုတော့ပတ်ဝန်းကျင်အလယ် မှာ ငါဟာ လူဆိုးကြီးလုံးလုံးဖြစ်နေပြီ"

"မဟုတ်တာ၊ ငါတို့ရပ်ကွက်ထဲမှာ နင့်လောက်လိမ္မာတဲ့ မိန်းတလေးမျိုးမရှိသေးဘူး၊ မကျန်းမာတဲ့ဖခင်ကြီးကိုလည်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးပြုစုနေတယ်၊ ပညာဆိုရင်လည်း တစ်ဖက်တစ်လမ်းက သင်နေရတယ် ငါ့မျက်စိထဲမှာ နင့်လောက်တော်တဲ့မိန်းကလေးမျိုး တစ်ယောက်မှ မရှိဘူး မိဇော်"

"ပြောတော့ကိုနိုင်ရေ။ နင်ပြောမှပဲ ငါ့ကိုယ်ငါတောင် ဘဝင်မြင့်ချင်လာပြီ"

ဇော် ပခုံးတွန့်ကာဟန်ပါပါပြောတော့ ကိုနိုင်မျက်မှောင်ကြုတ်ကာကြည့်သည်။

"နင်မလှောင်ပါနဲ့၊ ငါတကယ်ပြောတာ"

"ဒုက္ခပဲ၊ နင့်ကိုငါဘယ်မှာ လှောင်လို့လဲ၊ နင်ပြောမှ ငါ့အရည်အချင်းတွေ ငါတကယ်ပြန်မြင်လာတာ၊ ဟုတ်တယ်နော်၊ ငါ့မှာ ဆိုးတဲ့အရာဆိုလို့ ဘာတစ်ခုမှ မရှိဘူးနော် ကိုနိုင်"

"သေချာတယ်၊ နှမ်းစေ့တစ်စေ့စာလောက်တောင် မရှိဘူး"

ကိုနိုင်အားပေးမှုကြောင့် ဇော်စိတ်တို့ပို၍ ရဲဝံ့ပြတ်သားသွားစေသည်။ပတ်ဝန်းကျင်မှ ဇော့်ကြောင့်ဟု ပြောခဲ့သော အဖြစ်အပျက်မှန်သမျှသည် တကယ်တော့ ထိုလူတွေ၏ ကံကြမ္မာကြောင့်သာဟု ဇော် တိကျစွာ ယူဆလိုက်၏။ ထိုအခါ ဇော့်စိတ်သည် ကြည်လင်ပေါ့ပါးလန်းဆန်းသွား၏။

"ကျေးဇူးပဲ ကိုနိုင်၊ တကယ်တော့ ငါဟာ ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်တတ်တဲ့မိန်းမ မဟုတ်ဘူး၊ ဒါပေမယ့် လူတွေရဲ့





စွပ်စွဲပါများလာတော့ ငါ့ကိုယ်ငါတောင် သံသယဝင်ချင်လာရတယ်၊ တကယ်ပဲ ငါဟာ သူတို့ပြောသလိုပြုစားတတ်သူများ ဖြစ်နေပြီလားလို့"

"အမှန်တော့ ကိုနိုင်ရယ်၊ ငါ စိတ်ဆိုးလို့ပြောခဲ့တာတွေဟာ သူတို့ဘက်က ငါ့အပေါ် မတရားလုပ်လို့ဒေါသအလျောက်တုန့် ပြန်ပြောမိတာပါ။ ငါ့အပေါ်မှာသာ မတရားမလုပ်ရင် သူတို့ကို ငါ ဘာမှပြောစရာမလိုပါဘူး"

"ငါနားလည်ပါတယ် မိဇော်ရာ၊ နင့်မှာ တုန့်ပြန်အားဆိုတာ ဘာတစ်ခုမှမရှိတော့ ဒေါသအလျောက်ပြောမိပြောရာ ပြောတာပါ၊ နင်ပြောတိုင်းလည်း သူတို့ဖြစ်တာ မဟုတ်ပါဘူး၊ ကဲ နင်ပြောတိုင်းသာ ဖြစ်မယ်ဆိုရင် နင့်အဖေ ဗိုလ်လောက်မကျန်းမမာ ဖြစ်နေတာ၊ နင်တို့ဒီလောက်ဆင်းရဲနေတာ အားလုံးအဆင်ပြေပါစေလို့ နင်ပြောမှာပေါ့ ဟုတ်တယ် မဟုတ်လား မိဇော်"

"သိပ်ဟုတ်တာပေါ့ ကိုနိုင်၊ ငါပြောတိုင်းသာဖြစ်မယ်ဆို ရင် ငါ့ဘဝကို ငါ့အကောင်းဆုံးဖန်တီးလိုက်မှာပေါ့၊ ငါ့မှာ တစ်နေ့တစ်နေ့ ဘုရားမှာ ဆုတောင်းလိုက်ရတာ"

"တကယ်လို့ လူတွေပြောသလိုသာ ဖြစ်ခဲ့မယ်ဆိုရင် ငါ့ဘဝဟာ အကောင်းဆုံးဖြစ်နေပြီ၊ ကဲ အခုတော ဘယ်မှာ ငါ့ဘဝရဲ့ အဆင်ပြေမှုတွေ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် အမှန်တရားတွေကို တွေးမိတာ စိတ်နာကျည်းသည့်ပြော၏၊ အစက ဒီလိုအတွေးမျိုး ဇော် ဘာကြောင့် မတွေးခဲ့မိတာပါလိမ့်၊ အခုလို အတွေးမျိုး ကိုနိုင်ကြောင့်သာ တွေးမိခြင်းဖြစ်၏၊

"အဲဒါကြောင့် ငါပြောတာပေါ့၊ နင့်ကို ပတ်ဝန်းကျင်က ဘယ်လိုပဲစွပ်စွဲပါစေ၊ ငါ လက်မခံပါဘူးလို့ တကယ်တော့ နင်ဟာ ထက်မြက်ထူးချွန်တဲ့ မိန်းကလေးပါ မိဇော်ရယ်"

"ကျေးဇူးပဲ ကိုနိုင်၊ နင့်ရဲ့စကားတစ်ခွန်းက ငါ့အတွက် အရမ်းကိုအားတက်စေတာပဲ၊ တော်ပြီ၊ ဒီအချိန်ကစပြီး ငါ့ဦးနှောက် ငါ့အတွေးထဲမှာ ဒီလို မဟုတ်တယုတ်ပြောတာတွေကို လုံးဝ ဖယ်ရှားပစ်တော့မယ်"

"သိပ်ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲမိဇော်၊ နောက်ပြီးသိထားရမှာက နင့်နောက်မှာ ငါတစ်ယောက်လုံးရှိတယ်ဆိုတာပဲ"

ကိုနိုင်က ထိုစကားကို လေးနက်တည်ကြည်စွာ ပြောတော့ ဇော် သက်ပြင်းမောတစ်ချက်ချမိရ၏။

"နင်က ငါ့အပေါ် ဘယ်လောက်အထိအောင် နားလည်ပေးနိုင်မှာလဲကိုနိုင်"

"ဒါကတော့ နင်သာ တစ်သက်လုံးလက်ခံမယ်ဆိုရင် နင့်ဘေးမှာ ငါတစ်သက်လုံး မိုက်မဲစွာ ရှိနေမှာပဲ မိဇော်"





"ဒါဆို နင့်အယူအဆမှားနေပြီ ကိုနိုင်၊ ငါက တစ်သက်လုံးဘတ်ခံချင်ရင်တောင်မှ နင့်အမေက ငါ့ကို တစ်သက်လုံးလက်ခံပါ့မလား"

"ဘာလဲမိဇော်၊ ငါ့အမေက နင်နဲ့ငါ့ကို သဘောမကျမှာစိုးရိမ်နေတာလား"

"ဒါ ဘာမေးစရာလိုသလဲ ကိုနိုင်၊ တကယ်တမ်းမှာ နင့်အမေက ငါ့ကို ချွေးမတစ်ယောက်အဖြစ် တစ်သက်လုံး လက်ခံဖို့နေနေသာ ငါနဲ့ ခုလို တစ်ခဏစကားပြောတာတောင် ကြိုက်တာတွေ့ရတာဘဲ"

"မိဇော် နင် ရှင်းရှင်းပြောစမ်းပါ၊နင်သာ ငါ့အချစ်ကို လက်ခံတယ်ဆိုရင် ငါ့အမေကို ရင်ဆိုင်ရဲတယ်"

"ဟင့်အင်း နင့်အမေဘက်က သဘောတူ ကြည်ဖြူတာကိုခဲ ငါ လိုချင်တယ်၊ ဒီတော့ ငါ့ကိစ္စကိုနင့်အမေနဲ့အရင်ဆုံး ဆွေးနွေးကြည့်ပါဦး ကိုနိုင်"

"ကောင်းပြီလေ၊ တကယ်လို့ အမေက ငါ့ဆန္ဒကို လိုက်လျောမယ်ဆိုရင် နင် ငါ့အချစ်ကို လက်ခံမှာလား"

ဇော့်ဆီက အဖြေကိုဆန္ဒစောစွာ သိချင်နေသော ကိုနိုင်ကိုကြည့်ပြီး ပြုံးမိရ၏။ ကိုနိုင့်မျက်ဝန်းမှာ မျှော်လင့်ချက် ရောင်ခြည်တွေ ပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်ရယ် ဘာလို့ စိတ်လောနေတာလဲ၊ ကိုနိုင့်အမေ သဘောထားကိုသာ အရင်သိအောင်မေးပါဦး၊ ပြီးတော့မှ ငါ့ဆီက အဖြေကို မျှော်လင့်ပါ"

"အေးလေ နင်ဒီလောက်ငါ့အမေရဲ့ ဆန္ဒကို သိချင်မှတော့ မေးရမှာပေါ့၊ နင့်အနေနဲ့ ငါ့ကို လက်ခံဖို့၊ လက်မခံဖို့ဆိုတာ၊ ငါ့ အမေဆန္ဒအပေါ် အများကြီးမူတည်နေတယ်ပေါ့ ဟုတ်လား မိဇော်"

"ဟုတ်တယ် ကိုနိုင်၊ ငါ့ရဲ့ဆုံးဖြတ်ချက်က နင့်အမေအပေါ် မူတည်တယ်"

ဇော် ပြတ်သားစွာ ပြောလိုက်တော့ ကိုနိုင်သက်ပြင်းချ၏။

"တကယ်ဆို ငါ့ယူဆချက်ကို ပြောရရင် တို့နှစ်ယောက်ရဲ့ နှလုံးသားရေးရာကိစ္စမှာ တို့နှစ်ယောက်နဲ့ပဲ ဆိုင်တယ် မိဇော်၊ နင် ငါ့မေတ္တာကို လက်ခံတယ်ဆိုရင်တောင်မှ နင့်ရဲ့ ပင်ကိုယ်သဘော ထားမျိုးကိုပဲ ငါလိုချင်တယ်၊ ငါ့အမေကြည်ဖြူမှ နင်လက်ခံမယ်ဆို တာ ငါ့စိတ်ထဲ သိပ်သဘောမကျဘူး"

"ဒီမှာကိုနိုင်၊ နှလုံးသားရေးရာမှာ ကာယကံရှင်နှစ်ဦးတည်း နဲ့ဆိုင်ပေမယ့် လက်ထပ်တဲ့အခါမှာတော့ အသိုင်းအဝိုင်းဆိုတာ ပါ လာပြီ၊ ဒီတော့ အခြေအနေတစ်ခုကို ဘာတစ်ခုမှ မလွန်ခင် တစ် ယောက်ဆန္ဒကို တစ်ယောက်ကသိထားတာ အကောင်းဆုံးပဲ၊ အေး နင်ပြောသလို တကယ်လို့ ငါက နင့်မေတ္တာကို လက်ခံမယ်ဆိုရင်





တောင်မှ ငါ့ဆန္ဒမပါဘဲ လက်ခံမှာမဟုတ်ဘူးဆိုတာ သိထားပေါ့ ကိုနိုင်၊ ကဲ ငါသွားမယ်"

"အော် မိဇော်ရယ်"

သူ ဘာပြောရမှာလဲ၊ ပြတ်သားတဲ့ အဖြေတစ်ခုကို ရဖို့ သိအပ်နေပြီ။ တကယ်တမ်းမှာ သူ့အမေက သူနဲ့နင့်ကို သဘော တူပါဘူးဟုဆိုလာလျှင်ကော။ သူ ဇော့်ကိုမချစ်ဘဲ နေနိုင်မလား။ ဆင့်အင်း လုံးဝမနေနိုင်ပါ။

ဘယ်သူတွေ သဘောတူသည်ဖြစ်စေ သဘောမတူသည် ဖြစ်စေ ကိုယ်ကတော့ သူမကို ချစ်မှာပါပဲ။ ဒါဆို ဇော်ကလည်း သူ့ကိုလက်ခံရင်တောင်မှ ဇော့်ရင်ထဲကပါမှဟု ဆိုခဲ့ပါသလား၊ ထို အချက်က သူ့ရင်ကို ကြည်နူးစေတာ ရိုးသားစွာ ဝန်ခံရမည်လေ။

ဇော် ထင်ထားသည့်အတိုင်းပင် ကိုနိုင့်အမေက ဇော်နှင့် ကိုနိုင့်ကိစ္စကိုခါးခါးသီးသီး ငြင်းဆန်ခဲ့၏။ ထိုကိစ္စသည် လျင်မြန်စွာ ပင် ဇော့်နားထဲသို့ ရောက်ခဲ့သည်။

"အမယ်လေးတော်၊ ငါ့သားလို စက်မှုတက္ကသိုလ်ကျောင်း သားကိုများ ဟိုကောင်မက ရာရာစစ မှန်းရတယ်လို့ သင်းက ရုပ် ကလေးကိုဖန်းပြပြီး ငါ့သားကို အမိဖမ်းမလို့၊ မိဇော်နဲ့သာပတ်သက် လာရင် ငါ့သားလေးကောင်းကောင်းဒုက္ခရောက်မှာ လုံးဝသဘော မတူဘူး၊ သဘောတူဖို့နေနေသာသာ ငါ့သားလေးသူနဲ့သွားပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်တာဆိုရင် ရင်နာလှပြီ၊ အစက ငါ့သားလေး သူ့ဖာသာနေတာပါ၊ မိဇော် ဘယ်လိုများ ပြုစားလိုက်တာပါလိမ့်”

ကိုနိုင့်အမေ၏ ခါးသီးပြင်းထန်သော စကားတွေက ဇော့်အတွက်နာကြည်းခံပြင်းစရာ။ ဒါပေမယ့်လည်း ဖြေရှင်း၍မရတဲ့ ဘဝမှာ အံတင်းတင်းသာကြိတ်မိရ၏။ အစကတည်းက ဒီလို ပြောလိမ့်မယ်ဆိုတာ သိပါသည်။ ဒါပေမယ့် ကိုနိုင်ဖွဲ့မလျှော့တာကြောင့် ဇော် တစ်ပတ်လျှော့ကာ အလိုလိုက်ခဲ့ခြင်းဖြစ်သည်၊ အခုတော့ ဇော်ပဲ ပက်ပက်စက်စက် အပြောခံရပြီ မဟုတ်လား။

ကိုနိုင်ကို ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကလွဲ၍ ဘာတစ်ခုမှ အထင်မကြီးခဲ့ပါ။ ကိုနိုင်စက်မှုတက္ကသိုလ်ကျောင်းသားဆိုတာ တစ်ခါမှ ထည့်မတွက်ခဲ့ဖူး။ ပြောရလျှင် သူ့အနားမှာ ကိုနိုင့်ထက်သာတဲ့ အမျိုးသားတွေ ဝိုင်းဝိုင်းလည်နေတာပါ။ ဇော်ကသာ အချစ်ရေးကို စိတ်မဝင်စားသေးရပုံ လျစ်လျူရှုထားခဲ့ခြင်းဖြစ်သည်၊ အထူးသဖြင့် ဇော့်ဘဝ၏ နာကြည်းခါးသက်မှုမျိုးကို စာနာတတ်မည့်သူ လိုအပ်လှ၏။ ယခုတော့ ကိုနိုင်ကြောင့် နာကျင်ပြီးသား ဇော့်ဘဝက အပ်ဖြင့်ထပ်ဆွလိုက်သလို ရင်မှာခံရခက်လှသည်။

ဘာမှ မတုန့်ပြန်နိုင်သော ဘဝတွင် ကိုနိုင့်ကို လုံးဝ မတွေ့မိအောင် ရှောင်နေလိုက်တော့၏။ ဇော်က ရှောင်နေပေမယ့် ဇွတ်အတင်းလိုက်တွေ့သူက ကိုနိုင်၊ တစ်ရပ်ကွက်ထဲနေကြတာမို့ ကိုနိုင့်





ကို ကြာကြာမရှောင်နိုင်ပါ။

“မိဇော် နင်ငါ့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ ”

ကိုနိုင့်အမေးကြောင့် ဇော် မထိတထိပြုံးမိ၏။ ဇော့်နှုတ်ခမ်းတွေက ပြုံးနေပေမယ့် ဇော့်ရင်ထဲ ဘယ်လောက်တောင် နာကျင်နေတယ်ဆိုတာ ကိုနိုင်သိရဲ့လား။ ဇော် ကိုနိုင့်ကိုခပ်စိမ်းစိမ်းကြည့်လိုက်၏။

“နင်နဲ့ငါ တွေ့စရာလိုသေးသလား ကိုနိုင်”

“ဘယ်လိုပြောလိုက်တာလဲ မိဇော်၊ နင့်မေးခွန်းက စိမ်းကားလှချည်လား”

ကိုနိုင်မျက်နှာပျက်ကာ မေးလာတော့ ဇော် တိတ်တဆိတ်စိတ်မကောင်းဖြစ်ရပြန်၏။ တကယ်တော့ ကိုနိုင်နဲ့ဇော်ဟာ ငယ်သူငယ်ချင်းတွေပဲ၊ ဒီလိုစိမ်းစိမ်းကားကားပြောရတာ ဇော်ကိုယ်တိုင်စိတ်မကောင်းပါ၊ ဒါပေမယ့် ကိုနိုင်ရယ်၊ ငါ့အပေါ် ပြောထားတဲ့နင့်အမေရဲ့ ရက်ရက်စက်စက်စကားတွေ ပြန်ကြားရတော့ ငါ ဒီလိုဆက်ဆံမိတာ မလွန်ပါဘူး၊ ထို့ကြောင့် ဇော် အံတစ်ချက်မသိမသာကြိတ်ကာ-

“စိမ်းကားရမယ် ကိုနိုင်၊ စိမ်းကားရမယ်၊ အရင်တုန်းက နင့်ကို ငါ ဆက်ဆံခဲ့တာ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ အခုတော့ နင့်အပေါ်မှာ ငါ ဘာသံယောဇဉ်မှ မရှိတော့ဘူး”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားပြတ်သားလှသော ဇော်၏ စကားတွေကြောင့် ကိုနိုင်တစ်ယောက် ဟန်မဆောင်နိုင်လောက်အောင်ပင် အကြီးအကျယ် မျက်နှာပျက်သွားရတော့၏။ စိတ်မကောင်းပါဘူး ကိုနိုင်ရယ်၊ တကယ်တော့ နင်ဟာ ငါ့အပေါ်မှာ နားလည်မှုအရှိဆုံး သူငယ်ချင်းတစ်ယောက်ပါ။ဒါပေမယ့် နင်နဲ့ငါတို့ရဲ့ ခင်မင်မှုကို ဖျက်ရတော့မယ်လေ။

"နင် နင်ပြောရက်လိုက်တာ မိဇော်၊ ငါကတော့နင့်အတွက်နဲ့ အားလုံးကိုအတိုက်အခံလုပ်နေလိုက်ရတာ၊ ဘာလဲ၊ နင်က ငါ့အမေစကားတွေကြောင့် ငါ့ကိုစိတ်ဆိုးစိတ်နာလို့ ဒီလိုပြောလိုက်တာလား"

"ဒီမှာကိုနိုင်၊ နင်ငါ့အတွက်နဲ့ ဘယ်သူ့ကိုမှ အတိုက်အခံလုပ်စရာမလိုပါဘူး၊ အထူးသဖြင့်နင့်အမေကိုပေါ့၊ စဉ်းစားကြည့်လေ၊ နင်ကောငါနဲ့ပတ်သက်ပြီး နင့်အမေကိုအတိုက်အခံပြုရအောင် နင်နဲ့ငါက ဘာဆိုင်လို့လဲ"

'မိဇော် နင်ဒီလိုမပြောနဲ့"

"ငါ ရှင်းရှင်းပဲပြောမယ်၊ တကယ်ဆိုရင် နင်နဲ့ငါက ဒီနေ့ ဒီအချိန်ထိ ဘာမှပတ်သက်ကြသေးတာ မဟုတ်ဘူး၊ ဒါကို နင့်အမေက မသိဘဲ ငါ့ကိုရက်ရက်စက်စက်နှိမ်ချပြောတယ်၊ နင်နဲ့ မပတ်သက်ခင်တောင် ဒီလောက်အပြောခံနေရရင် ငါသာ ဖွတ်တိုးပြီး





နင့်ဆန္ဒကိုလိုက်လျောမယ်ဆိုရင် ငါ့ဘဝမှာ ဘာမှ တန်ဖိုးရှိတော့မှာ မဟုတ်ဘူး"

မပြောပါဘူးလို့ ဆုံးဖြတ်ထားသည့်ကြားက တကယ်တမ်း ကိုနိုင်နှင့် တွေ့တော့မှ ရင်ထဲက ခံစားချက်တွေကို နာကြည်းစရာကောင်းသော စကားလုံးများအဖြစ် ပြောင်းလဲရမိတော့၏။

"ဒီအတွက် ငါတောင်းပန်ပါတယ် မိဇော်၊ ငါ့အမေပြောတာနဲ့ပတ်သက်ပြီး နင် ဘယ်လိုခံစားရမယ်ဆိုတာ ငါ နားလည်ပါတယ်၊နင့်အပေါ် ဒီလိုအထင်မှားအမြင်မှားဖြစ်ရတာကလဲ ပတ်ဝန်းကျင်ရဲ့ စကားတွေကြောင့်ပါ"

"အဲဒီပတ်ဝန်းကျင်ဆိုတာထဲမှာ နင့်အမေလည်းပါတာပဲ မဟုတ်လား ကိုနိုင်၊ဒါကလည်း နင့်အမေ အလွန်မဟုတ်ပါဘူးလေ၊ ငါသာ နင့်အမေ နေရာမှာဆိုရင် နင့်ကို ငါ့လိုမိန်းကလေးနဲ့ ဘယ်လိုမှ သဘောမတူဘူး"

"မိဇော် နင်ဘာတွေပြောနေတာလဲ၊ နင့်ကိုဘယ်သူတွေ သဘောတူတူမတူတူ ငါကတော့ရအောင်ယူမှာပဲ ငါ နင့်ကိုချစ်တယ် မိဇော်"

ဇော့်မျက်ဝန်းတွေကို စိုက်ကြည့်ကာ ကိုနိုင်ပြောတော့ ဇော် ရင်ထဲ လှစ်ခနဲ ခုန်သွားရသည်။ တည်ငြိမ်ခိုင်ခန့်တဲ့ ကိုနိုင်ရဲ့ မျက်ဝန်းတွေက ပြတ်သားမှုကိုပြနေသလိုပါပဲလား။

"ကိုနိုင်ရယ်၊ မဖြစ်နိုင်တာကို ဘာဖြစ်လို့ ရှေ့ဆက်တိုးချင်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ကဲလေ နင်ပြန်ပါတော့၊ အခုလို နင်နဲ့ငါ စကားပြောနေတာ သာ တွေ့ရင် နင့်အမေ ငါ့ကိုလာပြီး ပါးရိုက်နေပါဦးမယ်"

"မပြန်နိုင်ဘူး မိဇော်၊ ငါ့အမေကြောင့်တော့ နင်ငါ့ကို ငြင်းဖို့ မကြိုးစားလိုက်ပါနဲ့၊ အခုနေ အမေတို့ သဘောမတူလဲ ငါ အရေးမစိုက်ဘူး၊ အခုဆို ငါ ကျောင်းပြီးတော့မှာ၊ ကျောင်းပြီးတာနဲ့ ငါအလုပ်တန်းရှာမယ်၊ ပြီးတော့ တို့နှစ်ယောက်သား ဘဝကို တည်ထောင်ကြမယ်လေ"

ခက်ပါလား ဇော် ဒီလောက်ငြင်းဆိုနေတဲ့ကြားက ကိုနိုင် ရှေ့ဆက်တိုးဖို့ ပြင်နေသည်။ ကိုနိုင့်အနေနဲ့ ဇော့်အပေါ်မှာ ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ ယုံပါသည်။ ဒါပေမယ့် အတူလက်တွဲဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ၊ ထို့ကြောင့် ကိုနိုင့်အား တင်းမာပြတ်သားစွာ ပြောဖို့ ကြိုးစားရ၏။

"တော်စမ်း ကိုနိုင်၊နင်က ဒါတွေပြောနေရအောင် နင့်မေတ္တာကို ငါကလက်ခံလို့လား၊ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ ကိုနိုင်"

"ဒီထက်နာကျင်စရာကောင်းတဲ့ စကားလုံးတွေနဲ့ ပြောပါဦး မိဇော်၊ နင် ဘယ်လောက်ပြောပြော ငါ စိတ်မဆိုးဘူး၊ ဒါပေမယ့် ငါပြောနေတာတွေကိုတော့ စိတ်ကူးယဉ်တာလို့ မစွပ်စွဲနဲ့၊ ငါ တကယ် အမှန်ကိုပြောနေတာ"

"ဘာအမှန်တရားလဲ ကိုနိုင်၊နင် မှတ်ထားစမ်းပါ။ မွေ့အိမ်





ဇော်ဆိုတဲ့ မိန်းကလေးဟာ လူတစ်ဖတ်သားစိတ်ဆင်းရဲပြီး ဘဝရှင်းရမယ့်အလုပ်ကို ဘယ်တော့မှ မလုပ်ဘူးဆိုတာ"

"ဘာလဲ နင်က ငါ့အမေ၊ သဘောမတူတာ စိတ်ဆင်းရဲတာကို ပြောတာလား"

"အေး ဟုတ်တယ်၊ နင့်အမေ ငါနဲ့ သဘောမတူဘဲ အေးဒါကလည်း နင့်အမေ ဆန္ဒစောတာပါ၊ တကယ်လို့ သူ့ဘက်က ကြည်ဖြူတယ်ဆိုရင်တောင်မှ ငါ့ဘက်က စဉ်းစားရအုံးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်က နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ သံယောဇဉ်ရှိလို့"

"ဒါတွေကို ငါနားမလည်ဘူး မိဇော်၊ နင်က ငါ့အမေ စိတ်ဆင်းရဲမှာကိုပြောတာလား၊ ငါစိတ်ဆင်းရဲမှာကိုရော တစ်စက်ကလေးမှ မတွေးမိဘူးလား"

"ဘာတွေးစရာလိုလဲ ကိုနိုင်၊ ခုနေမှာ ငါ့ကို စွဲလန်းပါတယ်၊ မြတ်နိုးပါတယ်၊ ပြောနေပေမယ့် ငါ့ထက်သာတဲ့မိန်းမမျိုးကို တွေ့ရင် နင်မေ့သွားမှာပါ"

"ဟင် မိဇော်၊ နင် ငါ့အချစ်ကို စော်ကားလှချည်လား၊ ငါဆိုတဲ့ကောင်က တွေ့ရာမိန်းမကြိုက်မယ့်လူများထင်နေသလား၊ ခုတ်ထားမိဇော်၊ ငါ့အချစ်က တစ်သက်မှာ တစ်ခါသာ ဖြစ်ပေါ်တဲ့ အချစ်"

သူ့မေတ္တာကို စော်ကားခံရတာကြောင့် ကိုနိုင်၏ ဖြူသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ နီရဲနေသည်။ ကိုနိုင်ရယ် နင်ဘာဖြစ်လို့ ငါ့အပေါ် ဒီလောက်ချစ်မြတ်နိုးနေရတာလဲ၊ နင်ပြောတာတွေဟာ ငါ့ကို သစ္စာဆိုပြနေတဲ့စကားတွေလား၊ ဇော် စိတ်ထဲထိခိုက်လို့သာနေရ၏။ အံကြိတ်၍ ပြောနေသောကိုနိုင့်ကိုကြည့်ပြီး ဇော့်ရင်ထဲ တဆစ်ဆစ်နာကျင်နေသည်။ ကိုယ့်အပေါ် သိပ်ချစ်ပါတယ်ဆိုတဲ့ လူတစ်ယောက်ကို တန်ပြန်မေတ္တာ မပေးနိုင်တာလောက် စိတ်မကောင်းရတာ မရှိ။

"ဝမ်းနည်းပါတယ် ကိုနိုင်ရယ်၊ နင့်ရဲ့သဘောထားကို တားဆီးပိုင်ခွင့် ငါ့မှာ မရှိပါဘူး၊ ဒါပေမယ့် ငါ့အချစ်ကိုတော့ နင် ဘယ်တော့မှ မမျှော်လင့်နဲ့"

"မိဇော်"

ကိုနိုင့်ခေါ်သံကို ဇော်ကျောခိုင်းလိုက်၏။ ရင်ထဲမှာတော့ တနင့်နင့်ဖြင့် စိတ်မကောင်း။ ကိုနိုင်ရယ် မဖြစ်နိုင်တဲ့လမ်းတစ်ခုကို အစကတည်းက မလျှောက်လှမ်းတာဝဲ ကောင်းပါတယ်ကွယ်။

နောက်ပိုင်းရက်တွေမှာတော့ ကိုနိုင်နဲ့ဇော် မတွေ့ဖြစ်ကြပါ။ အမှန်ပြောရလျှင် ကိုနိုင့်ကိုမတွေ့ဖြစ်အောင် ဇော့်ဘက်မှ တမင်ရှောင်နေခြင်းဖြစ်၏။ ဒါပေမယ့် ကိုနိုင့်သတင်းများကိုတော့ ဇော်နားမထောင်ဘဲ ကြားနေရပါသည်။

ကိုနိုင်တစ်ယောက်ကျောင်းစာကို ဂရုမစိုက်တော့တာ၊ တစ်





ခါမှ မသောက်ဖူးတဲ့ အရက်တွေကို သောက်လျက် နောက်ဆက်တွဲသတင်းများကတော့ ကိုနိုင်ထိုသို့ဖြစ်ရခြင်းသည် ဇော့်ကြောင့်ဟု ကိုနိုင့်အမေက စွပ်စွဲပြောဆိုသည်တဲ့။

"ကြည့်စမ်း၊ တစ်သက်လုံး ရိုးရိုးသားသား ရှိတဲ့ ငါ့သားလေး ခုလို အရက်သောက်ပျက်စီးတာ ဟိုကောင်မကြောင့်၊ သင်း ငါ့သားကို ဘယ်လိုများ ရက်ရက်စက်စက်ပြုစားလိုက်သလဲမသိဘူး၊ အခုတော့ ငါ့သားလေးခမြာ တစ်ခါမှမသောက်ဖူးတဲ့အရက်တွေသောက်ပြီး ပျက်စီးနေပြီ"

ထိုသတင်းတွေက ဇော့်နားထဲသို့ ခါးသီးစွာ ရောက်ရှိလာ၏။ ဘာဆိုင်လဲ ကိုနိုင်အရက်သောက်ပျက်စီးပါစေလို့ ဇော့် နှုတ်ဖျားက တစ်ခွန်းမှ မပြောခဲ့ပါ။ ဒါနဲ့တောင် ကိုနိုင်ဒီလိုဖြစ်ရတာ ဇော့်ကြောင့်ဟု စွပ်စွဲသေး၏။ ဘယ်လောက်မတရားတဲ့ လောကလဲ။

တကယ်တမ်းကိုနိုင် ဒီလိုဖြစ်ရတာ ဇော့်ကြောင့်ဆိုတာထက် ကိုနိုင့်အမေကြောင့်သာ ဖြစ်ရတာပါ။ အမေတစ်ယောက်အနေနဲ့ ကိုနိုင်စိတ်ချမ်းသာမှုကို ဘာတစ်ခု လိုက်လျောခြင်းမရှိ။ ကိုယ့်ကိုကိုယ် အပြစ်မမြင်ဘဲ ဇော့်ကိုသာ အပြစ်မြင်နေတဲ့ ကိုနိုင့်မိခင်ကို ကြိတ်ကာ မုန်းမိရ၏။

အမှန်ဆို ဇော်ကိုယ်တိုင်လည်းကိုနိုင်ဒီလိုဖြစ်တာ ဘယ်လိုစိတ်ကောင်းနိုင်မှာလဲ၊ ကိုနိုင်က ဇော့်ရဲ့ သံယောဇဉ်အရှိဆုံး ငယ်သူငယ်ချင်းတစ်ယောက်ပါ။ ပြီးတော့ ယောကျ်ားတစ်ယောက်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်၏ အချစ်ကို မရရှိနဲ့ စိတ်ဓာတ်ပျော့ညံ့လွယ်သော ကိုနိုင့်စရိုက်ကိုလည်း ဇော်မကြိုက်မိပေ။ သူတို့အားလုံး လုပ်ချင်ရာလုပ်ပြီး အပြစ်စုပုံတင်တော့ ဇော့်ကို ဘယ်လောက်ခံပြင်းစရာကောင်းသလဲ။

ထိုရက်ပိုင်းတွေအတွင်း ကိုနိုင်ကလည်း ဇော့်ကိုလာ မတွေ့ပါ။ ကြည့်ရတာ ကိုနိုင်ကလည်း ဇော့်ကိုတမင်ရှောင်နေသည့်ပုံပင်။ ဇော်ကတော့ ပုံမှန်အတိုင်း လုပ်မြဲအလုပ်ကိုသာမပျက်မကွက် လုပ်နေသူပါ။ ကိုနိုင်ဘာဖြစ်လို့ ဇော့်ကို ရှောင်နေတာလဲ၊ ဇော့်အပေါ် နာကြည်းသွားလို့လား၊ သို့သော် ဇော့်အတွက်တုန်လှုပ်စရာကောင်းသော သတင်းတစ်ခုကို အမှတ်မထင် ကြားလိုက်ရပါသည်။ ထိုအကြောင်းကတော့ ကိုနိုင့်တစ်ယောက် စာမေးပွဲကိုပင် မဖြေတော့ဘူး။ ဟင့်အင်း ဇော့်အတွက်နဲ့ ကိုနိုင် ဒီလောက်ဖြစ်သွားတာ လက်မခံချင်ဘူး၊ သည်နှစ်ဆိုတာ ကိုနိုင့်အတွက် အရေးကြီးဆုံးနှစ်ဖြစ်၏။

အစကတော့ ကိုနိုင်စာမေးပွဲမဖြေတာ ဇော်နှင့်မဆိုင်ဟု သဘောထားမလို့ပါပဲ။ ဒါပေမယ့် သေချာစဉ်းစားကြည့်တော့ အချစ်အတွက်နဲ့ လူတစ်ယောက်ဘဝ ထိခိုက်မှုကို မလိုလားနိုင်အောင်ဖြစ်ရ၏။ ပြီးတော့ကိုနိုင်ဆိုတာ ငယ်စဉ်ကတည်းက ဇော့်အပေါ် အမြဲတမ်းနားလည်ပေးခဲ့သူ၊ ဒီလိုလူတစ်ယောက်ကိုဖြစ်ချင်ရာဖြစ်ဟု ရက်ရက်စက်စက် ပစ်ထားလျှင် ကိုယ်ပဲမိုက်ရာကျမည်။





ဒါကြောင့် နောက်ဆုံးတော့ ကိုနိုင်နှင့်သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။

ထိုနေ့က အလုပ်မှစောစောပြန်အလာ ကံကောင်းစွာပင် သူ့ကို တွေ့လိုက်၏။ သူကတော့ ဇော့်ကိုမမြင်ပါ။ ခေါင်းငိုက်စိုက်ဖြင့် တစ်ဖက်လမ်းမှ လာနေသော ကိုနိုင့်ကို ဇော် အသာရပ်စောင့်နေလိုက်သည်။ သူ အနီးကပ်ရောက်လာတော့မှ ခပ်တိုးတိုးခေါ်လိုက်၏။

"ကိုနိုင်"

ဇော့်ခေါ်သံကြောင့်ကိုနိုင်ဆတ်ကနဲ ခေါင်းမော့ကြည့်လာသည်။ ဇော့်ကိုတွေ့တော့ အံ့သြဟန်ဖြင့်-

"ဟင် မိဇော်"

"ဟုတ်ပါတယ် ငါပါ ကိုနိုင်ရဲ့၊ ဘာလဲ နင်က ငါ့ကိုတွေ့လို့ အံ့သြနေတာလား"

"အံ့သြတာတော့အမှန်ပဲ မိဇော်၊ နင်က ငါ့ကိုမတွေ့ချင်ရှောင်နေတာ မဟုတ်လား"

ဇော့်ထက်အရင်ဦးစွာ ပြောလိုက်သောကိုနိုင့်စကားကြောင့် ဇော် နှုတ်ခမ်းလှလှလေးမှာ အနည်းငယ်ပြုံးသွားမိ၏။

"မေးလေ ဘာမေးမလို့လဲ မိဇော်"

အမြဲတမ်း သေသေသပ်သပ် ရှိနေတတ်သော ကိုနိုင့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



က အခုတော့ ကပိုကရိုဖြင့် ပြည့်တင်းသောမျက်နှာပင် အနည်းငယ် ချောင်ချင်နေ၏။ သည်လိုဖြစ်ရတာ ဇော့်ကြောင့်ဟုဆိုလျှင်တော့ စိတ်မကောင်းစရာ၊ ထို့ကြောင့် ဇော်က သက်ပြင်းတစ်ချက်ကို ကြိတ်ချကာ-

"နင် စာမေးပွဲ မဖြေတော့ဘူးဆို"

ဇော်အမေးကြောင့် သူ့မျက်နှာကွက်ကနဲပျက်သွားပြီးမှ ဇော့်ကို ရီဝေစွာသော မျက်လုံးအစုံဖြင့်ကြည့်ကာ-

"အေး ဟုတ်တယ် မိဇော်"

"ဟင် နင်ဘာဖြစ်လို့ စာမေးပွဲမဖြေရမှာလဲ ကိုနိုင်"

"မဖြေချင်လို့မိဇော်၊ ငါ စိတ်ညစ်လို့"

"စိတ်ညစ်တယ် ဟုတ်လား"

ဇော့်အမေးကို သူက ခပ်အေးအေးပဲ ခေါင်းညိတ်ပြ၏။ ဇော် နှုတ်ခမ်းတင်းတင်းစေ့ကာ သူ့ကိုကြည့်လိုက်သည်။

"ဒီမှာကိုနိုင်၊ နင့်ဘဝက ဒီလောက်ပြည့်စုံလျက်သားနဲ့ ဘာတွေ စိတ်ညစ်စရာရှိနေသလဲ ဟင်"

"ပြည့်စုံတယ်ဆိုတာ ဘာကိုပြောတာလဲ မိဇော်"

"ငါ့မှာ ပစ္စည်းဉစ္စာပြည့်စုံတာကိုပြောတာလား၊ ဒါဆိုရင် နင်ပြောတဲ့ ပြည့်စုံမှုကများနေပြီ၊ ငါ့နှလုံးသားမှာ ကွက်လပ်ဖြစ်နေတာ နင်အသိဆုံးပါ မိဇော်"

သူက ဇော့်မျက်နှာကို ရီဝေဝေစိုက်ကြည့်ကာပြောလိုက်





ဘာကြောင့် ဇော် မျက်နှာလေး ပန်းနုရောင်သမ်းသွားရ၏။ ခက် ါလား ကိုနိုင်ရယ်၊ မဖြစ်နိုင်တဲ့ အကြောင်းကို ဘာလို့ အစဖော်ချင် နေရတာလဲ။ ဇော် ခေါင်းကိုဖြေးညှင်းစွာ ခါယမ်းကာ-

"ငါကတော့ နင့်ကိုစာမေးပွဲ ဖြေစေချင်တယ် ကိုနိုင်"

"ဒါပေမယ့် ငါမှ စာတွေ စိတ်မဝင်စားတော့တာ"

"ဘာဖြစ်လို့ စိတ်မဝင်စားရမှာလဲ၊ ဒီနှစ်က နင့်အတွက် အရေးကြီးဆုံးနှစ်ပဲ ကိုနိုင်"

ဇော့်စကားကြောင့် ကိုနိုင် အေးစက်စက်ပြုံးသည်။ ကိုနိုင့် အပြုံးကြောင့် ဇော်ဒေါသဖြစ်ချင်သွားရ၏။ အစက ကိုနိုင့်ကို သည် လောက်အသိဉာဏ်နည်းလိမ့်မည်ဟု မထင်ခဲ့။

"ငါ့ဘဝအတွက် စာမေးပွဲဟာ အရေးအကြီးဆုံးလို့ နင့် ကိုဘယ်သူပြောလဲ မိဇော်"

"ဘာ ဒါဆို နင့်ဘဝမှာစာမေးပွဲထက် အရေးကြီးတာ ဘာရှိ ဘားလဲ ကိုနိုင်"

ထိုအခါ ဇော့်အမေးကြောင့် ကိုနိုင်က ဇော့်ကို အဓိပ္ပာယ် များစွာပါသော မျက်ဝန်းများဖြင့် ငေးစိုက်ကြည့်၏။ ကိုနိုင့်အကြည့် တွေကြောင့် သူမ မေးမိတာကို နောင်တရချင်သွားရသည်။ တကယ် ဆို ဒီလိုမေးခွန်းမျိုး ဇော် မေးဖို့ မကောင်းဘူးနော်။

"ငါ့ဘဝမှာ စာမေးပွဲထက်အရေးကြီးတဲ့အရာကိုပြောင်



www.burmeseclassic.com

www.burmeseclassic.com



မရခဲ့တာ၊ စာမေးပွဲဆိုတာ ငါ့အတွက် အသေးအမွှားပါ မိဇော်ရယ်"

"စာမေးပွဲက ကိုနိုင့်အတွက် အသေးအမွှား ဟုတ်လား ကိုနိုင်၊ ဒီမှာကိုနိုင် နင့်ကိုလေ ဒီလောက်မိုက်မဲတဲ့အတွေးအခေါ် ရှိလိမ့်မယ်လို့ ငါတစ်ခါမှ မထင်ခဲ့ဖူး"

"အခုသိတော့ နင်အံ့ဩသွားသလား မိဇော်"

"အေး အံ့ဩတယ်၊ သိပ်ကိုအံ့ဩတယ်၊ ယောကျ်ား တစ်ယောက်ဖြစ်ပြီး မိန်းမတစ်ယောက်ဆီက အချစ်ကိုမရတာနဲ့ ပျက်စီးဖို့ ကြံရွယ်တာ အရမ်းကို အထင်သေးစရာကောင်းတယ်"

"မိဇော် နင်ငါ့ကို မစော်ကားနဲ့နော်"

ဇော့်စကားက ကိုနိုင့်အရှိက်ကို ထိသွားဟန်ဖြင့် မျက်နှာကြီးနီရဲကာ အော်၏။ ဇော် သူ့ကို အရေးမစိုက်ဘဲ နှုတ်ခမ်းတင်းစေ့ကာ သူ့ကို ခပ်စူးစူးကြည့်လိုက်၏။

"နင့်ကိုစော်ကားတာ မဟုတ်ဘူး ကိုနိုင်၊ အမှန်တရားကို ပြောတာ၊ နင့်လုပ်ရပ်တွေကြောင့်နဂိုကမှ ငါ့ကိုပြောချင်ဆိုချင်ကြတဲ့ ပတ်ဝန်းကျင်အလယ်မှာ ခုတော့ သိပ်ကို ဆိုးသွမ်းတဲ့ မိန်းမဖြစ်နေပြီ"

"မဆိုင်ပါဘူး မိဇော်၊ ငါ အရက်သောက်တာ စာမေးပွဲမဖြေတာ ငါ့ဘာသာစိတ်ညစ်လို့၊ နင်နဲ့ဘာမှမဆိုင်ဘူး"

"အေး အဲဒါ နင့်အထင်လေ။ ဒါပေမယ့် ပတ်ဝန်းကျင်မှာ





တော့ နင့်လိုလူရိုးလူကောင်းလေးတစ်ယောက် ပျက်စီးရတာ ငါ့ကြောင့်၊ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းမက ပြုစားလိုက်လို့တဲ့လေ"

"ဘယ်သူတွေပြောလဲ၊ ပြောတဲ့သူတွေကို အခုပဲ ငါ သွားရှင်းမယ် မိဇော်"

"နင်သွားရှင်းစရာမလိုဘူး ကိုနိုင်၊ တကယ်တော့ ဒီစကားတွေဟာ ငါ့အတွက် မထူးဆန်းတော့တဲ့စကားတွေ။ အခု ငါပြောချင်တာက နင့်အတွက် ဒီမှာကိုနိုင် နင်ကငါ့ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်ပါ။ ပြီးတော့ ငါ့အပေါ်မှာလည်း နင်ဟာ နားအလည်ဆုံးလူ၊ ဒီလိုသူငယ်ချင်းကောင်းတစ်ယောက် ငါ့အတွက်နဲ့ ပျက်စီးသွားမှာ ငါ မလိုလားဘူး"

ဇော် စကားကိုခဏရပ်ကာ ကိုနိုင့်အား အကဲခတ်ကြည့်၏။ ကိုနိုင်က ဇော့်ကို မကြည့်ဘဲ ခပ်ငိုင်ငိုင်ဟန်ဖြင့် မြေကြီးကိုသာ ငေးစိုက်ကြည့်နေ၏။ ထို့ကြောင့် ဇော် ပြောစရာရှိတာတွေကို ဆက်ပြောလိုက်သည်။

"ငါလေ နင့်ကို အထင်ကြီးခဲ့တယ်၊ နင်ဟာ စိတ်ဓာတ်ခိုင်မာတဲ့လူ၊ တော်ရုံနဲ့ ဖွဲမလျော့တဲ့ယောကျ်ားဆိုပြီး အထင်ကြီးခဲ့သမျှ အခုတော့ အလကားပါပဲလား ဟင်"

"မိဇော် တော်ပါတော့ဟာ နင်ဆက်မပြောနဲ့တော့ ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကယ်ကိုနင်သာ ငါ့အပေါ် နားလည်မှုရှိမယ်ဆိုရင် ဒီလိုဖြစ်လာစရာ အကြောင်းမရှိဘူး၊ လူတစ်ယောက်ရဲ့ ဘဝမှာ အမျှော်လင့်ဆုံးဆိုတဲ့ အရာရှိကြစမြဲပဲ မိဇော်၊ ကိုယ်မျှော်လင့်ထားတာရရင် ပိုင်ဆိုင်ရရင် လူ့ ဘဝက ပျော်မယ်၊ ရွှင်မယ်၊ ကိုယ်မျှော်လင့်ထားတာ မရတော့ဘူး ဆိုရင် စိတ်ဓာတ်ကျမယ်၊ စိတ်ညစ်ရမယ်၊ ဒါဟာ လူ့သဘာဝပဲ ငါ့အပြစ်လား မိဇော်"

"အဲဒါကိုက မဟုတ်တာ၊ နင်ဒီလိုလုပ်နေရင်ကောငါ့ရဲ့ မေတ္တာကိုရမယ်ထင်သလား ဟင်၊ ဝေးပါသေးရဲ့ကိုနိုင်၊ ငါ့မေတ္တာကို မရတဲ့အပြင် ငါ့ရဲ့အထင်သေး၊ အမြင်သေးခံရတာကိုပဲ နင်ရမယ်၊ ဘယ်လိုလဲ နင်က အဲဒီဆုကို ပိုလိုချင်နေတာလား"

"တော် တော်မိဇော်၊ နင် ငါ့ကို မချစ်ရင်နေ၊ ငါ့အပေါ် အထင်သေး၊ အမြင်သေးမြင်တာတော့ လုံးဝလက်မခံနိုင်ဘူး"

"ဒါဆိုရင် ငါအထင်သေး၊ အမြင်သေးအောင် မနေနဲ့ပေါ့ ကိုနိုင်"

ကိုနိုင် ဇော့်ကို ဆတ်ကနဲကြည့်ကာ-

"ကဲ ပြော ငါဘယ်လိုနေရမလဲ မိဇော်"

"လွယ်လွယ်လေးပါ၊ နင် အရက်တွေဆက်မသောက်နဲ့တော့ပြီးတော့ ဒီနှစ်စာမေးပွဲကို အောင်-အောင်ဖြေရမယ်"

"ဒါဆို နင်ငါ့ကို အထင်ကြီးမှာလား"

"အင်း"





ဇော် ခေါင်းညိတ်တော့ ကိုနိုင့်မျက်နှာ ဝင်းကနဲ ပိုလက်သွား၏။ အော် ဒီလိုဆိုတော့ ကိုနိုင်ဟာ ဇော့်စကားကို နားထောင်ပါသားဟု စိတ်ထဲက တိတ်တဆိတ်ကြည်နူးမိလိုက်ပြန်၏။ ထိုစဉ်သူက

"မိဇော်"

ကိုနိုင်က ဇော့်ကို ရွှန်းလက်သောမျက်လုံး၊ တိုးလျသောအသံဖြင့် ငုံ့စိုက်ကြည့်ကာ ခေါ်လာ၏။ ကိုနိုင့်မျက်လုံးများကြောင့်ဇော် ထိတ်ကနဲရင်ခုန်သွားပေမယ့် ထိုရင်ခုန်မှုကို ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်သည်။

"ဘာလဲ ကိုနိုင်"

"နင့်ကိုငါ တစ်ခုမေးမလို့ နင်မှန်မှန်ဖြေနော်"

"အမယ် မေးမှာသာ မေးစမ်းပါ၊ ငါက နင့်ကို ဘာကိစ္စသိမ်ညာပြောရမှာလဲ"

ဟန်လုပ်ကာ ပြောလိုက်ရပေမယ့် သူမစိတ်ထဲမှာတော့ သူ ဘာမေးမှာလဲ၊ ရင်ထဲတထိတ်ထိတ်ဖြစ်သွားရ၏။ ကိုနိုင်၏ အမေးက ဇော်မဖြေနိုင်တာဆို ဘယ်လိုလုပ်မလဲ။ ကိုနိုင်က ဇော့်ကိုတော်တော်နှင့် မမေးသေးဘဲ ခပ်စိုက်စိုက်ကြည့်နေတာမို့ ဇော် မလုံမလဲဖြစ်ကာ-

"ဟင် ဘာကြည့်နေတာလဲ၊ မေးမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေးမလို့၊ နင်အမှန်ဖြေပါ့မလားလို့ ငါစဉ်းစား နေတာ"

"ဒါဆိုလည်း မမေးနဲ့တော့"

"ဟာ ဒါတော့ ဘယ်ဖြစ်မလဲ၊ မေးစရာရှိတာ မေးရမှာပဲ၊ ကဲ မေးပြီ၊ နင် နင် ဘာဖြစ်လို့ ငါ့ကို အရက်မသောက်ဖို့ စာမေးပွဲဖြေဖို့ တိုက်တွန်းတာ ဘာအဓိပ္ပာယ်လဲ"

"ဟင် အဟင်း ဟင်း ဖြစ်ရလေ ကိုနိုင်ရယ်၊ အဲဒါနင့်ကို ငယ်သူငယ်ချင်းတစ်ယောက်ရဲ့သံယောဇဉ်နဲ့ တိုက်တွန်းတာပေါ့ ဟဲ့"

ဇော် ရယ်မောကာ ပြန်ဖြေလိုက်ပေမယ့် ကိုနိုင်က လက်မခံဟန်ဖြင့် ခေါင်းခါယမ်း၏။

"မဟုတ်ဘူး၊ နင့်ဆီမှာ အဲဒီ့ထက် ပိုတဲ့အဓိပ္ပာယ်ရှိနေမယ် ဆိုတာ ငါသိနေတယ်"

"ဟင်"

ဇော့်မျက်ဝန်းများကို စူးစိုက်ကြည့်ကာ တည်ငြိမ်စွာ ပြောလိုက်သော ကိုနိုင့်စကားကြောင့် ဇော် အရယ်ရပ်သွား၏။ စောစောက ဟန်ဆောင်ရယ်မောမှုတွေလည်း ပျောက်ချင်သွားရပြီ။

ကိုနိုင်ရယ်၊ နင်ဘာဖြစ်လို့ ငါ့ရင်ထဲက ခံစားချက်တွေကို သိချင်ရတာလဲ၊ ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ဘာတွေခံစားနေ





တယ်ဆိုတာ မသိစေရဘူး၊ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ၊ ထိုအတွေးဖြင့် ဇော်က ကိုနိုင့်ကို ခပ်တည်တည်လေးကြည့်ကာ-

"အပိုတွေပြောမနေနဲ့ ကိုနိုင်၊ ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူး"

"အော် နင်က ငါနဲ့ပတ်သက်ပြီး ဒီလောက်တောင် သံယောဇဉ်မရှိ၊ စိမ်းကားနေမှတော့ ငါ့ဖာသာ ဘာဖြစ်ဖြစ် နင် စိုးရိမ်စရာမလိုဘူး၊ ငါလည်း ငါစိတ်ချမ်းသာတာလုပ်မယ်၊ ကဲ ငါ သွားမယ်"

ပြောပြောဆိုဆို ကိုနိုင်ချာကနဲ လှည့်ထွက်သွားသော ကြေ[illegible]ပင်းကြိတ်ကာ ကျန်ခဲ့၏။ ကြည့်စမ်း သူ့အပေါ်ထားတဲ့ ဇော့်ရဲ့စေတနာတွေဟာ အလကားပါပဲလား၊ တော်ပြီး တကယ်ဆို သူနဲ့ဇော် ဘာမှပတ်သက်ကြသေးတဲ့လူတွေ မဟုတ်၊ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ သသိပေးတာကို အကောင်းမထင်၊ ဇော် နာကြည်းစိတ်ဖြင့် ထိုနေရာမှ လှည့်ထွက်ဖို့ ပြင်၏။ ဒါပေမယ့် သူမခြေထောက်ကို တစ်စုံတစ်ရာက လေးလံစွာ ဆွဲဆောင်ထားသည်။

ထိုအရာကတော့ ကိုနိုင့်အပေါ်ထားတဲ့ သံယောဇဉ် ဇော်တသာ အရေးမစိုက်ပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး လွှတ်ထားလိုက်လျှင် ကိုနိုင်တစ်ယောက် ဒီထက်ပျက်စီးဖို့ပဲ ရှိ၏၊ ဒီလို အတွေးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဇော်မျက်လုံးတွေက ကျောခိုင်းထွက်ခွာသွားသောသူ့ဆီသို့ အလိုအလျောက် ရောက်သွား၏။

"ကိုနိုင် နေဦး"

နောက်လှည့်မကြည့်စတမ်း သွားနေသော ကိုနိုင်ကို လှမ်းတားရင်း ဇော့်ခြေထောက်တွေက ကိုနိုင့်ဆီ ခပ်သွက်သွက် လျှောက်သွားလိုက်၏။ ကိုနိုင်က သူ့ထံလိုက်လာသော ဇော့်ကို ရပ်စောင့်နေသည်။ ဒါပေမယ့် မျက်မှောင်ကြုတ်ကြုတ်နှင့်ပင်။ အနီးကပ် ရောက်လာသော ဇော့်ကို ဂျစ်ကပ်ကပ်မေးသည်။

"ဘာတရားချအုံးမလို့လဲ မိဇော်"

"တရားချဖို့ မဟုတ်ဘူး ကိုနိုင်၊ ပြော[illegible]ပြောတာတွေကို လိုက်နာရင် နင်ကြားချင်တာ ငါပြောမယ်"

"ဟင် တကယ်လား မိဇော်၊ ဒါဆို ငါ ကတိပေးတယ်၊ နင်ပြောတာအားလုံး ငါလိုက်နာမယ်"

စောစောက မှုန်တေတေဖြစ်နေသော ကိုနိုင့်မျက်နှာ အခုတော့ တမဟုတ်ချင်း ကြည်လင်ဝင်းပကာ ခပ်သွက်သွက်ပြော၏။ ဇော် ခေါင်းတစ်ချက်ညိတ်ကာ

"ဒါပေမယ့် အခုတော့ မဟုတ်ဘူးနော်၊ နင့်ကိုငါ စောင့်ကြည့်ရအုံးမယ် ကိုနိုင်"

"စိတ်ချ မိဇော်၊ ငါ့ဘက်က ပြောပြီးသား ကတိကိုဘယ်တော့မှ မဖျက်ဘူး၊ နင်သာ ကတိတည်ပါစေ"





"အေးပါဟာ၊ စကားတစ်ခွန်းကို လွယ်လွယ်နဲ့ ငါမပြောတတ်ပါဘူး ကိုနိုင်ရယ်"

"ဒါဆိုကောင်းပြီလေ၊ ခုချိန်ကစပြီး မကောင်းတဲ့အကျင့်စရိုက်တွေကို ငါပြုပြင်မယ်၊ ကဲ ငါသွားမယ်"

ဇော် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ ကျောခိုင်းထွက်သွားသော ကိုနိုင့်နောက်ကျောပြင်ကို ကြည့်ကာ ဇော်သက်ပြင်းတစ်ချက် ချလိုက်မိ၏။ ထိုစဉ် ကိုနိုင်ဖျတ်ကနဲ ဇော့်ဘက် ပြန်လှည့်လာကာ

"အော် မိဇော်၊ ငါ့ဘက်က နင်ပြောတဲ့အတိုင်း အားလုံးပြုပြင်မယ်နော်၊ နင့်အလှည့်ကျရင် ငါ့အမေက သဘောမတူလို့ ဘာလို့ဆိုတဲ့အကြောင်းပြချက်တွေ ထည့်မပြောဖို့ သတိပေးလိုက်ပါရစေ"

"အေးပါ ကိုနိုင်ရယ်၊ အစကတည်းက နင့်အမေ သဘောထားကို ငါသိသားပဲ၊ ဒါတွေကို ငါ ဂရုမစိုက်ပါဘူး"

"ကျေးဇူးပဲမိဇော်၊ ပြောင်းလဲလာတဲ့နင့်ရဲ့ အတွေးအခေါ်တွေကို ငါချီးကျူးပါတယ်ဟာ၊ အော် နင်ပြန်တော့လေ၊ နင်နဲ့ငါ နှစ်ယောက်မှာ နေရာမှာ ရပ်ကျန်ခဲ့တဲ့သူဟာ နင်မဖြစ်ရဘူး၊ ငါပဲဖြစ်ရမယ်"

"အော် ကိုနိုင်ရယ်"

ဇော် ဘာပြောရမှာလဲ။ ကိုနိုင့်အမိန့်အတိုင်း လှည့်ထွက်ခဲ့ရသည်ပေါ့။ ဇော့်ကိုငေးကြည့်နေမည့် ကိုနိုင့်မျက်နှာကို မြင်ယောင်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ ကိုနိုင့်အပေါ်မှာ ဇော်တာကယ်ပဲ သူငယ်ချင်းတစ်ယောက်ထက် ပိုတဲ့ သံယောဇဉ်ရှိနေပြီလား၊ ထိုအချက်ကို ဇော်ကိုယ်တိုင် ဝေခွဲမရ။

❒





ကိုနိုင်တစ်ယောက် အချိန်တိုလေးအတွင်းမှာပင် နတ်ရေကန်ထဲပစ်ချလိုက်သလို အချိုးအပြောင်းလဲကြီးပြောင်းလဲသွားတာကြောင့် အားလုံးက အံ့သြဝမ်းသာနေကြ၏။ အထူးသဖြင့် ကိုနိုင့်မိခင်ပင်၊ ပစ်ရပြီဟုထင်ထားသော သားဖြစ်သူပုံစံက သိသိသာသာကြီးပြောင်းလဲသွားတာ သူကြည့်မရတဲ့ မွေ့အိမ်ဇော်ဆိုသည့် မိန်းကလေးကြောင့်ဆိုတာ မသိ။ သားဖြစ်သူ ခုလိုပြောင်းလဲလာတာ သူ၏ အထက်ဆရာကြီးများကြောင့်ဟု ရပ်ကွက်ထဲလှည့်ကာ ပြောဆိုတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး မှန်လိုက်တာတော်၊ ငါ့သားလေး ဟိုကောင်မ ပြုစားလို့ပစ်ရပြီလို့ ထင်နေတာ၊ အချိန်မှီ အထက်ဆရာတွေနဲ့တိုင်ပင်ပြီးကန်တော့ပွဲတွေဘာတွေထိုးလိုက်လို့ ခုလို ပြန်ကောင်း လာတာ"

ဖြစ်ရလေ၊ မသိသူတွေအတွက်တော့ ကိုနိုင့်မိခင်ပြောသော စကားတွေသည် အမှန်ပဲဟု ထင်ကြမှာပါပဲ။ ဒါပေမယ့် ဇော့်အတွက်တော့ အလွန်ရယ်စရာကောင်းသော ပြက်လုံးတစ်ခုနှယ်ပင် ကိုနိုင်ခုလိုပြောင်းလဲသွားတာ ဇော့်ကြောင့်ဟုဆိုလျှင် သူတို့ ဘာပြောကြမလဲ။ အင်း ဇော် ပြုစားလိုက်တာဟု ပြောလေမလား။ ဟုတ်တော့လည်းဟုတ်ပါတယ်လေ။ ကိုနိုင့်ကို ဇော်က အချစ်နဲ့ပြုစားလိုက်တာပါပဲ။ ဒါကလည်း ကိုနိုင့်ကောင်းကျိုးအတွက်ဖြစ်သည်၊ ဇော့်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေချင်တာ ဇော့်ရဲ့ စေတနာအမှန်ဖြစ်၏။ ဒါကို နောင်တစ်ချိန်မှာ သူတို့ သဘောပေါက်လာကြမှာပါ။

လောလောဆယ် အခြေအနေမှာတော့ ကိုနိုင်ကောင်းသွားတာ ဇော့်ကြောင့်မဟုတ်။ကိုနိုင့်အမေ၏ဆရာကောင်းသမားကောင်းများကြောင့်ဟု အားလုံးက လက်ခံထားကြ၏။ သူတို့ ဘယ်လိုပဲခံယူပါစေ ဇော်ကတော့ကိုယ့်စေတနာကို သိဖို့ပင်။ ထို့ကြောင့် ကိုနိုင်၏ ပြောင်းလဲနေသောအခြေအနေကိုကြည့်ကာ ဇော် ကြိတ်၍ ဝမ်းသာမိရသည်။





ကိုနိုင်ကလည်း ဇော်၏ အလုပ်သွားအလုပ်ပြန်အချိန်တွေကို အမြဲလာစောင့်နေတတ်၏။ အထူးသဖြင့် ဇော် အလုပ်ပြန်ချိန်တွေမှာ အချိန်ပြည့်ရောက်နေတတ်သည်။

"ကိုနိုင် ဘာဖြစ်လို့ ငါ့ကိုလာစောင့်နေတာလဲ။ တော်ကြာ နင့်အမေမြင်ရင် ငါ့ကို ပြောနေပါအုံးမယ်"

"မိဇော်ကလဲဟာ၊ နင်နဲ့ငါ့ကို အမေမြင်ရအောင် ဒါ ငါတို့ ရပ်ကွက်ထဲ မဟုတ်ဘူးလေ၊ ပြီးတော့ ငါကလည်း နင့်မျက်နှာကို မမြင်ရရင် မနေနိုင်ဘူး"

"တော်စမ်းပါ ကိုနိုင်ရာ၊ ငါ့မျက်နှာကို လာကြည့်နေလို့ နင့်အတွက် ဘာမှ ထူးလာမှာ မဟုတ်ဘူး၊ ငါ့ကိုလာကြည့်နေမယ့် အချိန်တွေအစား နင် စာကြည့်နေပါလား၊ ဒါဆို နင် စာမေးပွဲအောင်နိုင်သေးတယ်"

"ဒီအတွက်တော့ စိတ်ချပါဟာ၊ စာမေးပွဲကို ကျိန်းသေအောင်မှာပါ နင့်မျက်နှာကိုတစ်နေ့မမြင်ရရင် ငါ ဘယ်လိုမှ စာကြည့်မရတော့ဘူး"

"အပိုတွေ ကိုနိုင်ရယ်၊ နင်ဒီလို လာချွဲနေတာ ငါကတော့ ဘာမှမဖြစ်ဘူး၊ ဒီပြင်ကောင်မလေးတွေတော့ မပြောတတ်ဘူးလေ"

"မိဇော်နော်၊ ငါ့မေတ္တာကို နင်ဘာထင်နေသလဲ၊ ငါ ဒီလိုလာတာ နင့်ကိုလာချွဲနေတာ မဟုတ်ဘူး၊ ငါ့ရင်ထဲက ခံစားချက်ကို အမှန်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင့်မျက်နှာကြီး နီရဲကာ ရှုံ့ရှုံ့ရဲရဲပြောတော့ ဇော်စကား များသွားပြီဆိုတာ သတိပြုလိုက်မိ၏။ ထို့ကြောင့် ကိုနိုင့်ကို အသာ ပြုံးပြကာ ချော့လိုက်ရသည်။

"ဆောရီးကိုနိုင်ရယ်၊ ငါက နင့်ကိုအကျိုးရှိစေချင်လို့ ပြော တာပါ၊ ငါ့စေတနာကို အထင်မလွဲပါနဲ့"

ဇော့်အပြောကြောင့် ကိုနိုင့်မျက်နှာ နူးညံ့သွား၏။ စော စောက တင်းမာမှုတွေအားလုံး ပျောက်ပျက်ကာ ဇော့်ကို ရွှန်းလက် စွာ ကြည့်၏။

"နင့်စေတနာကို ငါနားလည်ပါတယ် မိဇော်ရယ်၊ ငါလေ နင်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး၊ ဗိုလ်အမေရဲ့ သဘောထား ဘယ်လိုရှိပါစေ၊ နင့်အပေါ်မှာထားတဲ့ ငါ့ရဲ့မေတ္တာကို တော့ ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး မိဇော်"

"ကိုနိုင်ရယ်၊ ဒါတွေ ငါနားလည်ပါတယ်၊ လောလောဆယ် ငါတို့ဒါတွေမပြောကြစို့နဲ့ဟာ၊ ဒီအချိန်မှာ နင့်အတွက် အရေးကြီး တာက စာမေးပွဲပဲ၊ ငါလည်း နောက်ဆုံးနှစ် စာမေးပွဲဖြေဖို့ စာတွေ ကျက်နေရတာ"

"ဟုတ်လား၊ ဒါဆို နင့်မှာ အလုပ်ကတစ်ဖက်၊ စာက တစ်ဖက်နဲ့ အတော်ပင်ပန်းနေမှာပဲနော် မိဇော်"





ကိုနိုင့်အမေးကြောင့် ဇော် မချိသလိုပြုံးလိုက်၏။ ပင်ပန်း တာမှန်ပေမယ့် ဇော့်ဘဝက ဒါတွေကိုတစ်ယောက်တည်း ရင်ဆိုင်ဖို့ ဖြစ်လာတာပဲ မဟုတ်လား။

"ဒါတွေဟာ ငါ့အတွက် ရိုးနေပါပြီကိုနိုင်၊ ပင်ပန်းပေမယ့် လည်း ရင်ဆိုင်ရမှာက ငါ့တာဝန်ပဲလေ"

"မိဇော်ရယ် ဖြစ်နိုင်ရင် နင့်တာဝန်တွေကို ငါတစ်ဝက် လောက်ခွဲဝေယူချင်ပါတယ်၊ နင် ပင်ပန်းတာ ငါ မကြည့်ရက်ဘူး"

"နင့်စေတနာကိုကြားရတာ ငါ့အတွက် အပန်းဖြေသလို ပါပဲ၊ ဒါပေမယ့် နင်နဲ့ငါက တစ်ယောက်ကိုတစ်ယောက် မကူညီနိုင် တဲ့ဘဝမဟုတ်လား"

"ဘာလို့ မကူညီနိုင်ရမှာလဲ၊ ဒီနှစ်ပြီးရင် ငါကျောင်းပြီးပြီ၊ ကျောင်းပြီးတာနဲ့ အလုပ်ထဲတန်းဝင်မယ်၊ ဒါဆို နင့် တာဝန်တွေ ကို တစ်ဝက်မဟုတ်ဘူး၊ အကုန်လုံးယူနိုင်တယ် မိဇော်"

ကိုနိုင်က အားမာန်တက်ကြွစွာ ပြောနေပေမယ့် ဇော်က တော့ နှုတ်ဆိတ်နေ၏။ တိတ်ဆိတ်နေသော ဇော့်ကို ကြည့်ပြီးကိုနိုင် မျက်မှောင်ကြုတ်သည်။

"မိဇော် နင်ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ဘာလို့ မေးတာလဲ ကိုနိုင်"

"ဟင် ငါဒီလောက်အားတက်သရောပြောနေတာတော့ နင်က နှုတ်ဆိတ်နေလိုက်တာ မိဇော်ရာ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုနိုင်ရယ် လက်တွေ့ဘဝမှာ နင်ပြောတိုင်း ဖြစ်မှာတဲ့လား ဟင်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ နင်သာ ငါ့မေတ္တာကို လက်ခံ၊ နင့်အတွက်ဆို မဖြစ်နိုင်တာ ငါ့ဘဝမှာ မရှိစေရဘူး"

ကိုနိုင့်အပြောကြောင့် ဇော် စိတ်ထဲပင် အားရှိသလို ခံစားမိရ၏။ လောကမှာ သားအဖနှစ်ယောက်တည်းရပ်တည်ခဲ့ရတာ တစ်ခါတစ်လေတော့ ကိုယ့်ရှေ့မှာ ဦးဆောင်မည့် ယောကျ်ားသား တစ်ယောက်လောက်ကို တိတ်တဆိတ် မျှော်လင့်တောင့်တမိတာ ရိုးသားစွာ ဝန်ခံရမည်ဖြစ်သည်။ ကိုနိုင်ကရော တကယ်ပဲ ဇော့်ရှေ့မှာ မားမားမတ်မတ် ရပ်တည်မည့်သူလား။

"ငါပြောတာ နင်လက်ခံသလားမိဇော်"

"ဘာလို့ ဆန္ဒစောနေရတာလဲ ကိုနိုင်၊ အဲဒီအဖြေကို အချိန်တန်ရင် ငါပေးမှာပေါ့"

"အေးဟာ နင်ကလဲ ဒီအချိန်ကိုပဲ ပြောနေတာ၊ တတ်နိုင်ရင် ငါတော့ အချိန်ဆိုတာကြီးကို ဆွဲယူချုံ့ပစ်လိုက်ချင်တယ် မိဇော်ရာ"

ကလေးတစ်ယောက်လို သူဖြစ်ချင်တာကိုပြောနေသော ကိုနိုင့်ကို ကြည့်ပြီး ပြုံးချင်မိရ၏။ တကယ်ပဲ ကိုနိုင့်မျက်နှာက စိတ်မရှည်တော့သည့်အသွင်။





"ကိုနိုင်ရယ် နင်တကယ် ကလေးအတိုင်းပဲ ဒီလောက် စိတ်မရှည်ဖြစ်မနေပါနဲ့ဟာ၊ အချိန်တန်ရင် နင်လိုချင်တာ ရလာမှာပါ"

"အဲဒီအတွက် စောင့်ရတဲ့ငါက ရင်မောရတယ် မိဇော်"

"ဘာလို့ ရင်မောနေမလဲ ကိုနိုင်၊ အဲဒီအကြောင်း ခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်"

"ဘာပြောတယ်၊ ငါက အဲဒီအကြောင်းတွေကို ခေါင်းထဲက ဖယ်ထုတ်ပစ်ရမယ် ဟုတ်လား၊ နင်မို့အကြံပေးရက်တယ် မိဇော်ရယ်၊ တစ်ခြားအရာတွေသာ ငါ့ခေါင်းထဲက ဖယ်ထုတ်ပစ်လို့ရမယ်၊ နင့်အကြောင်းကိုတော့ ငါ့ခေါင်းထဲက ဘယ်တော့မှ ဖယ်ထုတ်ပစ်လို့ မရဘူး၊ အဲဒါကိုနင် မြဲမြဲမှတ်ထား"

"အော် ခက်ပါလား ကိုနိုင်၊ ငါက နင်ရင်မောမှာစိုးလို့ စေတနာနဲ့ ပြောတာပါ"

"ဒါဆိုရင် ငါလိုချင်တဲ့အဖြေကို နင်အခုပေးလိုက်လေ၊ အဲဒါဆို ငါရင်မမောတော့ဘူးပေါ့"

"အိုး ဟိုး ဒါတော့ မလောနဲ့လေ၊ နင့်ဘက်ကလည်းသက်သေပြအုံးမှပေါ့၊ နောက်ပြီး ဒီကိစ္စမျိုးဆိုတာ ငါတို့မိန်းကလေးတွေအတွက် အချိန်ယူ စဉ်းစားရမယ့်အရာဟ"

"ဆောရီးဟာ၊ ငါ စိတ်လောသွားတယ်၊ နင့်ဆီက မေတ္တာကို အလွယ်တကူရယူချင်တဲ့ သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါ [illegible]ချင်တဲ့ဆန္ဒကို ပြောမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါလေ၊ နင့်ရဲ့သဘောထားကို ငါ နားလည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အခုလို နင်လိမ္မာလာတာကို တွေ့ရတာ ငါတကယ် ဝမ်းသာပါတယ် ကိုနိုင်ရယ်"

"ဒါက နင်ဆိုတဲ့စိတ်စွမ်းအားပါလို့လေ၊ နင်သာ မတိုက်တွန်းရင် ငါက ဘဝကို ပစ်စလက်ခတ်နေမိတော့မလို့"

"ငါ့အထင်ကတော့ ယောကျာ်းတစ်ယောက်ရဲ့ စိတ်ဓာတ်ဟာ ဒီထက်ပိုတင်းမာသင့်တယ် ထင်တာပဲ"

"ဘာလဲ နင်က ငါ့စိတ်ကို ပျော့ညံ့တယ်လို့ ပြောတာလား ဟင် မိဇော်"

"အဲဒီလိုရယ်တော့ မဟုတ်ပါဘူး၊ နဂိုတင်းခံပြီးသား စိတ်ဓာတ်ကို အရောင်ပိုတောက်ပြောင်စေချင်တဲ့ သဘောမျိုးနဲ့ ပြောတာပါ"

ကိုနိုင့်စိတ်ဓာတ်ကို သိထားတာမို့ သူမပျော့ပျောင်းစွာ ပြောလိုက်ရ၏။ သို့မဟုတ်လျှင် ကိုနိုင်က မခံချင်စိတ်ဖြင့် ဒီလို အနေအထားမှတစ်မျိုးပြောင်းလဲသွားနိုင်သည် မဟုတ်လား၊ ကိုနိုင် တိတ်ဆိတ်သွားတာကြောင့် ဇော် အသာကြည့်နေလိုက်၏။

"ကိုနိုင် နင်ငါ့ကို စိတ်ဆိုးသွားလား"

ကိုနိုင်ခေါင်းယမ်းသည်။

"ဟင့်အင်း နင့်ကိုငါ ဘယ်တော့မှ စိတ်မဆိုးပါဘူး၊ ငါ သေချာစဉ်းစားမိတော့လည်း နင်ပြောသလိုပါပဲ မိဇော်ရာ၊ ငါ စိတ်





ဓာတ်ပျော့ညံ့သလို ဖြစ်ခဲ့ရတယ်။ နင်သာငါ့ကို မတိုက်တွန်းခဲ့ရင် အခုဆို ငါ ပျက်စီးလောက်ပြီပေါ့ မိဇော်"

"ဟာ နင်ကလဲ အဲဒီလိုကြီးတော့ မတွေးပါနဲ့၊ နင့် စိတ်ဓာတ်က နဂိုကတည်းက ကြံ့ခိုင်ပြီးသားပါ၊ လူငယ်ဆိုတော့ လူငယ်တစ်ယောက်လို အတွေးဝင်မိမှာပေါ့ဟယ်"

ကိုနိုင်ဝန်ခံတော့လည်း ဇော် ပြန်လည်အားပေးမိရ၏။

"ငါဟာ ပျော့ညံ့တဲ့လူလို့ ကိုနိုင့်ဦးနှောက်ထဲ ဘယ်တော့ အတွေးဝင်မသွားစေရဘူး၊ ဒါကိုနိုင့်အပေါ်ထားတဲ့ ဇော့်ရဲ့စေတနာ သက်သက်ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ နင့်ရဲ့စေတနာကြောင့် အခုဆို ငါ့အမေနဲ့ ငါတို့ အသိုင်းအဝိုင်းက ပြောင်းလဲလာတဲ့ ငါ့ကိုကြည့်ပြီး ဝမ်းသာနေတာ"

"သူတို့ ဝမ်းသာတယ်၊ စိတ်ချမ်းသာတယ်ဆိုရင် ငါ ဝမ်းသာပါတယ် ကိုနိုင်ရယ်"

နူးညံ့ညင်သာစွာပြောလာသော ဇော့်ကို သူ တိတ်တဆိတ် ငေးကြည့်လာ၏။ ကြည့်စမ်း၊ လူတကာက ကောင်းကျိုးမပေးတဲ့ မိန်းကလေး၊ ပြူးစားတတ်သူ မိန်းကလေးလို့ ပြောနေတဲ့ မိန်းကလေး ဟာ တကယ်တန်းမှာ ဘယ်လောက်စိတ်ထားမြင့်မြတ်လိုက်သလဲ။

တကယ်တမ်းမှာ ဇော်ဟာစိတ်ဓာတ်ဖြူစင်သူလေး၊ နှုတ်ချည်လေးကလည်း ကြွေရုပ်လေးတမျှ လှပသူလေးမို့ အပြုံးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင့်မျက်စိထဲမှာ တစ်စက်ကလေးမှ မရှိပါ။ ပတ်ဝန်းကျင်က ဘယ်လိုပြောပြော ကိုနိုင့်စိတ်ထဲမှာတော့ ဇော်သာ အမြတ်နိုးဆုံး၊ အတော်ဆုံး၊ မိန်းကလေးဟု တစ်သက်စာမှတ်ယူမိပါ၏။

"မိဇော်ရယ်၊ နင့်ရဲ့စိတ်စေတနာအမှန်ကို ပတ်ဝန်းကျင်က လူတွေ၊ သိစေမြင်စေချင်လိုက်တာ၊ ဒါမှ သူတို့အပေါ် ထင်ယောင်ထင်မှားနေတဲ့အယူအဆတွေ ပျောက်ပျက်သွားကြမှာ"

ကိုနိုင့်စကားကြောင့် ဇော် ပြုံးလိုက်မိ၏။ ကိုနိုင်ပြောတာကို ဇော် သဘောပေါက်ပါသည်။ ပတ်ဝန်းကျင်အလယ်မှာ ဇော်ဟာ ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ အသိအမှတ်ပြုစေချင်တာ မဟုတ်လား။

"လူတွေရဲ့အယူအဆဆိုတာ ပျောက်ဖို့ခဲယဉ်းပါတယ် ကိုနိုင်ရယ်၊ သူတို့ဘယ်လိုပဲ ငါ့အပေါ် သဘောထားပါစေ ငါကတော့ သူတို့အပေါ်မှာ ဘယ်လိုမှ ဌွေမယူပါဘူး၊ တစ်ချိန်ကျရင် ကိုယ့်စေတနာက ကိုယ့်ကို အကျိုးပြန်ပေးလာမှာပါ"

"မိဇော်၊ နင်က တရားပါတဲ့အတွေးတွေကို တွေးတတ်နေပါလား၊ နင့်ရဲ့စိတ်သဘောထားကို ငါတကယ် ချီးကျူးပါတယ်၊ ငါသာဆို နင့်နေရာမှာ နင့်လိုစိတ်ထားမျိုး ထားနိုင်ပါ့မလားမသိဘူး"

"အဟင်း သိပ်ပြီးတော့ ငါ့ကိုအထင်ကြီးမနေနဲ့ ကိုနိုင်ရေ တကယ်တော့ခွန်အားကြီးတဲ့လူတွေဒဏ်ကို ခွန်အားငယ်တဲ့ ငါ့အနေ





နဲ့ ဘာမှတုန့်ပြန်နိုင်စွမ်း မရှိလို့ ပတ်ဝန်းကျင်ကို လျစ်လျူရှုရင်းနဲ့ နှုတ်ကွယ်ပြု သည်းခံနေလိုက်ရတာပါဟာ"

ဇော် ဘယ်လိုပဲ ရယ်မောကာ ပြောပါစေ ကိုနိုင်ကတော့ ဇော်၏ စိတ်စေတနာအမှန်ကို သိထားသည်မို့ အထင်မသေးပါ။ ဇော်၏ စကားကြောင့် ပို၍တိုးကာ ကရုဏာဖြစ်ရပါသည်။

"ကဲ ကိုနိုင်၊ ရပ်ကွက်ထဲရောက်တော့မယ်၊ လမ်းခွဲကြစို့လေ"

တွေးကောင်းနေသော ကိုနိုင်တစ်ယောက် ဇော် သတိပေးမှ ပတ်ဝန်းကျင်ကို သတိပြုမိ၏။ ဟုတ်ပါရဲ့ စကားပြောရင်း လာလိုက်ကြတာ သူတို့ရပ်ကွက်ထဲတောင် ရောက်နေပြီပဲ။

"နင် ဒီကသွားတော့လေ မိဇော်၊ နင့်ကိုငါ ဒီက ရပ်စောင့်ကြည့်မယ်"

"အင်း ဒါဆို ငါသွားမယ်"

ကိုနိုင်ခေါင်းညိတ်ပြသည်။ ကျန်ရစ်ခဲ့ရသူ ရင်ထဲ ဘယ်လိုနေမယ်မသိ၊ ဇော် စိတ်ထဲမှာတော့ တကယ်တမ်း ကိုနိုင်နှင့် လမ်းခွဲရမှာကိုစိတ်မကောင်းသလိုလို။

ခက်ပြီကိုနိုင်ရေ၊ နင်ဟာ ငါ့ရဲ့မသိစိတ်ကို တိတ်တဆိတ် ညှို့ယူဖြားယောင်းနေပြီ၊ ငါ စိတ်ဓာတ်ခိုင်မာချင်တယ် ကိုနိုင်ရယ်၊ တို့နှစ်ယောက်စိတ်ဆင်းရဲမယ့်အလုပ်ကို ကြိုတင်ရှောင်ရှားကြတာ အကောင်းဆုံးပါပဲ သူငယ်ချင်းရေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ပါများလျှင် ကိုနိုင့်အပေါ် သံယောဇဉ်ရှည်လာမည်စိုးတာကြောင့် ဇော်ဘက်ကပင် အတတ်နိုင်ဆုံးရှောင်ရှားရန် ကြိုးစား၏။ ကိုနိုင်လာစောင့်တတ်သောအချိန်များကို ဇော်က ပြောင်းလဲပစ်သည်။ အလုပ်ကိုစောစောသွားပြီး ပြန်လျှင်လည်း နောက်ကျမှ ပြန်တတ်၏။ ထို့ကြောင့် ထိုရက်ပိုင်းတွေအတွင်း ကိုနိုင်နှင့် မတွေ့ဆုံတော့ပေ။

ကိုနိုင်ကတော့ ဇော့်ကိုမတွေ့ရ၍ ဘယ်လိုနေမည်မသိ။ ဇော်ကတော့ ကိုနိုင့်အား မမြင်တွေ့ရသောရက်တွေအတွင်း သတိရမိတာ အမှန်ပင်။ မြင်နေကျ တွေ့နေကျ လူတစ်ယောက်ကို မတွေ့မမြင်ရတော့ ဇော့်ရင်ထဲ လစ်ဟာမိတာ မဆန်းပါ။ တစ်ခါတရံ ဘယ်လောက်ရင်နာစရာကောင်းလိုက်သလဲဆိုရင် ကိုနိုင်တစ်ယောက် ဇော့်ကိုလာစောင့်နေမှန်းသိလျက်နှင့် ဇော်က ကိုနိုင်မမြင်အောင် တစ်ဖက်လမ်းမှ ရှောင်ထွက်သွားတတ်၏။ ဇော်ဗီလိုရှောင်နေမှန်းသိလျှင် ကိုနိုင်တစ်ယောက်ဘယ်လိုပြောမလဲ။

ခွင့်လွှတ်ပါကိုနိုင်ရေ၊ ကြာရှည်တွေ့ရင် သံယောဇဉ်တွေပိုလာမှာ စိုးလို့ပါကွယ်၊ မဖြစ်နိုင်တဲ့ဘဝနှစ်ခုကို တည်ဆောက်ဖို့ဆိုတာ တကယ်တမ်းတော့ စိတ်ကူးယဉ်အဖြစ်လောက်ပဲ ကောင်းပါတယ်။ နင့်ကိုငါနဲ့ပတ်သက်ပြီး ကောင်းစားတာပဲ မြင်ချင်တယ်၊ နင် စိတ်ဆင်းရဲမှာ မပျော်မှာကို မတွေ့မမြင်ချင်တာ ငါ့ရဲ့ဆန္ဒပါ





တွယ်၊ ဒါတွေကို ကိုနိုင်တစ်ယောက်ကတော့ သိလိမ့်မည် မဟုတ်ပေ။

သို့သော် ဇော်ဘယ်လောက်ပင် ရှောင်နေပါစေ၊ ကိုနိုင်တတော့ ရအောင်လိုက်တွေ့၏။ ထိုနေ့က ဇော်ရုံးမှနောက်ကျစွာ ပြန်လာချိန်ဖြစ်သည်။

"မိဇော်"

မာဆတ်ဆတ်လေသံမှာ ဝမ်းနည်း ထိခိုက်ဟန်က ပါနေတာကြောင့် အနည်းငယ်တုန်ယင်ချင်နေ၏။ ဇော်လှည့်ကြည့်တော့ ရီဝေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသော ကိုနိုင်။ ရှောင်နေသည့်ကြားမှ ထိပ်တိုက်တွေ့ပြီဆိုတော့လည်း ဇော်က မတွေ့ရတာကြာသည့်ဟန်ဖြင့် ကိုနိုင့်ကို အလိုက်သင့်ပြုံးပြကာ-

"ကိုနိုင် နင်လည်းခုတလော ပျောက်နေလိုက်တာ၊ ငါနဲ့တောင် မတွေ့တာကြာပြီ"

ဇော်၏ ဟန်ဆောင်အပြောကို ရိပ်မိသိရှိဟန်ဖြင့် ကိုနိုင်ခပ်မဲ့မဲ့ပြုံးကာ ခေါင်းခါယမ်းသည်။

"နင် ဟန်ဆောင်မနေစမ်းပါနဲ့ မိဇော်၊ တမင် မတွေ့အောင် ရှောင်နေတာက နင်လား ငါလား ဟင်"

"အော် ကိုနိုင်ရယ်၊ နင်က ငါ့ကိုအထင်လွဲနေတာပါလား၊ ပြောပါဦး ငါက ဘာကိစ္စ နင့်ကိုရှောင်နေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ နင်က ငါ့ကို စိမ်းကားဖို့ တမင်များ ကြိုးစားနေတာများလားလို့"

ဇော့်မျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်ကာ ကိုနိုင်ပြောတော့ စိတ်မလုံမလဲ ဖြစ်ရသည်။ ဒါပေမယ့် ဟန်ကိုယ့်ဖို့ဆိုတဲ့အတိုင်း မသိချင်ယောင်ဆောင်၍ ပြုံးလိုက်သည်။

"အစီပွာယ်မရှိတာ ကိုနိုင်ရယ်၊ ငါလည်း ဒီရက်ပိုင်းအတွင်း အလုပ်ကိစ္စ၊ အိမ်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေတာနဲ့ အသွားအပြန်နောက်ကျနေတာ၊ နင်လည်း စာတွေအတော်ကြည့်ထားပုံရတယ်၊ မျက်ကွင်းလေးတွေ ချောင်နေတာပဲ"

စကားလမ်းကြောင်းလွှဲပြောတော့ ကိုနိုင်ခပ်တည်တည်ဖြင့် ဇော့်ကိုကြည့်သည်။

"ဟုတ်တယ် ငါညဘက်တွေ အိပ်ရေးတွေ ပျက်လို့"

"ဘာလဲ စာတွေတအားကြည့်နေလို့လား ဟင်"

"မဟုတ်ဘူး၊ နင့်အကြောင်းတွေးနေလို့"

"ဟင်"

တောက်ပလာသော ကိုနိုင်၏ မျက်လုံးတွေက ဇော့်ရင်ကို ကြမ်းတမ်းစွာ ခုန်စေပြီး ဇော် ကမန်းကတမ်း မျက်လွှာချလိုက်သည့်တိုင် သူ့မျက်ဝန်းတွေကို မေ့မရ။ ကိုနိုင်အိပ်ရေးပျက်ခံပြီးတွေးနေတာ ဇော့်အကြောင်းတွေတဲ့လား၊ နင် ဘာတွေများ ငါ့အကြောင်းတွေးနေတာလဲ ကိုနိုင်ရယ်။





"ထပ်မေးအုံးလေ မိဇော်၊ နင့်အကြောင်းငါဘာတွေ တွေးနေတာလဲလို့"

"ဟင့်အင်း မမေးတော့ပါဘူး၊ နင် စာမေးပွဲသိပ်နီးနေပြီပဲ၊ ဘာဖြစ်လို့ ငါ့အကြောင်းကို အချိန်ကုန်ခံပြီး တွေးနေရတာလဲ"

"တွေးရတာပေါ့မိဇော်၊ တွေးရလောက်အောင် နင်က ငါ့ကို ရှောင်နေတာ မဟုတ်လား"

"ကိုနိုင်နော်၊ နင့်ကိုငါမရှောင်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ ကဲ အခုတွေ့နေပြီလေ"

"အေးလေ၊ အဲဒါ ငါ ဇွတ်အတင်းလိုက်တွေ့လို့ပဲ မိဇော်ရ"

"တော်ပါ၊ နင်နဲ့ငြင်းပြီး မငြင်းချင်ဘူး၊ ငါကတော့ နင်စာမေးပွဲပြီးမယ့်ရက်ကို လက်ချိုးရေတွက်စောင့်နေတာ"

"ဟင် တကယ်လား၊ နင်တကယ်ပြောတာလား မိဇော်"

ကိုနိုင်က မယုံသလို ထပ်ခါထပ်ခါမေး၏။ သူမ အပြုံးလေးဖြင့် ဟန်မပျက် ခေါင်းညိတ်ပြလိုက်ရသည်။ ကိုနိုင့်မျက်နှာ စောစောကလို မှုန်တေတေမဟုတ်တော့။ ဇော် သက်ပြင်းဖွဖွကြိတ်ချမိ၏။ တကယ်ပါ ကိုနိုင်ရယ် တကယ်ပါ၊ နင် စာမေးပွဲဖြေပြီးတဲ့နေ့မှာ ဘယ်လိုအဖြေပေးရမလဲဆိုတာ ငါ အမြဲတွေးနေခဲ့တာပါ။ ဘယ်လောက်ပဲ အကြိမ်ကြိမ်အခါခါ စဉ်းစားထားပေမယ့် နင့်ကိုပေးမယ့် အဖြေကတစ်ခုတည်းပဲ ရတယ် ကိုနိုင်၊ အဲဒါကတော့ ငါ့ရဲ့ငြင်းဆိုမှုပဲ ဇော်၏ စိတ်ထဲက စကားတွေကို မသိသော ကိုနိုင်က...



www.burmeseclassic.com

www.burmeseclassic.com



"နင် တကယ်ပြောတာဆိုရင် ငါ့လောက်ဝမ်းသာတဲ့လူ ရှိမှာမဟုတ်ဘူး မိဇော်"

"အော် တကယ်ပေါ့ ကိုနိုင်ရယ်၊ နင့်ကိုငါက ဘာကိစ္စ လိမ်ညာနေရမှာလဲ"

"ဒါဆို ငါ့ကိုပေးမယ့်အဖြေ နင့်မှာ အဆင်သင့်ရှိနေပြီပေါ့ ဟုတ်လား မိဇော်"

"အင်း ဒါပေမယ့် အခုတော့ မဟုတ်ဘူးနော်"

သူမ မျက်စောင်းလေးထိုးကာ ပြောတော့ ကိုနိုင်ပြုံးသည်။

"ငါ နားလည်ပါတယ် မိဇော်ရာ၊ အခုလည်း နင့်ကို ငါလာ နှုတ်ဆက်တာပါ"

"ဟင် နင်က ဘယ်သွားမလို့လဲ"

ဇော် အံ့ဩစွာ မေးတော့ ကိုနိုင် ပြုံးသည်။ ပြီးတော့ ဇော့်ကို ငုံ့စိုက်ကြည့်ကာ-

"စာမေးပွဲနီးပြီလေ၊ အဲဒီတော့ ငါ အဆောင်မှာသွားနေတော့မယ်၊ စာမေးပွဲပြီးမှ ဒီကိုပြန်လာမယ်လေ"

"အော် ဟုတ်သားပဲ၊ အဆောင်နေတာ ကောင်းတယ်၊ သူငယ်ချင်းတွေစုပြီး စာကျက်လို့ရတာပေါ့၊ ငါက လာနှုတ်ဆက်တာဆိုလို့ နင်ဘယ်သွားမလဲလို့"

"ဘာလဲ နင်နဲ့အဝေးဆုံးနေရာကိုငါက သွားမယ်ထင်နေသလား မိဇော်၊ စိတ်ချ မိဇော် နင်မပါဘဲ ငါဘယ်အဝေးကိုမှ မသွားဘူး"





"ဟာ နင်ဘာတွေလျှောက်ပြောနေတာလဲ ကိုနိုင်"

ဇော် ရှက်လန့်တကြားအော်တော့ ကိုနိုင် နှစ်ခြိုက်စွာ ပြုံး၏။

"ငါ တကယ်ပြောတာ မိဇော်၊ အခုတောင် နင့်ကိုထားပြီး သွားရမှာ ငါ စိတ်မဖြောင့်ဘူး"

"အံမယ် ဘာကိစ္စ နင်က စိတ်မဖြောင့်ရတာလဲ"

"ငါမရှိတုန်း နင် စိတ်ပြောင်းသွားမှာစိုးလို့"

"ဟင် ဘာကိစ္စစိတ်ပြောင်းရမှာလဲ၊ ငါမှ နင့်ကို ဘာမှအဖြေ မပေးသေးတာ"

"ဒါပေမယ့် နင်ပေးမယ့်အဖြေကို ငါက ကြိုသိနေတယ်ဆိုရင်ကော"

'အော် နင်က ဒီလောက်အစွမ်းထက်နေမှကိုး၊ ဒါဆိုလည်း ပြီးရောပေါ့၊ နင် ပြန်လာရင် ငါဘာမှအဖြေပေးစရာမလိုတော့ဘူးပေါ့"

"ဟာ ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ နင့်ပါးစပ်က ပြောတဲ့အဖြေကို ငါ ကြားချင်သေးတာပေါ့"

"ဟင် နင်ပဲငါပြောမယ့်အဖြေကို ကြိုသိနေပြီဆို"

ဇော် ပြုံးစိစိမေးတော့ ကိုနိုင်မျက်နှာကြီး ရှုံ့မဲ့သွား၏။

"မိဇော်နော် ငါက စကားအဖြစ်ပြောတာ၊ ဒါပဲ ငါသွားမယ် ဘူး စိတ်ချပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်ဖြစ်နေသော ကိုနိုင့်ကိုကြည့်ပြီး ဇော် ရယ်ချင်မိ၏၊ ကြည့်စမ်းပါဦး ကိုနိုင့်ပုံစံက တကယ့်စိတ်မချဟန်ဖြင့် မှာနေတာ-

"စိတ်ချ နင်ပြန်လာတာနဲ့ ဖိတ်စာတန်းရစေမယ်"

"ဘာ ပြောတယ်"

"ဟယ် တိုးတိုးအော်ပါ၊ ဘယ်နှယ့် ငါနားမကန်းပါဘူး"

ဇော့် စကားကြားတော့ ကိုနိုင်မျက်နှာကြီးနီရဲကာအော်တာမို့ ကမန်းကတမ်းတားလိုက်ရ၏။

"မိဇော်နော်၊ ငါ့ကိုစာမေးပွဲမဖြေနိုင်အောင် လုပ်နေတာလား"

သည်လိုဆိုတော့လည်း ဇော် ဆက်မနောက်ရက်ပါ။ ထို့ကြောင့် ကိုနိုင့်ကို နူးညံ့စွာ ပြုံးပြလိုက်ပြီး-

"ကိုနိုင်ရယ် ငါက စတာပါ၊ ငါရိုက်မယ့်ဖိတ်စာက ဘယ်သူနဲ့လဲ မေးကြည့်ပါဦး"

"ဒါဆို ဘယ်သူနဲ့လဲ ပြော"

"ဟာ ဒါတော့ ငါပြောရမှာ ရှက်တာပေါ့၊ နင့်ဘာသာတွေးကြည့်ပါလား"

ဇော့်အပြောကြောင့် ကိုနိုင်မျက်မှောင်ကြုတ်ကြုတ်ဖြင့် စဉ်းစား၏၊ ကိုနိုင်စဉ်းစားနေပုံကိုကြည့်ကာ ဇော် ရယ်ချင်နေမိသည်။ ဘယ်လောက်ရိုးအလိုက်တဲ့ကိုနိုင်လဲ၊ ဇော့်မှာအခင်မင်ဆုံးယောကျ်ား





ဆိုလို့ ကိုနိုင်တစ်ယောက်တည်းပဲရှိတာသူမသိလေသလား၊ နောက်တော့ ကိုနိုင် မျက်နှာတဖြည်းဖြည်းချင်းအတွန့်ဖြေလာကာ နီရဲပါးလျသော နှုတ်ခမ်းတွေက အလိုလိုပြုံးလာ၏။ ပြီးတော့ ဇော့်ကိုရွှန်းရွှန်းစားစားကြည့်ကာ-

"ငါသိပြီ မိဇော်၊ နင် ရိုက်မယ့်ဖိတ်စာက"

"ဟော့ ရှေ့ဆက်မပြောနဲ့နော်"

ဇော် ရှက်လန့်တကြားတားတော့ ကိုနိုင်ရယ်၏။ ထို့နောက် ဇော့်ကိုစချင်သောမျက်ဝန်းများဖြင့် ကြည့်ကာ-

"ဆက်ပြောမယ်ဆိုရင်ကော"

"ပြောလေ၊ နင့်ကိုငါ စိတ်ဆိုးမှာပဲ"

"ဒါဆို ငါမပြောတော့ဘူး၊ အင်း အခုမှပဲ ငါအဆောင်သွားရမှာ စိတ်ဖြောင့်တော့မယ်၊ ကဲမိဇော် ငါ့ကို ဘာမှာအုံးမလဲ"

"အမယ် ဘာမှာရမလဲ၊ မှာရအောင် နင်နဲ့ငါက ဘာဆိုင်သေးလဲ"

"အေး ဟုတ်သားပဲ၊ ငါမေးတာက သူငယ်ချင်းတစ်ယောက်အနေနဲ့ပါ"

"အင်း ဒါဆိုမှာမယ်၊ စာမေးပွဲ အောင်အောင်ဖြေခဲ့ပါ"

"အိုကေ စာမေးပွဲအောင်တဲ့အပြင် ဂုဏ်ထူးတွေပါ ထွက်အောင် ဖြေခဲ့မယ် ဟုတ်လား၊ နင်သာ ဆုချဖို့ ပြင်ထား"



www.burmeseclassic.com

www.burmeseclassic.com



အော် ကိုနိုင်ရယ်၊ နင့်ရဲ့ကြိုးစားမှုအတွက် ငါဆုချရမဲ့ အရာဟာ နင့်အတွက် ဘယ်လိုမှ ပျော်စရာမကောင်းဘူးဆိုတာသာ သိရင် နင် ခုလို ပြောနိုင်မှာလား၊ ရယ်နေနိုင်မှာလားကွယ်။

တကယ်တမ်း ကိုနိုင်အဆောင်သွားနေတော့ ရင်ထဲမှာ လစ်ဟာခြောက်သွေ့သွားသလို ခံစားရတာက ဇော်။ အသားဖြူဖြူ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့်အမျိုးသားများကိုတွေ့လေတိုင်း ကိုနိုင်လားဟု ကြည့်တာအမော။

ဇော် စိတ်ထဲဘာကြောင့်များ ကိုနိုင့်ကိုဗီလောက်သတိရ တမ်းတနေတာပါလိမ့်။

ဇော်နဲ့ကိုနိုင်တို့ကြားမှာ အခြေအနေမတူညီတာတွေ ဘယ်လောက်ပဲအလှမ်းကွာဝေးစွာ ရှိပါစေ၊ဇော် မသိစိတ်က တိတ်တဆိတ်ပင် ကိုနိုင့်ကိုတွယ်တာမိနေပြီ။ သည်လိုအမှန်တရားသိရ ပြန်တော့လည်း ဇော် ရင်တွေ တုန်လှုပ်မိရပါ၏။

တကယ်ဆိုဒါဟာ မဖြစ်သင့်ဘူးဆိုတာ ဇော် သိပါသည်။ ကိုယ်ရွေးချယ်ရမည့်လမ်းသည် ဇော့်အတွက် စိတ်ချမ်းမြေ့ဖွယ်ရာ မရှိ၊ ဒါနဲ့တောင် မိုက်မိုက်မဲမဲ ကိုနိုင့်ကို တွယ်ငြိမိတာ ဇော်၏ မိုက်မဲမှုပင်။ ရှိပါစေလေ၊ ကိုနိုင့်ကို ဇော် ရင်ထဲကပဲ တွယ်တာနိုင်ပါမည်။ ဇော်ရင်ထဲက ခံစားချက်ကို ကိုနိုင်မသိလျှင် ဘာတတ်နိုင်မည်နည်း။

ထိုဆုံးဖြတ်ချက်ကို ပို၍ခိုင်မာစေသည့်အကြောင်း ဖန်တီးလာတာကတော့ ကိုနိုင့်မိခင်၏ စကားတွေပင်။





"သားက ဒီနှစ်ကျောင်းပြီးမှာလေ၊ ကျောင်းပြီးတာနဲ့ သားကို မိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့ ပေးစားမှာ၊ ဒီလိုမှ မစီစဉ်ရင် မလွယ်ဘူး။ သားကိုမဟုတ်မဟပ်မိန်းမမျိုးနဲ့ နီးစပ်သွားရမှာစိုးရိမ်တယ်၊ ပြုစားတတ်တဲ့မိန်းမမျိုးနဲ့ တွေ့ရင် သားအတွက် အခက်မဟုတ်လား"

ကိုနိုင် မိခင်၏ စကားတွေက ဇော်နားထဲသို့ ငှက်ဆိုးထိုးသံလို စီးဝင်လာ၏။ ဇော့်ကို မတွေ့လိုက်နှင့်၊ တွေ့တာနှင့်စောင်းစောင်းမြောင်းမြောင်း၊ ပြောတော့သည်။ ထိုစကားသံတွေကိုကြားရခိုက် ဇော့်တစ်ကိုယ်လုံး တောင့်တင်းသွားရတော့၏။

သည်စကားတွေဟာ ဇော့်ကို တိုက်ရိုက်စော်ကားနေတဲ့ စကားတွေပဲ၊ ဇော် အံတင်းတင်းကြိတ်ကာ နေရာမှ လှည့်ထွက်ခဲ့ပေမယ့် ရင်ထဲမှာ တနုံ့နုံ့ဖြင့် ခံပြင်းနေမိသည်၊ တော်ပါပြီ ဇော့်မှာလည်း မာနနဲ့ပါ။ သူတို့ဆက်ပြီး ဒီလောက်ခါးသီးပြနေစရာမလို။ ကိုနိုင့်အပေါ် ဘယ်လောက်ပဲ သံယောဇဉ်ရှိပါစေ၊ ထိုအသိုင်းအဝိုင်းနှင့်ဇော် ပတ်သက်နေရအုံးမည်။ ထို့ကြောင့် ကိုနိုင့်အကြောင်းကို ဇော် ခေါင်းထဲမှ အပြီးတိုင် ဖယ်ထုတ်ဖို့ ကြိုးစား၏။

ကိုနိုင်ကတော့ ဇော်တို့၏ နောက်ပိုင်းအခြေအနေတွေကို မသိ၊ စာမေးပွဲပြီးလျှင် ဇော့်ထံမှ အဖြေစကားကြားရတော့မည်ဆိုတဲ့စိတ်နဲ့ ပျော်ရွှင်နေပါလိမ့်မည်။ တကယ်တမ်းအပြန်ခရီးမှာ ခေါင်းအုံးစွပ်မည့်သူ မရှိတာသိလျှင် သူ ဘယ်လိုနေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါတော့ ကိုနိုင်ရယ်၊ နင့်အပေါ် ငါ လှည့်စားသလို ဖြစ်ခဲ့တာတွေဟာ တကယ်တော့ နင့်ကောင်းစားရေးအတွက်ပါ။ ဇော် စိတ်ထဲက ကိုနိုင့်အား လှမ်းတောင်းပန်မိ၏။ ကိုနိုင်ပြန်လာလျှင် ဇော့်ကို တစ်ခါတည်း စိတ်နာသွားအောင် လုပ်ဖို့ အကြံထုတ်ရသည်။ သို့မဟုတ်လျှင် ကိုနိုင်က တစ်ဇွတ်ထိုးသမားမို့ ဇော် ဘယ်လောက်ငြင်းငြင်း လက်ခံမည်မဟုတ်။

ထို့ကြောင့် အကောင်းဆုံးအနေဖြင့် ဇော် ထိုရပ်ကွက်ထဲမှ ပြောင်းသွားခြင်းဖြစ်၏။ အိုဟောင်းနေပြီဖြစ်သော ဇော်တို့၏ အိမ်ကိုရသလောက်နှင့် ရောင်းပစ်ခဲ့ကာ သားအဖနှစ်ယောက်နေရာ ဟောင်းကို စွန့်ခွာခဲ့ပြီ။ ဇော်တို့ ပြောင်းတာကို ဘယ်သူမှ မသိစေအောင် ညဖက်မှာပင် ပြောင်းခဲ့၏။

ဒါပေမယ့် မှောင်မိုက်ထဲမှာ ဇော် တိတ်တဆိတ် မျက်ရည်ကျမိပါသည်၊ ဘာပဲဖြစ်ဖြစ် ဒီနေရာလေးဟာ ကိုယ့်ရဲ့ ဇာတိမြေ မဟုတ်လား။ တစ်ခုကောင်းတာကတော့ ဇော့်အပေါ် ပြုစားတတ်သူ အဖြစ် အကောင်းမမြင်ကြသည့် ပတ်ဝန်းကျင်မှ ရှောင်ထွက်ရတာကိုပင်။

ကိုနိုင်ပြန်လာလျှင်တော့ ဇော့်ထံ ပြေးလာလိမ့်မည်၊ ထို အခါ ဇော့်ကိုမတွေ့လျှင် ကိုနိုင် ဘယ်လိုနေမှာလဲ၊ တစ်ခါတည်း





အဆက်အသွယ်ဖြတ်ရန်အတွက် ဇော်အလုပ်ကိုပင် အပြီးတိုင် နုတ်ထွက်ခဲ့ပြီ။ "ငါ့ကိုမတွေ့တဲ့အခါ လှည့်စားသွားသူလို့ နင်စိတ်နာလိုက်ပါ ကိုနိုင်ရယ်"။

❐



www.burmeseclassic.com

www.burmeseclassic.com



# အောင်ခန်းညို

လိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အောင်"ကုမ္ပဏီလီမိတက်ရှေ့သို့ အနက်ရောင် မာစီးဒီး ကားတစ်စီးထိုးဆိုက်လာ၏။ ကားပေါ်မှအသက်ဆုံးဆယ်ဝန်းကျင် အရွယ်ရှိ အရပ်မြင့်မြင့်၊ စိုပြေဝင်းနှစ်သောအသားအရေနှင့် ယောက်ျားပီသစွာ ချောမောသော အနက်ရောင် အနောက်တိုင်း ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည့် လူတစ်ယောက် ဆင်း လာ၏။ သူ့မျက်နှာက အလွန်တည်တန့် ငြိမ်သက်ကာသူ့နှုတ်ခမ်း မွှေးက တင်းတင်းစေ့နေ၏။ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ [illegible]ားစွာ တောက်ပရွှန်းလက်နေသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ကားပေါ်မှဆင်းလာတာနှင့် ဦးလေးမောင်က ခြေလှမ်းခက်သွက်သွက်ဖြင့် လာကြိုသည်။ သူ့အနားရောက်တာနှင့် ဦးလေးမောင်က လှိုက်လှဲစွာ ပြုံးပြီး-

"မောင်အောင် ဒီနေ့ ကုမ္ပဏီလာမယ်ဆိုတာ သိလို့ ဝန်ထမ်းတွေအားလုံး အသင့်စောင့်နိုင်းထားတယ်"

"ဟုတ်ကဲ့ဦးလေးမောင်၊ ဒါနဲ့ကျွန်တော်မရှိတဲ့ရက်တွေအတွင်းမှာ လုပ်ငန်းကိစ္စတွေ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်မောင်အောင်၊ အားလုံးလည်း စာရင်းဇယားနဲ့လုပ်ထားပါတယ်၊ ကဲ အထဲသွားကြစို့"

လုပ်ငန်းနှင့်ပတ်သက်လျှင် တိကျပြတ်သားမှုကြိုက်သောသူ့အကြောင်းသိထားသည့် ဦးလေးမောင်က စိတ်ချရသော လူယုံတစ်ယောက်ပင်။ဦးလေးမောင်နှင့်သူကုမ္ပဏီထဲဝင်လာတော့ ဝန်ထမ်းတွေအားလုံးက မတ်တပ်ရပ်ဆီးကြိုလျက် ရှိ၏။ သူ ဝန်ထမ်းများကိုတစ်ချက်ဝေ့ကာကြည့်ပြီးပြုံး၍ နှုတ်ဆက်လိုက်၏။ ထို ဝန်ထမ်းတွေထဲတွင် သူ မမြင်ဖူးသောလူတွေလည်း ပါဝင်နေတာ သတိပြုမိသည်။

"မောင်အောင် ရုံးခန်းကိုတစ်ခါတည်းသွားမလား"

"ဟုတ်ကဲ့ ဦးလေးမောင်"





သူခေါင်းဆတ်ကာနဲ ညိတ်ပြကာ ဝန်ထမ်းများကိုနှုတ်ဆက်ပြီးအပေါ်ထပ် ရုံးခန်းသို့ တောက်လျှောက်တက်လာ၏။ မှန်တံခါးရှက်ကို တွန်းဖွင့်စဉ်မှာပင် အဲယားကွန်းမှ လေအေးအေးတို့က သူ့အား ဆီးကြိုနေ၏။ သူက မဟော်ဂနီရောင် တောက်နေသော ကျွန်းသား စားပွဲရှည်ကြီး၏ နောက်ဖက်ရှိ ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ဦးလေးမောင်က သူနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပြီး စာရွက်စာတမ်းများကိုထုတ်ပြ၏။

"ဒါ မောင်အောင်သွားနေတဲ့ သုံးလအတွင်း ကုမ္ပဏီရဲ့ အဝင်အထွက်ဇယားတွေပါ"

သူ ခေါင်းညိတ်ကာ စာရွက်တွေကို တစ်ရွက်ချင်း သေချာ စိစစ်၏။အားလုံးသူ့ရက်စွဲနှင့်သူ အတိအကျပင်။ ထို့ကြောင့် သူ့စိတ်ထဲ အတော်ကျေနပ်သွားသည်။

"လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး မောင်အောင်မေးစရာများရှိသေးလား"

"မရှိတော့ပါဘူး ဦးလေးမောင်၊ ဒီစာရွက်စာတမ်းတွေအားလုံးထဲမှာ အပြည့်အစုံရှိနေတာပဲ၊ ဦးလေးမောင်အနေနဲ့ရော ကျွန်တော့်ကို ဘာပြောစရာရှိသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းအစီတပြောချင်တာကတော့ မောင်အောင့်အနေနဲ့ အထိတ်တ အကြောင်းတွေကို လုံးဝမေ့ပစ်ပြီး ခုလို အလုပ်ထဲမြန်ဝင်လာတာကို ဦးလေးမောင် ဝမ်းသာတာပါပဲ"

ဦးလေးမောင်ပုံစံက တကယ့်ကိုဝမ်းသာနေဟန်၊ သူ ခပ်လွှန့်လွှန့်ပြုံးကာ ဦးလေးမောင်စေတနာကို အသိအမှတ်ပြုလိုက်ပါ၏။ ဦးလေးမောင်တစ်ယောက် သူ့အပေါ် ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ သူအသိဆုံးပဲလေ။

"နောက်တစ်ချက်ပြောမှာက အလုပ်နဲ့ပတ်သက်ပြီး ပြောမှာပါ မောင်အောင်၊ အဲဒါကတော့ မောင်အောင်သွားနေတဲ့ သုံးလအတွင်းမှာ ဝန်ထမ်းအသစ်သုံးယောက်ခန့်လိုက်တယ်"

"ဟုတ်လား၊ ဘယ်သူတွေလဲ ဦးလေးမောင်"

"ကုမ္ပဏီအတွက်လိုအပ်နေတဲ့ စာရေးမလေးတွေပါ၊ သုံးယောက်လုံးက လုပ်ရည်ကိုင်ရည်ရှိပါတယ်"

"ကောင်းပြီလေ။ ဦးလေးမောင်ကိုယ်တိုင်ခန့်တာဆိုတော့ သူတို့အရည်အချင်းပြည့်စုံမှာပါ"

အစကတည်းက အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဦးလေးမောင်ကိုစိတ်ချပြီးသားမို့ ဝန်ထမ်းအသစ်ခန့်တာကို လက်ခံလိုက်၏။

"ဒါဆို မောင်အောင့်အနေနဲ့ ဝန်ထမ်းအသစ်တွေကို အကဲခတ်ချင်မှာသေးလား"





"ဟုတ်ကဲ့ နည်းနည်းပါးပါးတော့ ကျွန်တော့်လေ့လာကြည့်မယ်လေ"

"ဟုတ်ပြီလေ၊ ဒါဆို ဦးလေးမောင် သူတို့ကို ရုံးခန်းထဲလွှတ်လိုက်မယ်၊ အော် ဒါပေမယ့် ဝန်ထမ်းအသစ်သုံးယောက်ထဲမှာ တစ်ယောက်က ခွင့်ယူထားတယ်"

"ဘယ်သူလဲ"

အလုပ်စဝင်တာမှ မကြာသေးဘူး၊ ခွင့်ယူထားတယ်ဆိုတာကြောင့် သူ့မျက်ခုံးထူထူတွေ အလိုလိုကြုတ်သွားရ၏။ သူ့ ကုမ္ပဏီမှ ဝန်ထမ်းတွေကို သူ့နားရက်နှင့်သူ ပေးထားတာ မဟုတ်လား၊ သူ့အကြောင်း သိနေသော ဦးလေးမောင်က ပြေလည်စွာ ရှင်းပြ၏။

"ခွင့်ယူထားတာက မေ့အိမ်ဖော်ပါ၊ သူ့အဖေ တော်တော်နေမကောင်းဖြစ်နေလို့တဲ့"

"ဘယ်သူ မေ့အိမ်ဖော် ဟုတ်လား၊ သူ့အဖေ နေမကောင်းတာနဲ့ သူက ခွင့်ယူရတယ်တဲ့လား၊ ကျန်တဲ့ သူ့မိသားစုက ဘယ်သွားနေလို့လဲ"

"ဒါတော့ ဦးလေးမောင် မသိဘူးကွယ်၊ ခွင့်တိုင်တုန်းက မေ့အိမ်ဖော် ပြောတာပဲ"

"ဒါနဲ့ပဲ ဦးလေးမောင်က ခွင့်ပေးလိုက်တယ်လား၊ ခက်ပါတယ် ဦးလေးမောင်ရယ်၊ ကျွန်တော်က တကယ့် နာရေးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပေးပါတယ်။ ဒါပေမယ့် ဒီခေတ်မိန်းကလေးတွေက အကြောင်းအမျိုးမျိုးပြပြီး ခွင့်ယူ၊ အပြင်ဘက်မှာ လျှောက်လည်၊ ဒါတွေ ကျွန်တော်သိတော့ ခက်တယ် ဦးလေးမောင်၊ ပြီးတော့ မေ့အိမ်ဇော်ဆိုတဲ့အမျိုးသမီးဟာ ကျွန်တော့်ကုမ္ပဏီမှာ အလုပ်ဝင်တာ မကြာသေးဘူး၊ ဒီလိုခွင့်ယူတာ အခွင့်အရေးယူတာပဲ၊ အလုပ်နဲ့ ပတ်သက်ရင် ကျွန်တော် ဘယ်လောက်တိကျတယ်ဆိုတာ ဦးလေးမောင်သိပါတယ်။ မေ့အိမ်ဇော်လို မိန်းကလေးမျိုး ကျွန်တော့်ကုမ္ပဏီမှာ ရှိနေရင် ကျန်တဲ့လူတွေပါ အကျင့်ပျက်ဝန်ထမ်းတွေ ဖြစ်ကုန်လိမ့်မယ်၊ သူ ဘယ်နှစ်ရက် ခွင့်ယူတာလဲ"

"သုံးရက်ပါ မောင်အောင်"

"သုံးရက် ဟုတ်လား၊ ကောင်းပြီ၊ မေ့အိမ်ဇော် အလုပ်ပြန်ဝင်ရင် ကျွန်တော်နဲ့ လာတွေ့ခိုင်းလိုက်ပါ၊ နောက်တစ်ခါ ဝန်ထမ်းတွေ ခွင့်ယူမယ်ဆိုရင် အကြောင်းပြချက်ခိုင်လုံမှ ကျွန်တော်ပေးနိုင်ပါမယ်"

"ဦးလေးမောင် ပြောလိုက်ပါ့မယ်၊ ကဲ ဒါဆို ဦးလေးမောင်သွားမယ်၊ ဝန်ထမ်းအသစ်လေးတွေကိုလဲ မောင်အောင့်ဆီ လွှတ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ ဦးလေးမောင်"





ဦးလေးမောင် အခန်းထဲမှ ထွက်သွားတော့ သူ သက်ပြင်းတင်းကနဲချမိ၏။ ခက်တယ်၊ တော်တော်ခက်တယ်၊ တကယ်ဆို သူ့ကုမ္ပဏီမှာ ဘယ်မိန်းမဝန်ထမ်းမှ မခန့်ချင်၊ အခုတော့ ဦးလေးမောင်ခန့်လိုက်တဲ့ ဝန်ထမ်းတွေအားလုံးက မိန်းကလေးတွေချည်း၊ မိန်းမနှင့်ပတ်သက်ပြီးသူ့ရင်မှာအနာတရ ဖြစ်ထားရတဲ့ဒဏ်ရာက မကျက်နိုင်သေးတာမို့ အမှန်ပြောရလျှင် လောလောဆယ် ဘယ်မိန်းမနဲ့မှ သူ မပတ်သက်ချင်ပေ။ ဒါပေမယ့် အလုပ်ကိစ္စနဲ့ဆိုတော့လည်း ပတ်သက်ရအုံးမည်။ အထူးသဖြင့် မေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးကြောင့် သူတော်တော် စိတ်အအနှောင့်အယှက်ဖြစ်သွားရ၏။ ဘယ့်နှယ် အလုပ်ထဲဝင်တာမှ မကြာသေး၊ ခွင့်ဒီလောက်ယူတာ လွန်ဘယ်ဟု တွေးမိကာတစ်ခါတည်း အလုပ်ဖြုတ်ဖို့ပင် စိတ်ကူးမိ၏။

သို့သော် တကယ်တမ်းလက်တွေ့မှာ ဒီလိုလုပ်၍ မဖြစ်သေး၊ သူနဲ့ဒီကုမ္ပဏီကင်းကွာနေတာ သုံးလလောက်ရှိပြီ၊ သည်ကုမ္ပဏီပိုင်ရှင်အလုပ်ထဲပြန်ရောက်လာတာနှင့်ဝန်ထမ်းတစ်ယောက်ကို သက်ညှာခြင်းမရှိဘဲ အလုပ်ဖြုတ်ပစ်လိုက်တယ်ဟု ထင်သွားမည်၊ ပြီးတော့ မေ့အိမ်ဇော်၏အကြောင်းပြချက်ဘယ်လောက်အထိခိုင်လုံတယ်ဆိုတာ သူ နားထောင်ရအုံးမည်။

ခိုင်လုံသောအကြောင်းပြချက်မရှိမှ သူမကို အလုပ်ဖြုတ်ခန်ဖြုတ်ပစ်မည်ဟု စိတ်ကူး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်မတို့ကို ရုံးခန်းထဲ ဝင်ခွင့်ပြုပါ"

သူ အတွေးကောင်းနေဆဲ မှန်တံခါးရှက်နောက်မှ ဆံတို လေးနှစ်ယောက် ရပ်နေတာ တွေ့လိုက်ရ၏။ နှုတ်ခမ်းတင်းတင်း စေ့ကာ ခေါင်းညိတ်ပြတော့မှ ထိုဆံတိုမလေး နှစ်ယောက်အခန်းထဲ ဝင်လာသည်။

"ထိုင်ပါ"

သူ၏ ပြတ်တောင်းတောင်း လေသံကြောင့် ဆံတိုမလေး နှစ်ယောက်တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ သူ့စားပွဲရှေ့ ခုံတွေတွင် ဝင်ထိုင်၏။ သူတို့ထိုင်ပြီးသည်နှင့် သူမေးလိုက်သည်

"မင်းတို့က ဝန်ထမ်းသစ်တွေလား"

"ဟုတ်ကဲ့ပါ ဆရာ"

ကောင်မလေးနှစ်ယောက်က ပြိုင်တူ ဖြေသည်။ သူ ကောင်မလေးတွေကို လျှပ်တပြက် အကဲခတ်ကြည့်ပြီး ခေါင်းညိတ်၏။

"ဒါဆို မင်းတို့နာမည်တွေ ပြောစမ်းပါဦး"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မက မေသွယ်ပါ၊ သူက ခင်ညို ဆရာ"

မေသွယ်ဆိုသည့် အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ကောင် မလေးက သွက်လက်ပုံရ၏။ သူမေးတာကို သူမပဲ ဦးဆောင် ဖြေသွားသည်။





"မင်းတို့ ဒီကုမ္ပဏီမှာ အလုပ်ဝင်တာ အဆင်ပြေကြရဲ့လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဆရာ"

"ဒါနဲ့ မွေ့အိမ်ဇော်က မင်းတို့သူငယ်ချင်းလား"

သူ့အမေးကြောင့် သူမတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ထို့နောက် နှစ်ယောက်စလုံး ခေါင်းခါယမ်းကာ-

"မွေ့အိမ်ဇော်က ကျွန်မတို့ သူငယ်ချင်းမဟုတ်ပါဘူး ဆရာ"

သူ မျက်မှောင်တစ်ချက်ကြုတ်ကာ-

"မင်းတို့ အလုပ်ဝင်စတုန်းက သုံးယောက်အတူတူ မဟုတ်လား"

"အဲဒါကတော့ ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်က အိမ်နီးနားချင်း သူငယ်ချင်းတွေပါ"

ဒါဆို မွေ့အိမ်ဇော်က တစ်ယောက်တည်းပေါ့။ သူက သူမတို့နှစ်ယောက်မှတစ်ဆင့် မွေ့အိမ်ဇော်အကြောင်းသိရမလားဟု မေးခြင်းဖြစ်သည်။ တကယ်ပဲ မွေ့အိမ်ဇော် ခွင့်ယူခြင်းဟာ ရိုးရိုးသားသားလား၊ ဆန်းဆန်းပြားပြားလားဆိုတာ ကွဲပြားစွာ သိလိုခြင်းပင်၊ အခုတော့ မွေ့အိမ်ဇော်၏ ခြေရာက ပျောက်နေပြီ။ သူ မျက်မှောင်ကြုတ်ကာ အနည်းငယ် စဉ်းစားပြီး-



www.burmeseclassic.com

www.burmeseclassic.com



"မွေ့အိမ်ဇော်ဟာ ဒီလိုပဲ ခွင့်ခဏခဏ ယူတတ်သလား"

"ဟုတ်ကဲ့ဆရာ၊ လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဒီလို မျိုးခွင့်ရက်ရှည်ယူပါတယ်"

"အော်"

ကြည့်စမ်း၊ မွေ့အိမ်ဇော်ဆိုတဲ့မိန်းကလေးဟာ သူ့ကုမ္ပဏီမှာ တော်တော်လေး အခွင့်အရေးယူနေပါလား၊ သည်လောက် ခွင့်ရက်ရှည်တွေပေးတဲ့ ဦးလေးမောင်ကိုလည်းသူအံ့သြရ၏။ ကောင်မလေးနှစ်ယောက်က သူ့ကိုကြည့်ကာ တစ်စုံတစ်ရာ ပြောချင်နေပုံပင်။

"မင်းတို့ ဘာပြောစရာရှိသေးလဲ"

"ဟို မွေ့အိမ်ဇော့်အကြောင်း ပြောချင်လို့ပါ ဆရာ"

"ဘာများပါလိမ့်"

သူ မျက်မှောင်ကြုတ်ကာမေးတော့ ကောင်မလေးတွေ မဝံ့မရဲဖြင့်သူ့ကိုကြည့်သည်။ ထို့ကြောင့် သူက မျက်နှာကိုပြန်ပြင်ကာ

"မင်းတို့ ပြောစရာရှိတာ ရဲရဲပြောစမ်းပါ"

"ဟို ဒီလိုပါဆရာ၊ ကျွန်မတို့ ဝန်ထမ်းတွေထဲမှာမွေ့အိမ်ဇော်က သိပ်အခွင့်အရေးယူသလိုပါပဲ။ ကျွန်မတို့ အလုပ်ထဲဝင်တာချင်းအတူတူ သူချည်းပဲ ခွင့်ရက်ရှည်ယူတတ်ပါတယ်။ ကျွန်မတို့ ဒီအချိန်ထိ သူ့လို ခွင့်တစ်ခါမှ မယူဖူးပါဘူး၊ ပြီးတော့ မွေ့အိမ်





ဇော့်ကိုကြည့်ရတာ ယောကျ်ားတွေကို ဆော့ကစားနေပုံပဲ။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ကပြန်တိုင်း အမျိုးသားတစ်ယောက်မဟုတ်တစ်ယောက်အမြဲစောင့်နေတတ်တာ တွေ့ရတယ် ဆရာ"

"ဟင်"

မေသွယ့်ပြောစကားကြောင့် မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးကို မမြင်ဖူးခင်ကပင် သူ အတော်ဒေါသဖြစ်သွား၏။ ဦးလေးမောင်ကလဲ ဒီလို အကျင့်ပျက်မိန်းကလေးကို သူ့ကုမ္ပဏီမှာ ဘာတိစ္စအလုပ်ခန့်ရတာပါလိမ့်။ ကြည့်ရတာ ဦးလေးမောင်လည်း မွေ့အိမ်ဇော်အကြောင်းသိပုံမပေါ်။ သူ့အနေဖြင့် ဒါမျိုးတော့ လက်မခံပါ။ အစကတည်းက မွေ့အိမ်ဇော် ခွင့်ယူမှုကို ရိုးရိုးသားသားဟု သူ မထင်ခဲ့တာကြောင့် ခုလို ကြားရတော့ ပို၍ အထင်လွဲမိတော့၏။ ထို့ကြောင့် မေသွယ်တို့ကို ကြည့်ကာ-

"မင်းတို့ဆိုလိုတာက ဘာလဲ"

သူ ပွင့်ပွင့်လင်းလင်းမေးလိုက်တော့ မေသွယ်အခွင့်အရေးရသွားဟန်ဖြင့် အရဲစွန့်သည်။

"ဒီလိုပါဆရာ၊ ဆရာ့လို ကုမ္ပဏီမှာ မွေ့အိမ်ဇော့်လို အကျင့်ပျက် မိန်းကလေးရှိတာ ဆရာ့ကုမ္ပဏီနာမည်ပျက်နိုင်သလို ကျွန်မတို့ဝန်ထမ်းလည်း နစ်နာမှုရှိပါတယ်။ ဒါကြောင့်မွေ့အိမ်ဇော်ကိစ္စကို စဉ်းစားဖို့ ဆရာ့ကို တင်ပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ၊ မွေ့အိမ်ဇော်ကိစ္စကိုအကောင်းဆုံးဖြစ်အောင် စီစဉ်ရမှာပေါ့။ ကဲ ခင်ဗျားတို့သွားနိုင်ပါပြီ၊ အောက်ထပ်ရောက်ရင် ဦးလေးမောင်ကို ကျွန်တော့်ဆီ လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ဆရာ၊ ဒါဆို ကျွန်မတို့ သွားပါဦးမယ်"

သူ ခေါင်းညိတ်ပြလိုက်၏။ မေသွယ်တို့ ထွက်သွားတော့ သူ စိတ်ရှုပ်စွာ ကျန်ခဲ့သည်။ မိန်းမတွေဟာ ဒီလိုပဲ အမြဲရှုပ်ထွေးနေတတ်တယ်ဟု သူ စဉ်းစားမိကာ မွေ့အိမ်ဇော်ဆိုတဲ့မိန်းကလေးကို မမြင်ဖူးခင်ကပင် အထင်ကျကျနေ သေးလိုက်ပါ၏။

ဟင်း ကြုံလည်းကြုံတတ်တယ်၊သူအလုပ်မှာသုံးလလောက် အနားယူသွားတာ မိန်းမတစ်ယောက်ကြောင့်ဖြစ်၏။ ပြောရလျှင်တော့ ရှက်စရာခံပြင်းစရာပါ။ အောင်ခန့်ညိုဆိုတာ သူ့ဘဝမှာ လွန်ခဲ့တဲ့ ဆယ်နှစ်ကပင် မိဘနှစ်ပါးကွယ်လွန်သွားတာမို့ တွယ်တာစရာ သံယောဇဉ်ကင်းမဲ့ခဲ့ရ၏။ မောင်နှမသားချင်းမရှိသော သူ့ဘဝတွင် ဆွေမျိုးနီးစပ်တော်သောဦးလေးမောင်ကိုသာ အရင်းနှီးဆုံး အတွယ်တာဆုံးလူအဖြစ် သတ်မှတ်ထားရ၏။

ဦးလေးမောင်ကိုယ်တိုင်ကလည်းလူပျိုကြီးမို့ သူ့ကိုသားတစ်ယောက်လိုပင် ချစ်၏။ လွန်ခဲ့တဲ့ သုံးလခန့်ကမှ ဦးလေးမောင်ဘာစိတ်ကူးပေါက်တယ်မသိ၊ သူ့ကိုမိန်းမယူဖို့ နားချလာသည်။





"မောင်အောင်လည်းအသက်သုံးဆယ်ထဲရောက်နေပြီဆိုတော့ အိမ်ထောင်ရေးစဉ်းစားသင့်ပြီလို့ ဦးလေးမောင် ထင်တယ်"

ထိုစဉ်က ဦးလေးမောင်အပြောကြောင့် သူ ပြုံးမိရ၏။ ဦးလေးမောင်က သူ့ကိုအိမ်ထောင်ပြုဖို့ အကြံပေးတိုက်တွန်းနေပေမယ့် သူ့မှာ လက်ထပ်ချင်လောက်အောင် စွဲလန်းမြတ်နိုးရမဲ့ မိန်းမမျိုး မရှိပါ။ ထို့ကြောင့် ဦးလေးမောင်ကို ပြန်မေးလိုက်ရ၏။

"ကျွန်တော်က ဘယ်သူနဲ့ အိမ်ထောင်ပြုရမှာလဲ ဦးလေးမောင်"

သူ့အမေးကြောင့် ဦးလေးမောင်အံ့သြစွာကြည့်၏။

"ဟ မင်းချစ်တဲ့ချစ်သူနဲ့ပေါ့ မောင်အောင်ရ"

"အဲဒါခက်တာပဲ ဦးလေးမောင်၊ ဒီနေ့ဒီအချိန်ထိ ကျွန်တော့်မှာ ချစ်ရတဲ့သူ မရှိသေးဘူးဗျ"

"ဟင် ဒါဆိုမင်းနဲ့တွဲနေကြတဲ့ မိန်းကလေးတွေကရော ဘယ်ရောက်ကုန်လဲ"

ဦးလေးမောင်အမေးကြောင့် သူ ရယ်မိရ၏။ အော် ဦးလေးမောင် တော်တော်ရိုးသေးပါလားဟု စိတ်ထဲကလည်း မှတ်ချက်ချမိ၏။

"သူတို့က ကျွန်တော့်ချစ်သူတွေမဟုတ်ဘူးဦးလေးမောင်ရဲ့၊ကျွန်တော်ရဲ့ ပါတနာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ၊ ငါက မင်းချစ်သူတွေများလားလို့၊ နေပါဦး မင်းတွဲနေတဲ့ မိန်းကလေးတွေအားလုံး ချောချောလှလှလေးတွေချည်းပါပဲ။ အသိုင်းအဝိုင်းလည်းကောင်းကြပါရဲ့၊ ဒါနဲ့တောင် မင်းက သူတို့ထဲက တစ်ယောက်ယောက်ကိုမှ မချစ်ဘူးလား"

သူ ပြုံး၍ခေါင်းခါယမ်းလိုက်ရင်း-

"ဟင့်အင်း လုံးဝမချစ်ဘူး၊ သူတို့အားလုံးကျွန်တော့်နှလုံးသားကိုသိမ်းပိုက်နိုင်လောက်အောင် ညို့ဝင်အားမရှိဘူး၊ ဦးလေးမောင်"

သူ့စကားကြောင့် ဦးလေးမောင်အတန်ကြာ ငြိမ်သက်သွား၏။ ပြီးမှ သူ့ကိုတည့်တည့်ကြည့်ကာ-

"ဒါပေမယ့် အိမ်ထောင်တစ်ခုထူထောင်ရာမှာ အချစ်က သိပ်အရေးမကြီးဘူး မဟုတ်လား မောင်အောင်"

"ဦးလေးမောင်က ဘယ်လိုယူဆလဲ"

အမေးကိုအမေးနှင့်တုန့်ပြန်လိုက်တော့ ဦးလေးမောင် ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားသွား၏။ အတန်ကြာမှ-

"အင်းဦးလေးမောင်အယူအဆကို ပြောရရင် အိမ်ထောင်တစ်ခုတည်ဆောက်တဲ့နေရာမှာ အချစ်ထက် ကိုယ်နဲ့သဘောကိုက်ညီပြီး လိုက်လျောတဲ့ မိန်းကလေးမျိုးရွေးသင့်တယ် ထင်တာပဲ"

"ရှင်းရှင်းပြောပါ ဦးလေးမောင်၊ ကျွန်တော့်ကို ဘယ်လိုမိန်းကလေးမျိုးနဲ့ ဦးလေးမောင် အိမ်ထောင်ချပေးချင်တာလဲ"





"ဦးလေးမောင်မိတ်ဆွေရဲ့သမီးတစ်ယောက်နဲ့ပဲ မောင်အောင်၊ မိန်းကလေးက ဆရာဝန်၊ ရုပ်လေးကလည်း ချောတယ်၊ အသိုင်းအဝိုင်းကလည်း ကောင်းတော့ မောင်အောင်နဲ့ လိုက်ဖက်လှတယ်"

" တကယ်လို့ အိမ်ထောင်ပြုဖို့ ကျွန်တော်က လက်မခံဘူးဆိုရင်ကော ဦးလေးမောင်"

သူ့အမေးကြောင့် ဦးလေးမောင်မျက်နှာငြိုးသွား၏။ သည်တော့လည်း သူ စိတ်မချမ်းသာသလိုဖြစ်ရ၏။

"အင်းလေ၊ မင်းစိတ်မပါရင်တော့ ဦးလေးမောင်မပြောတော့ပါဘူး၊ ဒါပေမယ့် မင်းမှ အိမ်ထောင်မပြုရင် ဦးလေးမောင်တို့မျိုးဆက်ပြတ်သွားမှာ သေချာတယ်"

ဦးလေးမောင် အသံက စောစောကလို မသွက်လက်၊ သူ့စကားမအောင်မြင်တာကြောင့်စိတ်ထိခိုက်သွားပုံရ၏။ ထို့ကြောင့် သူ ပြုံးကာ-

"ဒါဆို ဦးလေးမောင် မိန်းကလေးကို ကျွန်တော်အကဲခတ်ကြည့်မယ်လေ"

"ဟင် မင်းတကယ်ပြောတာလား မောင်အောင်"

"တကယ်ပါ ဦးလေးမောင်ရဲ့။ ကျွန်တော်လည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်ပြီဆိုတာ သိပါတယ်၊အဲဒီမိန်းကလေး ကျွန်တော် သဘောကျရင် လက်ခံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ မောင်အောင်ရာ၊ ဒါဆို မင်းနဲ့သက်နှင်းဇော်ကို တွေ့ဖို့ စီစဉ်ပေးမယ်"

ဦးလေးမောင်မျက်နှာကြီး ဝင်းလက်သွားတာ စောစောကနှင့်မတူ၊ သူ့အပေါ် ဖခင်တစ်ယောက်လို သံယောဇဉ်ရှိတာသိရတော့ ဦးလေးမောင်ပျော်ရွှင်ခြင်းကိုကျေနပ်မိပါ၏။

ဦးလေးမောင်က သူနဲ့ဒေါက်တာ သက်နှင်းဇော်ကို အမြန်ဆုံးတွေ့ပေးဖို့ စီစဉ်လေ၏။ နောက်ရက်မှာပဲ သက်နှင်းဇော်တို့သားအဖကို သူ့အိမ်တွင် ထမင်းစားဖိတ်လိုက်၏။ ထိုအစီအစဉ်က အထူးအစီအစဉ်မို့ ဟင်းတွေအားလုံးဟိုတယ်မှ စပါယ်ရှယ်မှာသည်။ သက်နှင်းဇော်တို့ရောက်လာချိန်မှာတော့ အားလုံးအဆင်သင့်။

ဒေါက်တာ သက်နှင်းဇော်က မိန်းမချောလေးတစ်ဦးဟု မြင်မြင်ချင်း ဝန်ခံရမည်။ ဒါပေမယ့်သူမမျက်လုံးတွေက အေးစက်နေသည်။ ထမင်းစားပွဲမှာ သူကသာ စကားပြောသူဖြစ်၍ သက်နှင်းဇော်က နားထောင်သမား။ မလှုပ်တလှုပ်နှင့် သက်နှင်းဇော်ကို အားမရပေမယ့် သူ့အိမ်ထောင်ဖက်ဟာ သက်နှင်းဇော်လို မိန်းကလေးမျိုးပဲ ဖြစ်သင့်တယ်ဟု တွေးကာ လက်ခံခဲ့၏။

လူကြီးနှစ်ယောက်ကတော့ သူတို့နှစ်ယောက်ကို အမြန်ဆုံး လက်ထပ်ပေးချင်၏။သူနှင့်သက်နှင်းဇော်က တိုင်ပင်ကာ လော





လောဆယ် စေ့စပ်ထားဖို့ ပြောရသည်။ စေ့စပ်ပွဲကိုပင် သက်နှင်းဇော်က အကြီးအကျယ်မလုပ်စေချင်တာကြောင့် နှစ်ဖက်လူကြီးအနည်းငယ်ဖြင့် အကျဉ်းရုံးစီစဉ်လိုက်ရ၏။

"မင်း သက်နှင်းဇော်ကို ဘယ်လိုမြင်လဲ မောင်အောင်"

သက်နှင်းဇော်တို့ ပြန်သွားတော့ သူ့ထင်မြင်ချက်ကို ဦးလေးမောင်မေးသည်။ သူ ခပ်ဖွဖွ တစ်ချက်ပြုံးရင်း-

"မဆိုးပါဘူး ဦးလေးမောင်၊ သက်နှင်းဇော်ဟာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်နိုင်ပါတယ်"

"ဒါပေမယ့် သက်နှင်းဇော်ကို မင်းချစ်လို့တော့ မရသေးဘူးမဟုတ်လား"

"ဦးလေးမောင်ပဲ ပြောတယ်လေ၊ အိမ်ထောင်တစ်ခုမှာ အချစ်ထက်ကိုယ်နဲ့ ကိုက်ညီမယ့် မိန်းကလေးမျိုးက အရေးကြီးတယ်ဆို"

"ဟုတ်တယ်လေ၊ ဘာပဲဖြစ်ဖြစ် ခုလို ဦးလေးမောင်ဖြစ်ချင်တာဖြစ်သွားတဲ့အတွက် ဝမ်းသာမိပါတယ်"

တကယ်ပင် ဦးလေးမောင်ပုံစံက ပျော်ရွှင်နေဟန်။ သူကရော သူ့ဘဝမှာ နှလုံးသားထဲက ချစ်တဲ့သူမရှိတာမို့ သက်နှင်းဇော်တို လက်ထပ်ဖို့အရေး အခက်အခဲရှိဟန်တူ၏။ သူနဲ့စေ့စပ်ပြီး တစ်ပတ်အကြာမှာပဲ သူ့ထံ စာတစ်စောင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



*"ကိုအောင်ခန့်ညို*

*အချစ်မပါတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်လို့ ကျွန်မ ချစ်သူနောက်လိုက်သွားပါပြီ၊ ဖြစ်ပြီးတဲ့ကိစ္စအားလုံးအတွက် ကျွန်မကို ခွင့်လွှတ်ပါ။*

*သက်နှင်းဇော်*

ထိုစာကိုဖတ်နေချိန်မှာတော့ သူ့ရင်ထဲ ရှက်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် ပြည့်နှက်နေ၏။ ဒါ သူ့ဂုဏ်သိက္ခာကို ရိုက်ချိုးဖျက်ဆီးလိုက်တာပဲ၊ အစကတည်းက ဒီလိုပြောလျှင် သူနောက်ဆုတ်ပေးမှာပေါ့။ အခုတော့ စေ့စပ်တာကိုပင် အကြံနဲ့ အကျဉ်းချုံးပြုလုပ်ကာ ချစ်သူနောက်လိုက်သွားသည်တဲ့။

တစ်ခု စိတ်သက်သာတာက သူနဲ့သက်နှင်းဇော်ကိစ္စကို လူအနည်းငယ်လောက်သာသိသေးတာမို့ အကြီးအကျယ် အရှက်မကွဲခဲ့ပါ။ ဒါပေမယ့် သူကကောကိုယ့်ကိုကိုယ် ရှက်မိတာမို့ စိတ်ပြေလက်ပျောက် ကလောဖက်သို့ ခရီးထွက်ခဲ့မိ၏။ သူတို့ကိစ္စပျက်ပြားသွားခြင်းကို ဦးလေးမောင်တော်တော် စိတ်ထိခိုက်သွားသည်။ သူ့ကိုလည်းနောက်ပိုင်း အလုပ်ကိစ္စတွေမပျက်ရန် ပြောပြီး နားလည်စွာဖြင့်လွှတ်လိုက်လေ၏။

ယခုအခါ ရောက်မဆိုက်မှာပင် သူတစ်ခါမှ မတွေ့ဖူးသည့် မွှေ့အိမ်ဇော်ဆိုသည့်မိန်းကလေး၏ ပြဿနာက ဆိုက်နေလေပြီ။

လှိုင်ဓာပေ



ဇော်ပါတဲ့ မိန်းမတွေဟာ သူ့အတွက် ကောင်းကျိုးမပေးပါလား၊ ထိုစဉ်မှန်တံခါးရွက်ကို တွန်းဖွင့်ကာ ဦးလေးမောင် ဝင်လာ၏။

"မောင်အောင် ခေါ်တယ်ဆို"

"ဟုတ်ကဲ့ဦးလေးမောင်၊ ကျွန်တော် ပြောစရာရှိလို့ပါ"

ဦးလေးမောင်က ခေါင်းညိတ်ကာ သူ့ရှေ့က ခုံတွင် ဝင်ထိုင်၏။ သူ နှုတ်ခမ်းကိုတင်းတင်းစေ့ကာ တစ်ချက်စဉ်းစားသလိုလုပ်ပြီးမှ-

"ကျွန်တော် မွှေ့အိမ်ဇော်ကို သုံးလစာကြိုပေးပြီး အလုပ်ကထုတ်လိုက်မယ် ဦးလေးမောင်"

"ဟင် မွှေ့အိမ်ဇော်ကို အလုပ်က ထုတ်ပစ်မယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

သူခေါင်းတစ်ချက် ခါယမ်းကာ-

"ကျွန်တော့်ကို ဒါတွေမေးမနေပါနဲ့ ဦးလေးမောင်၊ ကျွန်တော်ကြားရသလောက် မွှေ့အိမ်ဇော် သတင်းတွေက မကောင်းဘူး"

"ဒါ မောင်အောင့်ဆုံးဖြတ်ချက်လား"

"ဟုတ်တယ် ဦးလေးမောင်"

သူပြတ်သားစွာ ပြောလိုက်၏။

"ဦးလေးမောင်တော့ မွှေ့အိမ်ဇော့်အတွက် စိတ်မကောင်းဘာပါပဲ၊ မောင်အောင် ဆုံးဖြတ်ချက်ဟာ တစ်ဖက်သားအတွက် နစ်နာရာကျသွားမှာဦးလေးမောင် စိုးရိမ်တယ်"

လှိုင်ဓာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမောင် တောင်းပန်ချင်တာက မွေ့အိမ်ဇော်ကို တွေ့ပြီး မောင်အောင်အကဲခတ်ပါ၊ လူချင်းတွေ့ပြီး မောင်အောင် မကြိုက်တဲ့အပြုအမူတွေရှိမှ ဒီကိစ္စကို ဆုံးဖြတ်စေချင်တယ်"

လူတစ်ဖက်သားအပေါ် သနားတတ်သော ဦးလေးမောင်က မွေ့အိမ်ဇော်ကိုယ်စား တောင်းပန်နေ၏။ သူလည်းကိုယ့်အတွက်နဲ့ လူတစ်ဖက်သားကို မနစ်နာစေလိုပါ။ ဒါပေမယ့် ဒါဟာ အလုပ်ကိစ္စလေ။

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော်မွေ့အိမ်ဇော်ကို အကဲခတ်ကြည့်လိုက်ပါ့မယ်"

"ဒီလိုမှပေါ့ မောင်အောင်၊ ဆုံးဖြတ်ချက်တစ်ခုကို အမြန်လုပ်တတ်ရင် မှားတတ်တယ်ကွယ့်"

ဦးလေးမောင်ကျေနပ်သွား၏။ သူ့ သက်ပြင်းတစ်ချက်ချကာ ခပ်ဖွဖွပြုံးဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဦးလေးမောင်၏ တောင်းပန်မှုကြောင့်မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေး ကံကောင်းသွားခြင်းပါ။

ထိုအချိန်တွင် အောက်ထပ်၌ မေသွယ်နှင့်ခင်ညိုတို့က ယနေ့မှ တွေ့မြင်ဖူးလိုက်သော သူတို့၏ ဆရာသမားအောင်ခန့်ညိုအကြောင်းကို ပြောမဆုံးအောင် ဖြစ်နေကြသည်။

"ခင်ညိုရေ၊ တို့ကုမ္ပဏီပိုင်ရှင်ဆရာဦးအောင်ခန့်ညိုက အသက်ကြီးကြီးအဖိုးကြီးတစ်ယောက်လို့ ထင်ထားတာ၊ အခုတော့ ထင်တာနဲ့ တစ်ခြားစီနော်၊ အသက်ငယ်ငယ်လေးနဲ့ ချောလိုက်တာ၊ ပြီးတော့ ဆရာက လူပျိုတဲ့"

ကြိုင်စာပေ



အောင်ခန့်ညိုအကြောင်းပြောနေသော မေသွယ့်မျက်လုံးတွေက တဖျပ်ဖျပ်လက်ကာ နှုတ်ခမ်းတွေက နှစ်လိုစွာ ပြုံးနေ၏။

"ဘာလဲ မေသွယ်၊ နင်က ဆရာ့ကိုစိတ်ဝင်စားနေတာလား"

"အို ခင်ညိုကလဲ ဘယ်လိုမေးလိုက်တာလဲလို့"

ခင်ညို့အမေးကြောင့် မေသွယ်မျက်နှာရှက်ရိပ်ထင်သွား၏၊ ခင်ညိုက ခပ်မဲ့မဲ့ပြုံးကာ-

"လုပ်မနေစမ်းပါနဲ့ မေသွယ်ရယ်၊ နင့်အကျင့်ကိုက ယောကျ်ားလေး ချောချောမြင်ရင် စိတ်ဝင်စားတတ်တာ ငါမသိဘူးများ မှတ်နေသလား"

"ဟယ် ခင်ညိုကလဲ ပြောတော့မယ်"

အကြောင်းသိ သူငယ်ချင်းတွေမို့ ခင်ညို့စကားကို ငြင်းပယ်ဖို့ မေသွယ်မကြိုးစားပါ။ တကယ်လည်း ဆရာဦးအောင်ခန့်ညိုကို မြင်မြင်ချင်း သူစိတ်ဝင်စားမိပါ၏။

"ဒါနဲ့ နင်ကဘာဖြစ်လို့ မွေ့အိမ်ဇော်အကြောင်း ဆရာသွားပြောရတာလဲ မေသွယ်"

"အို ဒါကတော့ အမှန်အတိုင်း ပြောတာပဲ ခင်ညို၊ ပြီးတော့ ဆရာ့ကို မွေ့အိမ်ဇော့်အကြောင်း ကြိုတင်သိစေချင်လို့"

"ဘာ ဆရာ့ကို မွေ့အိမ်ဇော်အကြောင်း ကြိုသိရအောင်လို့ ဟုတ်လား မေသွယ်၊ နေပါဦး၊ အဲဒါ ဘာအဓိပ္ပာယ်လဲ"

ကြိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ညို၏ နားမလည်သလို အမေးကြောင့် မေသွယ်ပြုံးသည်၊ ခင်ညိုကိုလည်း အရန်ကောဟု အတွေးဖြင့် ကြည့်မိရ၏။

"နင်က သိပ်ရိုးတာကို ခင်ညို ကဲ ငါမေးမယ်၊ မွှေ့အိမ်ဇော်က သိပ်ကို မချောဘူးလား၊ မလှဘူးလား"

"လှတယ်၊ ချောတယ်လေ၊ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲဟ၊ မိန်းကလေးတစ်ယောက်သိပ်ကိုလှနေချောနေမှတော့ ယောကျ်ားတစ်ယောက်က မြင်မြင်ချင်းစိတ်ဝင်စားနိုင်တာပေါ့"

"ဘာလဲ ဆရာက မြင်မြင်ချင်း မွှေ့အိမ်ဇော်ကိုစိတ်ဝင်စားနိုင်တယ်လို့ ပြောတာလား"

"အေးပေါ့ ဆရာကလည်းလူပျိုလူလွတ်တစ်ယောက်ပဲ စိတ်ဝင်စားနိုင်တာပေါ့၊ ဒါကြောင့် ဆရာ့ကို မွှေ့အိမ်ဇော်အကြောင်းတွေ ကြိုသိရအောင် ပြောပြလိုက်တာ"

"ဖြစ်မှဖြစ်ရလေ မေသွယ်ရယ်၊လူနှစ်ယောက်ရဲ့ဖူးစာဆိုတာ နင်တားယုံနဲ့ ပျက်မယ်ထင်သလား၊ သူတို့မှာ ရေစက်ပါလာရင် ဘယ်လိုအတားအဆီးတွေပဲ ရှိရှိ ရကြမှာပဲ၊ ဖူးစာမပါဘူးဆိုရင်လည်း ဘယ်လောက်ပဲချစ်ချစ် ကွဲကြရမှာပဲ ကံအတိုင်းပဲ မေသွယ်"

"အို ဒါတွေ ငါမသိဘူးခင်ညို၊ ငါသိတာက ဆရာ မွှေ့အိမ်ဇော်ကို စိတ်ဝင်စားမသွားဖို့ပဲ၊ ဆရာနဲ့မွှေ့အိမ်ဇော် မနီးစပ်ဖို့ ငါအတတ်နိုင်ဆုံး ဖန်တီးရမှာပဲ"





တဇွတ်ထိုးသမား မေသွယ်က ဘယ်လိုတရားချပြပါစေ၊ နားမဝင်လေပါ။ ခင်ညိုက သက်ပြင်းတစ်ချက်ချကာ-

"မွှေ့အိမ်ဇော်ကို ဆရာက နင်ပြောသလို စိတ်မဝင်စားပါဘူးတဲ့၊ အဲဒါနဲ့ ဆရာက နင့်ကိုစိတ်ဝင်စားလာမယ် ထင်သလား မေသွယ်"

"အို ဒါကတော့ ဆရာ့အကြိုက်ဖြစ်အောင် နေမှာပေါ့၊ ငါတို့ ဆရာစိတ်ဝင်စားလာအောင် အတတ်နိုင်ဆုံး ဆွဲဆောင်ရမှာပဲ"

"မေသွယ်ရယ်၊ လူတွေဟာ ကိုယ့်ဖြစ်ချင်တာကို ဖန်တီးတိုင်းသာရမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့"

"ဘာလို့မရနိုင်ရမှာလဲ ခင်ညို၊ ပေသွယ်တဲ့ ကြည့်၊ တစ်နေ့ ကုမ္ပဏီပိုင်ရှင်ကတော်ဖြစ်ရမယ်"

မေသွယ်က ဂုဏ်ယူဝံ့ကြွားစွာ ပြော၏။ မေသွယ့်လေသံတွေက တစ်နေ့သူဖြစ်ချင်တာကို ဖြစ်ရမယ်ဟု သေချာပေါက် တွေးထားပုံပင်။

ခင်ညိုကတော့ မေသွယ့်ကိုကြည့်ပြီး စိတ်ပျက်မိ၏။ မေသွယ်ပြောသလို တစ်နေ့ ကုမ္ပဏီပိုင်ရှင်ကတော်မဖြစ်ဘဲ ကုမ္ပဏီက အလုပ်ထုတ်ခံနေရအုံးမယ်ဟု စိတ်ထဲမှ တိတ်တဆိတ်ပြောလိုက်တာကို မေသွယ့်မကြား။ တကယ်လို့ ကြားခဲ့ရင်လည်း ခင်ညို့ကို ပါးစပ်ပုတ်ကြီးနဲ့ မပြောနဲ့ဟု မျက်စောင်းထိုးကာ ရန်တွေ့နေမလားမသိပေ။ ဘာပဲဖြစ်ဖြစ် ခင်ညိုကတော့ ရှေ့ဆက် ဘာဖြစ်လာမည်ကိုကြည့်ရန်သာရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ဆိုသည့်အချိန်သည် အောင်ခန့်ညိုအတွက် ဘယ်လိုတုန်ဆုံးသွားမှန်းမသိပေ။ သုံးလတာပင်ကြာခဲ့သော အလုပ်များတို့ ယခုမှ ခန်စ်တကျဖြင့် စိစစ်ကာလုပ်နေရသောကြောင့် မွှေ့အိမ်ဇော်ဆိုသည့် မိန်းကလေးကိုပင် သူ့ ဦးနှောက်က မေ့ခဲ့ပြီ။

ထိုနေ့လည်း သူတစ်ယောက်တည်း ရုံးခန်းမှာ စာရင်းဇယားများကိုစစ်ဆေးနေမိ၏။ ထိုစဉ်မှာပင်-

"ကျွန်မကို ဝင်ခွင့်ပြုပါရှင်"

အလုပ်ထဲ အာရုံရောက်နေသော သူသည် ရုတ်တရက် ကြည်လင်အေးမြသော မိန်းကလေးတစ်ယောက်၏ အသံကိုကြားလိုက်ရတာမို့ သူ ဆတ်ကနဲ ခေါင်းထောင် ကြည့်လိုက်သည်။ ပထမဆုံး တွေ့လိုက်တာ သူ့ရုံးခန်းမှ မှန်တံခါးရွက်ရှေ့တွင် ရပ်နေသော အရပ်မြင့်မြင့်မိန်းကလေးတစ်ယောက်၏ အရိပ်ကလေး တစ်ခုပင်။ သူက ဘယ်သူများလဲဟု တစ်ချက်စဉ်းစားရင်း "ဝင်ခဲ့ပါ" ဟု ပြောလိုက်၏။

တစ်ခဏမှာပင် ရုံးခန်းတံခါးရွက်ပွင့်သွားကာ သူတစ်ခါမှ မမြင်ဖူးသော နတ်မိမယ်တမျှလှပသော မိန်းကလေးတစ်ယောက် ဝင်လာတာကို တွေ့လိုက်ရသည်။

ထိုမိန်းကလေး အခန်းထဲရောက်တာနှင့် သူ့ရုံးခန်းတစ်ခုလုံး သနပ်ခါးနံ့ သင်းသင်းလေးက မွှေးပျံ့သွားလေ၏။ မိန်းကလေးက သူ့စားပွဲရှေ့တွင် ရပ်လာခိုက် သူတခဏမျှ မိန်းမောသွားရသည်။ ကြည့်စမ်း၊ သူ့ဘဝမှာ မိန်းမလှလေးများစွာ တွေ့ဖူးပါသည်၊





သူမလို မြင်လိုက်တာနှင့်ရင်ထဲအေးငြိမ်းကာ ကြည်လင်အေးချမ်းသော အလှမျိုးကို တစ်ခါမှ မတွေ့ဘူးခဲ့ပါ။

သူ့ရှေ့တွင် မိန်းကလေး၏ အရပ်သည် အတော်မြင့်မား၏၊ ပြည့်တင်းကျစ်လျစ်သောခန္ဓာကိုယ်တွင်မိန်းကလေးတစ်ယောက်ရှိသင့်ရှိထိုက်သော အမို့အမောက်အချိုင့်အဝန်းတွေက သူ့နေရာနှင့်သူ အချိုးအစား ပြေပြစ်လှ၏။ သူမ၏ အသားအရေက စကားဝါရောင် ကဲ့သို့ ဝင်းနှစ်ကာ အကြောစိမ်းစိမ်းလေးပေါ်နေ၏။ မျက်နှာလေးကလည်း မေးစေ့ချွန်ချွန်လေးဖြင့် မျက်နှာကျလှပပြီး မျက်ခုံးထူနက်နက်ကလေးဖြင့် အမှတ်မထင်ကြည့်လျှင် ဆေးဖြင့်ဆွဲထားသလို မျက်ခုံးမျိုးထင်ရအောင် ထူထူကော့ကော့ဖြင့် စင်ယော်တောင် မျက်ခုံးမျိုး အချိုးကျလှပနေ၏။ မျက်တောင်ထူထူကော့ကော့များက ကြည်လင်ပြာလဲ့သော မျက်ဝန်းများကို ဝိုင်းရံထားပြီး နောက်စင်းစင်းလေးက ထိပ်ဖျားတွင် လုံး၍ စေ့ချွန်သွား၏၊ နီရဲနုထွေးသော နှုတ်ခမ်းလေးအစုက တင်းတင်းစေ့ကာ မျက်ဝန်းတောက်တောက်တွေက အရောင်တစ်မျိုးဖြာထွက်နေဟန်၊ အထူးခြားဆုံးကတော့ တင်ပါးအောက်ထိ ရှည်လျားသော သူမ၏ ဆံပင်များကို ဆံမြီးကျစ် ခပ်ဖွဖွ တစ်ချောင်းတည်း ကျစ်ထား၏။ ဇော်တစ်ကိုယ်လုံး သဘာဝ အလှတွေဖြင့် ပြည့်စုံကာ မျက်နှာပေါ်မှာလည်း သနပ်ခါးရေကျဲ ကျဲကလွဲ၍ ဘာအကျူပစ္စည်းများမှ မပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဇော် ဝတ်စားထားတာလေးကလည်း ရိုးရိုးလေးပင်။ ဖြူဆွတ်နေသော အဖြူရောင်ဇာအပိတ်ကို ရင်ဖုံးလက်တို ချုပ်ဝတ်ထားပြီး လုံချည်ကတော့ နက်ပြာရင့်ရင့်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ ရိုးရှင်းစွာ ဝတ်ဆင်ထားမှုကပင် ဇော့်အလှအား တည်ငြိမ်မှုပိုစေသည်။ ဇော် နှုတ်ခမ်းတင်းတင်းစေ့ကာ ကြည်စင်တောက်ပနေသော မျက်လုံးများဖြင့် ကြည့်လာ၏။ ဇော်၏ အကြည့်ကြောင့် သူ့ရင်ထဲ နွေးကနဲဖြစ်သွားသည်။ ထိုစဉ်မှာပင် ဇော်၏ နှင်းဆီငုံဖူးကဲ့သို့ နီရဲသော နှုတ်ခမ်းလွှာလေးဖြင့် နှစ်ခုအသာပွင့်လာပြီး-

"ကျွန်မ မွေ့အိမ်ဇော်ပါ ဆရာ"

"ဟင် မင်းက မွေ့အိမ်ဇော်"

ရုတ်တရက် သူ အံ့သြသွား၏။ မွေ့အိမ်ဇော်ဆိုတာနှင့် သူ့မျက်နှာကလည်း မသိမသာတင်းမာသွားသည်။ ဟုတ်တယ်လေ၊ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးကို ယခုမှမြင်ဖူးပေမယ့် ဇော်၏ သတင်းတွေကတော့ လူမမြင်ဖူးခင်ကတည်းက ကြားဖူးနေတာ မဟုတ်လား၊ ထိုကြားရသောသတင်းတွေကလည်း တစ်ခုမှ အကောင်းမဟုတ်။ သည်တော့လည်း သူ့မျက်နှာတင်းမာရတာ အပြစ်ဆိုစရာ မရှိ။

စောစောက ရင်ခုန်နွေးထွေးမှုများပင် ပျက်ပြယ်သွားကာ မျက်နှာပြင်အေးစက်စက်ဖြစ်သွားရသည်။ သူထင်ထားတဲ့ မွေ့အိမ်





ဇော်ပုံစံက ဒီလိုမျိုး မဟုတ်။ ဆံပင်တိုတို ကလက်တက်တက်ဟုသာ ထင်မိ၏။ ယခု သူ့ရှေ့မှာရောက်နေသော မွေ့အိမ်ဇော်ပုံစံက တကယ့်ကို အိန္ဒြေရှိရှိ တည်တည်ငြိမ်ငြိမ်၊ သူ့အထင်နှင့်ကတော့ တစ်ခြားစီ။

ဒါပေမယ့် လူတစ်ယောက်စိတ်ကို အပေါ်ယံကြည့်၍ ဆုံးဖြတ်လို့မရ၊ အပေါ်ယံက တည်ငြိမ်နေပေမယ့် အတွင်းစိတ်က မတည်ငြိမ်တာတွေအများကြီး။ ထို့ကြောင့် ဇော့်ကို အေးစက်စက်မျက်ဝန်းများဖြင့် ကြည့်ကာ ရှေ့မှ ခုံကိုမေးဆတ်ပြ၍ (ထိုင်)ဟု တည်ငြိမ်စွာ ပြောလိုက်၏။ ထိုအခါ ဇော်က ဇော်၏ ကျစ်ဆံမြီးကျစ်ထားသော ဆံပင်ရှည်ကြီးကို ရှေ့ဘက်ရင်ဘတ်ပေါ်သို့ အသာဆွဲယူကာ မျက်လွှာချ၍ ဝင်ထိုင်၏။ ဇော်၏ အမူအရာတွေက တကယ့်ကို သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့၊ ဇော်အကြောင်းတွေကို ကြိုတင်မကြားထားလျှင် ယခုလိုပုံစံနှင့် မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးဟာ အင်မတန်မှ ဣန္ဒြေရှိသော၊ တည်တံ့သော၊မိန်းမပီသသော မိန်းကလေးအဖြစ် မှတ်ယူမိမှာ ဖြစ်၏။ ယခုတော့လည်း သူ့အကြောင်းတွေ သိထားတာမို့ ဇော်၏ ပုံစံတွေကို ဘယ်လိုမှ အထင်ကြီး၍ မရပါ။

ထို့နောက်သူမကို နှုတ်ခမ်းတင်းတင်းစေ့ကာ တစ်ချက်ကြည့်လိုက်ပြီး-

"မင်းကိုဦးလေးမောင် လွှတ်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဇော်က သူ့ကိုမျက်လွှာတစ်ချက်လှန်ကြည့်ကာ ခေါင်းညိတ်ပြသည်။ သူ့ သက်ပြင်းကြီး ကြိတ်ချမိရ၏။ မျက်တောင်ကော့များကို ပင့်ကာကြည့်လာသော ဇော်၏အကြည့်က သူ့နှလုံးသားများကို ဒိုင်းခနဲဆောင့်ခုန်စေတာမဟုတ်လား။ မရဘူးနော်၊ လုံးဝမရဘူး၊ အောင်ခန့်ညိုကို ဒီလိုဆွဲဆောင်လို့ မရဘူး မွှေ့အိမ်ဇော်။

သူကိုယ့်ဘာသာ သတိကြိတ်ပေးရင်း အလုပ်ကိစ္စနှင့်ပတ်သက်ကာ ဇော့်အပေါ် အမြင်မကြည်လင်တာတွေကို ဆက်တိုက်မေးဖြစ်၏။

"မင်း ဒီကုမ္ပဏီမှာ အလုပ်ဝင်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးလပါ ဆရာ"

"ဟုတ်ပြီ အဲဒီသုံးလအအတွင်းမှာ မင်းဒီမှာ အလုပ်-လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်"

ဇော်က သူမေးသမျှ လေးလေးစားစား ဖြေ၏။ ဇော့်ကြည့်ရတာ ဘာတစ်ခုမှ အပြစ်မလုပ်ထားသည့်ဟန်။ သူခေါင်းဆတ်ကနဲ ညိတ်ကာ-

"ကောင်းပြီ၊ မင်းသုံးလအတွင်း ဒီကုမ္ပဏီမှာ အလုပ်-လုပ်ရတာ အဆင်ပြေတယ်လို့ ပြောတယ်၊ အဲဒီလို အဆင်ပြေလျက်နဲ့ မင်းဘာဖြစ်လို့ အခွင့်အရေးတွေ ဖွတ်ယူနေတာလဲ"





"ရှင်"

ဇော် ဆတ်ကနဲ ခေါင်းမော့လာကာ မျက်လုံးဝိုင်းလေးတွေဖြင့် သူ့ကိုနားမလည်သလို ကြည့်၏။ သူ နှုတ်ခမ်းတင်းတင်းစေ့ကာ တစ်ချက်ပြုံးလိုက်သည်။ မိန်းမတစ်ယောက်ရဲ့ ဟန်ဆောင်မှုကို သွယ်လွှယ်နဲ့သူ မယုံတတ်ဘူးဆိုတာ ဒီမိန်းကလေး မေ့နေရော့သလား။

"မင်းကိုယ် ပြောတာတွေကို တကယ် မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား မွှေ့အိမ်ဇော်"

"ဆရာဘာကိုဆိုလိုတာလဲ၊ ကျွန်မကို ရှင်းရှင်းပြောစေလိုပါတယ်"

ဇော့်မျက်နှာလေးက စောစောကလို မဝံ့မရဲမဟုတ်ဘဲ ဘည်ငြိမ်စွာ ဖြစ်ပေါ်လာပြီး သူ့ကို ရဲဝံ့ပြတ်သားစွာ ပြန်မေးလာ၏။ ဇော်၏ တောက်ပသော မျက်လုံးတွေကလည်း မဟုတ်မခံ စိတ်ဓာတ်ကို ဖော်ပြနေသလိုပင်။ ဇော်က နှုတ်ခမ်းလေးတင်းတင်းစေ့ကာ သူ့ကိုအစိမ်းရောင်ဖြာထွက်သော မျက်လုံးများဖြင့် ကြည့်လာ၏၊ ဇော်၏ ပုံစံကြောင့် သူ ပခုံးတစ်ချက်ကို မသိမသာ တွန့်ကာ ခပ်ထေ့ထေ့အပြုံးမျိုး လှစ်ခနဲ ပြုံးမိရသည်။ အင်း သူမဟာ သာမန်မိန်းကလေးတစ်ယောက်မဟုတ်တာ သေချာပြီ။ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဖြစ်သော သူ့လိုလူတစ်ယောက်ကိုပင် ခပ်ရဲရဲ တုန့်ပြန်တတ်တာကို သဘောကျသလို ဖြစ်မိရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မင်းမသိတော့လည်း ပြောရတာပေါ့၊ မင်းအလုပ်ဝင်တဲ့ သုံးလအတွင်းမှာ ခွင့်ရက်ရှည် ဘယ်နှစ်ခါ ယူသလဲ"

ဖော်က သူ၏ အမေးကိုတစ်ချက်စဉ်းစားသလို လုပ်ပြီးမှ (နှစ်ခါပါ)ဟု ပြန်ပြောသည်။

"ဟုတ်ပြီ မင်းက သုံးလအတွင်းမှာ ခွင့်ရက်ရှည် နှစ်ခါယူတယ်၊ ကိုယ်တို့ကုမ္ပဏီမှာ ဝန်ထမ်းတွေကို သူ့နားရက်နဲ့သူ ပေးထားတာ မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"ဒီလိုမျိုးသိလျက်နဲ့ မင်းက နားရက်တွေအပြင် ခွင့်တွေပါ ယူတာ ဘာအဓိပ္ပာယ်လဲ မွေ့အိမ်ဖော်"

သူ၏ အမေးကြောင့် ဖော် မျက်ဝန်းများ စူးခနဲလက်သွားလာသည်။

"ဆရာက ကျွန်မကို ဒီလိုခွင့်တွေယူလို့ အခွင့်အရေးယူတယ်လို့ ပြောတာလား"

"ဟုတ်တယ် မွေ့အိမ်ဖော်၊ မင်းစဉ်းစားကြည့်လေ၊ တကယ်ဆို မင်းနဲ့အလုပ်အတူတူဝင်တဲ့ မေသွယ်တို့ဆို ဒီနေ့ဒီအချိန်ထိ သူတို့နားရက်ကလွဲပြီး ဘာခွင့်မှ မယူသေးဘူး၊ မင်းကျမှ အချိန်တိုလေးအတွင်းမှာ ခွင့်တွေ ခဏခဏယူတော့ ကျန်တဲ့ဝန်ထမ်းတွေ





အမြင်မှာ ဘာဖြစ်သွားမလဲ၊ ပြီးတော့ ကိုယ်တို့ကုမ္ပဏီမှာ သိပ်ကို အရေးကြီးတဲ့ လူမှုရေးကိစ္စကလွဲပြီး ဘာခွင့်မှ မပေးဘူးမွေ့အိမ်ဖော်"

သူ့စကားကို နားထောင်နေသော ဖော့်မျက်နှာမှာ အနည်းငယ်တင်းမာနေကာ ဖြူနုသော မျက်နှာလေးပင် ပန်းရောင်အရိပ်အချို့ ဖြတ်ပြေးသွားတာ သတိပြုမိလိုက်၏။ သူ့စကားကိုရပ်ကာ ဖော့်ကို အကဲခတ်ကြည့်လိုက်သည်။

ဖော် ဘာပြောရမလဲ၊ သို့သော် ဖော်က ထူးခြားစွာပင် တစ်ခဏကြာမျှ တိတ်တဆိတ်နေပြီးမှ အသံခပ်တိုးတိုးထွက်ပေါ်လာ၏။

"အဲဒီအတွက် ဆရာကျွန်မကို ဘယ်လိုမျိုး အပြစ်ပေးချင်ပါသလဲ"

ရုတ်တရက် သူ မျက်မှောင်ကြုတ်မိရ၏။ ဖော့်ထံမှ သူကြားချင်တာ အဲဒီစကားမျိုးမဟုတ်။ သူမခွင့်ယူရသည့်အကြောင်းအရင်းကို ပြေလည်စွာ ရှင်းပြယုံသာ။ အခုတော့ ဖော့်ပုံစံက ဘာတစ်ခုမှ ဖြေရှင်းချက်မထုတ်ဘဲ ပေးသမျှအပြစ်ကိုခံယူမည့်ပုံ။ အလုပ်နှင့်ပတ်သက်လာလျှင် တိကျပြတ်သားတတ်သော သူက အခြားသူတစ်ယောက်သာဆိုလျှင်တော့ သုံးလခစာကိုတစ်ခါတည်းပေးပြီး "မင်း အလုပ်ကထွက်တော့"ဟု ပြောလိုက်မှာ ဖြစ်၏။

ယခုတော့ သူ့ရှေ့မှ မိန်းကလေးကို ထိုသို့ပြတ်သားစွာ မပြောရက်တာမို့ သူ မသိမသာခေါင်းတစ်ချက်ခါယမ်းကာ အတတ်နိုင်ဆုံးစိတ်ကိုလျှော့၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းအနေနဲ့ ကိုယ့်ကိုခိုင်လုံတဲ့ အကြောင်းပြချက်နဲ့ ရှင်းပြနိုင်ရင် မင်းရဲ့ ရှင်းပြချက်ပေါ် မူတည်ပြီး ကိုယ့်ရဲ့အပြစ်ပေးမှုဟာ တစ်မျိုးဖြစ်သွားနိုင်တယ် မွေ့အိမ်ဇော်"

ဇော်က သူ့ကိုခပ်စူးစူးတစ်ချက်ကြည့်ကာ-

"ဆရာ့ရဲ့ အဆုံးစွန်အပြစ်ပေးခြင်းဟာ ကျွန်မကို အလုပ်က ထုတ်ခြင်းပဲ မဟုတ်လား"

"အဲဒီလိုအပြစ်ပေးတာဟာ ကိုယ့်အလွန်လို့ရော မင်း ယူဆသလား မွေ့အိမ်ဇော်"

ဇော်က နီထွေးသော နှုတ်ခမ်းလေးကို မဲ့ခနဲတစ်ချက်ပြုံးကာ ခေါင်းအသာခါယမ်း၏။

"ဟင့်အင်း၊ လူတွေဟာကိုယ့်ထင်မြင်ချက်နဲ့ကိုယ်တော့ မှန်နေတာပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မဟာ အပြစ်ရှိတဲ့ လူတစ်ယောက်ဆိုတော့ ကျွန်မကို အလုပ်ကထွက်ခွင့်ပြုပါ"

"ဟင်"

သူသည် ရှေ့မှ မိန်းကလေးကို မယုံနိုင်သလို ကြည့်မိ၏။ ကြည့်စမ်း၊ မွေ့အိမ်ဇော်ဆိုတဲ့မိန်းကလေးဟာ ဘယ်လိုမိန်းကလေးလဲ၊ သူ့ဘက်က ဖြေရှင်းခွင့်ပေးထားလျက်နဲ့တောင် သူမက နည်းနည်းလေးမှ ဂရုမစိုက်ဘဲ အလုပ်က ထွက်ဖို့ စကားပြောလာ၏။

အံ့သြစရာပဲ၊ ဇော်ဟာ ကကယ့်ကို အံ့သြစရာပဲ၊ ဇော့်နေရာမှာ တစ်ခြားမိန်းကလေးတစ်ယောက်သာဆိုလျှင်တော့ သူ ပေးထားသော အခွင့်အရေးပေါ်မှီ၍ အမျိုးမျိုးအသနားခံကာ အလုပ်





မှ မထုတ်ဖို့ တောင်းပန်မှာ ဖြစ်၏။ ယခု သူ့ရှေ့မှောက်ရောက်နေသော မွေ့အိမ်ဇော်ဆိုသည့်မိန်းကလေးကတော့ အရာရာကို ပြတ်သားစွာ ရင်ဆိုင်မည့်ပုံပင်။ သူက အလုပ်မှထုတ်ဖို့မပြောခင်မှာပင် ဇော်က စတင်၍ ထွက်ခွာဖို့ပြင်၏။

သူ ခေါင်းတစ်ချက်ခါယမ်းကာ-

"မင်းကိုယ့်ကို တစ်စုံတစ်ခု ဖြေရှင်းဖို့ မကြိုးစားတော့ဘူးလား မွေ့အိမ်ဇော်"

"ဝမ်းနည်းပါတယ်ဆရာ၊ ကျွန်မရဲ့ ဖြေရှင်းမှုဟာ လူတစ်ယောက်ရဲ့ ထင်မြင်ချက်ကို လွယ်လွယ်ကူကူနဲ့ ဖျောက်ဖျက်နိုင်မှာ မဟုတ်ပါဘူး"

"တဆိတ် မင်းဆိုလိုတာက"

"ရှင်းရှင်းလေးပဲ ဆရာ၊ ဆရာနဲ့ကျွန်မဟာ တစ်ယောက်နဲ့တစ်ယောက်အခုမှ တွေ့ဖူးတာပါ၊ ဒါပေမယ့် ဆရာ့အနေနဲ့ ကျွန်မကို မမြင်ဖူးခင်ကတည်းက မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးအခွင့်အရေးသမားတစ်ယောက်လို့ ထင်နေပြီပဲ၊ အဲဒီအတွက် ကျွန်မက ဘာကိုဖြေရှင်းရမှာလဲ ဟင်"

သူ သက်မမောတစ်ချက် ချလိုက်၏။ သူနဲ့ဇော်ကြားမှာ တစ်စုံတစ်ခု လွဲမှားမှုရှိတယ်ဆိုတာ ရှိနေပြီ။

"ဒါဆို မင်းက ကိုယ်ထင်တာကြားတာတွေ မမှန်ဘူးလို့ ဆိုလိုချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ အဲဒီအတွက် ကျွန်မ တစ်ခါမှ မငြင်းမိပါဘူး ဒါကြောင့်ကိုယ့်အပြစ်ကိုယ်သိလို့ အလုပ်က ထွက်ခွင့်ပြုပါလို့ ကျွန်မ ပြောပြီးပြီပဲ"

"ဒါက မင်းတောင်းဆိုစရာ မလိုပါဘူးလေ၊ တကယ်လို့ မင်းမှာ အပြစ်သိပ်ကြီးမားနေရင် ကိုယ်ကလည်း မင်းပြောစရာ မလိုဘဲ အလုပ်က ထုတ်ပစ်ဖို့အထိ စဉ်းစားထားပြီးသားပါ၊ အခု ကိုယ်ပြော ချင် တာက မင်းဆီက တစ်စုံတစ်ခု ဖြေရှင်းချက်ကိုသာ ကြားရရင်၊ ကိုယ် ပေးမယ့်အပြစ်ဟာ လျော့ချင်လျော့သွားနိုင်တာပေါ့"

"နေပါစေတော့ရှင်၊ ကျွန်မနဲ့တန်တယ်လို့ ယူဆထားတဲ့ ရှင့်ရဲ့အပြစ်ပေးမှုကိုပဲ ကျွန်မ ကျေနပ်စွာ ခံယူပါတယ်၊ ကျွန်မ သွားပါရစေတော့"

ဇော်က ပြောပြောဆိုဆို နေရာမှ ထ၏။ သူ့ရင်ထဲ ရုတ်တရက် တင်းကြပ်သွားသည်။ ဇော် တကယ်တမ်း အလုပ်ထွက်သွားမည်ကို မလိုလားနိုင်အောင် ဖြစ်မိရ၏။ ဇော်က တကယ်ပဲ သွားတော့မှာလား၊ သူကြည့်နေစဉ်မှာပင် ဇော်က တံခါးနားရောက်နေပြီ။ သူ ရုတ်တရက်နေရာမှထကာ

"မွှေ့အိမ်ဇော် ခဏနေပါဦး"

သူ လှမ်းတားတာကြောင့် ဇော် ခြေလှမ်း ရုတ်တရက် ရပ်တန့်သွား၏။ ပြီးတော့ သူ့ကိုခပ်ငဲ့ငဲ့ လှည့်ကြည့်လာ၏။





"ကျွန်မကို ဘာများ ပြောစရာကျန်သေးလို့လဲရှင်"

သူက ဇော့်မျက်နှာလေးကို တည့်တည့်စိုက်ကြည့်ကာ-

"ကိုယ်ပြောတာကို မင်းသေချာနားထောင်ပါဦး၊ မင်းဒီလိုသာ ဘာတစ်ခုမှ မဖြေရှင်းပဲ ထွက်သွားမယ်ဆိုရင် ကိုယ့်အတွက် ဘာမှ မဖြစ်ပေမယ့် မင်းအတွက် သိပ်နစ်နာရာကျသွားမယ်၊ အဲဒါကို မင်းသေချာ စဉ်းစားမိရဲ့လား"

"နစ်နာမှုဟုတ်လား၊ အဟင်း တကယ်တော့ကျွန်မအတွက် နစ်နာမှုဆိုတာ ဘာမှဆန်းကြယ်တဲ့အရာမဟုတ်တော့ပါဘူးရှင်၊ အဲဒီအတွက် ကျွန်မ ဘယ်လိုမှ မခံစားရတော့ပါဘူး၊ အော် ရှင် ပြောချင်တာ ဒါပဲလား၊ ဒါဆိုကျွန်မကို သွားခွင့်ပြုပါဦး"

ဇော်က ခေါင်းမာစွာပင် နေရာမှ လှည့်ထွက်ဖို့ ပြင်၏။ သူသည် ခေါင်းမာသော မိန်းကလေးကို ဆက်လက်မတားနိုင်တော့ဘာမို့-

"ဒါဆိုမင်းအတွက် ကြိုတင်လခသုံးလစာကိုယူသွားပါ မွှေ့အိမ်ဇော်"

သူ့အပြောကြောင့် ဇော်သည် သူ့ကိုဖျတ်ခနဲလှည့်ကြည့်သာကာ တောက်ပလက်ဖြာနေသော မျက်လုံးဖြင့် စူးခနဲကြည့်၏။

"ဘာလဲဟင်၊ အဲဒီလခသုံးလစာဟာ ကျွန်မအလုပ်ထွက်ရတဲ့ အတွက် နစ်နာကြေးလား၊ လျော်ကြေးလား"

"တစ်ခုမှမဟုတ်ဘူး၊ ဒါ ကိုယ်တို့ကုမ္ပဏီရဲ့ စည်းကမ်းချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မက ကိုယ့်လုပ်အားနဲ့ရတဲ့ပိုက်ဆံကိုပဲ မြတ်နိုးတန်ဖိုးထားတတ်တယ်၊ ဦးအောင်ခန့်ညို ပေးလာမယ့် သုံးလစာပိုက်ဆံဟာ ကျွန်မလုပ်အားခမပါလို့ လုံးဝ လက်မခံနိုင်ဘူး၊ လူကြီးမင်း ကျွန်မကို ခွင့်ပြုပါဦး"

ဇော်က အေးအေးဆေးဆေးပင် ထွက်ခွာသွားတာကြောင့် သူ နေရာမှာ ကျောက်ရုပ်ကြီးလို ကျန်ခဲ့သည်။ သိပ်ကို အံ့ဩစရာကောင်းတာပါပဲ။ သူ့တစ်သက်တာမှာ မွေ့အိမ်ဇော်လို ဆန်းကြယ်တဲ့ မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါ။ မွေ့အိမ်ဇော်က တံခါးဖွင့်ကာ အထွက်တွင် ဦးလေးမောင်တစ်ယောက် ရေးကြီးသုတ်ပျာရောက်လာကာ-

"မွေ့အိမ်ဇော်၊ မင်းရဲ့အဖေ သတိလစ်သွားလို့တဲ့၊ ကောင်မလေးတစ်ယောက် လာပြောတယ်"

"ရှင် အဖေသတိလစ်သွားလို့၊ အို အဖေ. . . အဖေ"

ရုတ်တရက်ဇော်သည် သူ့အခန်းရှေ့မှ လေ၏အဟုန်ကဲ့သို့ အောက်ထပ်သို့ တစ်ဟုန်ထိုးဆင်းသွား၏။ ထိုအဖြစ်အပျက်တွေကို အစအဆုံးမြင်လိုက်ရသူက အောင်ခန့်ညို၊ သူ အခန်းထဲမှ ခပ်သွက်သွက် ခြေလှမ်းများဖြင့် လှမ်းထွက်ကာ-

"ဦးလေးမောင် ဘာဖြစ်တာလဲ"





"မွေ့အိမ်ဇော်အဖေ သတိလစ်သွားလို့တဲ့မောင်အောင်၊ ကောင်မလေး တစ်ယောက်လာပြောတာ၊ မွေ့အိမ်ဇော်အတွက် စိတ်မကောင်းစရာပဲ မောင်အောင်၊ သူတို့မှာ အဖေတစ်ခုသမီးတစ်ခုပဲရှိတာတဲ့၊ သူ့အဖေက အရက်သောက်ထားတဲ့ဒဏ်ကြောင့် မကျန်းမမာဖြစ်နေတာ အတော်ကြာပြီတဲ့လေ၊ ဟိုရက်တွေတုန်းက သူ့အဖေ အသည်းအသန်ဖြစ်လို့ ခွင့်ယူပြီး အနီးကပ်ပြုစုနေတာတဲ့၊ ဒီနေ့မှ နည်းနည်းသက်သာလို့ အလုပ်ပြန်ဝင်တာ အခု သူ့အဖေက သတိလစ်ပြန်ပြီဆိုတော့ ဒုက္ခပဲ၊ အင်း ဒီကောင်မလေး အတော်ဒုက္ခများရှာပါလား"

ဦးလေးမောင် ပြောနေတာတွေကို သူ ဆက်မကြားတော့။ သူ့မျက်စိထဲမှာ နှုတ်ခမ်းတင်းတင်းစေ့ကာ အစိမ်းရောင်တောက်နေသောမျက်ဝန်းများဖြင့်သူ့ကြည့်နေသောမိန်းကလေးတစ်ယောက်၏ နာကြည်းသော မျက်ဝန်းအစုံကို မြင်ယောင်ကာ ရင်တစ်ခုလုံးနုံးကျသွား၏။

မှားပြီ၊ သူအမှားကြီးမှားခဲ့ပြီ။ မွေ့အိမ်ဇော်နဲ့သူဟာ တကယ်တမ်းမှာ တစ်ယောက်ကိုတစ်ယောက်မြင်ဖူးခဲ့ကြတာ မဟုတ်။ ကြားစကားများနားထောင်ကာ၊ မွေ့အိမ်ဇော်ကိုအထင်လွဲ၊ အထင်သေးမိရခြင်းဖြစ်၏။ တကယ်ဆို သူ ဒီလို မဖြစ်သင့်ပါ။ သူ့စိတ်ထဲမှာ သက်နှင်းဇော်နှင့် ပတ်သက်ထားသည့် နာကြည်းစရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော အကျရာဒဏ်ချက်က ရှိနေတာမို့ မွေ့အိမ်ဇော်ဆိုသည့် အမည်ကြားသံ့နှင့် အလိုလို စိတ်ထဲက မကြည်မလင်ဖြစ်ခဲ့ခြင်းပါ။

သူ မွေ့အိမ်ဇော့်ကို ခွင့်တွေ ခဏခဏယူတဲ့သူမို့ အခွင့်အရေးသမားတစ်ယောက်၊ ခွင့်ယူပြီး ချစ်သူနဲ့ လျှောက်လည် အချိန်ဖြုန်းနေတဲ့ မိန်းကလေးတစ်ယောက်ဟု ရက်ရက်စက်စက်ထင်ခဲ့မိသမျှ ဦးလေးမောင်ထံမှ ကြားရသော သူမ၏ သတင်းတွေက သနားစရာ၊ ကရုဏာသက်စရာပါလား။ မကျန်းမာတဲ့ ဖခင်ကြီးကို ပြုစုပေးနေတဲ့ မိန်းကလေးတစ်ယောက်ကိုမှ သူက ရက်ရက်စက်စက် အလုပ်ထုတ်ပစ်ဖို့အထိ စဉ်းစား၏။

မွေ့အိမ်ဇော်ဘက်က ဖြေရှင်းခွင့်ရပါလျက်နှင့် သူပေးမည့် အပြစ်ကို သူမဘာသာ ခံယူသွားသည်။ သူက သုံးလစာ ပေးတာတောင် မယူဘဲ ငြင်းဆိုခဲ့သည့် မိန်းကလေးဟာ သူ ထင်သလို ဘယ်မှာအခွင့်အရေးသမားဖြစ်လို့လဲ၊ သူသည် အမှားကိုသိလိုက်တာနှင့် တစ်ပြိုင်တည်းမှာပင် ဦးလေးမောင်ဘက်လှည့်ကာ-

"ဦးလေးမောင် မွေ့အိမ်ဇော်နောက် ခုချက်ချင်းလိုက်သွားပါ။ သူ့အတွက် လိုအပ်တဲ့အကူအညီအားလုံးကို ဦးလေးမောင် စီစဉ်ပေးပါ"

"ဟင် အော် အေးအေး။ ဦးလေးမောင်အစကတည်းက ကူညီတာဟာ မောင်အောင့်အတွက်အများကြီး ကုသိုလ်ရပါတယ်ကွယ်၊ ကဲကဲ ဦးလေးမောင် သွားမယ်"





ဦးလေးမောင်ထွက်သွားတော့မှ သူ ရုံးခန်းထဲ ပြန်ဝင်ကာ ဆုံလည်ကုလားထိုင်တွင် နွမ်းလျစွာ ဝင်ထိုင်ရင်း သက်ပြင်းမော တစ်ချက်ကို ချလိုက်မိ၏။ မျက်ဝန်းထဲမှာ အဖြူရောင် ရင်ဖုံးအင်္ကျီလေးဖြင့် ကျစ်ဆံမြီးကျစ်ထားသော အစိမ်းရောင်မျက်လုံးများကို ပိုင်ဆိုင်သည့် မိန်းကလေးတစ်ယောက်၏ ပုံကို မြင်ယောင်ကာ ပါးစပ်မှခပ်တိုးတိုးတောင်းပန်လိုက်တာကတော့ (ကိုယ့်ကိုခွင့်လွှတ်ပါ မိန်းကလေးရယ်)လို့။

ထိုညတစ်ညလုံး သူ မွေ့အိမ်ဇော်အကြောင်းများ တွေးကာ အိမ်မပျော်ခဲ့။ မွေ့အိမ်ဇော်ကို မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးမှန်းမသိခင်ခဏ သူ့စိတ်ထဲ လှုပ်ရှားလာကာသူမ၏ အလှအပများက တစ်ခဏမိန်းမောသွားမိတာ ရိုးသားစွာ ဝန်ခံရမည် ဖြစ်သည်။

သူ့တစ်သက်တာမှာ မွေ့အိမ်ဇော်လောက် ရိုးစင်း တည်ငြိမ်တဲ့အလှကို တစ်ခါမှ မတွေ့ခဲ့ဖူးပါ။ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေး ထူးခြားပြည့်စုံသောအလှများအပြင် ဝင်းပစွာ ကျက်သရေရှိနေခြင်းတို့ပါ ပေါင်းစပ်ထား၏။ သူမကို မွေ့အိမ်ဇော်မှန်းသိလိုက်သည့်ခဏ သူ့ရင်ထဲတင်းတင်းကြပ်ကြပ်ဖြစ်ကာ ဒေါသစိတ်တွေ အလိုလို ဖြစ်ပေါ်လာရ၏။

အမှန်တော့ ဇော်၏ မကောင်းသတင်းများကို ကြားထားတာမို့ ဇော့်ကို ပြည့်စုံသော အလှများနှင့် ရုတ်တရက်တွေ့ရခိုက် မြော်တသခြင်းဖြစ်မည်။ ဇော်အလုပ်ကထွက်ပါမည်ဟု ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်းသူ့ရင်ထဲမှာ မကြိုက်ချင်ပြန်။ သူ့ကို ပြေပြေလည်လည် ပြောကာ အလုပ်ခွင်ကို ပြန်ဝင်စေချင်၏။

တကယ်တော့ သူ့စိတ်က ဇော်ကို ရုတ်တရက်တွယ်ငြိသွား ခြင်းလား၊ သေချာတာကတော့ မည်သည့်မိန်းကလေးကိုမှ ရင်ခုန်ဖူး ခဲ့ခြင်းမရှိသော သူ့နှလုံးသားတွေက ဇော်နဲ့ကျမှ တိတ်တဆိတ်ခုန် လာရခြင်းပင်။

သူ စူးစမ်းခြင်းမရှိဘဲ ဇော့်ကို တွေ့တွေ့ချင်းအပြစ်ပြော တာ၊ နောင်တရချင်မိ၏။ ဇော်ကတော့ သူ့ကို ဘယ်လိုမြင်မည်မသိ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်၏ မောက်မာမှုဟု မြင်လေ လား၊ ဒါဆိုရင်တော့ မင်း အလွန်မဟုတ်ပါဘူး မွေ့အိမ်ဇော်၊ မစူးစ မဆင်ခြင်လုပ်မိတဲ့ ကိုယ့်ရဲ့အပြစ်တွေပါ။

ဇော်ဟာ မမာမကျန်းဖြစ်နေတဲ့ဖခင်ကြီးကို လုပ်ကျွေး နေတဲ့သမီးတစ်ယောက်ဟု သိလိုက်ရတော့ ကိုယ်ပြောမိတာ အတွက် ပို၍ စိတ်မကောင်း။ ဒါကြောင့်မို့လို့ ဇော်က ပြောခဲ့တာ "သူမ ဘဝမှာ နစ်နာမှုဆိုတာ မထူးဆန်းတော့ပါဘဲ" ဟင်း မင်း မှာ ဘာတွေများ နစ်နာဆုံးရှုံးခဲ့လဲ မိန်းကလေးရယ်။

ရိုးသားစွာ ဝန်ခံရလျှင်တော့ အချစ်ဆိုတဲ့အရာကို ဇော် ကျမှ သူ ဆန်းစစ်မိခြင်းဖြစ်၏။ မွေ့အိမ်ဇော် ချောလို့၊ လှလို့ဆို ထက် ဘဝရေစက်ကြောင့် မြင်မြင်ချင်းပဲ ဇော့်ကိုချစ်ခင်တွယ် လေသလားမသိ။





မြင်မြင်ချင်းချစ်မိလို့ ကိုယ့်အချစ်ကိုတော့ အထင်ခသေး လိုက်ပါနဲ့ မွေ့အိမ်ဇော်၊ တကယ်ဆို သူဟာ မိန်းမတွေနဲ့ ပတ်သက် ပြီ နာကျည်းချက်ရှိထားတဲ့သူပါ။ ဒါကြောင့် ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဖို့ သူဆုံးဖြတ်တာ မမျှော်လင့်ဘဲ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးနဲ့ လာတွေ့ရတယ်လေ။

"မွေ့အိမ်ဇော့်နောက်ကိုလိုက်သွားဖို့ ဦးလေးမောင်ကို မောင်အောင်လွှတ်လိုက်တာ ကံအကောင်းပဲပေါ့၊ ဟိုရောက်တော့ ကလေးမခမျာ တစ်ယောက်တည်းငိုပြီး ဘာလုပ်ရမှန်းမသိ ယောင် ချာချာဖြစ်နေတာ၊ ဦးလေးမောင်ကိုမြင်တော့ သူအံ့သြနေတာ၊ ဒါနဲ့ ဦးလေးမောင်ကလဲ မောင်အောင်မှာတဲ့အတိုင်းအစစအရာရာ စီစဉ် ပြီး မွေ့အိမ်ဇော်ရဲ့ အဖေကို ဆေးရုံတင်ပေးလိုက်ရတယ်"

ဦးလေးမောင်ပြန်ရောက်လာတော့မွေ့အိမ်ဇော့်အကြောင်း တွေကို သူ့အား ပြန်လည်ပြောပြ၏။ နားထောင်နေသော သူ့မှာ မွေ့အိမ်ဇော့်အစား ရင်မောမိရသည်။ မိန်းကလေးတစ်ယောက် တည်း မကျန်းမာတဲ့ ဖခင်ကြီးနဲ့ ဘယ်လောက်များ ဒုက္ခများလိုက် ရှာမလဲ။

သူ့စိတ်ထဲမှာ ဇော့်အတွက် သနားကရုဏာစိတ်များ တစိမ့် စိမ့် စီးဆင်းလာ၏။ ဖြစ်နိုင်လျှင် သောက အပူမီးတွေ ဝိုင်း နေသော ဇော့်ကို သူ အားပေးနှစ်သိမ့်ပေးချင်မိ၏။ ဇော်ရဲ့ အပူမီး တွေကို သူ တစ်ဝက်လောက် မျှဝေခံစားယူချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာကြောင့်လဲဆိုတာ မင်းသိရဲ့လား မိန်းကလေး၊ ကိုယ့်ဘဝတစ်သက်တာမှာ အင်မတန်လှပတဲ့ မိန်းကလေးတစ်ယောက် ဂုလို သောကဗျာပါဒများနေတာ ဒါပထမဆုံးအကြိမ် တွေ့ဖူးတာ၊ကြားဖူးတာပါ။ သည်လိုမြင်ရတွေ့ရတော့ ကိုယ့်ရဲ့ကြင်နာတတ်တဲ့ နှလုံးသားတွေဟာ အလိုလို နူးညံ့လာပြီး မင်းကို အဲဒီဒုက္ခတွေနဲ့ ကင်းဝေးတဲ့ နေရာကို ခေါ်သွားမိချင်လာတယ်။ မင်းကို ပျော်ရွှင်ချမ်းမြေ့စေချင်တယ် မွှေ့အိမ်ဇော်ရယ်။

"အခုရော သူ့အဖေ သက်သာရဲ့လား ဦးလေးမောင်"

"သက်သာတယ်လို့ပြောရမှာပဲမောင်အောင်၊ဘာဖြစ်လို့လဲဆိုတော့ဆေးရုံရောက်သွားတာအချိန်မီရုံလေးပဲရှိတယ်မောင်အောင်၊ မွှေ့အိမ်ဇော် သူ့အဖေဘေးမှာ တစ်ညလုံးထိုင်စောင့်နေရဲ့"

"ဟင် ဦးလေးမောင်က စပါယ်ရှယ်နာစ့်မငှားပေးဘူးလား"

"ဘယ်လိုမေးလိုက်တာလဲ မောင်အောင်ရယ်၊ ငှားပေးခဲ့တာပေါ့၊ ငှားပေးတာမှ နေ့ရောညရောအတွက်ပဲ၊ဒါပေမယ့် မွှေ့အိမ်ဇော်က သူ့အဖေကို စိတ်ချဟန် မတူဘူး"

"ကျစ် ခက်တာပဲ၊ ကြာရင် သူပါ လဲလိမ့်မယ် ဦးလေးမောင်"

"အင်း ဦးလေးမောင်လည်း ပြောတာပဲ၊ ခက်တာက မွှေ့အိမ်ဇော်ကလည်း ခေါင်းခပ်မာမာရယ်"





သူ ရင်ထဲမှာ မွှေ့အိမ်ဇော်အတွက် စိုးရိမ်ပူပန်သွားမိ၏။ ဇော် ခေါင်းမာတာကတော့ သူ့အသိပင်။ သားအဖနှစ်ယောက်တည်းရှိတဲ့ ဘဝမှာ ဇော်ပါရောလဲလျှင် ဘယ်လိုလုပ်မလဲ။

"ညနေကျရင် မွှေ့အိမ်ဇော်ဆီ ကျွန်တော်လိုက်ခဲ့မယ် ဦးလေးမောင်"

"ဟာ သိပ်ကောင်းတာပေါ့၊ ဒီအချိန်မှာ မွှေ့အိမ်ဇော့်ဘေးမှာ အားပေးမယ့်လူလိုတယ်၊ မောင်အောင်လိုက်လာတာ မြင်ရင် မွှေ့အိမ်ဇော် ဝမ်းသာမှာပဲ"

ဦးလေးမောင်အပြော သူယခုပင် မွှေ့အိမ်ဇော့်ကိုပြေး၍ အားပေးချင်စိတ်တွေ ဖြစ်ပေါ်လာမိ၏။ တကယ်ပဲလားမွှေ့အိမ်ဇော်၊ ကိုယ့်ကိုမြင်ရင် မင်းတကယ်ပဲ အားတက်မှာလား၊ ဒါဆိုရင် ကိုယ် အရမ်းဝမ်းသာကြည်နူးမှာပါပဲ မွှေ့ရယ်၊ ညနေရောက်တော့ သူ ရေမိုးချိုးကာ ဦးလေးမောင်နှင့်အတူ မွှေ့အိမ်ဇော်ထံသို့ လူနာမေးလိုက်လာခဲ့၏။ သူ့ကိုတွေ့ရင် မွှေ့အိမ်ဇော်ဘယ်လိုနေမလဲ။

သူ ထင်ထားသည့်အတိုင်းပါပဲ။ သူ့ကိုတွေ့တော့ ဇော် အံ့ဩနေ၏။ ဦးလေးမောင်ကတော့ သွက်လက်စွာဖြင့် ဇော့်ကို ပြော၏၊

"မောင်အောင်က မွှေ့အိမ်ဇော့်ရဲ့အဖေ သက်သာလားလို့ လူနာလိုက်မေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို အားနာစရာ၊ ဦးအောင်ခန့်ညိုလို လူကြီးလူကောင်း တစ်ယောက်က ကျွန်မတို့လို သာမန်အညတြလူတစ်ယောက် အပေါ် အရေးတယူလာကြည့်တာ မယုံနိုင်စရာပဲ"

ဇော်က သူ့ကိုမယုံသလို ခပ်ငေးငေးကြည့်ကာ ပြော သည်။ ဇော် သူ့အပေါ်မှာနာကြည်းနေသလား၊ ဇော့်ကြည့်ရတာ ညကမအိပ်ဘဲ ငိုနေသလားမသိ၊ လှပသော မျက်ဝန်းလေးတွေ နီ ကာ မျက်ကွင်းလေးများ ချောင်နေ၏။

သူ ကြင်နာစွာ ဇော့်အား တစ်ချက်ပြုံးပြလိုက်ပြီး-

"ဘာအံ့ဩစရာရှိလဲ မွေ့အိမ်ဇော်၊ ချမ်းသာတဲ့သူလဲ လူပဲ ဆင်းရဲတဲ့လူလဲ လူပဲ၊ လူလူချင်း ဘာမှ အဆင့်အတန်းခွဲခြားစရာ မလိုပါဘူးလေ"

"ခုလို ကြားရတာ ကျွန်မအတွက် မယုံနိုင်စရာပါပဲ၊ ဒါ ပေမယ့် ဦးအောင်ခန့်ညိုကိုတော့ ကျွန်မ သိပ်ကို ကျေးဇူးတင် တယ်။ မနေ့ကအနေအထားဆို ကျွန်မ အပူမီးဝိုင်းနေတာ၊ ဦးလေး မောင်သာ ရောက်မလာရင် ကျွန်မအတွက်အခက်ပဲ၊ ကျွန်မတို့အသ မှာ ငွေကြေးကြွလဲ မပြည့်စုံတဲ့အပြင် ဆွေမျိုးသားချင်းဆိုတာ လည်း မရှိလေတော့ ခုလို ဖေဖေဖြစ်တဲ့အချိန်မှာ ခြေမကိုင်မိ လက် မကိုင်မိအောင်ပါပဲ"





"အားမငယ်ပါနဲ့ မွေ့အိမ်ဇော်၊ လိုအပ်တဲ့အကူအညီအား သုံး ဦးလေးမောင်ကို ပြောပါ၊ သူ အကုန်လုံး စီစဉ်ပေးပါလိမ့်မယ်၊ ကျွန်တော်ကတော့အလုပ်တစ်ဖက်နဲ့မို့ ခုလို ညနေမျိုးမှ ရောက်လာနိုင်မယ် မွေ့အိမ်ဇော်"

"အို ကိစ္စမရှိပါဘူးရှင်၊ ခုလို တစ်ခါခေါက် လာရောက်အားပေးကြည့်ရှုတာကိုပဲ ကျွန်မ ဝမ်းသာလှပါပြီ၊ ဦးလေးမောင်ကို လွှတ်ပြီး ကျွန်မအတွက် အစစအရာရာ စီမံခိုင်းတဲ့ ဦးအောင်ခန့်ညို ကိုပဲ ကျွန်မ ကျေးဇူးတင်လို့ မဆုံးပါဘူး"

"ဒါတွေ ပြောမနေပါနဲ့ မွေ့အိမ်ဇော်၊ အဓိက-က မွေ့အိမ်ဇော်အဖေ အမြန်ဆုံး နေကောင်းလာရေးမဟုတ်လား၊ အခုရော ဘယ်လိုနေသေးလဲ"

သူ စကားလမ်းကြောင်းလွှဲကာမေးတော့ ဇော်၏ တောက်ပသောမျက်ဝန်းလေးတွေ ညိုရီရီဖြစ်သွားကာ မျက်နှာလေးမှာလည်း ခပ်မှုံမှုံဖြစ်သွားရှာသည်။ သူ့မှာ ဇော်၏ ညှိုးငယ်အားငယ် ဝမ်းနည်းနေသော မျက်နှာလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်မိရသည်။

"ညကတော့ ကောင်းကောင်းအိပ်ပျော်တာပဲ၊ အခုမနက် သတိခဏပြန်ရလာတယ်ဆရာ၊ ကျွန်မတော့ ဖေဖေတစ်ခုခုဖြစ်သွားမှာကို သိပ်စိုးရိမ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဝမ်းနည်းအားငယ်စရာတွေ တွေးနေရတာလဲ မွေ့အိမ်ဇော်၊ ဦးလေး ပြန်ကောင်းမှာပဲ၊ အခုဆိုရင် ဦးလေးကို အထူးကုသမားတော်ကြီးတွေနဲ့ ကုနေတာပဲ မဟုတ်လား၊ ကိုယ်ပြောတာကို သေချာနားထောင်နော်၊ မွေ့အိမ်ဇော်ခုလိုသာ မအိပ်မစားဘဲ ထိုင်ပူနေမယ်ဆိုရင် ကြာရင် မင်းပါရောလဲလိမ့်မယ်၊ ဒီတော့ကိုယ်ပြောချင်တာက ပူပန်တဲ့စိတ်ကိုနည်းနည်းလျော့ပြီး မွေ့အိမ်ဇော် ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ၊ မွေ့အိမ်ဇော်လဲရင် မွေ့အိမ်ဇော်ရဲ့ အဖေကို ဘယ်သူလာကြည့်မလဲ"

ဇော်သည် သူ့မျက်နှာကို ခပ်ငေးငေးစိုက်ကြည့်ကာ နားထောင်နေ၏။ ဇော့်မျက်ဝန်းတွေက သူ့ကိုကြည့်နေပေမယ့် သူ့ရင်ကိုမြင်ပုံမရပါ။ ဇော်၏ လှပသော မျက်ဝန်းတွေထဲမှာ သောကငွေ့တွေကိုသာ တွေ့ရတာမို့ တိတ်တဆိတ် သက်ပြင်းချမိရသည်။

"မွေ့အိမ်ဇော် ကိုယ်ပြောနေတာ ကြားရဲ့လားဟင်"

"ရှင် ဟုတ်ကဲ့ဆရာ၊ ကျွန်မ ကြားပါတယ်၊ ဟုတ်ပါတယ် ဆရာရယ်၊ တကယ်တော့ ဆရာပြောသလိုပါပဲ၊ လောကကြီးထဲမှာ ကျွန်မတို့သားအဖနှစ်ယောက်တည်းရှိတယ်၊ တောင်ဝှေးလဲတော့ ဖိုးသူတော်က ကူနိုင်သေးပေမယ့်၊ ဖိုးသူတော်လဲရင်တော့ တောင်ဝှေးလည်း ထူနိုင်မှာမဟုတ်ဘူး"

"ဒါကြောင့် မွေ့အိမ်ဇော့်ကိုအနားယူဖို့ ကိုယ်ပြောတာပေါ့၊ ဒီည မင်းအိမ်ကိုပြန်အိပ်လိုက်နော်၊ မွေ့အိမ်ဇော်"





"မဖြစ်နိုင်ဘူးထင်တယ်ဆရာ၊ ညက အဖေသတိရလာလို့ ကျွန်မကိုမေးရင် ဘယ်နှယ့်လုပ်မလဲ"

"ဒီအတွက် မပူပါနဲ့ကွာ၊ စပါယ်ရှယ်နာ့(စ်)တွေ ရှိတာပဲ၊ ဦးလေးက ညဘက်ကောင်းကောင်းအိပ်ပျော်တော့ မနက်မှ နိုးမှာပါ"

"ကျွန်မတော့ စိတ်မချဘူး ဆရာ"

သူ ရုတ်တရက် ခေါင်းမာလွန်းသော ဇော့်ကို ဒေါသဖြစ်မိရ၏။ နောက်တော့ ဇော် ဇော်လည်း ဖခင့်အတွက် စိုးရိမ်ပူပန်နေတာပါလားဟု အသိစိတ်ဖြင့် ဒေါသကို [illegible] လျော့ကာ ဇော် နားလည်အောင် ပြောရသည်။

"မွေ့အိမ်ဇော့်အနေနဲ့ ကိုယ်အ[illegible] ဘယ်လောက် စိတ်ပူနေတယ်ဆိုတာ ကိုယ် နားလည်ပါ[illegible]မယ့် ထိုင်ပြီး စိတ်ပူနေလို့ရော ပြီးမလား၊ ဦးလေးကို [illegible]ကျွမ်းကျင်ကျင် ပြုစုနိုင်တဲ့ နာ့(စ်)မတွေ ရှိတာပဲ၊ ကိုယ်ပြောတ[illegible] နားလည်တယ် မဟုတ်လား မွေ့အိမ်ဇော်"

"ဟုတ်ကဲ့ပါဆရာ"

"ဒါဆို ကိုယ်ပြန်ရင် မွေ့အိမ်ဇော်ပါ တစ်ခါတည်းလိုက်ခဲ့၊ မင်းအိမ်ကို ကိုယ်လိုက်ပို့မယ်"

"အားနာစရာဆရာရယ်၊ ကျွန်မဘာသာပြန်. . "



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း မွေ့အိမ်ဇော်၊ မင်းခုထက်ထိ ကိုယ့်ရဲ့စေတနာကို သဘောမပေါက်သေးဘူးလား"

သည်တော့လည်း ဇော် ငြိမ်သက်သွားသည်။ သူ့ကို အားငယ်သောမျက်ဝန်းများဖြင့်ကြည့်ပြီး-

"ကျွန်မ တောင်းပန်ပါတယ် ဆရာ"

သူ သက်ပြင်းတစ်ချက်ချကာ-

"ဟင်း. . . မတောင်းပန်ပါနဲ့ မွေ့အိမ်ဇော်၊ ကိုယ်တို့ဟာ ဗုဒ္ဓ ဘာသာမြန်မာလူမျိုးတွေ တစ်ယောက်ဒုက္ခရောက်နေရင် တစ်ယောက်ကူညီတာ မြန်[illegible]မျိုးတွေရဲ့ ထုံးစံပဲ၊ ဘာမှ အားနာစရာမလိုဘူး ဟုတ်လား"

[illegible]၏ လှပ[illegible]

"ကောင်း[illegible]ရတာမို့[illegible]မ ဆရာ့စကားအတိုင်း အိမ်ပြန်ပြီး အနားယူပါ့မ[illegible]အိမ်ဇော် ဂ[illegible]

"အင်[illegible]တ်ကဲ့ဆ[illegible]မ်ဇော်"

သူ[illegible]ဇော်လိုက်နာမယ်ဆို၍ သူ့စိတ်ထဲ ကြည်နူးသွားရ၏။ [illegible]ည်းငယ်မှောင်လာတော့မှ သူတို့နှစ်ယောက် ပြန်ခဲ့ကြသည်။ ဇော်က သူ့ဘေးမှ တိတ်တဆိတ် ပါလာ၏။ သည်အချိန်မှာ ဇော့်စိတ်ထဲ ဖခင်ဖြစ်သူအတွက် သောက စိတ်ဖြင့် ပူပန်တာကလွဲလို့ ဘာမှမရှိနိုင်။ မနေ့တုန်းက ဇော်၏ အသွင်လေးသည် လောကကြီးတစ်ခုလုံးကို နာကြည်းနေဟန်အတိုဖြင့်





နှုတ်ခမ်းတင်းတင်းစေ့ကာ ဘာမဆို ရင်ဆိုင်လိုက်မည့်ပုံပေါ် နေ၏။ သည်နေ့မှာတော့ အရာရာကို အလျှော့ပေးကာ တိတ်တဆိတ် တစ်ယောက်တည်း ဝမ်းနည်းကြေကွဲနေသည့်အသွင်။ ဇော်၏ သောကတွေ၊ ဒုက္ခတွေကို ဇော် တစ်ယောက်တည်း တင်းကြိတ်ကာ ခံနေသည့်ပုံ။ သူ ဇော်၏ မျက်နှာလေးကို ဘေးတိုက်ကြည့်ရင်း သက်ပြင်းတစ်ချက်ကို တိတ်တဆိတ်ချမိ၏။

သည်လောက်လှပနုနယ်တဲ့မိန်းကလေးတစ်ယောက်မှာ ဒီလို ကြီးမားတဲ့ ဒုက္ခဝေဒနာမျိုးတွေ ဘာကြောင့်ရှိရတာပါလိမ့် ကွယ်၊ အကယ်ဆို ဇော်တို့အရွယ်ဟာ ရယ်မောပျော်ရွှင် ဖျတ်လတ်နေရမယ့်အရွယ်၊ ဒါပေမယ့် ဇော်ကတော့ အရွယ်နဲ့မမျှတဲ့ သောကဝေဒနာထုပ်ကို လေးလံစွာ ပိုက်ထားရသူဖြစ်နေ၏။

"မွေ့အိမ်ဇော်"

တိတ်ဆိတ်နေမှုကို သူကပင် စတင်ဖြိုခွဲကာ ဇော့်အား ခပ်တိုးတိုးလှမ်းခေါ်လိုက်၏။ သို့သော် သူ၏ ခေါ်သံကို အတွေးအာရုံထဲတွင် နစ်မျောနေသော ဇော် ကြားဟန်မတူ။ ဇော် ဘာတွေ တွေးနေသလဲ၊ သေချာတာကတော့ ဇော့်ရဲ့အတွေးတွေဟာ ဘယ်နည်းနဲ့မှ ပျော်စရာမကောင်းဘူးဆိုတာပဲ။ ထို့ကြောင့် ဇော်၏ စိတ်ဘစ်ခဏသက်သာပါစေတော့ဟု သူတွေးကာ ထပ်ခေါ်လိုက်သည်၊

"ဘာတွေ စဉ်းစားနေတာလဲ မွေ့အိမ်ဇော်"



www.burmeseclassic.com

www.burmeseclassic.com



အသံကိုတမင်မြှင့်ခေါ်တာမို့ ဒီတစ်ခါ သူ့အသံ အနည်းငယ် ကျယ်လောင်သွား၏။ သည်တော့မှလည်း ဇော်က အသိဝင်လာဟန်ဖြင့် သူ့ကို ပြုံးပြုံးပျာပျာကြည့်ကာ-

"ဆရာ ကျွန်မကို ဘာပြောလိုက်တာလဲ ဟင်"

ဇော်၏ အမေးကြောင့် သူ လှစ်ခနဲ ပြုံးမိရ၏။ တကယ်ပင် ဇော်ဟာ အတွေးအာရုံတစ်ခုထဲမှာ နစ်မျောနေတာကိုး။ သူက ဇော့်ကို ကြင်နာစွာ ပြုံးပြလိုက်ရင်း

"ကိုယ်ခေါ်နေတာ နှစ်ခါရှိသွားပြီ မွေ့အိမ်ဇော်၊ မင်း ဘာတွေများ ဒီလောက် စဉ်းစားနေတာလဲ ဟင်"

သူ့အပြောကြောင့် ဇော်မျက်နှာညိုးခနဲ ဖြစ်သွားကာ သူ့ကိုတောင်းပန်၏။

"ခွင့်လွှတ်ပါ ဆရာ၊ ကျွန်မ ခန္ဓာကိုယ်ကြီးက ဆရာ့ဘေးမှာ ပါလာပေမယ့် ကျွန်မစိတ်တွေက ဆေးရုံက အဖေ့ဆီ ရောက်နေတာမို့ပါ၊ အဖေသာ တစ်ခုခုဖြစ်ရင် ဟောဒီလောကအလယ်မှာ ကျွန်မ တစ်ယောက်တည်း အားငယ်စွာ ကျန်ရစ်ခဲ့မှာကို တွေးနေမိတာပါ"

"အော် မွေ့အိမ်ဇော်ရယ်၊ ဘာလို့ စိတ်မကောင်းစရာတွေ တွေးနေရတာလဲ၊ မွေ့အိမ်ဇော်ရဲ့အဖေ ပြန်ကောင်းလာမှာပါ"

"ခုလို အားပေးတာ ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာပြောသလို ဖေဖေပြန်ကောင်းလာရင် ကျွန်မအတွက် ကံအကောင်းဆုံး ဆုလာဘ်တစ်ခုပါ"





"မွေ့အိမ်ဇော်ရယ်၊ ဘာဖြစ်လို့များ ဖြစ်မလာသေးတဲ့ သောကတစ်ခုကို ရင်မှာကြိုပြီး အပူထုပ်လုပ်ပိုက်နေမှာလဲ၊ အခုချိန်မှာ မွေ့အိမ်ဇော့်ရဲ့စိတ်တွေ တည်ငြိမ်အောင်ထားပြီး ဦးလေး အမြန်ဆုံးနေကောင်းလာဖို့ မြတ်စွာဘုရားထံမှာ ဆုတောင်းရမှာ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ဒါကြောင့် ကျွန်မမနေ့က တစ်ညလုံး အဖေ့ခေါင်းရင်းမှာထိုင်ပြီး ဘုရားဂုဏ်တော်အမျိုးမျိုး ရွတ်ဆိုခဲ့ပါတယ်။ အခုအချိန်မှာ အဖေ့ကိုကယ်နိုင်တဲ့ ဘုရားသခင်သာ ရှိပါတော့တယ်"

"ကိုယ်လည်းဝိုင်းဆုတောင်းပေးပါ့မယ်၊ မွေ့အိမ်ဇော်ရဲ့ အဖေကို ဘုရားက ကယ်မှာပါကွယ်"

သူ့အားပေးစကားအဆုံးမှာ ဇော်က သူ့အား လေးစားစွာကြည့်ကာ-

"ဆရာ ဆရာဘာဖြစ်လို့ ကျွန်မအပေါ် ဒီလိုသဘောထား ပြောင်းလဲသွားတာလဲဟင်"

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်မင်းကို တောင်းပန်ပါတယ် မွေ့အိမ်ဇော်၊ ရိုးရိုးသားသား ဝန်ခံရရင် ကိုယ်အလုပ်ဝင်ကာစအချိန်မှာ မင်းတစ်ယောက်ပဲ ခွင့်ရက်ရှည် ယူတာရယ်၊ ပြီးတော့ ဒီလိုပဲ မင်းက ခွင့်မကြာခဏယူတယ်လို့ ကြားတော့ ကိုယ့်စိတ်ထဲမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ယူတာ မင်းရဲ့ကိုယ်ရေးကိုယ်တာကြောင့်ထင်ခဲ့လို့ မင်းကို အလုပ်က ထုတ်ဖို့အထိ စဉ်းစားခဲ့တာပါ၊ အခုလို မင်းခွင့်ယူရတဲ့အကြောင်းရင်းကို သိလိုက်ရတော့ကိုယ်တကယ် စိတ်မကောင်းဘူး၊ နောက်တစ်ခုကမင်းကလဲကိုယ့်ကိုဘာမှ ဖြေရှင်းမပြဘူး မဟုတ်လား၊ တကယ်ဆို ကိုယ်က နိုင်ထက်စီးနင်းဝါဒကို ကြိုက်တဲ့သူ မဟုတ်ပါဘူး၊ မင်းမှာ တကယ်အပြစ်မရှိမှန်းသိတော့ ကိုယ်ပြောတာတွေအတွက် အများကြီး စိတ်မကောင်းဖြစ်ရတယ်။ ဒါကြောင့် ကို ကုမ္ပဏီဝန်ထမ်းတစ်ယောက်ရဲ့ လူမှုရေးဟာ ကိုယ့်အရေးပဲလို့ ယူဆပြီး မင်းကိုခုလို ကူညီတာပါ"

သူက တရှည်တလျား ရှင်းပြမှုအဆုံးမှာတော့ ဇော်က သူ့ကို မယုံနိုင်သောမျက်ဝန်းများဖြင့်ကြည့်သည်။ ပြီးတော့ အားငယ်ညိုးလျော့သော လေသံဖြင့်ခပ်တိုးတိုးပြော၏။

"ဒါပေမယ့် ကျွန်မကဆရာ့ကုမ္ပဏီရဲ့ဝန်ထမ်းတစ်ယောက်မှ မဟုတ်တော့ပဲ၊ ဆရာအလုပ်က မထုတ်ခင်မှာပဲ ကိုယ့်သဘောနဲ့ ကိုယ်အလုပ်က ထွက်လာခဲ့ပြီလေ"

ဇော်အပြောကို သူက ပြုံး၍ ခေါင်းခါယမ်း၏။

"မင်းကို အလုပ်ရှင်တစ်ယောက်က ထွက်ခွင့်မပေးမချင်း အလုပ်ထွက်လို့ မရဘူးလေ"

"ဟင် ဒါဆိုဆရာက ကျွန်မကို အလုပ်ထွက်ခွင့်မပေးဘူးလား"





"ဟုတ်တယ် မေ့အိမ်ဇော်၊ မင်းကို ကိုယ်ဘယ်တော့မှ အလုပ်ထွက်ခွင့်မပေးဘူး"

"အို"

ဇော် အံ့ဩသော မျက်လုံးများဖြင့် သူ့ကိုကြည့်၏။ တကယ်ဆို ဇော်ကိုယ်တိုင်ကလဲ အလုပ်မထွက်ချင်ပါ။ ဒါပေမယ့် မေးမြန်းစူးစမ်းခြင်းမရှိဘဲ ဇော့်အပေါ် တစ်ဖက်သတ် အထင်လွဲနေသော သူ့ကြောင့် ဖြေရှင်းပြလိုစိတ်မရှိဘဲ စိတ်လိုက်မာန်ပါ အလုပ်က ထွက်ဖို့ ပြောခဲ့ခြင်းဖြစ်၏။

"အဲဒီလို အလုပ်ပြန်ခန့်တာဟာ ဆရာအနေနဲ့ ကျွန်မကို အပြစ်မရှိဘူး ထင်လို့ပေါ့နော်"

"ဒါပေါ့ မေ့အိမ်ဇော်၊ မင်းဟာ မိဘကိုပြုစုလုပ်ကျွေးနေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကိုယ်သိသွားပြီပဲ၊ မင်းမှာဘာအပြစ်မှ မရှိပါဘူးကွယ်"

"ဆရာ ကျွန်မအပေါ် အခုလို အမြင်ပြောင်းလဲလာတာ ဝမ်းသာပါတယ်၊ ဒီတစ်ခါ အဖေကျန်းမာလာရင် ကျွန်မ အလုပ်မှန်မှန်ဆင်းပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ကျွန်မအပေါ် ကူညီထားတဲ့ဆရာ့ကျေးဇူးတွေကိုကျွန်မရဲ့လုပ်အားနဲ့ ပြန်ပေးဆပ်ချင်လို့ပါ"

"ဟေး မင်းဘယ်လိုပြောလိုက်တာလဲ မေ့အိမ်ဇော်၊ ကိုယ် မင်းကို အလုပ်ပြန်ခန့်တာ အဲဒီလို အကြွေးဆပ်စေချင်လို့ မဟုတ်ဘူး၊ ကိုယ် ကူညီတာတွေဟာ စေတနာသက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်. . ."

"တော်ပြီ ဆက်မပြောနဲ့တော့ မွေ့အိမ်ဇော်၊ ကိုယ်တို့ မင်းအဖေအမြန်ဆုံးကျန်းမာလာဖို့ ဆုတောင်းကြစို့"

သူက စကားလမ်းကြောင်းလွှဲပစ်လိုက်တာမို့ ဇော်နှုတ်ဆိတ်သွား၏။ ဇော်တို့အိမ်ရောက်လာတော့ အတော်မှောင်နေပြီ၊ တစ်အိမ်လုံးမှာ တစ်ယောက်တည်းရှိနေသော ဇော်ကိုသူစိတ်မချသလို ဖြစ်ရ၏။

"အခုလို အိမ်ထိကိုယ်တိုင်ရာရောက် လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်ဆရာ၊ အိမ်ထဲဝင်ဖို့တော့ မဖိတ်တော့ဘူးဆရာနော်၊ ဆရာ အိမ်အပြန်မိုးချုပ်မှာစိုးလို့"

စကားကိုလှပအောင်ပြောလိုက်ပေမယ့် တစ်အိမ်လုံး ဇော်တစ်ယောက်တည်းရှိတာမို့တမင်မခေါ်တာဟု သူနားလည်ပါ၏၊ ထို့ကြောင့် ခေါင်းညိတ်ပြုံးပြရင်း-

"ကိုယ်နားလည်ပါတယ် မွေ့အိမ်ဇော်၊ ဒါနဲ့ ကိုယ်အကြံပေးချင်တာက ဒီလိုညမျိုးမှာ မင်းမိန်းကလေးအဖော်တစ်ယောက်လောက်ခေါ်အိပ်ပါလား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ ဘေးအိမ်က ကောင်မလေးကို ခေါ်သိပ်လိုက်ပါ့မယ်"





"ဒါဆိုအိုကေ၊ ကိုယ်ပြန်တော့မယ် ဟုတ်လား၊ ဒီညမှာ မင်းဘာမှ မတွေးဘဲ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါစေလို့ ကိုယ်ဆုတောင်းပေးပါတယ်။ ကဲ ဂွတ်နိုက်"

"ဂွတ်နိုက် ဆရာ"

သူ လက်ပြပြီး မွေ့အိမ်ဇော် အိမ်ရှေ့မှ ကားမောင်းထွက်ခဲ့၏။မှောင်ပျသောဝန်းကျင်အောက်ဝယ် ရပ်ကျန်ခဲ့သော ဇော့်ကို မမှုမရပ်။ သေချာတာကတော့ အချိန်တိုတိုကလေးအတွင်းမှာ ဇော့်ကို သူ ခိုင်မာစွာ တွယ်ငြိနေပြီဆိုတာပင်။ သောက အပူရိပ်တွေကြားမှပင် ဇော့်အလှက ဖုံးကွယ်လို့မရအောင် ပေါ်လွင်လွန်းလှ၏။

သည်အချိန်မှာ ဇော်သိပ်ကို အားငယ်ဝမ်းနည်းနေမှာ သေချာ၏။ ထို့ကြောင့်အလုပ်တွေ မအားသည့်ကြားက ဇော့်အတွက် အချိန်ကိုရအောင် ဖဲ့ပေးနေမိ၏။

ဦးလေးမောင်ကတော့ သူ့ကိုဘယ်လိုမြင်မယ်မသိ။ သက်နှင်းဇော်ဆိုသည့်မိန်းကလေးတစ်ယောက်ကြောင့် အရှက်ရခဲ့သော သူ့အနေဖြင့် အရှက်သည်းခြေမရှိစွာ မွေ့အိမ်ဇော်ဆိုသည့် မိန်းကလေးကို လာရောက်ငြိတွယ်ပြန်ပြီလားဟု ထင်လေမလား။

သူတို့ထင်ချင်တာထင်ပါစေ၊ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေး၏ ရုပ်ပုံလွှာက သူ့အသည်းနှလုံးထဲ စွဲထင်နေပြီမို့ ဘာကိုမှ ဂရုစိုက်မနေနိုင်။ သိပ်မကြာသည့်ရက်ပိုင်းအတွက် မွေ့အိမ်ဇော်နှင့် ပတ်သက်၍ သူ ဦးလေးမောင်ကို တစ်စုံတစ်ခုပြောဖြစ်လိမ့်မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ မွေ့အိမ်ဇော်ကို သူ့ဘဝ၏ တစ်သက်တာ အဖော်အဖြစ် ရွေးချယ်လိုက်ပြီလို့ ထိုအခါ ဦးလေးမောင်အနေဖြင့် သူနဲ့ မွေ့အိမ်ဇော်ကိုသဘောတူမှာလား၊ ကန့်ကွက်မှာလား သေချာတာကတော့ ဘယ်လိုအကြောင်းပြချက်တွေပဲရှိပါစေ မွေ့အိမ်ဇော်ကို သူလက်ထပ်ဖို့ ကြိုးစားမည်သာဖြစ်၏။

□





မနက်ရောက်တော့သူ အစောကြီးအိပ်ယာမှ ထကာ မွေ့အိမ်ဇော်ထံလာခဲ့၏။ သူရောက်သောအချိန်၌ မွေ့အိမ်ဇော်က အပြင်သို့ထွက်ရန် အသင့်ဖြစ်နေပြီ။ အဝါဖျော့ဖျော့ ရင်ဖုံးအင်္ကျီ လက်တိုကို အဝါပေါ်မှ အနက်ချိတ်လေးတွေ ပါသောလုံချည်ဖြင့်တွဲ ဝတ်ထားကာ ဆံပင်ရှည်ကြီးကတော့ ဇော်၏ ထုံးစံအတိုင်း ဆံမြီး ခပ်ဖွာဖွာကျစ်ထား၏။ သူ့ကိုမြင်တော့ ဇော်က အံ့သြစွာဖြင့်-

“ဟင် ဆရာ အစောကြီး ရောက်လာတယ်”

သူက ပြုံးလျက် ခေါင်းညိတ်ပြရင်း-

“မွေ့အိမ်ဇော်လည်းအစောကြီးဆေးရုံသွားဖို့ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် ဒီနေ့ဖေဖေ့ မွေးနေ့မို့လို့ ဘုရားမှာ ယတြာအရင်သွားချေဖို့ စဉ်းစားထားတာ"

"ဟာ ကောင်းတာပေါ့၊ ဘုရားကို ကိုယ်လိုက်ပို့ပေးမယ်လေ"

"ဟို- ဆရာ ကျွန်မအတွက်နဲ့များ အလုပ်သိပ်ပျက်နေမလား ဟင်"

ဇော် မဝံ့မရဲဖြင့်အားနာစွာဖြင့် မေး၏။ သူပြုံး၍ ခေါင်းခါယမ်းပြကာ-

"ဒါတွေ လျှောက်တွေးမနေပါနဲ့၊ မွေ့အိမ်ဇော်၊ အဓိက မွေ့အိမ်ဇော် ဖေဖေနေကောင်းဖို့ပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူများကို ကျွန်မအတွက်နဲ့ ဒုက္ခမပေးချင်ဘူးလေ"

"ကိုယ်ကသူများလား မွေ့အိမ်ဇော်"

"ရှင်"

ဇော်၏ သူစိမ်းဆန်လွန်းသောစကားကြောင့် ရုတ်တရက် မျက်မှောင်ကြုတ်ကာ မေးလိုက်ပြီးမှ ကိုယ့်အမှားကိုယ် သတိရသွားသည်။ ဟုတ်သားပဲနော်၊ မွေ့အိမ်ဇော်အတွက်တော့ သူဟာ တစ်စိမ်းတစ်ယောက်ပဲ၊ သူကသာ ဇော့်ကို စိတ်ထဲမှ ရင်းနှီးတွယ်တာနေတာ၊ ကိုယ့်ရင်ထဲက တွယ်တာမှုကို ဇော်ကလည်းသိသေးတာ မ





ဟုတ်၊ ကိုယ့်ဘာသာစကားလောကြီးသွားမှုကို နားမလည်သော မျက် ဝန်းလေးများဖြင့်ကြည့်နေသည့် ဇော့်အား ပြန်ပြင်ပြောလိုက်ရ၏။

"ဗော် ကိုယ်ပြောတာ ဒီလိုပါ မွေ့အိမ်ဇော်၊ ကိုယ်ဟာ မွေ့အိမ်ဇော်ရဲ့အလုပ်ရှင်တစ်ယောက်မို့ကိုယ့်ကိုသူစိမ်းတစ်ယောက်လို သဘောမထားဖို့ ပြောချင်တာပါ"

ထိုအခါ ဇော်က မျက်လွှာအသာချကာ ခေါင်းညိတ်သည်။ လောလောဆယ် အနေအထားမှာ သူ့စကားကိုသာ ဇော်က နားထောင်ရမည်သာ။

"ကဲ မွေ့အိမ်ဇော် ကားပေါ်တက်"

သူ ကားတံခါးဖွင့်ပေးတော့ ဇော် အသာတက်ထိုင်၏။ မနက်ခင်း၏ အာရုဏ်ဦးအလှက ဇော်နှင့်အပြိုင် ဝင်းပစွာ လှနေသည်။ကားမောင်းနေရင်းမှ ဇော်၏ ဘေးတိုက်မြင်နေရသော မျက်နှာအလှကို မကြာခဏခိုးကြည့်မိကာ သက်ပြင်းကြိတ်ချမိရသည်။ ဇော်ဟာ ဘယ်လိုကြည့်ကြည့် လှရက်နိုင်သူတစ်ယောက်ပါလား။

သည်လိုမိန်းကလေးပီသကာ လှပသောသူလေးကို တစ်သက်လုံးပိုင်ဆိုင်ရတဲ့ယောက်ျားသည် ဘယ်လောက်ကံကောင်းလိုက်မလဲ၊ထိုကံကောင်းတဲ့ ယောက်ျားကရော သူ မဖြစ်နိုင်ဘူးလား၊ သည်အခြေအနေမျိုးမှာ သူ့ရင်ထဲက ခံစားချက်များကို ဇော့်အား



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မသိစေချင်။ ယခုလို ဇော်ကို ကူညီနေခြင်းသည် သူ၏ စေတနာသန့်သန့်သာဖြစ်စေချင်၏။ ထို့ကြောင့် သူ့ရင်ထဲမှ ခံစားချက်ကို မြှုံသိပ်ကာ ဇော်အတွက် အကောင်းဆုံးမိတ်ဆွေတစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ကြိုးစားဖို့ စိတ်ကူးလိုက်သည်။

သူ၏ ကားကို ရွှေတိဂုံဘုရားသို့ဦးတည်မောင်းခဲ့၏။ အလင်းရောင်အနည်းငယ်သာသမ်းသေးသော မနက်ခင်း၏ အာရုဏ်ဦးအောက်တွင် ရွှေတိဂုံဘုရားကြီးကို ကြည်ညိုသပ္ပာယ်စွာ တွေ့လိုက်ရသည်။

ရွှေရောင်တွေ တဖိတ်ဖိတ်လျှံနေသော ရွှေတိဂုံဘုရားကြီးကို မြင်ရခိုက် သူတို့နှစ်ယောက်လုံး၏ ရင်ထဲရှိသမျှသောကတွေ ခေတ္တမျှ လွင့်စင်သွားကာကြည်နူးအေးချမ်းသွားရသည်။

“အခုလို မနက်ခင်းအာရုံမှာ ရွှေတိဂုံဘုရားကြီးကို ဖူးမျှော်ရတာ သိပ်ကိုကြည်ညိုစရာကောင်းတာပဲနော် ဆရာ”

မွှေ့အိမ်ဇော်၏ အသံလေးက ကြည်လင်အေးမြကာ နူးညံ့နေသည်။သူ ပြုံး၍ ခေါင်းညိတ်လိုက်ရင်း-

“ဒါပေါ့မွှေ့အိမ်ဇော်၊ ကိုယ်တော့ မွေးနေ့တိုင်းမနက်စောစော ရွှေတိဂုံဘုရားကြီးကိုလာပြီး ပုတီးစိပ်တတ်တယ်”

“သိပ်ကောင်းတာပဲဆရာ၊ ကျွန်မတို့ကျတော့ မနက် စောစော ရွှေတိဂုံဘုရားကြီးကိုလာပြီး ဖူးမျှော်ကြည်ညိုချင်ပေမယ့် မိန်းကလေးကလည်းတစ်ယောက်တည်းဖြစ်ပြန်၊ ဘတ်စ်ကား စီးရဖို့ ဆိုတာကလည်းမလွယ်တာနဲ့မို့ မရောက်ဖြစ်ခဲ့ပါဘူး၊ ဒါပထမဆုံး အကြိမ် ဆရာလိုက်ပို့လို့ရောက်ဖြစ်တာ၊ ဒါကြောင့် ဆရာ့ကို အများကြီး ကျေးဇူးတင်မိရတယ်”

“မွှေ့အိမ်ဇော်က ကျေးဇူးသိပ်တင်တတ်တာပဲကိုး၊ ကိုယ်ကတော့ ခုလို မွှေ့အိမ်ဇော်ကို လိုက်ပို့ရတာပဲ ကုသိုလ်အများကြီးရလို့ ဝမ်းသာနေမိတာ၊ မွှေ့အိမ်ဇော် ဒီလိုသာ မနက်ခင်းတိုင်း ဘုရားဖူးချင်တယ်ဆိုရင် ကိုယ် မွေးနေ့တိုင်း ဝင်ခေါ်ပါတယ်ကွာ”

“ဟင်ဆရာကလဲ ကျွန်မနဲ့ဆရာ သိကြ၊ တွေ့ကြတာမကြာသေးဘူးလေ”

“အဟွန်း ဟုတ်သားပဲ၊ ဒီလိုလုပ်လေ မွှေ့အိမ်ဇော် မေမေနေကောင်းလာရင် ကိုယ်တို့မကြာခဏ လာကြတာပေါ့”

သူကတော့ ခုလိုသာယာလှပသော မနက်ခင်းမှာ ဇော်နှင့်အတူတွဲကာ ရွှေတိဂုံဘုရားလာဖူးရတာကို ကြည်နူးလို့မဆုံး ဖြစ်နိုင်လျှင် ဇော်နှင့်အတူ နေ့တိုင်း လာဖူးလိုက်ချင်ပါ၏။ သူတို့နှစ်ယောက် စောင်းတန်းအတိုင်း ဘုရားရင်ပြင်ပေါ်သို့ တက်လာခဲ့သည်။

မွှေ့အိမ်ဇော်က ဖခင်ဖြစ်သူအတွက် ပန်းနှင့်လိုအပ်သည့် ပစ္စည်းများကို ဝယ်၏။ ပြီးတော့ ဇော်၏ဖခင် မွေးနေ့ထောင့်တွင်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ဆွမ်းတော်ကာ လှူသည်။ မွှေ့အိမ်ဇော်က ဖခင်ဖြစ်သူ အတူတူ စိတ်ပုတီးထိုင်စိပ်နေစဉ် သူလည်း ကိုယ့်မွေးနေ့ထောင့်မှာ ဘုရားတော်ဖူးလိုက်၏။ ထို့နောက် ဇော်ရှိရာ ပြန်လာကာ ခပ်ဝေး သေချာ စောင့်နေလိုက်သည်။

ရှားညိုရောင် သင်္ဘောက်လေးကို ပခုံးပေါ်တင်ကာ မျက်လွှာ ချလျှက် တည်ငြိမ်စွာ ပုတီးစိပ်နေသော ဇော်ပုံစံလေးက အချိုးအစား ပြေပြစ်သောကျောက်ရုပ်လေးတစ်ခု ထုထားသလိုပင်။ ဇော်၏ တည်ငြိမ်သောအသွင်လေးကို ကြည့်ရင်း မိန်းကလေးတစ်ယောက် ၏ အလှကျက်သရေကို သူ မြင်မိရ၏။ ဇော် ဘာသာတရားကိုင်း ရှိုင်းသူ၊ မိဘအတွက် သိတတ်သူလေးပါလားဟု စိတ်ထဲ ကြိတ်ကာ ချီးမွမ်းရင်း ဂုဏ်ယူမိရ၏။

တကယ်လို့ ဇော့်ကိုသာ သူတစ်သက် ပိုင်ဆိုင်ခဲ့လျှင် သူ နေမကောင်းတဲ့အခါတွေမှာ ဇော်ဟာ ဒီလိုပဲ ပူပန်ကာ ကောင်းမှု ကုသိုလ်တွေ သူ့အတွက် ရည်စူးလုပ်ပေးမယ့်သူလေးပါလားဟု စိတ် ထဲကြိတ်ကာ ကြည်နူးမိရပါ၏။ဇော့်လို မိန်းကလေးတစ်ယောက်ကို ဘဝတစ်သက်တာလက်တွဲဖို့ သူ စိတ်ကူးတာ လုံးဝမမှားဟု ယူဆ လိုက်၏။ နာရီဝက်ကြာမှ ဇော် ပုတီးစိပ်ခြင်းမှ ပြီးစီးသွားကာ သူ့ကို အားနာစွာ လှည့်ကြည့်လာ၏။

"ဆရာကျွန်မကို စောင့်နေတာ အားနာစရာကောင်းလိုက် တာ"





"ဟော အားနာတယ်ဆိုတဲ့စကားကိုမင်း ပြောပြန်ပြီ၊ ပြော ပါဦး ကိုယ်စောင့်နေတာနဲ့မင်းပုတီးစိပ်တာမှ ဖြောင့်ရဲ့လား"

"အဟင်း ဖြောင့်ပါတယ်ဆရာ၊ ကျွန်မက ပုတီးစိပ်ရင် ဘုရားဆီ အာရုံစူးစိုက်ရောက်နေတာမို့ ဘာကိုမှ သတိမရတော့ဘူး၊ ဆရာရော ဘုရားကန်တော့ပြီးပြီလား"

သူပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ မနက်ခင်း၏ အလင်း ရောင်က တဖြည်းဖြည်းပို၍ ပီပြင်လာသည်။

"ကဲ ဒါဆိုလာကိုယ်တို့ ဆေးရုံသွားကြစို့"

"ဟုတ်ကဲ့ ဆရာ"

ဘုရားပေါ်မှဆင်းကာ ကားဆီလာခဲ့ကြသည်။ မနက်ခင်း ဘုရားလာဖူးသူတွေက သူတို့နှစ်ယောက် လိုက်ဖက်ညီသော စုံတွဲ အဖြစ် အားကျသော မျက်ဝန်းများဖြင့် ကြည့်၏၊ တစ်ချို့ ဆယ် ကျော်သက်ကလေးတွေကတော့ နှုတ်ကို မစောင့်ဆည်းနိုင်စွာ-

"ဟယ် အစ်ကိုကြီးကလဲ ခန့်ခန့်ချောချောတာပဲ၊ မနက် စောစောဒီလိုချောချောလှလှအစ်ကိုကြီးတို့ အစ်မကြီးတို့စုံတွဲကို မြင် လိုက်ရတာ မင်္ဂလာကိုရှိသွားတာပဲ တကယ်"

ကောင်မလေးတွေ၏ ပြုံးစိစိအပြောကြောင့် မွှေ့အိမ်ဇော် တစ်ယောက် မသိမသာခေါင်းငုံ့ကာ မျက်လွှာချသွား၏။ သူ့မှာ တော့ မွှေ့အိမ်ဇော်ကိုလည်း အားနာ၊ ဒါပေမယ့် ကောင်မလေးတွေ ပြောသွားသောစကားကိုလည်း ကြည်နူးမိတာမို့ နှုတ်ခမ်းတွေက အလိုလို ပြုံးမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်သည့်အထိ မွေ့အိမ်ဇော်က သူ့ကိုမကြည့်ဘဲ ခေါင်းလေးငုံ့ထားဆဲမို့ သူသက်ပြင်းတစ်ချက် ကြိတ်ရှိုက်မိရသည်။ သူနဲ့ပတ်သက်ပြီးဇော် ဘာဖြစ်လို့ ဒီလောက် အရှက်သည်းပေးရတာလဲ။ ကိုယ်ကတော့ မင်းနဲ့ပတ်သက်ပြီး တသိမ့်သိမ့်ကြည်နူးနေတတ်ပြီ မွေ့အိမ်ဇော်။

"မွေ့အိမ်ဇော်"

"ရှင်"

သူ ကားမောင်းနေရင်းမှ ဇော့်ကို ခေါ်တော့ မျက်တောင်လေးများပင့်ကြည့်ကာ ဇော်ထူး၏။ သူသက်ပြင်းတစ်ချက်ရှိုက်ကာ

"မွေ့အိမ်ဇော် သိပ်ရှက်နေသလားဟင်"

"ရှင်ဆရာ ဘာကိုပြောတာလဲ"

ဇော်၏အမေးကြောင့် သူရင်မောသွားရ၏။ သူ့မေးခွန်းကို ဇော် ဘာဖြစ်လို့ မသိချင်ယောင်ဆောင်နေရတာလဲ။

"စောစောကကောင်မလေးတွေပြောသွားတဲ့စကားကိုလေ"

"အို"

ဇော် ရုတ်တရက် မျက်နှာတွင် သွေးရောင်သမ်းကာ ရှက်သွား၏။ နောက်တော့ မျက်နှာကိုအတည်ငြိမ်ဆုံးထားကာ-

"သူတို့မသိလို့ ပြောသွားတာပဲဆရာ၊ တကယ်ဆို ကျွန်မတို့ ဒီလိုမသွားသင့်ဘူးနော်၊ ကျွန်မက အကြောင်းမဟုတ်ပေမယ့် ဆရာ့လို ဂုဏ်သရေရှိလူတစ်ယောက်က ကျွန်မလို ဘာမဟုတ်တဲ့





မိန်းကလေးနဲ့ တွဲသွားတာ ဆရာ့မိတ်ဆွေတွေသာမြင်ရင် ဆရာ့ ဂုဏ်သိက္ခာအရမ်းကို ထိခိုက်မှာပဲနော်"

"ဘာတွေပြောနေတာလဲ မွေ့အိမ်ဇော်။ မင်းဟာ ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် ဒီလောက်အားငယ်တဲ့အတွေးမျိုးတွေ ဝင်နေရတာလဲ၊ပြောပါဦး မင်းနဲ့ကိုယ်မှာ ဘာတွေကွာခြားချက်ရှိနေသလဲ၊ ကိုယ်က ပိုက်ဆံရှိလို့ တန်ဖိုးရှိပြီး မင်းကပိုက်ဆံမရှိလို့ တန်ဖိုးမဲ့တယ်လို့ ထင်နေသလား ဟင်"

သူ၏ မျက်မှောင်ကြုတ်ကြုတ်ဖြင့် ထိုမေးခွန်းတွေကို ဇော်အား မေးမိရ၏။ စောစောက ကြည်လင်နေသော သူ၏ စိတ်တွေကလည်းအနည်းငယ်နောက်ကျိသွားချင်ရသည်။တကယ်ဆို သူ့အနေဖြင့် ဇော်စိတ်ထဲ ဒီလိုအားငယ်တဲ့ အတွေးမျိုး မဝင်စေချင်။ သူ့စိတ်ထဲမှာ ဇော်က သိပ်ကိုတန်ဖိုးရှိတဲ့ မိန်းကလေးပဲ။ မိန်းမတစ်ယောက်၏ တန်ဖိုးဆိုတာ ပိုက်ဆံရှိတဲ့ပေါ် မူတည်တာမှ မဟုတ်ဘဲ၊ ဇော် ပိုက်ဆံမရှိပေမယ့် တန်ဖိုးရှိတဲ့ ဣန္ဒြေသိက္ခာတွေ အများကြီးရှိ၏။ ဒါတွေက မိန်းကလေးတစ်ယောက်ရဲ့အဖိုးမဖြတ် နိုင်တဲ့ တန်ဖိုးတွေပေါ့။

"ကိုယ်ပြောတာ သေသေချာချာ နားထောင်ပါ မွေ့အိမ်ဇော်၊ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ ပိုက်ဆံအပေါ်မှာ မူမတည်ပါဘူး၊ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ပိုက်ဆံရှိတဲ့လူတွေကိုလူကုံ



www.burmeseclassic.com

www.burmeseclassic.com



ထန်အထက်တန်းလွှာတွေလိုသတ်မှတ်ကြပြီး ပိုက်ဆံမရှိတဲ့သူတွေကို အဆင့်မရှိတဲ့သူအောက်တန်းလွှာတို့လို လူတွေက သတ်မှတ်ချင်ကြတယ်၊ တကယ်တမ်းမှာ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ ပိုက်ဆံပေါ်မှာထက် သူ့ရဲ့ အကျင့်စာရိတ္တနဲ့ စိတ်ထားအပေါ်မှာအများကြီး မူတည်တာပါ၊ လူတစ်ယောက်ဟာ အကျင့်စာရိတ္တကောင်းမယ်၊ စိတ်ထားဖြူစင်မယ်၊ လူတစ်ယောက်ရဲ့ ကျင့်ဝတ်ကို အပြည့်အဝ ထိန်းသိမ်းနိုင်တယ်ဆိုရင် ပိုက်ဆံရှိတဲ့သူပဲဖြစ်ဖြစ်၊ ပိုက်ဆံမရှိတဲ့သူပဲဖြစ်ဖြစ် တန်ဖိုးရှိကြတာချည်းပါပဲကွယ်၊ ကိုယ်ပြောတာကိုမင်း သဘောပေါက်တယ်မဟုတ်လား မွေ့အိမ်ဇော်"

သူ့အမေးကို ဇော်က ခေါင်းညိတ်ပြသည်။ ပြီးတော့ တိုးတိတ်သော လေသံဖြင့်

"ကျွန်မမှားသွားပါတယ်ဆရာ၊ လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာကို ကျွန်မ နားလည်သွားပါပြီ"

"ဒါမှပေါ့ မွေ့အိမ်ဇော်၊ နောက်တစ်ခါ လူလူချင်း ဘယ်တော့မှ အားငယ်တဲ့အတွေးမတွေးနဲ့တော့ ဟုတ်လား"

"ဟုတ်ကဲ့ပါဆရာ"

ဇော့်မျက်နှာလေး ကြည်စင်ကာ ခေါင်းညိတ်တော့ သူ့စိတ်ထဲ ကျေနပ်သွားရ၏။ သည်လိုကျတော့လည်း ဇော်ဟာ နာခံတတ်တဲ့ကလေးတစ်ယောက်လို မြတ်နိုးစရာပါလား။





ဆေးရုံရောက်တော့ သူကကားနောက်ခန်းမှယိုးဒယားခြင်းတောင်းတစ်ခုကို ဆွဲယူလိုက်၏။ ဇော်က အံ့ဩသလို ကြည့်ကာ-

"ဘာတွေလဲ ဆရာ"

"အော် ဦးလေးအတွက် လိုအပ်တဲ့ပစ္စည်းလေးတွေပါ"

"ဟင်"

ဇော် ခြင်းတောင်းတဲငုံ့ကြည့်လိုက်တော့ ဟောလစ်ဗူး၊ မိုင်လိုဗူးတွေနှင့် စားစရာတွေကအပြည့်။ ဇော် စိတ်ထဲအားနာသွားရတာမို့ တစ်ခုခုပြောမည်ပြုစဉ်-

"ဘာလဲ မွေ့အိမ်ဇော်၊ အားနာတယ်လို့ ပြောအုံးမလို့လား"

"ဟင်း မပြောတော့ပါဘူးဆရာရယ်၊ ခြင်းတောင်း ပေးလေဆရာ ကျွန်မ ဆွဲပါ့မယ်"

"ဟာ နေပါစေ၊ ကိုယ်ဆွဲပါ့မယ်၊ ခြင်းတောင်းက နည်းနည်းလေးတယ်"

"အို ဟင့်အင်း၊ ဒါကိုတော့ ကျွန်မ ခွင့်မပြုနိုင်ဘူး ပေးပါဆရာ"

ဇော်က ပြောပြောဆိုဆိုသူ့လက်ထဲ ခြင်းတောင်းကို လုယူခိုက် နှစ်ယောက်သား လက်ချင်းထိမိသွားရသည်။ ဇော်ကတော့ ဘယ်လိုနေမယ်မသိ၊ သူကတော့ ဇော်၏ နူးညံ့သောအတွေ့အထိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရင်တစ်ခုလုံး နွေးထွေးသွားရသည်။ သူ အလျှော့ပေးကာ ဇော်လတ်ထဲခြင်းတောင်းထည့်ပေးလိုက်တော့၏။

သူတို့နှစ်ယောက်ရောက်တော့ ဇော် ဖခင်က နှစ်ခြိုက်စွာ အိပ်နေဆဲပင်။ နာ့စ်မလေးက သူတို့နှစ်ယောက်ကို ဆီးကြိုကာ သတင်းပေး၏။

"ညကတော့ ကောင်းကောင်းမွန်မွန် အိပ်ပျော်ပါတယ်၊ မနက် (၃)နာရီလောက်ကတော့ တစ်ခါနိုးသေးတယ်၊ မမကို မေးတယ်၊ ကျွန်မက မနက်ကျမှ လာလိမ့်မယ်ပြောပြီး ဆေးတိုက်ပြန်သိပ်ထား လိုက်တယ်လေ"

"အော်"

သူ ခေါင်းညိတ်ကာ မွေ့အိမ်ဇော်ဖခင်ကို ငုံ့စိုက်ကြည့်သည်။ ဇော့် ဖခင်သည် မုတ်ဆိတ်ကျင်စွယ်များကြားမှပင် ငယ်စဉ်တုန်းက ချောမောမည့်သူတစ်ဦးဖြစ်ကြောင်း ခန့်မှန်းနိုင်ကြ၏။ ဇော်ကလည်း ဖခင်ဖြစ်သူကို ရီဝေဝေငေးစိုက်ကြည့်ကာ သက်ပြင်းကြိတ်ချနေသည်။

မနက်ခုနစ်နာရီလောက်မှ ဇော့်ဖခင် အိပ်ရာမှ နိုးလာ၏။ ဖခင်ဖြစ်သူ အိပ်ရာနိုးလာတာမြင်တာနှင့် ဇော် မျက်နှာလေး ဝင်းပသွားကာ နှုတ်ခမ်းလေးတွေ ပြုံးသွားပြီး-

"ဖေဖေ"





ဟု ဝမ်းသာစွာ ခေါ်၏။ ဖခင်ဖြစ်သူကလည်း ဇော့်ကိုတွေ့တော့ အရောင်မှေးမှိန်ဖျော့တော့နေသော မျက်လုံးတွေဝင်းခနဲလက်သွားသည်။ ဇော်က ဖခင်ဖြစ်သူဘေးတွင် ဝင်ထိုင်ကာ-

"ဖေဖေ သက်သာရဲ့လားဟင်"

ဇော့်အမေးကို ဖခင်ဖြစ်သူက ခေါင်းညိတ်ပြသည်။ ဇော်က သူ့ဘက်လှည့်ကာ

"ဖေဖေ ဒါသမီးတို့ကုမ္ပဏီပိုင်ရှင် ဦးအောင်ခန့်ညိုတဲ့၊ ဖေဖေ့ကို ဆေးရုံတင်ပေးဖို့လည်း ဆရာပဲ အစစအရာရာ စီစဉ်ပေးတာ"

ထိုအခါ ဖခင်ဖြစ်သူက သူ့ထံသို့ လှမ်းကြည့်ကာ ခပ်ယဲ့ယဲ့ပြုံးပြ၏။ နှုတ်ဖျားမှလည်း လေသံတိုးတိုးဖြင့် "ကျေးဇူးတင်ပါတယ်"ဟု ပြောလေသည်။

သူ ခေါင်းညိတ်ပြုံးပြလိုက်ပြီး "ဦး သက်သာတယ်နော်"ဟု မေးလိုက်၏။ ဇော်၏ ဖခင်က သူ့ကို ကျေးဇူးတင်နေပုံ။ သူ ဇော်တို့နားမှ ကစ်ခဏမျှနေပြီး အလုပ်သွားဖို့ နှုတ်ဆက်လိုက်သည်။

"ကဲ မွေ့အိမ်ဇော် ဒီမှာအေးအေးဆေးဆေး နေခဲ့ပေါ့၊ ကိုယ်တော့ အလုပ်ခဏသွားလိုက်အုံးမယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို အစစအရာရာ ကူညီတာသိပ်ကို ကျေးဇူးတင်ပါတယ်၊ ဆရာ့အလုပ်အားမှ ကျွန်မတို့ဆီ လာပါနော်၊ ကျွန်မတို့အတွက်နဲ့ ဆရာ အလုပ်ပျက်မှာကို အားနာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံး၍သာ နေလိုက်၏။ ထို့နောက် ဇော် ဖခင်ကို နှုတ်ဆက်ကာ အောက်ထပ်ဆင်းခဲ့သည်။ ဇော်က သူ့နောက်မှလိုက်လာကာ ကားနားအထိ လိုက်ပို့၏။

"မွေ့အိမ်ဇော် ကိုယ့်ကို လိုက်မပို့နဲ့၊ ဦးနားမှာပဲ နေခဲ့ရလ"

"ဟင့်အင်းဆရာ၊ ဖေဖေ့အတွက် စိတ်ချရပြီပဲ၊ ဆရာ့ကို ကျွန်မကားနားအထိ လိုက်ပို့ပါရစေ"

အော်ခက်ပါလား၊ ဇော်ကိုချန်ထားရစ်ပြီး သူ ဘယ်လိုသွားရက်နိုင်မှာလဲ၊ ဒါပေမယ့် ဇော့်ဆန္ဒကို မတားလိုတာကြောင့် ဘာမှ မပြောဘဲ နေလိုက်၏။

"ဆရာ"

"ဟင်"

"ဆရာ ကျွန်မတို့အတွက်နဲ့ပင်ပန်းနေမှာပဲနော်"

ကြည် ဒီမိန်းကလေးဟာ သူ့ကိုတစ်ခုမဟုတ် တစ်ခု လှည့်တွေးကာ အားနာနေတဲ့သူပါလား။ သူ ခေါင်းအသာခါယမ်းကာ ဇော့်ကို ငုံ့စိုက်ကြည့်လိုက်၏။

"မင်းကို ဘယ်သူပြောလဲ ပင်ပန်းတယ်လို့"

"မပြောပေမယ့်လည်း တွေးကြည့်လို့ရတာပဲ ဆရာရယ်"

"အလကား လျှောက်တွေးမနေပါနဲ့ မွေ့အိမ်ဇော်၊ ကိုယ်က ကိုယ် မလုပ်ချင်တဲ့အလုပ်တစ်ခုကို ဘယ်တော့မှ မလုပ်တတ်သလို ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုလည်း ဘ[illegible]သူတားတား ရအောင်လုပ်တတ်တယ်"





"အော် ဆရာရယ်"

ထိုစဉ်မှာပင် သူတို့နှစ်ယောက် ကားနားရောက်လာ၏။ သူ ကားပေါ်မတက်မီ ဇော့်ကို ပြုံး၍ကြည့်ကာ-

"ဦးအတွက် ကိုယ့်ကို ဘာမှာအုံးမလဲ"

"ဟင့်အင်းဆရာ၊ ဆရာပေးထားတာတွေနဲ့တင် အားလုံး ပြည့်စုံနေပါပြီ"

"ဒါဆိုမွေ့အိမ်ဇော်အတွက်နေ့လည်စာကိုကိုယ်ထမင်းချိုင့်ပို့ခိုင်းလိုက်မယ် ဟုတ်လား"

"အို ဟင့်အင်း"

ဇော် ငြင်းမည်လုပ်စဉ်မှာပင် သူလက်ဝါးကာပြကာ-

"မင်းဘာမှမငြင်းနဲ့ မွေ့အိမ်ဇော်၊ ဒါ ကိုယ့်စေတနာပဲ"

ထို့နောက် ဇော်ဘာမှမပြောနိုင်ခင်မှာပင် သူကားမောင်းထွက်ခဲ့၏။ ရီဝေဝေမျက်လုံးလေးများဖြင့်ငေးကြည့်နေသော ဇော့်ကို နောက်ကြည့်မှန်မှတဆင့် မြင်ရခိုက် ရင်ထဲက ခွဲမသွားချင်သလိုလို၊ ဇော်နဲ့အတူသွား၊ အတူလာနေရတဲ့ဘဝလေးကိုပဲ သူအထူးနှစ်ခြိုက်မိပြီ မဟုတ်လား။

ကုမ္ပဏီရောက်လို့ သူအလုပ်တွေလုပ်နေရပေမယ့် သူ့စိတ်အာရုံကတော့ မွေ့အိမ်ဇော်ဆီမှာ။ ဆေးရုံပေါ်မှာ အားငယ်နေရှာမည့် သားအဖနှစ်ယောက်ကို မျက်စိထဲ မြင်ယောင်ကာ သနား



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်မိရ၏။ ဖြစ်နိုင်လျှင် ဇော်အပါးက တစ်ဖဝါးမျှ အား ပေးလို့သာ နေချင်မိပါသည်။ ဒါပေမယ့် စိတ်ဆန္ဒရှိတိုင်းလုပ်လို့ မဖြစ်သေး၊ ဇော်နဲ့သူက ဘာမှဆိုင်ကြသေးတာမဟုတ်။ သူ့သိက္ခာ ကိုယ့်သိက္ခာကိုထိန်းပေးရမည်မဟုတ်လား။

နေ့လည်ကျတော့ မွေ့အိမ်ဇော်အတွက် သူ ထမင်းချိုင့် ပို့ပေးဖို့ စီစဉ်၏။ ဟိုတယ်မှ အစားအစာတွေကို ဦးလေးမောင်အား မှာခိုင်းကာ မေသွယ်နှင့်ခင်ညို့ကို ပို့ခိုင်းသည်။ ဦးလေးမောင် စား စရာများစီစဉ်နေတုန်းမှာပင် မေသွယ်တို့ကို သူရုံးခန်းသို့ ခေါ်လိုက် ၏။

သူခေါ်တယ်ဆိုတာကြောင့်မေသွယ်တို့နှစ်ယောက် ဝမ်း မြောက်ဝမ်းသာဖြင့်ရောက်လာကြ၏။ မေသွယ်က မျက်နှာကို အတတ်နိုင်ဆုံး ပြုံးကာ-

"ဆရာ ကျွန်မတို့ကိုခေါ်တယ်ဆို"

"အော် ဟုတ်ကဲ့၊ ထိုင်ကြပါ"

သူ ခေါင်းညိတ်ပြကာ မေသွယ်တို့နှစ်ယောက်ကို ထိုင်ခိုင်း လိုက်၏၊ သူ့မျက်နှာက တည်ငြိမ်နေသည်။

"မွေ့အိမ်ဇော်ကို မင်းတို့သိတယ် မဟုတ်လား"

"ရှင် ဟုတ်ကဲ့သိပါတယ်"

"ဟုတ်ပြီ၊ အခု မွေ့အိမ်ဇော်ရဲ့အဖေ ဆေးရုံတက်ရတယ်၊ တစ်နေ့က မွေ့အိမ်ဇော်ခွင့်ယူတဲ့အကြောင်း မေသွယ်ပြောတယ်





နော်၊ ကျွန်တော်လဲအစတုန်းကတော့ မွေ့အိမ်ဇော် ခွင့်ယူတာဟာ မလိုအပ်ဘဲ ယူတာလားလို့ ထင်မိတယ်။ ဒါပေမယ့်တကယ်တမ်းကျ တော့ ခင်ဗျားတို့ထင်သလို မဟုတ်ပါဘူး၊ သူ ခွင့်ယူတာ သူ့အဖေ နေမကောင်းလို့ ဖြစ်နေတာပဲ၊ ဟိုတစ်နေ့ကဆို သူ့အဖေ သတိ လစ်သွားလို့ မွေ့အိမ်ဇော့်ခမျာ အတော်လေးကိုသောကများသွား တယ်။ ဒီတော့ ကျွန်တော်တို့ကပဲ မွေ့အိမ်ဇော်အဖေကို ဆေးရုံတင် ဖို့ အစစအရာရာ စီစဉ်ပေးရတယ်။ ဒါကလည်း ကျွန်တော်တို့ တာဝန်လေ၊ မွေ့အိမ်ဇော်ဟာကျွန်တော်တို့ကုမ္ပဏီရဲ့ ဝန်ထမ်းတစ် ဦးမဟုတ်လား၊ အခုကျွန်တော်ပြောချင်တာက ခင်ဗျားတို့လည်း ကိုယ့်ကုမ္ပဏီဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ မွေ့အိမ်ဇော်ကို တတ်နိုင် သလောက် အကူအညီပေးကြရမယ်၊ ဆေးရုံကိုလည်း လူမမာရေးအရ သွားမေးကြရမယ်၊ မွေ့အိမ်ဇော်တို့မှာသားအဖနှစ်ယောက်တည်းရှိ တော့ အစားအသောက်ကိစ္စ ဘာမှမစီစဉ်နိုင်ဘူး၊ ဒီတော့ကျွန်တော် ကပဲ ထမင်းချိုင့်ပို့ဖို့ စီစဉ်ထားတယ်"

"အဲဒါ မွေ့အိမ်ဇော်အတွက် ထမင်းချိုင့်ကို ခင်ဗျားတို့ နှစ်ယောက်ပဲ သွားပို့ပေးပါ"

"ရှင် ဟုတ်. . . ဟုတ်ကဲ့"

မေသွယ်မှာ ပျက်လုလုဖြစ်နေသောမျက်နှာကို အတတ်နိုင် ဆုံးပြင်ကာ ခေါင်းညိတ်လိုက်ရ၏၊ ထို့နောက်တော့ သူတို့ဆဲ၍၏



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အရ မွေ့အိမ်ဇော်ထံသို့ ထမင်းချိုင့်သွားပို့ရပါတော့သည်။ လမ်းတွင် ခင်ညိုက မေသွယ်အား စကားနာထိုးတော့၏။

"ဘယ်လိုလဲ ဒေါ်မေသွယ်၊ ဆရာဦးအောင်ခန့်ညိုနဲ့ မွေ့အိမ်ဇော်ကို နီးစပ်မှာကြောက်နေလိုက်တာ၊ အခုတော့ နီးစပ်ရုံတင်မကဘူး၊ နင့်ကိုတောင် မွေ့အိမ်ဇော်အတွက် ထမင်းချိုင့်ပို့ခိုင်းလိုက်ပြီ"

ခင်ညို၏ စကားကြောင့် မေသွယ့်မျက်နှာ မည်းခနဲဖြစ်ကာ ရင်ထဲမှာလည်း ရှက်စိတ်ဖြင့် ခံပြင်းမိရ၏။

"တောက် ဒီမွေ့အိမ်ဇော်ဆိုတဲ့ကောင်မက ဆရာ့ကို ဘယ်လိုဖမ်းစားလိုက်တယ်မသိဘူး"

"ခက်ပါလား မေသွယ်၊ တကယ်ဆို ဆရာနဲ့မွေ့အိမ်ဇော်က တစ်ယောက်နဲ့တစ်ယောက် ဘယ်နှစ်ကြိမ်တွေ့ဖူးသေးလို့လဲ"

"သူ ခွင့်စေ့လို့ အလုပ်ပြန်ဝင်လာတဲ့အခါ၊ တစ်ခါပဲ ရှိသေးတာ မဟုတ်လား ခင်ညို၊ အေး အဲဒီတစ်ခါတွေ့တုန်းက ဆရာ့ကို အမိဖမ်းစားလိုက်တာနေမှာပေါ့၊ ကြည့်လေ သူ့အဖေ ဆေးရုံတင်ထားတာကအစ ဆရာပဲစီစဉ်ပေးရတယ်"

"မွေ့အိမ်ဇော် ဖမ်းစားတယ်ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ် ခမေသွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့ပုံစံက မိန်းမတစ်ယောက်ရဲ့ ဖမ်းစားမှုကို အမိခံရလောက်အောင် ခပ်တုံးတုံးလူမျိုး မဟုတ်ဘူး၊





ပြီးတော့ မွေ့အိမ်ဇော်အဖေကို ဆရာဆေးရုံတင်ပေးတယ်ဆိုတာကလည်း မွေ့အိမ်ဇော်ဟာ ဆရာ့ကုမ္ပဏီရဲ့ ဝန်ထမ်းတစ်ယောက်မို့ ကြည့်ရှုစောင့်ရှောက်တာပဲဖြစ်မယ်"

"တော်စမ်းပါခင်ညိုရာ၊ နင်ဘာမှ မွေ့အိမ်ဇော်ဘက်က လိုက်မနေစမ်းပါနဲ့၊ ဘာပဲဖြစ်ဖြစ် မွေ့အိမ်ဇော့်ဆီ ထမင်းချိုင့်ပို့ခိုင်းတာကတော့ ငါလုံးဝ မကျေနပ်ဘူး"

"ဒါဆို နင်ဆရာ့ကို ဘာလို့မပြောတာလဲ မေသွယ်"

"ဟဲ့ ဘာလို့ပြောရမှာလဲ၊ ငါက သူ့ဝန်ထမ်းတစ်ယောက်ပဲ၊ သူခိုင်းတာ လုပ်ရမှာပေါ့"

"အေး အစကတည်းက ဒီလိုသဘောပေါက်ထားရင် ပြီးနေတာပဲ မေသွယ်"

မေသွယ်မျက်စောင်းကြီးက ခင်ညို့ထံ ဒိုင်းကနဲရောက်သွား၏။ ဆရာဦးအောင်ခန့်ညိုကိုသူ့ဘက်ပါအောင် ဆွယ်ဖို့ မေသွယ်ကြံစည်ထားပေမယ့် အခုတော့ သူမသိလိုက်ခင်မှာပင် ဆရာဦးအောင်ခန့်ညိုက မွေ့အိမ်ဇော်လူဖြစ်သွားပြီ။ မွေ့အိမ်ဇော်အပေါ် စိတ်ထဲမကျေချမ်းသမျှ အနီးကပ်ဖြစ်သောခင်ညိုထံသို့သာ ဒေါသစိတ်များရောက်သွားရ၏။ နေ့လည်ထမင်းချိုင့်လာပို့ခိုင်းမယ်ဟုဆိုတာကြောင့် အားနာနေသော မွေ့အိမ်ဇော်မှာ ထမင်းချိုင့်ဆွဲကာ ဝင်လာသော မေသွယ်တို့ကိုမြင်လိုက်ရတော့ ပျာပျာသလဲ ဆီးကြိုရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မေသွယ်တို့ကိုယ်တိုင် ထမင်းချိုင့်လာပို့တာ အားနာစရာကောင်းလိုက်တာ"

မွှေ့အိမ်ဇော်က လှိုက်လှိုက်လှဲလှဲပြောနေသမို့ မေသွယ်က မျက်နှာတင်းကာ မသိချင်ယောင်ဆောင်နေတာမို့ အားနာတတ်သောခင်ညိုက မွှေ့အိမ်ဇော်အား ပြုံးပြကာ-

"တကူးတကကြီး ထမင်းလာပို့တာရယ်လို့ မဟုတ်ပါဘူး မွှေ့အိမ်ဇော်ရယ်၊ မွှေ့အိမ်ဇော်ဖေဖေ ဆေးရုံတင်ထားတယ်ဆိုတာသိလို့ လူနာလည်းမေးရင်း လာခဲ့တာပါ၊ ပြီးတော့ ခင်ညိုတို့ မွှေ့အိမ်ဇော်တို့ဆိုတာ တစ်ကုမ္ပဏီထဲလုပ်တဲ့ဝန်ထမ်းအချင်းချင်းတွေပဲ၊ တစ်ယောက်ကိုတစ်ယောက်အားနာရမယ့်လူတွေမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် ခုလို ထမင်းချိုင့်လာပို့တာရော လူနာလာမေးတာရောပဲ အားလုံးကို ကျေးဇူးတင်ပါတယ်"

"အော် မွှေ့အိမ်ဇော်ကလည်း ဒါတွေဟာ ကျေးဇူးတင်စရာမလိုပါဘူး၊ တကယ်တမ်း မွှေ့အိမ်ဇော်ကျေးဇူးတင်ရမှာက ဆရာဦးအောင်ခန့်ညိုကိုပဲ၊ အခု ထမင်းချိုင့်လည်း ခင်ညိုတို့ကို လူနာမေးရင်း ပေးခိုင်းလိုက်တာပဲ"

ခင်ညို့အပြောကြောင့် မေသွယ်မျက်နှာရဲခနဲဖြစ်သွား၏။ မေသွယ့်စိတ်ထဲမှာ မွှေ့အိမ်ဇော်အတွက် ဒီလိုထမင်းချိုင့်လာပို့ရတာကို ရှက်နေမိသည်။

"ခင်ညို နင်ဘာတွေပြောနေတာလဲ၊ ထမင်းချိုင့်ပေးပြီးရင် ပြန်မယ်"





"အို နေပါဦး၊ နင်ကလဲရောက်မဆိုက် ဆရာက တို့ကို လူနာမေး သေချာလွှတ်လိုက်တာပဲ"

"အေး အဲဒါဆို နင်နေရင်နေခဲ့ငါ ပြန်မယ်"

မေသွယ်က ပြောပြောဆိုဆို ချာကနဲလှည့်ပြန်သွား၏။ မေသွယ့်အပြုအမူကြောင့် ခင်ညိုမှာ မွှေ့အိမ်ဇော်ကို အားနာသွားပါသည်။ ထို့ကြောင့် မွှေ့အိမ်ဇော်ကို တောင်းပန်လိုက်မိ၏။

"အားနာလိုက်တာ မွှေ့အိမ်ဇော်ရယ်၊ မိသွယ်ဒီလိုပဲ လူမှုရေးမသိတတ်ဘူး"

ခင်ညိုအပြောကြောင့် မွှေ့အိမ်ဇော် မချိသလိုပြုံးကာ-

"ရပါတယ် ခင်ညိုရယ်၊ ကျွန်မ နားလည်ပါတယ်၊ ကဲ ခင်ညိုလည်းပြန်ရင်ပြန်တော့နော်၊ တော်ကြာမေသွယ်စိတ်ဆိုးနေအုံးမယ်"

"အိုနေပါစေ၊ ဒီလောက်လူမှုရေးရိုင်းတာတော့ ခင်ညို မကြိုက်ဘူး"

"မဟုတ်တာခင်ညိုရယ်၊ ကျွန်မအတွက်နဲ့ ခင်ညိုတို့ သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းမကွဲပါနဲ့၊ ခုလောက်ဆို မေသွယ်အောက်ထပ်မှာပဲ ရှိအုံးမှာပါ လိုက်သွားနော်"

သဘောထားပြည့်ဝသော မွှေ့အိမ်ဇော်ကို ခင်ညိုအားနာသလို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။

"ဒါဆို ခင်ညိုပြန်တော့မယ်နော်။ လိုတဲ့အကူအညီရှိရင်လည်း တို့ကိုအချိန်မရွေး တောင်းနိုင်ပါတယ်၊ မွှေ့အိမ်ဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ခင်ညိုရယ်"

မွှေ့အိမ်ဇော်က ခင်ညို့ကိုအောက်ထပ်အထိ လိုက်ပို့၏။ ခင်ညိုပြန်သွားပေမယ့် သူ့မစိတ်ထဲ မောကာ ကျန်ခဲ့သည်။ မေသွယ်တစ်ယောက် သူ့မအပေါ် ဘာဖြစ်လို့ ဒီလောက်တင်းမာနေရတာလဲဟု တွေးမရ။ ဘာပဲဖြစ်ဖြစ် နောက်ကိုတော့ သူ့မနှင့်ပတ်သက်ကာ မခိုင်းဖို့ ဆရာ့ကိုပြောထားရအုံးမည်ဟု စိတ်ဆုံးဖြတ်လိုက်၏။

ညနေရောက်တော့ သူရောက်လာ၏။ သူရောက်လာသော အချိန်တွင် မွှေ့အိမ်ဇော်က ဆရာဝန်တစ်ယောက်နှင့်ရယ်မောကာ စကားပြောနေ၏။ သူ့စိမ်းယောကျ်ားတစ်ယောက်နှင့် ခုလို ရယ်မော စကားပြောနေသော မွှေ့အိမ်ဇော်ကိုကြည့်ကာ သူ့မျက်ခုံးထူထူတွေ အလိုလိုကြုတ်သွားသည်။ ထိုဆရာဝန်ကလဲ ခန့်ခန့်ချောချောနှင့် ဘာတွေ သဘောကျနေသည်မသိ။ တစ်ချိန်လုံး ဇော့်မျက်နှာကို စိုက်ကြည့်ကာ ပြုံးပြုံးဖြင့် ခေါင်းညိတ်လို့မဆုံး။

ဇော်တို့နှစ်ယောက်စကားလက်ဆုံကျနေလိုက်တာ သူလာနေတာကိုတောင် မမြင်ကြပေ။ သူ့ရင်ထဲမှာ ဇော်တို့နှစ်ယောက်ကို ကြည့်ပြီး အလိုလိုရင်ပူလာရ၏။ သည်ဆရာဝန်နဲ့ ဇော်ဟာ အချိန်တိုတိုလေးအတွင်းမှာ ဘယ်လောက်အထိ ခင်မင်ရင်းနှီးနေကြပြီလဲ၊ ထိုအတွေးက သူ့စိတ်တစ်ခုလုံးကို ချောက်ချားပူလောင်စေ၏။





ဇော်တို့အနား သူရောက်သွားချိန်မှာတော့ ထိုဆရာဝန်က ဇော့်အနားမှ ထွက်ခွာသွားလေပြီ။ သည်တော့မှ ဇော်က သူရှိရာဘက် ဖျတ်ကနဲ လှည့်ကြည့်လာကာ-

"ဟင် ဆရာ"

သူ့ကိုတွေ့တော့ အံ့ဩဟန်ပြု၏။ သူ နှုတ်ခမ်းတင်းတင်းစေ့ကာ ဇော့်ကိုကြည့်လိုက်ပြီး-

"ဦး သက်သာရဲ့လား"

သူ့အမေးကြောင့် ဇော့်မျက်နှာ ညှိုးဖျော့သွားပြီး တိုးတိတ်သော အသံဖြင့်ဖြေ၏။

"ဘယ်လိုပြောရမှန်းတော့ မသိတော့ပါဘူး ဆရာရယ်၊ ဖေဖေက အရက်သောက်လာတဲ့နှစ်ကကြာတော့ အသည်းတစ်ခြမ်းကျွမ်းသလိုဖြစ်နေပြီတဲ့၊ ကျွန်မတော့ ဖေဖေ ဒီတောင်က ကျော််နိုင်ပါ့မလားလို့ စိုးရိမ်မိတယ် ဆရာ"

"ဟာကွာ ဘာတွေပြောနေတာလဲ၊ ဒီလောက် ဆရာဝန်တွေနဲ့ကြပ်မတ်ကုနေတာပဲ၊ ဘာလို့ အလကားစိုးရိမ်နေတာလဲ မွှေ့အိမ်ဇော်"

စောစောက ဆရာဝန်တစ်ယာက်နှင့် စကားပြောနေသော ဇော့်ကိုကြည့်ပြီး ရင်ထဲပူလောင်သမျှ အခုတော့လည်း ထိုအပူတွေ ပျောက်ကွယ်ကာမျက်နှာလေးညှိုးဖျော့ဖျော့ဖြစ်နေသော ဇော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သနားမိရ၏။ ဇော်၏ ဖခင်ကတော့ ကုတင်ပေါ်၌ အိပ်ပျော်နေသည်။ သူ့အနေနှင့် ဇော့်ကိုအားသာပေးလိုက်ရပေမယ့် ဇော်၏ ဖခင်ပုံစံက အားရစရာတော့ သိပ်မရှိလှပါ။

"ဆရာလဲ ကျွန်မရဲ့သောကအပူတွေမျှပြီး ကူးစက်နေပြီနော်၊ တကယ်တော့ ကျွန်မ ဘယ်သူ့ကိုမှ ဒုက္ခတွေမျှပြီး မပေးချင်ပါဘူး ဆရာရယ်"

"မွေ့အိမ်ဇော် မင်းကို ကိုယ် ဘာပြောထားလဲ၊ ဒီလို စကားတွေပြောတာကို ကိုယ်မကြိုက်ဘူး ပြောထားလျက်နဲ့ ဒီစကားတွေ ပြောနေတာဟာ မင်းကိုယ့်စေတနာကို စော်ကားတာပဲ"

သူ မကြိုက်တာကိုဇော်ပြောနေတာမို့ သူ့လေသံက အတန်ငယ် တင်းမာသွားရပြီ။ သည်တော့ ဇော့်မျက်နှာလေးက အားငယ်ဝမ်းနည်းသွားလိုက်ပုံက သနားစရာ။ ပြောပြီးတော့လည်း ကိုယ့်ဘာသာ စိတ်မကောင်းဖြစ်ရပြန်၏။

"ကျွန်မကို ခွင့်လွှတ်ပါဆရာ၊ ဆရာ့စေတနာကို ကျွန်မ စော်ကားတာ မဟုတ်ပါဘူး"

"ဆောရီးကွာ၊ ကိုယ်လည်းမင်းရင်ထဲ ဒီလို သောကမျိုး မရှိစေချင်တာနဲ့ ပြောလိုက်တာ၊ မင်းခေါင်းထဲဘာမှ အားငယ်စရာတွေ မတွေးပါနဲ့ မွေ့ရယ်၊ နေ့လည်က ကိုယ်ထမင်းချိုင့်ပို့လိုက်တာ စားကောင်းရဲ့လား"





"ဟုတ်ကဲ့ဆရာ၊ သိပ်ကိုကောင်းပါတယ်၊ ဆရာပို့လိုက်တဲ့ ဟင်းတွေက ကျွန်မ တစ်သက်တာမှ တစ်ခါမှ မစားဖူးတဲ့ဟင်းလျာတွေပါ၊ ဟင်းတွေက များလွန်းလို့ ဘေးနားက လူနာတွေကိုပါ မျှဝေကျွေးလိုက်ရတယ် ဆရာ"

"ကောင်းတာပေါ့ မွေ့ရယ်၊ မွေ့လုပ်ရပ်က ကိုယ့်အတွက် တုသိုလ်ရတာပဲ မဟုတ်လား"

သူ ပြုံးရွှင်စွာ ပြန်ပြောတော့ ဇော့်မျက်နှာလေး ကြည်စင်သွား၏။ သူက စားစေချင်လို့ပို့လိုက်တာကို ဇော်က တစ်ခြားသူတွေ မျှဝေကျွေးလိုက်တာ ကြိုက်ပါ့မလားဟု တွေးခဲ့သမျှ ယခုမှ သက်ပြင်းချနိုင်တော့သည်။

ထိုအချိန်တွင် ဇော်၏ ဖခင်အိပ်ရာမှ ပြန်လည်နိုးလာသည်။ ဇော်က ဖခင်ဖြစ်သူ၏ မျက်နှာကိုကြင်နာစွာ ငုံ့စိုက်ကြည့်ပြီး လေသံတိုးတိုးဖြင့် မေးလိုက်၏။

"ဖေဖေ အိပ်ရာက နိုးပြီလား"

ဇော့်ဖခင်က ပြုံးရွှင်စွာ ခေါင်းညိတ်ပြပြီး မျက်လုံးများက သူ့ထံရောက်လာ၏။ သူ အားပေးသည့်အပြုံးဖြင့် ပြုံးပြလိုက်ရင်း-

"ဦး နေကောင်းတယ်နော်"

သူ့အမေးကို ဇော့်ဖခင်က ခေါင်းညိတ်ပြ၏။ မျက်လုံးတွေက သူ့အပေါ် သိပ်ကိုကျေးဇူးတင်နေသည့်အရိပ်အယောင်တွေ ပြ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သူက ဇော်ဖခင်၏ လက်ကို ပြန်၍ ကြင်နာစွာ ခပ်ဖွဖွ ဆုပ်ကိုင်လိုက်ပြီး ပြုံး၍ အားပေးစကားပြော၏။

"ဦးကို အထူးကုဆရာဝန်ကြီးတွေနဲ့ ကုဖို့ ကျွန်တော် ပြော ထားတယ်၊ ဦးဘာမှ အားမငယ်နဲ့နော်၊ အစားအသောက်ရော ဘာ တွေ စားချင်လဲ"

ဇော်ဖခင်က ပြုံး၍ ခေါင်းခါပြသည်၊ အမှောင်ရိပ်ကလည်း ပတ်ဝန်းကျင်မှာ တဖြည်းဖြည်းသမ်းလာ၏။ ဇော်က ဖခင်ဖြစ်သူကို စွပ်ပြုတ်ရည်တိုက်နေသည်၊ ဖခင်ဖြစ်သူကို တယုတယတိုက်ကျွေး နေသော ဇော်ပုံစံလေးက မိန်းကလေးပီသစွာ စိတ်ရှည်လက်ရှည်၊ သူ ဘေးမှ ကြည့်ကာ ကြည်နူးနေမိရ၏။ ဇော် ဖခင်က စွပ်ပြုတ် အနည်းငယ်သောက်ပြီးနောက် မျက်စိမှိတ်ကာအသာပြန်မှေးနေ သည်။ ထိုအခါမှ ဇော်က သူ့ဘက်လှည့်လာပြီး-

"ဆရာ မိုးတောင်ချုပ်ပြီနော်၊ ဆရာက ကုမ္ပဏီမှာလည်း တစ်နေ့လုံးပင်ပန်းလာတဲ့သူဆိုတော့ အနားယူချင်တော့မှာပဲ၊ ဒါ ကြောင့် ဆရာ ပြန်ရင်ပြန်တော့နော်"

"မွေ့ကော မလိုက်ဖူးလား"

သူမေးတော့ ဇော်က သက်ပြင်းဖွဖွချ၏။ ပြီးတော့ ညှိုး ငယ်သောမျက်နှာလေးဖြင့် ခေါင်းခါယမ်းသည်။

"ဒီနေ့ ကျွန်မပြန်မလိုက်နိုင်တော့ပါဘူး ဆရာ၊ ဖေဖေ ကို စောင့်ကြည့်နေချင်တယ်"





သူ တစ်စုံတစ်ခုပြောမည်ပြုပြီးမှ စိတ်ကို လျှော့ချလိုက် ကာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ဒီနေ့အနားမယူပေမယ့် မနက်ဖြန် တော့ အိမ်ပြန်အနားယူပေါ့လေ၊ ကဲ ဒါဆို ကိုယ်ပြန်မယ် မွေ့"

"ဟုတ်ကဲ့ဆရာ"

ဇော်က ထုံးစံအတိုင်း သူ့ကို ကားနားအထိ လိုက်ပို့၏။ ကားနားရောက်တော့ သူ ဇော့်မျက်နှာလေးကိုကြည့်လိုက်ပြီးနောက်-

"မွေ့"

"ရှင် ဆရာ"

"ကိုယ်အလာတုန်းက မွေ့နဲ့စကားပြောနေတဲ့ဆရာဝန်က မွေ့ရဲ့အသိလား ဟင်"

"ရှင် မဟုတ်ပါဘူးဆရာ၊ အဲဒါ ဖေဖေ့ရောဂါကို ကြပ်မတ် ကုသပေးနေတဲ့ ဒေါက်တာမျိုးဝင်းပါ၊ ဘာဖြစ်လို့လဲ ဆရာ"

"အော် ဘာမှမဖြစ်ပါဘူး၊ ကိုယ့်က မွေ့ရဲ့အသိမှတ်လို့ မေးမိတာပါ၊ မွေ့ ဦးနားနေတော့နေပေါ့၊ တစ်ညလုံးတော့ မအိပ်ဘဲ မနေနဲ့နော်၊ စပါယ်ရှယ်နာ့စ်တွေလည်း ရှိတာပဲ"

"ဟုတ်ကဲ့ဆရာ"

ဇော်က နာခံစွာ ခေါင်းညိတ်၏။ မနေ့ညကတော့ ဇော်နှင့် အတူပြန်ရသော ခရီးလမ်းကို အခုသူတစ်ယောက်တည်း ပြန်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်၊ သူ့စိတ်ထဲက တစ်ယောက်တည်း မပြန်ချင်သလိုပါပဲလား၊ ဒါပေမယ့် မပြန်လို့ကလည်းမဖြစ်။ ထို့ကြောင့် ဇော့်ကိုနှုတ်ဆက်လိုက်ရ၏။

"ကဲ မွေ့ အပေါ်တက်တော့လေ"

"ဟင် ဆရာမှ မပြန်သေးဘဲ"

သူ ပြုံး၍ ခေါင်းခါယမ်းပြလိုက်၏။

"မွေ့ကစပြီး ကိုယ့်ကိုအရင်ကျောခိုင်းထွက်သွားပါ"

"ဇို ဟင့်အင်း ဆရာပြန်ပြီးမှ ကျွန်မ အပေါ်ပြန်တက်မယ်"

ဇော့်ပုံစံက ခေါင်းခပ်မာမာလေးမို့ သူပဲ အလျှော့ပေးလိုက်ရ၏။

"ကဲ ဒါဆိုကိုယ်သွားမယ် မွေ့"

"ဟုတ်ကဲ့ဆရာ"

သူ ကားပေါ်တက်ကာ နှုတ်ဆက်လိုက်၏၊ သူ ကားပေါ်တက် စက်နှိုးနေစဉ်မှာပင် ဇော်က သူ ရှိနေသောကားပြတင်းဘေးမှာ လာရပ်ကာ-

"ဆရာ"

"ပြောလေ မွေ့"

"မနက်ဖြန် ကျွန်မအတွက် ထမင်းချိုင့်မပို့ခိုင်းပါတော့နဲ့နော်"

"ဘာဖြစ်လို့လဲ"





သူ မျက်မှောင်ကြုတ်ကာမေးတော့ ဇော် မျက်လွှာလေး မသိမသာချပြီး

"ဟို ဆရာ့ကို အားနာလို့ပါ"

"ဒါဆိုရင်တော့ ကိုယ့်ကိုမှာမနေနဲ့တော့ မွေ့၊ ကိုယ်လုပ်ချင်တာဆို ဘယ်သူမှ တားလို့မရဘူးကွ၊ ကဲ ကိုယ်သွားမယ်"

သည်တစ်ခါတော့ သူ ဇော့်ကို မကြည့်ဘဲ ကားမောင်းထွက်ခဲ့၏။ ဇော် မျက်နှာငယ်လေးဖြင့် ရပ်ကာ ကျန်ခဲ့သည်။

ဟင်း မွေ့ရယ်။

သူ သက်မတစ်ချက်ချကာ သူမနာမည်လေးတမ်းတညည်းညူလိုက်မိ၏။ သည်တော့မှ ကိုယ့်ဘာသာ သတိပြုမိလိုက်တာက အလို ဇော့်ကို သူ့ နှုတ်ဖျားက တမ်းတမ်းတတ မွေ့လို့ ခေါ်မိနေတာပါလား။

မွေ့. . . .၊ မွေ့တဲ့။ ကြည့်စမ်း သူမလေးဟာသူ့အသည်းနှလုံးကိုကြည်မွေ့စေမယ့် မိန်းကလေးပါလား။ မွေ့အမည်ကို သူ ခပ်တိုးတိုးထပ်ရွတ်ဆိုရင်းစိတ်ထဲ အလိုလိုကြည်နူးသွားရ၏။ ထိုညက သူ အိပ်မပျော်၊ ဇော့်အကြောင်းတွေက သူ့ဦးနှောက်ထဲ အလိုလို ရောက်လာကာ ဇော့်ပုံစံလေးကိုသာ မျက်ဝန်းထဲမြင်ယောင်နေမိတော့၏။

❐

www.burmeseclassic.com



သို့သော် ဇော်နှင့်သူတို့အမြန်ဆုံးနီးစပ်စေရန် အကြောင်း
နိတ်းလာတာကတော့ ဇော့်ဖခင် ရုတ်တရက် ဆုံးပါးသွားခြင်း
င်၊ နောက်တစ်နေ့မနက်ရောက်တော့ သူ ဇော်ရှိရာ ဆေးရုံသို့
ပ်စောစောရောက်လာခဲ့၏။ ဒါပေမယ့် သူရောက်သွားချိန်မှာတော့

"ဆရာ"

ဇော်ကသူ့ကိုမြင်လိုက်ကာမှ အားကိုးတကြီးခေါ်ကာ သူ့
င်ခွင်တွင် ရုတ်တရက်ဝင်ရောက်၍ သည်းထန်စွာ ငိုကြွေးလေ၏။
ော်၏ မျက်ရည်တွေကိုမြင်တော့ သူ စိုးရိမ်ပူပန်သွားကာ-

"ဟင် မေ့ဘာဖြစ်တာလဲ ဘာဖြစ်လို့ ငိုနေရတာလဲ ကိုယ့်
ကိုပြောစမ်း"

လိုင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာတော့ သူ့ထံတွင် ဇော်ဆီကျရောက်လာမည့် အန္တရာယ်ဆိုးများကို တားဆီးဖယ်ရှားလိုစိတ်တို့က ပြည့်နှက်နေရှ တော့၏။ ဇော်ကလည်း သည်းထန်ထန် ရှိုက်ငိုပြီး-

"ဖေဖေ ဖေဖေ မရှိတော့ဘူး ဆရာ"

"ဟင်"

"ဟုတ်တယ် ဆရာ၊ ညကပဲ ဖေဖေဆုံးသွားပြီ"

"ဟာ ဖြစ်မှဖြစ်ရလေ မွေ့ရယ်"

သူသည် မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်းတို့ဖြင့် ရှေ့တည့် တည့်မှ ကုတင်ကိုလှမ်းကြည့်မိလေ၏။ မရှိတော့၊ ဘာတစ်ခုမှ မရှိ မနေ့ကမှ တွေ့ဆုံအားပေးခဲ့သော လူတစ်ယောက် ယခုတော့လည်း လူ့လောကကြီးမှ ထွက်ခွာသွားပါရောလား။ ကာယကံရှင်ဖြစ်တဲ့ ဇော့် ရင်ထဲ ဘယ်လောက်ခံစားနေရမယ်မသိ။ သူ့ရင်ထဲမှာတောင် အတော်လေးစိတ်မကောင်းခြင်းခံစားလိုက်ရပါ၏။

သူ ဇော့်ပခုံးလေးကို ဖွဖွဆုပ်ကိုင်ကာ စိတ်ထိခိုက်သော လေသံဖြင့်-

"ကိုယ်အများကြီးစိတ်မကောင်းပါဘူး မွေ့ရယ်၊ အရာအား လုံးဟာ မယုံနိုင်စရာပါပဲ၊ ဒါပေမယ့် မွေ့ရယ်၊ မွေ့အနေနဲ့ မွေ့ရဲ့ ဖခင်ပေါ်မှာ သမီးတစ်ယောက်ရဲ့ ဝတ္တရားကျေပြွန်ပါတယ်ကွယ် ဒီ့အတွက် မွေ့ရဲ့ စိတ်ကိုဖြေသာအောင်ဖြေပါ"





ဇော်က မျက်ရည်တွေ စို့ရွဲနေသောမျက်ဝန်းများဖြင့် သူ့ကို မော့ကြည့်လာ၏။ ထိုမျက်ဝန်းထဲမှာ ဝမ်းနည်းခြင်း၊ ထိခိုက်ကြေကွဲ ခြင်းတို့ဖြင့် ပြည့်နေ၏။

"မွေ့ရယ် မွေ့ဘယ်လိုခံစားရမယ်ဆိုတာ ကိုယ်နားလည် ပါတယ်၊ မွေ့ဟာ တရားရှိတဲ့မိန်းကလေးဆိုတာလည်း ကိုယ် ယုံ ကြည်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံး မွေ့စိတ်ကို မွေ့ဖြေပါ၊ ဦးကိစ္စအားလုံးကို ကိုယ်အစအဆုံး စီစဉ်ပေးမယ် ဟုတ်လား"

ဇော်က တစ်ချက်ရှိုက်လိုက်ရင်း "ကျေးဇူးတင်ပါတယ် ဆရာ"ဟု ခပ်တိုးတိုးပြော၏။ သူ ဇော့်ကို ပခုံးမှ ဖေးမစွာ ကူတွဲ ခေါ်လာခဲ့လိုက်သည်။

ထိုရက်တွေအတွင်းမှာတော့ သူအတော် အလုပ်ရှုပ်သွား ရပါ၏၊ သို့သော် ဇော်၏ကိစ္စကို တာဝန်ယူဆောင်ရွက်လုပ်ပေးနေ ရတာမို့ မောပန်းတယ်လို့မထင်မိ၊ ဝမ်းနည်းကြေကွဲနေသော ဇော့် ကို အတတ်နိုင်ဆုံး အားပေးနှစ်သိမ့်ရင်း ဇော့်ဖခင်၏ ဈာပနကို အကောင်းဆုံးစီစဉ်ပေးခဲ့သည်။

ဇော်ကတော့ မျက်ရည်တွေ စီးကျရင်း ဖြစ်လာသမျှ လောကဒဏ်ကို ခါးစည်းခံဖို့ ကြိုးစား၏။ ဇော်၏ မျက်ရည်တွေကို မြင်နေရသော သူ့အဖို့မှာတော့ မီးတောက်စတွေကို မြင်ရသည့် အလား ရင်ထဲ ပူလောင်လှ၏၊ ထိုရက်ပိုင်းတွေအတွင်း ဇော့် ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



က ချုံ့ယူလိုက်သလို ပိန်ကျသွားသည်။ ကြာလျှင် ဇော်ပါ လဲတော့မည်ကို စိုးရိမ်လာ၏။

"မွေ့ မင်းအနေ့ ဒီလောက်တောင် စိတ်ထိခိုက်မဖြစ်ပါနဲ့ကွယ်၊ ကြာရင် မင်းပါလဲသွားလိမ့်မယ်"

"ဘာထူးမှာလဲ ဆရာ၊ လောကကြီးအလယ်မှာ ကျွန်မတစ်ယောက်တည်း ကျန်နေတာထက်စာရင် သေသွားတာကပိုကောင်းပါသေးတယ်"

"ဟင် မင်း ဘယ်လိုပြောလိုက်တာလဲ မွေ့ရယ်"

သူ ဆက်လက်ပြောချင်ပါ၏။ လောကကြီးအလယ်မှာ မင်းတစ်ယောက်တည်းကျန်ခဲ့တာ မဟုတ်ပါဘူး၊ မင်းဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိနေပါသေးတယ်။ အဲဒါကိုမင်းမသိရော့လေသလား မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးရယ်၊

"မွေ့ သူက မင်းနဲ့အတူနေဖို့ ကိုယ်ခေါ်လာခဲ့တာ၊ နာမည်က ဒေါ်ကြည်တဲ့"

ကိစ္စအားလုံးပြီးသည့်နောက်တစ်နေ့မှာပင် သူက အသက်ငါးဆယ်အရွယ်ခန့်ရှိ အသားညိုညို၊ ခပ်ဝဝနှင့် သဘောကောင်းဟန်ရှိသော ဒေါ်ကြည်ဆိုသည့်အမျိုးသမီးကြီးတစ်ဦးကိုခေါ်လာလေ၏။ ဇော်က တိတ်ဆိတ်စွာပင် ဒေါ်ကြည်ဆိုသော အမျိုးသမီးကြီးကို ငေးကြည့်နေမိသည်။ လောကကြီးမှာ တွယ်တာစရာ ဖခင်





မရှိတော့သည့်နောက် ဇော် တစ်ဦးတည်းရှိတော့ပါလားဟု အားငယ်ဝမ်းနည်းစိတ်က မကြာခဏ ဝင်မိရ၏။ သည့်လိုအချိန်မှာပင် သူကအလိုက်သိစွာဖြင့် ဇော့်အတွက် အဖော်ခေါ်လာခြင်းဖြစ်၏။ သူကဒေါ်ကြည့်ဘက်လှည့်ကာ-

"ဒေါ်ကြည် သူက ကျွန်တော်ပြောပြောနေတဲ့ မွေ့အိမ်ဇော်၊ ဒေါ်ကြည်အနေနဲ့ မွေ့ကို သမီးလေးတစ်ယောက်လို စောင့်ရှောက်ပေးပါ"

"စိတ်ချပါမောင်အောင်၊ မွေ့ကိုမြင်မြင်ချင်းပဲ အမေကြည်သမီးလေးလို ချစ်မိရပါတယ်ကွယ်"

"ဒီလိုမှပေါ့ အမေကြည်၊ကဲ မွေ့ရေ ဒေါ်ကြည်က မင်းကိုမြင်မြင်ချင်းသမီးတစ်ယောက်လိုချစ်သွားပြီတဲ့ မွေ့ကရော"

"ကျွန်မမှာ တွယ်တာစရာဆိုလို့ ဘယ်ဆွေမျိုးသားချင်းမှမရှိပါဘူးဆရာ၊ အမေကြည်ဟာ မွေ့ရဲ့ မိခင်ပါပဲ"

"ကြည့်စမ်း၊ လိမ္မာလိုက်တဲ့ မွေ့ကလေးပဲ၊ မှန်တာပြောရင် ဒေါ်ကြည်ဆိုတာ ကိုယ်ငယ်ငယ်လေးထဲက ထိန်းလာတဲ့ ဆွေမျိုးတစ်ယောက်လိုပဲကွ၊ မွေ့က တစ်ခြားအဖော်တွေနဲ့ ထားရမှာစိတ်မချလို့ ဒေါ်ကြည့်ကို တမင်ခေါ်လာတာ၊ မွေ့အနေနဲ့ ဘာမှ အားမငယ်နဲ့နော်၊ မွေ့ဘေးမှာဒေါ်ကြည်ရှိတယ်၊ကိုယ်ရှိတယ်ဟုတ်လား"

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်မအပေါ် ဒီလောက်ကောင်းနေတဲ့ကျေးဇူးတွေကို ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ လာပြန်ပြီ၊ ဒီကျေးဇူးစကား၊ ကဲ မင်းဒီလောက် ကျေးဇူးဆပ်ချင်ရင် ကိုယ်ပြောတာကိုနားထောင်၊ မင်းကိုယ်မင်း ကျန်းမာအောင်နေတာဟာကိုယ့်ကိုကျေးဇူးဆပ်တာနဲ့အတူတူပဲမွှေ့"

"အော် ဆရာရယ်"

ဇော်မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်ကာ ပြောလိုက်သော သူ့စကားကြောင့် ဇော် ရင်ခုန်ချင်မိရပါ၏။ ခက်ပါလား ဆရာရယ်၊ တွယ်တာမှုမလိုချင်လို့ ပြေးလာတဲ့မိန်းကလေးရဲ့ဘဝထဲကို ဘာဖြစ်လို့ ခွတ်တိုးဝင်ချင်ရတာလဲရှင်။

"မွှေ့"

"ရှင်"

"ကိုယ့်စကားကို နားထောင်မယ်မဟုတ်လားဟင်"

ဇော် သက်ပြင်းတစ်ချက်ဖွဖွချကာသူ့ကို မဝံ့မရဲကြည့်၏၊ ထို့နောက် အသာခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါဆရာ၊ ဆရာပြောနေတာတွေဟာ ကျွန်မ အတွက်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ကျွန်မလည်းစဉ်းစားထား ပါတယ်ဆရာ၊ နောက်တစ်ပါတ်ကစပြီး အလုပ်ပြန်ဝင်တော့မယ်လို့"

"ဟာ အဲဒါ သိပ်ကောင်းတဲ့ အကြံအစည်ပေါ့၊ အိမ်မှာ တစ်ယောက်တည်းနေတာထက်စာရင် အလုပ်-လုပ်နေရတာ ပို အဓိပ္ပာယ်ရှိတာပေါ့၊ အလုပ်-လုပ်နေတော့ မွှေ့ရဲ့စိတ်တွေလည်း ဘယ်မှ မရောက်တော့ဘူးလေ"

လိုင်စာပေ



ဇော် အလုပ်ပြန်ဝင်မည်ဆိုတာကို သူ တက်ကြွစွာ ထောက်ခံလိုက်၏။ အမှန်လည်း ဇော်တစ်ယောက်အိမ်ထဲမှာ ငိုင်တွေနေတာထက်စာလျှင် အလုပ်ထဲမှာ အဖော်အပေါင်းနှင့် တွေ့တာ သောကဖြစ်စရာတွေ မေ့ပျောက်နိုင်သေး၏။ ပြီးတော့ ဇော် အလုပ် ပြန်ဝင်လာလျှင် နေ့စဉ်ဇော်၏ မျက်နှာလေးကို သူ မြင်တွေ့နိုင် သည် မဟုတ်လား။

အခြေအနေမပေးသေး၍ ဖွင့်မပြောနိုင်သေးပေမယ့် သူ့ရင်ထဲမှာ ငြိတွယ်နေသော ဇော်၏ မျက်နှာလေးကိုတော့ နေ့စဉ် တွေ့မြင်ချင်မိတာ ရိုးသားစွာ ဝန်ခံရမည်ဖြစ်သည်။ တရားဝင် ချစ်သူတွေ မဖြစ်ကြသေးသည့်တိုင် ဇော်၏ မျက်နှာလေးကို နေ့စဉ် မြင် တွေ့ရတော့ သူအလွမ်းဖြေနိုင်သေးသည်ပေါ့။

"ဒီတစ်ခါ ကျွန်မ အလုပ်ပြန်ဝင်ရင် ဘယ်တော့မှ ခွင့်မယူ တော့ပါဘူးဆရာ"

"မွှေ့ရယ် ဒါတွေ ပြောမနေပါနဲ့၊ ဟိုတုန်းက ကိုယ်မသိ လို့ ပြောခဲ့မိတာကို ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်ရတယ်၊ ဒါ ကြောင့် မွှေ့ကို ကိုယ်အတတ်နိုင်ဆုံး အကြွေးပြန်ဆပ်နေတာ"

"မဟုတ်တာ၊ တကယ်တမ်း အကြွေးဆပ်ရမှာက ကျွန်မ ပါ၊ ဆရာကျွန်မကို ပြောတာတွေဟာ ဘာတစ်ခုမှ မလွန်ပါဘူး ကျွန်မအပေါ် ကောင်းခဲ့တဲ့ ဆရာရဲ့ကျေးဇူးတွေကိုသာ ဘယ်လို နည်းနဲ့ဆပ်ရမလဲလို့ အမြဲတွေးနေမိတာပါ"

လိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒါဆို စောစောက ကိုယ့်ကို ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာ ပြောပြီးပြီးလေ၊ မွေ့ကျန်းမာနေတာဟာ ကိုယ့်ကို ကျေးဇူးဆပ်တာနဲ့ အတူတူပေါ့"

သူ ပြုံးရယ်ကာပြောတော့ ဖော့်မျက်နှာလေး မသိမသာ သွေးရောင်လွှမ်းသွား၏။ ထို့နောက် တိုးတိတ်ညင်သာသော လေသံဖြင့်-

"စိတ်ချပါဆရာ၊ ကျွန်မ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကျန်းမာမှ အလုပ်-လုပ်နိုင်မှာ မဟုတ်လား"

"ဒါပေါ့ကွ၊ လူတစ်ယောက်မှာ ကျန်းမာရေးက အရေးအကြီးဆုံးပဲ ကျန်းမာနေရင် ဘာမဆိုလုပ်လို့ရနေတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်မ ကျန်းမာနေမှ အလုပ်-လုပ်နိုင်မှာ၊ အလုပ်-လုပ်နိုင်မှ ကျွန်မ အပေါ်တင်နေတဲ့ ဆရာ့ရဲ့ အကြွေးတွေကျေမှာ"

"ဟင် မင်းဘာကိုဆိုလိုတာလဲ မွေ့"

သူ နားမလည်သလိုမေးတော့ ဖော်က သူ့ကို ခပ်ရဲရဲမော့ကြည့်၏။ ပြီးတော့ တိကျပြတ်သားသော လေသံဖြင့်-

"ကျွန်မ အလုပ်ပြန်ဝင်တဲ့အချိန်ကစပြီး ခြောက်လတိတိ ကျွန်မရဲ့ လခတစ်ဝက်ကို ဆရာယူပါ"





"ဟာ မဟုတ်တာ ကိုယ် လုံးဝလက်မခံဘူး၊ ဘာလဲဟင် မင်းက ကိုယ့်စေတနာတွေကို ငွေနဲ့တန်ဖိုးဖြတ်လိုက်တာလား"

ဖော်၏ စကားကြောင့် သူ့မျက်နှာရဲခနဲဖြစ်သွားသည်။ နီရဲသော သူ့မျက်နှာကိုကြည့်ပြီး သူစိတ်ဆိုးနေပြီဆိုတာ ဖော် သိလိုက်တာမို့ ပျာပျာသလဲပင် ငြင်းလိုက်၏။

"အို မဟုတ်ဘူး ဆရာ၊ ကျွန်မ တတ်နိုင်သလောက် ဆရာ့ကျေးဇူးကို ပြန်ဆပ်တာပါ"

သူက ခပ်ထေ့ထေ့ပြုံး၍ ဖြည်းညှင်းစွာ ခေါင်းခါယမ်း၏။ ပြီးတော့ ဖော့်ကို မျက်ဝန်းများ မှေးစင်းကြည့်ကာ-

"မလိုပါဘူး မွေ့အိမ်ဖော်၊ ငွေနဲ့ပြန်ဆပ်တဲ့ကျေးဇူးတရားဟာ ဘယ်မှာလာအဓိပ္ပာယ်ရှိတော့မှာလဲ၊ မင်းအစီအစဉ်ကို ကိုယ် လုံးဝလက်မခံဘူး"

"ဒါဆို ဝမ်းနည်းစရာပဲ၊ ကျွန်မ ဆရာ့ကုမ္ပဏီမှာ အလုပ်ပြန်မဝင်နိုင်တော့ပါဘူး"

"ဟင်"

ဒါ သူ့ကိုအကြပ်ကိုင်တဲ့နည်းလား။ ဖော် ကြည့်ရတာ ဆုံးဖြတ်ချက်ပြင်မည့်ပုံမပေါ်။ သူ့အနေဖြင့် ဖော် သူ့ကုမ္ပဏီမှာ အလုပ်တကယ်မလုပ်တော့မှာကို စိုးရိမ်သွား၏။ ထို့ကြောင့် ဖော့်ဆန္ဒကို လိုက်လျောဖို့ ကြိုးစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိပ်အကြပ်ကိုင်တာပါလား မွေ့ရယ်၊ ကဲ မင်းကို ကိုယ်ပဲ အလျှော့ပေးပါတယ်၊ မင်းဖြစ်ချင်သလိုဖြစ်စေရမယ်၊ ကိုယ့်အလုပ်ကတော့ မထွက်လိုက်ပါနဲ့ ဟုတ်လား"

သူ့စကားကြားမှ ဇော့်မျက်နှာပြန်လည် ပြုံးယောင်သမ်းလာ၏။ ထိုပြုံးယောင်သမ်းနေသော မျက်နှာလေးကို သူမချင့်မရဲ စိတ်ဖြင့်ငေးစိုက်ကာ ကြည့်မိသည်။ သည်လိုဖွတ်တစ္ဆတ်နိုင်ကာ ခေါင်းမာလှတဲ့ မိန်းကလေးမျိုး သူဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတာပါ။

တကယ်လို့ ဒီနေရာမှာ ဇော့်အကြိုက်ကိုသာ သူ့ဘက်က မလိုက်လျောဘူးဆိုရင် ဇော့်ပုံစံက တကယ်အလုပ်ထွက်မည့်ပုံ၊ ထို့ကြောင့်ဇော့်ဆန္ဒကို သူလိုက်လျောမိ၏။ ဇော် စိတ်ချမ်းသာတာ လုပ်ချင်သလိုလုပ်ပါစေ၊ သူ့ဘက်ကတော့ ဇော့်စိတ်ချမ်းသာမှုသည် အဓိက။ နောက်တစ်ချက်ကတော့ ဇော့်အနေဖြင့် သူ့အပေါ်မှာ ကျေးဇူးတရားဆိုတာ ရှိမနေစေဖို့ပင်၊ ဒါမှ သူ့ရင်ထဲက ခံစားချက်ကို ဖွင့်ပြောမိတဲ့အခါ ဇော့်အမြင်မှာ ကျေးဇူးကင်းတဲ့လူတစ်ယောက်အဖြစ် မြင်မိစေချင်၏။

ဇော်နဲ့ပတ်သက်ပြီး ဦးလေးမောင်၏ သဘောထားကိုပါ သူ မေးကြည့်မိ၏။ ဇော့်ကို သူ့ရင်ထဲက အကြောင်းတွေ ဘာမှ ဖွင့်မပြောခင် လူကြီးတစ်ယောက်ဖြစ်သော ဦးလေးမောင်၏ သဘောထားကို စူးစမ်းခြင်းလည်း ဖြစ်သည်။





"မွေ့အိမ်ဇော်နဲ့ပတ်သက်ပြီး ဦးလေးမောင် ဘယ်လိုမြင်လဲ"

"ဘာဖြစ်လို့လဲ မောင်အောင်"

မိန်းကလေးတစ်ယောက်အကြောင်းကို သူ့ဘက်က စတင်၍ စိတ်ဝင်တစား ဆွေးနွေးလာတာမို့ ဦးလေးမောင် အံ့သြနေပုံရသည်။ သူ့နှုတ်ခမ်းအစုံကို ဖွဖွစေ့ကာ ပြုံးပြီး-

"မွေ့အိမ်ဇော်နဲ့ပတ်သက်ပြီး ဦးလေးမောင် ထင်မြင်ချက်ကို ကျွန်တော် သိချင်လို့ပါ"

ထိုအခါ ဦးလေးမောင်က သဘောပေါက်စွာ ပြုံးပြီး ခေါင်းညိတ်၏။ မွေ့အိမ်ဇော်ကို သူစိတ်ဝင်စားနေပြီဆိုတာ ဦးလေးမောင် ရိပ်မိသွားရောပေါ့။

"ဟုတ်ပြီလေ။ မွေ့အိမ်ဇော်နဲ့ပတ်သက်ပြီး ဦးလေးမောင် အမြင်အတိုင်းကိုပြောမယ်ဟုတ်လား၊ မွေ့အိမ်ဇော်ဆိုတာ မောင်အောင်နဲ့မတွေ့ခင်ကတည်းကဦးလေးမောင်က အရင်တွေ့ဖူးထားတဲ့ မိန်းကလေးပဲ၊ မွေ့အိမ်ဇော်ကို မြင်မြင်ချင်းမှာပဲ ဦးလေးမောင် သတိပြုမိတာက ဒီမိန်းကလေးဟာ သိပ်ကိုလှတယ်၊ ပြီးတော့ သူမရဲ့ ပုံစံလေးဟာလည်း ကြန္ဒြေသိက္ခာအပြည့်ရှိတယ်၊ပြီးတော့ မွေ့အိမ်ဇော်က သူ့အလုပ်သူလုပ်တယ်၊ သူများအကြောင်းမစပ်စုဘူး၊ ပြီးတော့ မိဘကို လုပ်ကျွေးပြုစုခဲ့တဲ့မိန်းကလေး၊ အားလုံးခြုံတော့ မွေ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဇော်ဟာ ဒီခေတ်ထဲမှာတော့ တော်တော့်ကို လှပယဉ်ကျေး သိမ်မွေ့တဲ့ မိန်းကလေးပဲ မောင်အောင်"

လူကြီးတစ်ယောက်ဖြစ်သော ဦးလေးမောင်၏ ထင်မြင်ချက်တွေက မွေ့အိမ်ဇော်အပေါ်မှာ အမှတ်ပြည့်ပါလား၊ ပြီးတော့ ဦးလေးမောင်ပြောသမျှသည် ဘာတစ်ခုမှ အပိုမပါ။ မွေ့အိမ်ဇော်အပေါ်အရှိကိုအရှိအတိုင်း ဝေဖန်သွားခြင်းဖြစ်၏၊ သူ ပြုံး၍ ခေါင်းညိတ်ကာ-

"တကယ်လို့ ကျွန်တော်က မွေ့အိမ်ဇော့်ကို လက်ထပ်မယ်ဆိုရင် ဦးလေးမောင် သဘောတူနိုင်ပါ့မလား"

"ဟာ ဘယ့်နှယ့်မေးလိုက်တာလဲ မောင်အောင်ရာ၊ မင်းကို ဦးလေးမောင် ဘယ်လောက် အိမ်ထောင်ပြုစေချင်တယ်ဆိုတာ မောင်အောင်အသိပါကွာ၊ ပထမတစ်ခါ သက်နှင်းဇော်တုန်းက မထင်မှတ်ဘဲ အစီအစဉ်ပျက်သွားလို့ ဦးလေးမောင်စိတ်မကောင်းဖြစ်နေတာ၊ ပြီးတော့ သက်နှင်းဇော်နဲ့ ပတ်သက်ပြီး စိတ်ထိခိုက်သွားရတဲ့ မောင်အောင့်အတွက်လည်း အတော်ခံစားမိတယ်လေ၊ ဒါကြောင့် မောင်အောင့်ရဲ့ အိမ်ထောင်ရေးကို နောက်တစ်ကြိမ် မတိုက်တွန်းမိဖို့ ဦးလေးမောင် ဆုံးဖြတ်ထားခဲ့တာ၊ မှန်တာပြောရရင် မွေ့အိမ်ဇော်ကို မြင်မြင်ချင်းမှာပဲ မောင်အောင်အတွက် ရည်မှန်းမိတယ်၊ မွေ့အိမ်ဇော်ရဲ့ပုံစံလေးကသက်နှင်းဇော်နဲ့ တစ်ခြားစီပဲလေ၊ လှပယဉ်ကျေးသိမ်မွေ့တဲ့ မွေ့အိမ်ဇော်ကို တည်ကြည်ခန့်





ညားတဲ့မောင်အောင်နဲ့လိုက်ဖက်လှတယ်လို့ တွေးမိပေမယ့်လို့ မောင်အောင်က မွေ့အိမ်ဇော်ကို စိတ်မဝင်စားမှာစိုးလို့ ဖွင့်မပြောဖြစ်တာ၊ အခုလို မောင်အောင်ကသာ မွေ့အိမ်ဇော့်ကို လက်ထပ်မယ်ဆိုရင် ဦးလေးမောင်လောက် ဝမ်းသာတဲ့လူ ရှိမှာ မဟုတ်ပါဘူးကွယ်"

ကဲ ဦးလေးမောင်သဘောထားကလည်း ဗီလောက်ရှင်းနေတာ ဘာမှ ပြောစရာမလိုတော့၊ သူ့အနေဖြင့် မွေ့အိမ်ဇော်၏ သဘောထားသိရန်သာ ကြိုးစားဖို့ရှိတော့၏။ ခက်တာက လောလောဆယ် အနေအထားမှာ ဖခင်ဖြစ်သူအတွက် မွေ့အိမ်ဇော် စိတ်သောက ခံစားနေရဆဲဖြစ်သည်၊ သည်တော့ သူ့ရင်ထဲက အကြောင်းကို ကြိုးစားပြီး မြိုသိပ်ထားရန်သာ၊

"ကျွန်တော်က မွေ့အိမ်ဇော်ကို လက်ထပ်ခွင့်တောင်းရင် သူလက်ခံပါ့မလား ဦးလေးမောင်"

"ဟင် ဦးလေးမောင်အထင်တော့ လက်ခံလိမ့်မယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဖခင်ကိစ္စမှာ မွေ့အိမ်ဇော်က မောင်အောင်ကို အတော်လေးအားကိုးလေးစားသွားပုံရတယ်"

"ဒါပေမယ့် ကျွန်တော်ဖွင့်ပြောလိုက်လို့ မွေ့အိမ်ဇော်က တစ်မျိုးထင်ပြီး ကျေးဇူးရှိလို့ အခွင့်အရေးယူတယ်လို့ မထင်သွားနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မွေ့အိမ်ဇော်က ဒီလောက်အတွေးတိမ်မယ့် မိန်းကလေး မဟုတ်ပါဘူး မောင်အောင်၊ အကြောင်းအရာတစ်ခုနဲ့တစ်ခုကို ခွဲခြား ဖန်ပိုင်းခြားတတ်မယ့်သူပါ"

"မွေ့အိမ်ဇော် အဲဒီလိုထင်သွားမှာကို ကျွန်တော်က စိုးရိမ် နေတာ၊ ကျွန်တော့်မေတ္တာကို သူအထင်လွဲသွားမှာမျိုး ကျွန်တော် မလိုလားဘူးလေ"

"အော် မောင်အောင်က မွေ့အိမ်ဇော်ကို တကယ် ချစ် သွားတာကို၊ ဒီအတွက်မပူပါနဲ့ကွယ်၊ မေတ္တာစစ်မှန်ရင် ရောင်ပြန် ဟပ်တတ်ပါတယ်"

"ဦးလေးမောင်ပြောတာနဲ့ ကျွန်တော် အားရှိသွားပြီ၊ ကျွန် တော်က မေတ္တာစစ်မေတ္တာမှန်နဲ့ မွေ့အိမ်ဇော်ကိုချစ်တာမို့ သူ ကျွန် တော့်မေတ္တာကို တုန့်ပြန်လာမှာပါ"

ထိုစကားက သူ့ကိုယ်သူ အားပေးလိုက်တာမျိုးလားမသိ။ ရင်ထဲမှာတော့ ဇော်နဲ့အတူ ရှေ့ရေးကို တွေးတာ ကြည်နူးချစ်မိရ ၏။ တကယ်ပင် ဇော့်အပေါ် ထားရှိသည့်သူ့မေတ္တာက သန့်စင် မွန်မြတ်ပါ၏။ ဇော်ကတော့ သူ့ရင်ထဲက အချစ်တွေကို ရိပ်မိသိရှိ ရဲ့လားမသိ။ လောလောဆယ်မှာတော့ သူ့အပေါ် အားကိုးလေးစား သော ဇော် မျက်ဝန်းလေးတွေက သူ့နှလုံးသားအားနွေးထွေးရင်ခုန် ချင်စရာ ကိုယ်သိပ်ချစ်မိပြီဆိုတာ မင်းသိရဲ့လား မွေ့ရယ်၊





ဇော် အလုပ်ပြန်ဝင်လာချိန်မှစ၍ သူ၏လုပ်ငန်းတို့ပိုမို ထိုး တက်လာသည်ဟု ထင်ရ၏။ အကြောင်းကတော့ သူကိုယ်တိုင်ဝင် ဇော်အလုပ်ဝင်လာသည့်အတွက် စိတ်ဓာတ်တွေ တက်ကြွရှင်လန်း နေရ၏။ ဇော်၏ မျက်နှာလေးကိုမြင်တွေ့နေရခြင်းသည် သူ့အ တွက် အားဆေးတစ်ခွက်လိုပင်။

သို့သော် ဇော်ကတော့ အလုပ်ခွင်ပြန်ဝင်လာသည့်အချိန်မှ စ၍ သူ့အပေါ် စိမ်းကားလာသည်ဟု ထင်မိရ၏။ အကြောင်းက တော့ အလုပ်ချိန်အတွင်းမှာ သူက နွေးနွေးထွေးထွေး ဆက်ဆံသည့် တိုင် ဇော်က အေးစက်စက်တုန့်ပြန်၏။

အလုပ်ပြန်ဝင်လာသော ဇော့်ကို သူက အနီးကပ်တွေ့ဆုံ နေရန်အတွက် အတွင်းရေးမှူးမလေးအဖြစ် ခန့်ထားလိုက်၏။ အ ရင်တုန်းကဆို သူ၏ နေ့လည်ဘက် ထမင်းစားချိန်များသည် အပြင် ဘက်တွင်သာအ ချိန်ကုန်ဆုံးသွားတတ်ပြီး ဇော် အလုပ်ဝင် လာ သောအချိန်မှာတော့ သူက ဦးလေးမောင်ယူလာသည့် ထမင်းချိုင့် ကို ကုမ္ပဏီမှာပင် စားတတ်တော့၏။

ဇော်က သူ့အတွက် ထမင်းပွဲကို ပြင်ပေး၏။ စနစ်တကျ ဖြင့်လုပ်သော ဇော်၏ ထမင်းပွဲလေးက စားချင်စဖွယ်အတိ၊ ထမင်း ပွဲပြင်ပေးနေသော ဇော့်ကိုကြည့်ပြီး တစ်သက်တာအတွက် သူ၏ အိမ်ရှင်မလေးသာ ဖြစ်လိုက်ပါတော့ တိတ်တခိုးကြည်နူးစွာ တွေးမိ ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"မွေ့ရော ကိုယ်နဲ့အတူ တစ်ခါတည်းစားလိုက်နော်"

ထိုအခါ ဇော်က ညင်သာစွာ ခေါင်းခါယမ်းသည်။

"ခုလိုဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါပေမယ့် မစားပါရစေနဲ့"

"ဟင် ဘာဖြစ်လို့လဲ မွေ့"

"ကျွန်မမှာ ထမင်းချိုင့်ပါ-ပါတယ်ဆရာ၊ ပြီးတော့ အောက်ထပ်က အဖော်တွေနဲ့ သွားစားလိုက်ပါ့မယ်"

ဇော့်စကားကြောင့် သူ့မျက်နှာကွက်ကနဲပျက်သွားကာ-

"ဘာလဲဟင် မွေ့ကကိုယ်နဲ့အတူထမင်းမစားချင်လို့လား"

"မဟုတ်ပါဘူး ဆရာ၊ ဆရာက ကျွန်မရဲ့အလုပ်ရှင်တစ်ယောက်ပါ၊ ကျွန်မက ဆရာနဲ့အတူ ထမင်းစားမယ်ဆိုရင် အလုပ်သမားတစ်ယောက်အနေနဲ့ အခွင့်အရေးယူရာ ကျလွန်းပါတယ်"

"ဟာကွာ၊ မွေ့ကို ကိုယ်ဘယ်တုန်းကမှ ကိုယ့်ရဲ့အလုပ်သမားတစ်ယောက်လို မသတ်မှတ်ဘူးဆိုတာမင်းမသိဘူးလား ဟင်"

"ဒါက ဆရာ့ရဲ့ အတွင်းစိတ်ပဲလေ၊ အများအမြင်မှာတော့ ကျွန်မဟာ ဆရာရဲ့အလုပ်သမားတစ်ယောက်ဆိုတာ ဘယ်လိုမှ ငြင်းမရပါဘူး"

ဇော့်စကားတွေနားထောင်ပြီး သူ မျက်မှောင် ကြုတ်မိရ၏။ ဘာဖြစ်လို့များ ဇော့်စိတ်ထဲ ဒီလိုအားငယ်စရာအတွေးမျိုး ဝင်ရောက်နေတာပါလိမ့်။ သူဖြစ်စေချင်တာက ဇော်ဟာ သူနဲ့ပတ်သက်





တာ အမြဲတမ်းရဲတင်းသွက်လက်နေရမည်။ သူဟာ ဇော့်အတွက် သူစိမ်းတစ်ယောက်မဟုတ်ဘူးဆိုတာ အမြဲသိစေချင်မိသည်၊ သည်လိုအတွေးမျိုး ဝင်ရောက်အောင် သူ့ဘက်က ပြောဖို့တော့ လိုအပ်နေပြီဟု တိတ်တဆိတ် တွေးမိရသည်။

"ကဲ ဒီလိုဆိုရင် ကိုယ်ကမွေ့ရဲ့ အလုပ်ရှင်တစ်ယောက်အနေနဲ့ အမိန့်ပေးမယ်ကွာ၊ ခုချိန်ကစပြီး မင်းကိုယ်နဲ့အတူ ထမင်းစားရမယ်၊ နေ့လည်ခင်း လက်ဖက်ရည်လည်း မင်းကိုယ်နဲ့အတူ သောက်ရမယ် ဒါပဲ"

သူ့စကားဆုံးတော့ ဇော့်မျက်နှာ ညိုးဖျော့ဖျော့ဖြစ်သွားသာ သတိပြုမိလိုက်၏။ ဇော်က သူ့ကိုတည်ငြိမ်သော မျက်ဝန်းလေးများဖြင့် မော့ကြည့်လာကာ-

"ဒါဆိုလည်း ကောင်းပါပြီဆရာ၊ ကျွန်မက ဆရာ့အမိန့်အတိုင်း လိုက်နာရမယ့်သူပါ"

အမိန့်၊ ထိုစကားက သူ့ရင်ကို လာရောက်ထိခိုက်စေ၏၊ အင့်အင်း သူလိုချင်တာက အမိန့်နာခံယူတတ်တဲ့ ဇော့်ရဲ့ဆန္ဒကို မဟုတ်၊ ဇော့်စိတ်ထဲက အလိုအလျောက်ဖြစ်ပေါ်လာသော သူ့အပေါ်မှာရှိသည့် ရင်းနှီးတွယ်တာမှုကိုပဲ ဖြစ်၏။ သူ ခေါင်းတစ်ချက်ခါယမ်းလိုက်ကာ-

"မင်းဟာ ကိုယ့်အမိန့်နဲ့ခိုင်းရင် ဘာမဆိုလုပ်မယ့်သူလားမွေ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ဇော့်မျက်ဝန်းများကို တည့်တည့်စူးစိုက်ကြည့်ကာ လေးနက်စွာ မေးလိုက်၏။ ဇော်ကလည်း သူ့ကိုကြည့်နေပါသည်။ နှစ်ယောက်သား အကြည့်ချင်းဆုံနေရာမှ ဇော်ကမျက်လွှာအရင်ချကာ-

"ဒီအတိုင်းပါပဲ ဆရာ"

တိုးတိုးတိတ်တိတ်ဖြေလိုက်သော ဇော့်အသံက သူ့ရင်ကို ဆူပွက်သွားစေ၏။ မလိုချင်ဘူး၊ လုံးဝမလိုချင်ဘူးကွာ၊ အမိန့်ဆိုတဲ့ စကားနဲ့ မင်းဘာမှ နာခံစရာ မလိုဘူး မွှေ့အိမ်ဇော်၊

ကဲ ကိုယ်က အမိန့်နဲ့ မင်းရဲ့အသည်းနှလုံးကို တောင်းမယ်ဆိုရင် မင်းပေးမှာတဲ့လား၊ ထိုစကားက သူ့နှုတ်ဖျားက ထွက်မလာနိုင်အောင် တားမြစ်ထားသော စကားလုံးများ။

သူသည် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ သူမအား စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ထို့နောက် သူ့နှုတ်ဖျားမှ ပြတ်သားစွာ စကားတစ်ခွန်းကို ပြောလိုက်သည်။

"နောက်တစ်ခါ မင်းကို ကိုယ် ဘယ်တော့မှ အမိန့်မပေးတော့ဘူး မွှေ့"

ထိုစကားပြောပြီးနောက် သူ ခြေလှမ်းကြဲကြီးများဖြင့် ဇော့်အနားမှ ထွက်ခွာခဲ့လိုက်တော့၏။ ရင်ထဲမှာတော့ ပူလောင်နာကျင်ခြင်းက သူ့တစ်ကိုယ်လုံး လောင်မြိုက်စေ၏။ အဲဒါ မင်းရဲ့စိမ်းကားတဲ့အပြုအမူကြောင့်ပဲ မွှေ့။

လှိုင်စာပေ



နောက်နေ့တွေတွင် ထမင်းကို သူအပြင်၌သာ စားလိုက်တာများ၏၊ လက်ဖက်ရည်သောက်ချိန်လည်း အပြင်မှာလိုလိုပါပဲ။ ထိုရက်ပိုင်းအတွင်း အလုပ်တွေကလည်း ပိုကျလာတာကြောင့် လူမအား စိတ်မအားဖြစ်နေ၏။ သည်လို ရှုပ်ထွေးနေတဲ့ကြားကတောင်မှ တစ်ခါတစ်ရံ သူ့မသိစိတ်က ဇော့်ကို သတိရမိသလိုလို၊ လွမ်းမိသလိုလို၊ ဒါပေမယ့် ဇော်၏ စိမ်းကားမှုတွေကို ပြန်သတိရမိတော့ ထိုလွမ်းစိတ် သတိရစိတ်ကို အတင်းပြတ်တောက်ပစ်ရ၏။

တစ်နေ့ သူတစ်ယောက်တည်းရုံးခန်းထဲတွင်စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေစဉ်မှာ ဇော် အခန်းထဲ ဝင်လာသည်။

"ဆရာ"

ထုံးစံအတိုင်းပင် ဇော်၏ ချိုကြည်သောအသံလေးက သူ့နားထဲ စိမ့်၍ စီးဝင်လာသည်။ သူ ဖျတ်ကနဲ မော့ကြည့်လိုက်တော့ ခပ်ဖွဖွကျစ်ထားသော ဆံပင်အရှည်ကြီးကို ရင်ဘတ်ပေါ် ချလျက် တည်ငြိမ်စွာ ရပ်နေပါသော မွှေ့၊ သူ့မျက်ဝန်းတွေ စူးကနဲတောက်သွားပေမယ့် ချက်ချင်းပင် အရောင်မှိန်ဖျော့သွားရ၏။ ဇော်ဟာ သူ့ရင်ကို နာကျင်စေသူပါလား။ ထိုအတွေးဖြင့် ဇော့်ကိုတစ်ချက်ကြည့်ကာ-

"ဘာကိစ္စရှိလဲ မွှေ့အိမ်ဇော်"

နာမည်အပြည့်အစုံခေါ် လိုက်တာမို့ ဇော့်မျက်နှာ ထွက်ခနဲပျက်သွား၏။ ဖျော့တော့သောမျက်ဝန်းလေးများကို ချက်ချင်း

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပင် မျက်တောင်ကော့များဖြင့် ဖုံးကွယ်ကာ တိုးတိတ်ညင်သာသော လေသံဖြင့် -

"ဆရာ့အတွက် ထမင်းချိုင့်ရောက်နေပါတယ်၊ အဲဒါ ကျွန်မ ပြင်လိုက်ရတော့မလား မေးတာပါ"

သူ ရုတ်တရက်တော့ ဆတ်ကနဲ ခေါင်းညိတ်မယ်လုပ်ပြီးမှ ချက်ချင်းတစ်စုံတစ်ခုကို သတိရကာ ခေါင်းခါယမ်းလိုက်၏။

"နေပါစေ မွေ့၊ ကိုယ်ပြီးမှ အပြင်ထွက်စားလိုက်ပါ့မယ်၊ အဲဒီထမင်းချိုင့်ကို ဝန်ထမ်းတွေ ကျွေးလိုက်ပါ"

တည်ငြိမ်စွာ သူ့အပြောကြောင့် ဇော် ဆတ်ခနဲ ခေါင်းမော့ကြည့်လာ၏။ သူက ဇော့်ကိုတည်ငြိမ်သောမျက်ဝန်းများဖြင့် ကြည့်ကာ-

"မင်း ဘာပြောစရာရှိသေးလဲ မွေ့အိမ်ဇော်"

ဇော် နှုတ်ခမ်းလေးအသာဖွဖွကိုက်လိုက်တာကို တွေ့၏၊ ဇော့်မျက်ဝန်းထဲမှာ ပြောချင်နေသောစကားတွေကို တွေ့ရသည်၊ အတန်ကြာမှ ဇော် နှုတ်ခမ်းလေး ဖွဖွလှုပ်ရမ်းလာကာ-

"ဆရာ ကျွန်မကို စိတ်ဆိုးနေသလား ဟင်"

ဇော့်အမေးကြောင့် သူမချိသလို ပြုံးလိုက်၏၊ နောက်တော့ မျက်ဝန်းများကို အသာမှေးမှိတ်ပြီး ခေါင်းခါယမ်းလိုက်သည်၊

"မွေ့အိမ်ဇော်က ဘာဖြစ်လို့ အဲဒီလိုမေးရတာလဲ၊ မင်းက အပြစ်ရှိနေတဲ့လူတစ်ယောက် ဖြစ်နေလို့လား"





"ဆရာ့အတွက်တော့ ကျွန်မအပြစ်ရှိနေတယ်မဟုတ်လား"

"ဒါဆို မင်းထင်တာ မှားနေပြီ။ ခုချိန်ထိ ကိုယ်မင်းအပေါ်မှာ ဘာတစ်ခုမှ အပြစ်မမြင်သေးဘူး မွေ့အိမ်ဇော်"

"ဟုတ်အင်း အဲဒါကိုကျွန်မလက်မခံဘူးဆရာ၊ကျွန်မအပေါ်မှာ ဆရာတကယ်တမ်းသာ အပြစ်မမြင်ဖူးဆိုရင် ထမင်းစားချိန် ဒီမှာပဲ စားရမှာပေါ့ ဆရာရဲ့"

"ရော် ခက်ပါလား မွေ့အိမ်ဇော်၊ ကိုယ်ဒီမှာ ထမင်းမစားတာ မင်းအပြစ်လို့ မြင်နေလားဟင်၊ မင်းမေ့နေသလားမွေ့အိမ်ဇော်၊ ကိုယ်ဟာ အလုပ်များတဲ့လူတစ်ယောက်ဆိုတာ အရင်ကလည်း ကိုယ်ဒီလိုပဲ အပြင်မှာ စားနေကျကွ"

"မဟုတ်ဘူးဆရာ၊ ဒါဆို ဆရာဘာဖြစ်လို့ ဦးလေးမောင်ကို ထမင်းချိုင့်ပို့ခိုင်းရတာလဲ"

"အော် ဟုတ်ပြီ၊ကိုယ်မေ့သွားတယ်၊ နောက်ဆို ဦးလေးမောင်ကို ထမင်းချိုင့်မပို့ဖို့ မှာထားလိုက်မယ်၊ ကိုယ်က ထမင်းကို တစ်ယောက်တည်းစားရတာထက်အဖော်နဲ့စားရတာပိုမက်တယ်ကွ"

သူက ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးပြောပေမယ့် ဇော့်မျက်နှာကတော့ မရွှင်လန်းနိုင်ပါ၊ သူ့ကိုစိုလက်သော မျက်ဝန်းများဖြင့် ကြည့်ကာ ခေါင်းခါယမ်း၏၊

"ကျွန်မကို အရွဲ့မတိုက်ပါနဲ့ ဆရာရယ်၊ တကယ်တော့ ကျွန်မဟာ ကိုယ့်ကျေးဇူးရှင်တစ်ယောက်ကို စိတ်ဆင်းရဲအောင် လုပ်မိတဲ့ မိန်းမပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်ဆင်းကျလာ၏။ ဇော့်မျက်ရည်စတွေကိုမြင်တော့ သူ မနေနိုင်၊ နေရာမှ ဆတ်ကနဲထကာ ဇော့်ထံ ခြေလှမ်းကြဲကြီးများဖြင့် လျှောက်သွားလိုက်ပြီး-

"ဘာဖြစ်လို့ ငိုရတာလဲ မွေ့ရယ်၊ မင်း ကိုယ့်အတွက်နဲ့ မျက်ရည်ကျတာ ကိုယ်မလိုလားဘူး"

သူသည် စိတ်မထိန်းနိုင်စွာပင် သူမပါးပြင်ပေါ်က မျက်ရည်စများကို တယုတယသုတ်ပေးနေမိ၏။ ထိုအချိန် အခန်းတံခါး ဖျတ်ကနဲပွင့်လာကာ မေသွယ် ဝင်လာသည်။

"ဆရာ ဟင်"

"အို"

မေသွယ်က ဝင်လုဆဲခြေလှမ်းများကို ရပ်လိုက်ပြီး သူတို့နှစ်ယောက်ကို အံ့ဩသလိုကြည့်၏။ မွေ့အိမ်ဇော်ကိုယ်တိုင်က မျက်နှာတစ်ခုလုံး နီရဲကာ ခေါင်းကို တွင်တွင်ငုံ့သွားသည်၊ သူက တော့ ဟန်မပျက်ပင် မွေ့အိမ်ဇော်ထံမှ ခွာကာ-

"ဘာကိစ္စလဲ မေသွယ်"

"ဟို ဦးလေးမောင်က ဒီစာရင်းစာရွက်ပေးခိုင်းလိုက်လို့ပါ"

မေသွယ်က လက်ထဲပါလာသော စာရွက်ကို လေးလေးစားစားလှမ်းပေး၏။ သူ ခေါင်းညိတ်ကာ ယူထားလိုက်သည်၊ ထိုစဉ်မှာပင် မေသွယ်က-





"ကျွန်မ တောင်းပန်ပါတယ် ဆရာ"

"ဘာကိုလဲ မေသွယ်"

"ဘာမှမသိဘဲ အခန်းထဲဝင်လာတဲ့အတွက် ဆရာတို့အတွက် အနှောင့်အယှက်ဖြစ်ရတဲ့ကိစ္စကိုပါ၊ ကျွန်မ သွားလိုက်ပါဦးမယ် ဆရာ"

သူ ဘာမှမပြောနိုင်ခင်မှာပင် မေသွယ်က အခန်းထဲက လှစ်ခနဲ ပြန်ထွက်သွား၏။ သူ ခေါင်းတစ်ချက်ခါယမ်းကာ သက်ပြင်းတစ်ချက်ချလိုက်သည်၊ အဖြစ်အပျက်က တိုက်ဆိုင်လွန်းသွားတာ မဟုတ်လား၊ ဇော့်ကိုကြည့်လိုက်တော့ နီရဲနေသောမျက်နှာလေးက သနားချင်စရာ၊

"ဒီအဖြစ်အပျက်က တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားရတာပါ၊ ကိုယ်တောင်းပန်ပါတယ် မွေ့ရယ်"

"ဟင့်အင်း မတောင်းပန်ပါနဲ့ ဆရာ၊ တကယ်တော့ ဆရာ့မှာ အပြစ်မရှိပါဘူး၊ မျက်ရည်လွယ်တဲ့ ကျွန်မအပြစ်ပါ"

"မဟုတ်တာမွေ့ရာ၊ မွေ့မျက်ရည်ကျအောင်၊ ကိုယ်က ဝမ်းနည်းအောင်လုပ်မိတာကိုး"

"ဒါပေမယ့် မေသွယ်တော့ ကျွန်မတို့ကိုအထင်လွဲသွားပြီ ဆရာ"

"မေသွယ်က မသိလို့ပြောသွားတာပါ မွေ့ရယ်၊ ဘာမှ စိုးရိမ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ နှစ်သိမ့်ပေမဲ့ ဇော် ရှက်ရွံ့အားငယ်နေဆဲ။ အထင်သေးဟန်ဖြင့် ဇော့်ကိုကြည့်သွားသော မေသွယ်၏ မျက်ဝန်းများက မေ့လို့မရ။ သူကတော့ ဘာမှ အမှတ်မထားဟန်ဖြင့် ဇော့်ကို ပြုံးပြကာ-

"ကဲ မွေ့ ထမင်းပြင်လိုက်လေ၊ ကိုယ်တို့ အတူစားရအောင်နော်"

ဇော် ခေါင်းညိတ်ရုံကလွဲ၍ ဘာတတ်နိုင်မှာလဲ၊ သည်တစ်ခါ ထမင်းအတူစားဖို့ကို ဇော်ငြင်းလိုက်လျှင် သူ တကယ်စိတ်ဆိုးသွားတော့မည် မဟုတ်လား။

ထမင်းစားတော့လည်းသူက ဇော့်အပေါ် ဂရုတစိုက်။ ဟင်းတွေ တစ်ခုပြီးတစ်ခု ခပ်ထည့်ပေးနေတာမို့ ဇော် မနည်းတားယူရ၏။ သူ ဘယ်လောက်ပဲ ဟင်းတွေ ထည့်ပေးပေမယ့် ဇော်ကတော့ အနည်းငယ်သာ စားနိုင်သည်။ ဇော့်စိတ်ထဲ မေသွယ်တစ်ယောက် ဘာတွေပြောလေမလဲဟု စိတ်ထင့်နေရ၏။ ထိုစိတ်ဖြင့် ထမင်းကို တစ်ပန်းကန်ကုန်အောင် မစားနိုင်ပါ။ ဇော် လက်ဆေးချိန်မှာတော့ သူက အံ့သြဟန်ဖြင့်-

"ဟင် မွေ့က ပြီးတာလား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ မနက်က မုန့်စားထားလို့ ရင်နည်းနည်းပြည့်နေလို့ပါ"

"ဟုတ်လို့လားကွ၊ ကိုယ်နဲ့စားရလို့များလား"

"အို မဟုတ်တာရှင်၊ ကျွန်မက ဒီလိုပဲ စားနေကျပါ၊ ဟင်းဆရာကရော တော်ပြီလား"





သူက ထမင်းစားရပ်လိုက်တာကြောင့် ဇော် အံ့သြစွာ မေး၏။ သူ ပြုံးကာခေါင်းညိတ်ရင်း-

"ဟုတ်တယ်၊ ကိုယ်လည်းမင်းလိုပဲ ရင်တွေ ပြည့်နေလို့"

"ဘာလဲဟင် ဆရာလဲမနက်က မုန့်တွေစားထားလို့ ရင်ပြည့်နေတာလား"

ဇော်က ရိုးသားစွာ မေး၏။ သူ ပြုံး၍ ခေါင်းခါယမ်းကာ ဇော့်ကိုတောက်ပသော မျက်ဝန်းများဖြင့် ကြည့်လိုက်ရင်း-

"မဟုတ်ဘူး မင်းနဲ့အတူစားရလို့"

"အို"

ဇော် ယောင်ယမ်းကာ မျက်လွှာချလိုက်၏။ သူလည်းရင်ခုန်သံတွေ မြန်နေသည်။ အချိန်ကိုစောင့်နေရတာနဲ့ ရင်ထဲက အကြောင်းတွေကို မြိုသိပ်ထားရတာ ယခုဖွင့်ပြောလိုက်တော့မည် စိတ်ကူးကာ ဇော့်ရှေ့ သွားရပ်၏။

"မွေ့"

"ရှင် ဆရာ"

"မွေ့ကို ကိုယ်ပြောစရာရှိတယ်"

"ဟိုဆရာ ကျွန်မ ဒါတွေ သိမ်းလိုက်ဦးမယ်နော်"

သူ့မျက်ဝန်းတောက်တောက်တွေကို ရှောင်ရှားကာ ဇော် ထမင်းစားပွဲကိုသိမ်းလိုက်၏။ ကံကောင်းစွာပင် ထိုအချိန်၌ သူ့ထံ ဧည့်သည်ရောက်လာတာကြောင့် ဇော် အသာရှောင်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘယ်လိုဖြစ်ကာ ကျန်ခဲ့မည် မသိ။ ဇော့်ရင်ထဲမှာတော့ အလို လိုမောနေမိ၏။ ဇော် အောက်ထပ်ဆင်းလာချိန်မှာတော့ မေသွယ် ၏ အသံစာစာကို စတင်ကြားရသည်။

"ဟော လာပြီ လာပြီ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်ကို မျက်ရည်နဲ့ဖမ်းယူတဲ့မိန်းမ၊ ဘယ်လောက်အငိုကောင်းလဲမသိဘူး၊ တို့သူဌေးကတော့ တစ်ခါတည်းကြွေပြီး မျက်ရည်တွေတောင်သုတ်ပေးလို့ပဲ"

"ငါတို့တော့ ဒီလိုကြားရတာ အံ့ဩပါရဲ့၊ သူ့ပုံစံကို ကြန္ဒြေရှိရှိလေးလို့ ထင်ထားတာ၊ အခုတော့လည်းလိုက်တာလွန်ပါရောလား"

မေသွယ်တို့အသံတွေက သူမနားထဲ မီးစတစ်ခုလို စီးဝင်လာ၏။ ရုတ်တရက် ဇော့်တစ်ကိုယ်လုံးအကြောတွေ တောင့်တင်းသွားကာ မေသွယ်တို့ စကားကို ပြန်လည်ချေပဖို့ ကြိုးစားသေး၏။ ဒါပေမယ့် ဘာလုပ်မှာလဲ ဇော်နဲ့ဆရာက သူတို့ထင်သလိုမှမဟုတ်တာ၊ သွားရှင်းပြနေလျှင် ပို၍ သိက္ခာကျရုံသာရှိမည်။ ဒီတော့ မေသွယ်တို့စကားကို လျစ်လျူရှုကာ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်နေလိုက်၏။ ဒါပေမယ့် မေသွယ်၏ သတင်းဖြန့်ကောင်းမှုကြောင့် ထိုကိစ္စက ဇော်တို့ကုမ္ပဏီတစ်ခုလုံးသို့ ပျံ့နှံ့သွားတော့၏။ အထူးသဖြင့် ဇော်၏ မကောင်းသတင်းတွေ ဖြစ်နေသည်။

"မွေ့အိမ်ဇော်ဆိုတဲ့မိန်းမက တို့ဆရာကို ဘယ်လိုပြုစားလိုက်တယ် မသိဘူး၊ တို့ဆရာက သူ့ကိုအနားခေါ်ယူထားတဲ့အထိဖြစ်ရတာ"





ဟု ပြောကြတာတွေက တစ်မျိုး။

"လူလစ်တာနဲ့ တို့ဆရာကိုမွေ့အိမ်ဇော်က ငိုပြတော့တာပဲတဲ့၊ ဟိုကသနားမလားလို့ပေါ့လေ၊ သူ့လိုမိန်းမမျိုးကို တို့ဆရာက သုံးပါ့မလား။ ကြည့်ရတာ မွေ့အိမ်ဇော်က အငိုပြကောင်းတော့ တို့ဆရာက အပျော်တွဲတာနေမှာပေါ့"

"မွေ့အိမ်ဇော်က ဒီမှာတင် ရှုပ်တာမဟုတ်ဘူး၊ သူအရင်နေခဲ့တဲ့ရပ်ကွက်မှာလည်းအမျိုးသားတွေနဲ့ ရှုပ်လွန်းလို့ ရပ်ကွက်ထဲက ထွက်ပြေးလာတာတဲ့"

လူတွေသည် ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်းမြိန်ရေယှက်ရေ ပြောတတ်ကြတာ အံ့ဩစရာ။ ဇော်တစ်ချိန်က တမင်မေ့ခဲ့သော အဖြစ်အပျက်တို့ကိုပင် ပြန်လည်တူးဆွကာ ပြောနေကြပြီ။ သူတို့ပြောသမျှ စကားအားလုံးအတွက် ဇော့်မှာ ငြင်းစရာစကားမရှိ။ သူတို့စကားတွေကြားရပြီး ဇော် အံ့တစ်ချက် တင်းတင်းကြိတ်မိရုံသာ။ ဇော် ဘာဆက်လုပ်ရမလဲ။ ဇော့်ကို အထင်သေးအမြင်သေးမျက်လုံးများဖြင့် ကြည့်တတ်ကြသည့်အသိုင်းအဝိုင်းကြားမှာ မနေချင်အောင် ဖြစ်လာရ၏။ မွေ့အိမ်ဇော်ဆိုတာ ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်တာမဟုတ်ပေမယ့် ယခုလို နေ့ရှိသရွေ့ သူမအကြောင်းပြောနေသောလူတွေနဲ့ကျတော့ အရှုံးပေးရတော့မလို။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ရှင်းပြနေလျှင်လည်းမေသွယ်တွေ့ခဲ့တာအမှန်တရားမို့ လက်ခံမည့်သူ ရှိမည်မထင်။ အဆိုးဆုံးကတော့ ဇော်၏အတိတ်ကာလများကိုသိသွားကြခြင်းပင်။

"မွေ့အိမ်ဇော်ဟာ ပြုစားတတ်တဲ့သူ၊ သူပြုစားလိုက်လို့ ဒုက္ခရောက်ကြတဲ့လူတွေ မနည်းဘူးတဲ့၊ သူ ပြုစားလို့ မိထွေးသေသွားခဲ့သလို သူ့ ငယ်သူငယ်ချင်းတစ်ယောက်လည်း အဝေးလွင့်သွားပြီဆိုပဲ"

စသည့်သတင်းများက လိုက်လံစုံစမ်းရခြင်းမလိုဘဲ တစ်ဆင့်စကား တစ်ဆင့်နားမှ ရောက်လာရ၏။ ဇော့်ကိုကြည့်ကြသည့်မျက်လုံးတွေကလည်း ဖထင်သေးမှုအပြင် ကြောက်ရွံ့မှုတွေပါ ပါဝင်လာ၏။ သူတို့မျက်လုံးအကြည့်ဟွေကြောင့် ဇော့်ရင်ထဲ တဆစ်ဆစ်နာရ၏။ သည်လိုမျက်လုံးဒဏ်တွေကိုကြောက်လို့နေရာဟောင်းကို ဇော် စွန့်လွှတ်ခဲ့တာ မဟုတ်လား။

ယခုလည်း ထိုအကြောင်းအရာတွေက စ၍ ဖန်တီးလာပြန်ပြီ။ နောက်ဆုံးတော့ ဇော် အလုပ်မှထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဇော်၏ ဆုံးဖြတ်ချက်ကို ကျေးရွာလူရှင်တစ်ယောက်ဖြစ်သောဦးအောင်ခန့်ညိုကို အသိပေးတော့ ဇော့်အတွက် မမျှော်လင့်သောစကားတွေကို သူ့ထံမှ အံ့သြထိတ်လန့်စွာ ကြားခဲ့ရလေသည်။

ထိုနေ့က ဇော် ရုံးခန်းသို့ ခပ်စောစောရောက်လာပြီး အလုပ်ထွက်စာကို ဆရာ့စားပွဲပေါ် တင်ထားလိုက်၏။ ဆရာရောက်





လာချိန်မှာတော့ ထိုစာကို ဖတ်ကာ ဇော့်အား ခေါ်သည်။ ဇော်ရောက်လာချိန်မှာတော့ ဆရာ့မျက်နှာက မှုန်ကုပ်ကုပ်နှင့်တင်းနေ၏။

"ဒီစာကို မင်းကိုယ်တိုင်ရေးတာလား မွေ့အိမ်ဇော်"

ဇော် မျက်လွှာအသာချကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ် ဟုတ်ပါတယ် ဆရာ"

"အော် မင်းက ကိုယ့်ရဲ့ကုမ္ပဏီမှာအလုပ်ထွက်ချင်လောက်အောင် ဘာတွေ အခက်အခဲကြုံနေလို့လဲ"

"ဟင့်အင်း ကျွန်မ မလုပ်ချင်တော့လို့ပါ"

ဇော် ခံစားနေရတဲ့အဖြစ်အပျက်တွေကိုသူ့အား ဘယ်လိုပြောရမလဲ။ ထို့ကြောင့် ဘာမှ ရှင်းပြဖို့ မကြိုးစားဘဲ အလုပ်ထွက်ဖို့သာ စိတ်စောမိ၏။

"မွေ့အိမ်ဇော်"

သူ့အသံတွေက ခါတိုင်းလို မနူးညံ့၊ သူ့အကြည့်တွေက စူးရှလွန်းသည်။

"ပြောပါ ဆရာ"

"ပတ်ဝန်းကျင်ကို မင်းဘာဖြစ်လို့ဒီလောက်တောင်ဂရုစိုက်နေရတာလဲ ဟင်"

"ရှင်ဆရာ ဘာကိုဆိုလိုတာလဲ"

ဇော် မသိချင်ယောင်ဆောင်ကာ မေးတော့ သူ ခပ်ထေ့ထေ့ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဟန်ဆောင်ဖို့ မကြိုးစားပါနဲ့ မွေ့ရယ်၊ မင်း ဘာတွေခံစားရတယ်၊ ဘယ်သူတွေ ဘာပြောကြတယ်ဆိုတာ ကိုယ် မသိဘူးမှတ်နေသလား"

"အို"

ဇော့်မျက်နှာတစ်ခုလုံး ပူထူသွားသည်။ ဘာပြောရမလဲ၊ သူနဲ့ဇော့်ကိုပြောနေကြတာ၊ သမုတ်နေကြတာ သူသိသွားပြီ။ မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ရှက်စရာ ကောင်းလိုက်သလဲ၊ ဇော် နေရာက အငွေ့ပျံ၍သာ ပျောက်ဆုံးသွားချင်တော့၏။ ဇော် ရှက်လန့်တကြားဖြစ်နေဆဲမှာပင်-

"မွေ့"

အို ဒီတစ်ခါ သူခေါ်လိုက်တဲ့အသံက သိပ်ကို ချိုသာနူးညံ့နေပါလား၊ ဇော် မဝံ့မရဲ မော့အကြည့်-

ဇော့်ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွား၏။ စူးရှတောက်ပတဲ့ သူ့အကြည့်တွေကို ဇော် ဘယ်လို ရင်ဆိုင်ရမလဲ။ ဒါပေမယ့် သူက တော့ ဇော့်ကို စကားတွေဆက်ပြောနေ၏။

"ကိုယ်ပြောတာကို သေချာနားထောင်စမ်းမွေ့၊ ပတ်ဝန်းကျင်ဆိုတာ ကိုယ်နဲ့မွေ့အတွက် အရေးမကြီးဘူးကွာ၊ တကယ်တမ်း အရေးကြီးတာ ကိုယ်နဲ့မွေ့တို့ နားလည်မှုပဲ"

"ရှင် နားလည်မှု ဟုတ်လား ဆရာ"

"သိပ်ဟုတ်တာပေါ့ မွေ့ရယ်၊ အခုက မင်းကိုယ့်ကို နား





လည်စေချင်တယ်၊ ဒီမှာ ကိုယ်မင်းကို ပြောစရာတွေ အများကြီးရှိတယ်၊ ညနေ ကိုယ်အိမ်လာခဲ့မယ်၊ကိုယ်တို့ အပြင်ထွက်ပြီး တစ်ခုခု စားရင်း စကားတွေ ပြောကြတာပေါ့"

သူ့မျက်လုံးတွေက ကြည်စင်နေသည်။ သူ့နှုတ်ခမ်းတွေက ပြုံးနေ၏။ ဇော် ဘာပြောရမလဲ၊ သူ့စကားကို ခေါင်းညိတ်ရမတဲ့လား။ ခေါင်းခါရမလား၊ သေချာ ဘာကတော့ ဇော်ဟာသူ့အကြည့်တွေအောက်မှာ အားအင်မဲ့ ကျဆုံးနေပြီဆိုတာပါပဲ။

"ဒီစကားတွေကိုကိုယ်ပြောချင်တာ ကြာခဲ့ပါပြီမွေ့၊ ဒါပေမယ့်မွေ့မှာလည်း မွေ့သောက မွေ့အပူတွေနဲ့ဆိုတော့ ကိုယ်မပြောရက်ခဲ့ဖူး၊ အခုတော့အကြောင်းကလဲတိုက်ဆိုင်၊ ကိုယ့်ရင်ထဲက ခံစားချက်ကိုလည်း ဆက်လက်မမြိုသိပ်နိုင်တော့လို့ ဖွင့်ပြောတာပါ၊ ဒီမှာမွေ့"

"ရှင် ဆရာ"

ညနေခင်း၏ ဆည်းဆာအလှက ဇော်နှင့်အလှချင်းပြိုင်နေသည်။ ဒါပေမယ့် ဘယ်အရာတွေနဲ့ပဲ ယှဉ်ပါစေ၊ သူ့မျက်စိထဲမှာ တော့ ချစ်သောမွေ့က အလှဆုံးပင်၊ သူ ဇော့်ကိုရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး-

"ကိုယ် ဝန်ခံပါရစေ မွေ့ရယ်၊ မွေ့ကို မြင်မြင်ချင်းပဲ ကိုယ်ချစ်ခဲ့တယ်၊ ဘဝတစ်သက်တာလုံးရဲ့ လက်တွဲဖော်အဖြစ်လည်း တမ်းတမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ဇော့်မျက်နှာတစ်ခုလုံးရဲရဲတွတ်သွားပြီ၊ အစကတည်းက ရိပ်မိချင်ချင်ရှိပေမယ့် အတိအကျကြီး မမျှော်လင့်ရဲပါ။ ဟုတ်တယ်လေ၊ ဇော့်ဘဝနဲ့ သူ့ဘဝက မိုးနဲ့မြေလို ကွာခြားနေတာ မဟုတ်လား။ ဖွင့်ပြောသူက ဖွင့်ပြောနေပြီ၊ ဇော် ဘာပြန်ပြောရမလဲ၊ တဲမွေ့အိမ်ဇော် ညည်းဘယ်လိုတုန့်ပြန်မလဲ။

"ဟော့ ကိုယ့်ကိုကြည့်ပါဦး မွေ့ရယ်၊ ကိုယ့်ရဲ့စကားတွေဟာ မွေ့အတွက် စိတ်ဆိုးစရာတော့ ဖြစ်လိမ့်မယ် မဟုတ်ပါဘူးနော်"

ဇော် သက်မောတစ်ချက်ကြိတ်ချကာ သူ့ကိုကြည့်၏။ သူ့မျက်ဝန်းမှာ မျှော်လင့်ချက်ရောင်ခြည်တွေနဲ့ပြည့်နေပါလား။

"ဆရာ့စကားတွေကို ကျွန်မ စိတ်မဆိုးပါဘူး၊ ဒါဟာ လွတ်လပ်တဲ့အမျိုးသားတိုင်း လွတ်လပ်တဲ့အမျိုးသမီးကို ပြောခွင့်ရှိပါတယ်။ ဒါပေမယ့် ဆရာရယ်၊ ချော်လဲရောတိုင်တော့ မဲလုပ်ပါနဲ့ရှင်"

"မွေ့ ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်ဟာ အဲဒီလိုလူစားမျိုးလို့ မွေ့ထင်သလား၊ ဘယ်သူတွေ ဘာပြောပြော ကိုယ်ကဂရုစိုက်လိမ့်မယ်လို့ကော မွေ့ထင်သလား၊ကိုယ်ဟာ ကိုယ့်ရင်ထဲက ခံစားချက်ကို ရင်ထဲမပါပဲ ဘယ်တော့မှ မပြောတတ်၊ မလုပ်တတ်ဘူးမွေ့"

ဇော့် စကားက သူ့မေတ္တာကို စော်ကားသလိုမျိုးမို့ မျက်နှာကြီးနီရဲသွားရလေ၏။ ပြီးတော့မှ ဇော့်စကားမှားသွားမှန်း သိကာ ချက်ချင်းတောင်းပန်လိုက်ရ၏။





"ဆရာ့မေတ္တာကို စော်ကားသလိုဖြစ်ရတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်၊ တကယ်ဆို ကျွန်မ ဒီလိုမပြောသင့်ဘူးနော်၊ ကျွန်မ မှားသွားတယ်"

သူမက မျက်နှာငယ်လေးဖြင့် တောင်းပန်၏။ သူ သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်၏။

"တကယ်တော့ မွေ့အလွန်လဲ မဟုတ်ပါဘူးလေ၊ အခြေအနေကိုက မွေ့ထင်ချင်စရာဖြစ်သွားတာကို၊ ကိုယ်စိတ်မကောင်းပါဘူး မွေ့ရယ်၊ ကိုယ့်မေတ္တာဟာ မွေ့အပေါ်မှာ တကယ်ပဲ သန့်စင်ပါတယ်ကွယ်"

"ကျွန်မ ယုံပါပြီ ဆရာ"

"ဒါဆို ကိုယ့်အပေါ်ထားတဲ့ မွေ့ရဲ့ အဖြေက"

သူ မျှော်လင့်ချက်မျက်ဝန်းများဖြင့် သူမကိုကြည့်ကာ မေးမိ၏၊

သူမ ဝင်လုဆဲ နေလုံးကြီး ကို ခပ်ငေးငေးကြည့်နေသည်။ သူမ ဘာတွေ စဉ်းစားနေသလဲ၊ အတန်ကြာမှ သူမက သူ့ဘက်ကို ကြည့်လာပြီး-

"ကျွန်မဘဝကို ဆရာဘယ်လောက်သိထားလဲ ဟင်"

"မွေ့ ဘာကိုဆိုလိုတာလဲ"

သူ နားမလည်သလိုမေးတော့ သူမ ခပ်မဲ့မဲ့ပြုံး၏။

"ကျွန်မ လူတွေကို ပြုစားတတ်သူတဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဆရာ လန့်သွားသလား၊ မလန့်ပါနဲ့ဆရာ၊ အဲဒီသတ်မှတ်ချက်ကိုလူတွေက သတ်မှတ်ပေးခဲ့ကြတာပါ၊ ဒီတော့ ဆရာ့အနေနဲ့ မွေ့အိမ်ဇော်ဆိုတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို ဒီ့ထက်သိအောင် ဆရာစုံစမ်းလိုက်ပါဦး"

"ဒါဆို မလိုအပ်တော့ဘူးလို့ ကိုယ်ထင်ပါတယ် မွေ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ချစ်တာက မွေ့ကိုပဲ၊ မွေ့ရဲ့ ဆိုးကြောင်းကောင်းကြောင်းတွေဟာ ကိုယ်နဲ့မဆိုင်ဘူးလေ"

သူ လက်မခံစွာပြောတော့ သူမက အံ့ဩသလို သူ့ကိုကြည့်၏။ ထို့နောက် အသာခေါင်းခါယမ်းကာ-

"မဟုတ်သေးဘူး ဆရာ၊ လူတွေဟာ ချစ်နေတုန်းမှာ အပြစ်မမြင်နိုင်ပေမယ့် မချစ်တဲ့တစ်နေ့မှာတော့ အပြစ်မြင်လာတတ်ကြပါတယ်၊ဒီတော့ဆရာ့အနေနဲ့အချိန်ယူပြီးကျွန်မအကြောင်းကို စုံစမ်းစေချင်တယ်"

"ကိုယ်ဟာ မွေ့ထင်သလိုလူစားမျိုး မဟုတ်ဘူးဆိုရင် မင်းလက်ခံမလား မွေ့"

သူက ခေါင်းမာစွာပြောနေ၏။ သူမက သူ့ကိုတည့်တည့်စူးစူးကြည့်ကာ

"လူတွေဟာ ကျွန်မနဲ့ပတ်သက်လာရင် ဒုက္ခရောက်တတ်





ကြတယ် ဆရာ"

"ကိုယ်ကတော့ လက်မခံဘူးမွေ့၊ မွေ့နဲ့ပတ်သက်ပြီး ဒုက္ခရောက်တဲ့သူတွေ ရှိချင်ရှိမယ်၊ ဒါပေမယ့် မွေ့ကြောင့်တော့ မဟုတ်နိုင်ဘူး၊ သူတို့ရဲ့ အတ္တစိတ်က သူတို့ကိုပြန်ပြီး ဒုက္ခပေးတာပဲ ဖြစ်လိမ့်မယ်"

"ဆရာ တကယ်ပဲ အဲဒီလို ယူဆလားဟင်"

ဇော်သည် မယုံကြည်နိုင်စွာ မေးမိ၏။ အများအားဖြင့် ဇော့်ပတ်ဝန်းကျင်မှာရှိသောလူများသည် သူ့ကို ပြုစားတတ်သူအဖြစ် လက်ခံယုံကြည်ထားကြသည့်လူများ၊ သူနှင့်ကျမှ ထိုသို့စကားမျိုးကြားဖူးရခြင်းပါ။

"ကိုယ်ကတော့ အသေအချာကိုယုံကြည်ထားတယ် မွေ့"

ဇော့်မျက်ဝန်းသည် ရီဝေသွား၏။ ဇော့်မျက်ဝန်းထဲ လူငယ်လေးတစ်ယောက်၏ မျက်နှာကို ပြေး၍ မြင်ယောင်မိသည်။ ကိုနိုင်ကိုနိုင်လည်း ဒီလိုပြောခဲ့တာပါပဲ။ ဒါပေမယ့်နောက်ဆုံးတော့ ကိုနိုင်လဲ ဇော်နှင့်ပတ်သက်ကာ အဝေးလွင့်သွားရတာပါပဲ၊ ဒါကိုက ဇော်နှင့်ပတ်သက်၍ ဒုက္ခရောက်ရတဲ့နည်းတစ်မျိုး မဟုတ်လား။

"မွေ့ ဘာတွေ စဉ်းစားနေတာလဲ၊ ကိုယ်ပြောတာကိုမင်း မယုံဘူးလား ဟင်"

ဇော်က ညှိုရီသော မျက်ဝန်းများဖြင့် သူ့ကို ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဇော်၏ မျက်ဝန်းမှာ အရည်ကြည်တစ်ချို့တောင် ရစ်ဝဲလို့ နေပါလား။

"ကျွန်မ ယုံချင်ပါတယ်ဆရာ၊ ခက်တာက ကျွန်မကို စွဲလန်းခဲ့ဖူးတဲ့လူတစ်ယောက်ကလည်း ဆရာ့လိုပဲ ပြောခဲ့ဖူးပါတယ်၊ ဒါပေမယ့်ဆရာရယ်၊ သူလဲ နောက်ဆုံးတော့ ကျွန်မကြောင့် ဒုက္ခရောက်တာပါပဲ"

"ဘယ်လို မင်းကိုစွဲလန်းခဲ့ဖူးတဲ့ လူတစ်ယောက် ဟုတ်လား မွေ့"

ဇော့်ကို လူတစ်ယောက်က စွဲလန်းခဲ့ဖူးပါလားဟု သိလိုက်ရတော့သူ့ရင်ထဲ မနာလိုချင်းများဖြစ်သွားရသည်။ ဇော်ကတော့ ခပ်လေးလေးပင် ခေါင်းညိတ်ပြကာ-

"ဟုတ်ပါတယ်ဆရာ၊ သူဟာ ကျွန်မရဲ့ ငယ်သူငယ်ချင်းတစ်ယောက်လဲဖြစ်ခဲ့တယ်၊ ကျွန်မအပေါ်လည်း အနားလည်ဆုံးဖြစ်ခဲ့တဲ့သူပါ ဆရာ"

"ဒါဆို မင်းဘာဖြစ်လို့ သူ့ကိုလက်မခံခဲ့တာလဲ မွေ့"

သူ အံ့ဩစွာမေးတော့ ဇော် မချိသလို ပြုံး၏။

"ဒါကအရှင်းလေးပါ ဆရာ၊ မိခင်တစ်ယောက်ကို စိတ်မဆင်းရဲစေချင်တဲ့ဆန္ဒကြောင့် လက်မခံခဲ့တာပါ"

"မွေ့ ဘာကို ဆိုလိုတာလဲ ကိုယ်နားမလည်ဘူး"





"ဆရာ နားမလည်ဘူးဆိုတာ ဟုတ်ပါလိမ့်မယ်၊ ကျွန်မကြီးပြင်းခဲ့ရတဲ့ပတ်ဝန်းကျင်က ကျွန်မကို ပြုစားတတ်သူလို့ နာမည်ပေးထားကြတယ်လေ၊ အဲဒီလို ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတဲ့သူဟာ ကျွန်မအပေါ် ဘယ်လောက်နားလည်တယ်ဆိုပေမယ့် သူ့မိခင်ကတော့ ဘယ်လိုလုပ် နားလည်နိုင်မှာလဲ၊ သားတစ်ယောက်ရဲ့မိခင်ပီသစွာ သူနဲ့ကျွန်မကိုသဘောမတူဘူးလေ၊ ဒီတော့ကျွန်မကြောင့် မိခင်တစ်ယောက်ကို ဘာလို့ စိတ်ဆင်းရဲစေတော့မှာလဲ ဆရာ"

"ဩော် မွေ့ရယ်"

တစ်ခဏအတွင်းမှာပင် ဇော်၏ ရှင်းပြချက်ကို သူ သဘောပေါက်သွားရ၏။ ထို့အတူ ဇော့်စိတ်ဓာတ်ကိုလည်း သူလေးစားမိရပါသည်။

"မင်းဟာစိတ်ထားမြင့်မြတ်သူပါလားမွေ့ရယ်၊လူတစ်ယောက်ကို စိတ်ချမ်းသာစေချင်တာနဲ့၊ မင်းရဲ့အသည်းနှလုံးကို စွန့်လွှတ်ခဲ့ရတာပေါ့ ဟုတ်လား"

"ရှင် ဆရာပြောတာက"

ဇော် မျက်လုံးလေးဝိုင်းကာ မေး၏။ သူမချိတင်ကဲဟန်ဖြင့် တစ်ချက်ရယ်လိုက်သည်။

"ကိုယ်ပြောချင်တာ ရှင်းရှင်းလေးပါ မွေ့ရယ်၊ မင်းရဲ့ သူငယ်ချင်းလေးကိုတော့ မင်းတွယ်တာခဲ့တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အော် လက်စသပ်တော့ သူ ဝန်တိုနေခြင်းကိုး-

ဒီလိုတွေးမိတော့လည်း ဇော်စိတ်ထဲ ကျေနပ်ချင်သလိုလို

"မှန်ပါတယ်ဆရာ၊ သူ့ကိုကျွန်မအနေနဲ့ ချစ်သူလို မဟုတ်တောင် ကျွန်မရဲ့ ငယ်သူငယ်ချင်းအဖြစ် တွယ်တာသံယောဇဉ် ရှိရပါတယ်"

"ဒါဆို ကိုယ့်အတွက် မွေ့ရဲ့အသည်းနှလုံးမှာ ကွက်လပ်မရှိတော့ဘူးပေါ့နော်"

သူ့အသံက ကြေကွဲထိခိုက်သွားဟန်၊ မျက်နှာကလည်း မှိုင်းညို့လို့၊ အို . . ဒီလိုမြင်ရပြန်တော့လည်း ဇော့်ရင်ထဲဘယ်လိုမှ စိတ်မကောင်းနိုင်ပါ။

"ဆရာ့ကို ကျွန်မရဲ့ ကျေးဇူးရှင်အဖြစ် လေးစားကြည်ညိုလျက်ပါ"

"ကိုယ်လိုချင်တာ ဒါကိုမဟုတ်ဘူးလေ၊ မွေ့ရဲ့ နှလုံးသားထဲမှာ ကိုယ့်အတွက် နေရာရှိသေးလားလို့ မေးတာ"

ဇော် သက်ပြင်းတစ်ချက် ကြိတ်ချမိ၏။ ဆရာ့အမေးအရဆိုလျှင် ဇော့်နှလုံးသားဟာ ယခုထက်ထိ ပိုင်ရှင်မရှိသေးပါဘူး၊ ဇော့်နှုတ်ဖျားက "ချစ်ပါတယ်"လို့ ဘယ်သူ့ကိုမှ မပြောရသေးပါ။

"ကျွန်မဘဝမှာ နှလုံးသားအတွက် နေရာပေးရမယ့်လူတစ်ယောက်မှ မရှိသေးဘူး ဆရာ"

"ဟင် ဒါဆို မင်းရဲ့ငယ်သူငယ်ချင်းလေးက"





"အော် ဆရာရယ်၊ သူနဲ့ကျွန်မ ဇာတ်လမ်းက မစခင်က ဆုံးသွားကြတာ မဟုတ်လား"

"ဟာ ဒါဆို ကိုယ့်အတွက် မျှော်လင့်ချက်ရှိသေးတာပေါ့နော် မွေ့"

သူ့မျက်နှာကြည်စင်ဝင်းပသွားတာ ဖိုးလမင်းကြီးလို၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကျေးဇူးရှင်တစ်ယောက်ရဲ့ မျက်နှာညှိုးနေမှာကို သူမကြည့်ရက်ပါ။ ကြည်စင်လန်းဆန်းနေတာပဲ မြင်ချင်တွေ့ချင်၏။ ဒါ ဇော့်ရဲ့ ပင်ကိုယ်စိတ်ရင်းစေတနာ ဖြစ်သည်။

"မျှော်လင့်နိုင်ပါတယ် ဆရာ၊ မျှော်လင့်ချက်ဆိုတာ လူတိုင်းအတွက် ထားအပ်တဲ့အရာပဲ၊ ဒါပေမယ့် ဆရာ ကျွန်မနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ကိုရော ခံနိုင်ပါ့မလား ဟင်"

"ကိုယ့်ကိုယုံစမ်းပါမွေ့ရယ်၊ မင်းနဲ့ပတ်သက်လာရင် ကိုယ်ဘာမဆို ရင်ဆိုင်ရဲပါတယ်"

သူက ခိုင်မာစွာ ကတိပေးနေ၏။ ဇော်ကတော့ အလှမ်းကွာဝေးသော အခြေအနေတစ်ရပ်ကို ညှိနှိုင်းရပါ့မလားဟု တွေးတောစိုးရိမ်ပူပန်မိ၏။

"မွေ့"

"ပြောပါ ဆရာ"

"ကိုယ့်အတွက် အဖြေကို မွေ့အမြန်ဆုံး စဉ်းစားပေးချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအကောင်းဆုံးစဉ်းစားပါရစေ ဆရာ"

"အင်းလေ စဉ်းစားပါ၊ ဒါပေမယ့် မွေ့သေချာစဉ်းစားလို့ရတဲ့အဖြေဟာ ကိုယ့်အတွက် စိတ်ချမ်းသာစရာဖြစ်လိမ့်မယ်လို့ တစ်ထစ်ချယုံကြည်ထားလိုက်မယ်"

သူ၏ စကားက ချည်ပြီးတုတ်ပြီးသားလို ဇော်ရင်မောမိရ၏။ တကယ်လို့ သူလိုချင်သောအဖြေကို ဇော်မပေးနိုင်ဘူးဆိုလျှင် သူ ဘာဖြစ်သွားနိုင်သလဲ၊ ဇော်မစဉ်းစားချင်ပါ၊ ဝင်လုဆဲနေလုံးကြီးကလည်း ပျောက်တော့မည်မို့ ဇော် ပြန်ဖို့ ပြောလိုက်၏။

"ကျွန်မတို့ ပြန်ကြပါစို့ ဆရာ"

"အင်း ပြန်တာပေါ့၊ နောက်တစ်ပတ်ကျရင် ကိုယ် မွေ့ဆီလာခဲ့မယ်၊ဒီကြားထဲ မွေ့ ရုံးမတက်နဲ့"

ဒါ ဇော့်ကို တစ်ပတ်လုံးလုံး စဉ်းစားဖို့ အချိန်ပေးလိုက်တာဟု နားလည်၏။ ထိုနေ့က *အပြန်လမ်းတစ်လျှောက်မှာ နှစ်ယောက်*သား တိတ်ဆိတ်နေသည်။ လူတွေက တိတ်ဆိတ်နေပေမဲ့ စိတ်တွေကတော့ တိတ်ဆိတ်မနေပါ။ လွင့်ချင်ရာလွင့်၊ မျောချင်ရာမျော နေကြသည်သာ။

□





# စောမင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူတို့ကြားတွင် ဝေ့ဝဲစွာကျန်ရစ်ခဲ့သော တောင်တန်းပြာတို့က အရှိန်ဖြင့်ပြေးနေသော ကား၏ နောက်တွင် တရိပ်ရိပ်ကျန်ခဲ့လေပြီ။ သည်ဒေသ၊ သည်နေရာ၊ သည်အရပ်တို့သည် သူ့အတွက် ဘယ်နေရာမဆိုကြည့်လိုက်တိုင်း တောင်တန်းတောင်စွယ်မြင့်ညို့ညို့မှိုင်းမှိုင်းအုပ်အုပ်ဆိုင်းဆိုင်းဖြင့် လွမ်းမောချင်စရာအတိ။

သူ့လို အလွမ်းဓာတ်ခံရှိသူတစ်ယောက်အတွက်တော့ ရင်ထဲ နှင့်သည်းအောင်ကိုပင် ဇော်အား တမ်းတမိရ၏။ထွက်ခွာလာတုန်းကတော့ ဇော်တို့ စိမ်းပြတ်နိုင်မလားရယ်လို့ အားတင်းကာ ကျောခိုင်းခဲ့ခြင်းပါ။ ဒါပေမယ့် မိဇော်ရယ်၊ ငယ်ငယ်လေးကတည်း

ညှိုင်အာငေး

www.burmeseclassic.com

www.burmeseclassic.com



က တွယ်တာလာခဲ့ရတဲ့သံယောဇဉ်ကြိုးဟာ လွယ်လွယ်နဲ့ ဘယ်လို ဖြတ်နိုင်မှာလဲ၊ ပြီးတော့ သူဆိုတဲ့ကောင်က ဇော်ကို အသည်းနင့် အောင်ချစ်မိရတဲ့လူပါ။

နင့်အတွက် ငါ ဆက်လက်မခံစားနိုင်တော့ဘူး မိဇော်၊ မ ထင်မှတ်ဘဲ မီးပုံပွဲမှာ တွေ့ခဲ့တဲ့အစ်ကိုကြီးတစ်ယောက်ရဲ့ စကား က ငါ့ရင်ထဲမှာ ခုထိ စွဲငြိနေတုန်းပဲ။ ဘာတဲ့ သူသာဆိုရင် ငါ့နေရာ မှာ ဒီလိုအရှုံးပေးထွက်ခွာမလာဘူးတဲ့။ မာကျောလွန်းတဲ့နင့်ရဲ့ နှ လုံးသားကိုရအောင်ယူမှာပဲတဲ့။

ဟုတ်တယ်မိဇော်၊ အစကတော့နင့်ကိုအလျှော့ပေးပြီး ငါ ကျောခိုင်းထွက်ခဲ့တာပဲ၊ ဒါပေမယ့် သေချာစဉ်းစားကြည့်တော့ ဒါ ဟာ ငါ့ရဲ့အရှုံးတစ်မျိုးပဲ မိဇော်၊ ပြီးတော့နင်ကိုယ်တိုင်က ငါ့ကို ချစ်ရိပ်ချစ်ယောင်တွေ ပြခဲ့တာ၊ ချစ်မလို တွယ်တာမလိုလုပ်ပြီးမှ ငါ့ကို စိမ်းစိမ်းကားကားလုပ်သွားတာဟာ နင့်ရဲ့ သွေးရိုးသားရိုး အပြုအမူ မဟုတ်ဘူးလို့ ငါ စဉ်းစားမိတယ်။ နင်နဲ့ငါ့ကြားမှာ ကွာခြားစေတဲ့ အကြောင်းအရာတစ်ခုတော့ ရှိနေလိမ့်မယ်၊ အဲဒါ ဘာလဲဆိုတာ ငါသိချင်တယ် မိဇော်။

အခု ငါပြန်လာတာ နင့်အချစ်ကို အရယူဖို့၊ တို့နှစ် ယောက်ကြားမှာ ကွာခြားနေတဲ့အချက်တွေကို ညှိနှိုင်းဖို့ပဲ မိဇော်။ ငါသိပါတယ် မိဇော်ရယ်၊ နင်လည်း ငါ့လိုပဲ ငါ့အပေါ် သံယောဇဉ်





ရှိမယ်ဆိုတာ ပြီးတော့ ငါ့လိုပဲ ခံစားရမယ်ဆိုတာ၊ တို့နှစ်ယောက် ကြားမှာရှိတဲ့ သံယောဇဉ်ကြိုးဟာ ဘယ်လောက်အထိ ခိုင်မြဲ တယ်ဆိုတာ နင်သိပါတယ်လေ။

သူ့စိတ်ထဲ ရန်ကုန်ရောက်ရန် စိတ်စောနေပြီ။ သည် လောက်အမြန်မောင်းနေတဲ့ ကားကြီးကိုပင် စိတ်မရှည်ချင်စွာ နှေး ကွေးလှတယ်ဟု ထင်ရ၏။ ရန်ကုန်ကို အမြန်ဆုံးရောက်ချင်သည်။ ပြီးတော့ မိဇော်ကိုလည်း အရမ်းတွေ့ချင်၏။ အဲဒါတွေအားလုံးဟာ တစ်ခုတည်းသောအကြောင်းအရာရဲ့ တိုက်တွန်းချက်ကြောင့်ပါ။ ထို အရာကတော့ အချစ်ဆိုတဲ့ နှလုံးသားထဲက ခံစားမှုလေ။

ရန်ကုန်ရောက်တာနှင့် သူဇော်၏ အကြောင်းကို ဆက် လက်စုံစမ်းမိ၏။ သူ့ကိုခြေရာဖျောက်သွားတဲ့ဇော်၊ သူနဲ့ အဝေး ဆုံးကို ထွက်ပြေးခဲ့တဲ့ ဇော်၊ အခု မင်း ဘယ်မှာလဲကွယ်၊ သူ ပြန်လာ တာကိုသိတော့ တစ်ရပ်ကွက်တည်းသား သူငယ်ချင်းတူးမာက ဝမ်း သာအားရ လာရောက်နှုတ်ဆက်၏။ တူးမာက ငယ်ငယ်ကလို မ ဟုတ်တော့ အရာအားလုံးကို ချင့်ချိန်တတ်သော မိန်းကလေးတစ် ယောက်ဖြစ်နေပြီ။

သူသိချင်သော မိဇော်၏ အကြောင်းများကိုတူးမာမှတဆင့် သိလာရ၏။

"တကယ်တော့ မိဇော်တို့ ရပ်ကွက်ထဲက ပြောင်းသွား တာ နင့်ကြောင့်ပဲ ကိုနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ် ကိုနိုင်၊ မိဇော်ဟာ ဘယ်ယောက်ျားကိုမှ လက်ခံစကားပြောတတ်တဲ့သူမဟုတ်ဘူး၊ နင့်ကိုကျတော့ ငယ်သူငယ်ချင်းတစ်ယောက်လည်းဖြစ်၊ အားလုံးထဲမှာ သံယောဇဉ်အရှိဆုံးဆိုတော့ လက်ခံစကားပြောတယ်၊ တွယ်တာရင်းနှီးဟန်ပြတယ်၊ နောက်ဆုံးဟာ နင်တောင်းဆိုတဲ့ မေတ္တာကိုတောင်မှ သူ ပြန်ပေးတော့မလို့ပါပဲ၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ တူးမာ ဆက်ပြောလေ"

သူ အားမလိုအားမရစွာ မေးမိ၏။ တူးမာက သက်ပြင်းတစ်ချက်ဖွဖွချသည်။

"ဟင်း အမိက-ကတော့ နင့်အမေက နင်နဲ့သူ့ကို သဘောမတူခဲ့ဖူး မဟုတ်လား၊ ဒီတော့ မိဇော်အနေနဲ့ စဉ်းစားမိမှာပေါ့၊ နင့်ကို သူလက်ခံလိုက်ရင် နင်ပဲသူနဲ့မိခင်ကြားမှာ ဗျာများရမယ်။ နင့်အမေကလည်းနင့်အတွက် စိတ်ဆင်းရဲရမယ်။ ဒီတော့ နင်တို့သားအမိနှစ်ယောက်ရဲ့ စိတ်ဆင်းရဲမှုကို သူတစ်ယောက်တည်း စိတ်ဆင်းရဲမှုနဲ့ လဲလိုက်တာပဲ ကိုနိုင်"

"ဖြစ်ရလေ တူးမာရယ်၊ ဒါတွေ အစက ငါမသိခဲ့ပါလား၊ သူ ငါ့ကိုလှည့်စားသွားတာပဲလို့ ထင်မိတာ"

သူရင်နာစွာ ပြောမိ၏။ စာမေးပွဲပြီးလို့ ပြန်လာချိန်မှာ ဇော် မရှိတော့ တစ်ချိန်လုံး မျှော်လင့်လာသမျှ ရင်မှာ အမောဆိုက်





ဆိုက် သူပြန်လာလျှင် အဖြေပေးမည်ဟု ဇော် ပြောခဲ့တာ၊ အခုတော့ ဇော် ပေးလိုက်တဲ့အဖြေက သူ့အတွက် ရင်မောစရာ၊ ချစ်အရိပ်အယောင်တွေပြပြီး ဘာလို့များ သူ့ကို လှည့်စားသွားပါလိမ့်၊ စုံစမ်းတော့လည်း ဇော့်သတင်းတွေက ဟိုလိုလိုဒီလိုလို၊ နောက်ဆုံးတော့ ကိုယ့်ကို မတွေ့ချင်လို့ ရှောင်ထွက်သွားသူတစ်ယောက်အဖြစ် သတ်မှတ်ကာ သူစိတ်နာဖို့ ကြိုးစား၏။ အောင်စာရင်းထွက်တာနှင့် အလုပ်တို အဝေးဆုံးဒေသလျှောက်ကာ ဇော်ရှိတဲ့ အရပ်မှ ကျောခိုင်းခဲ့၏။ အခုတော့လည်း သူ့ထင်မြင်ချက်တွေက မှားလို့ပါလား။

"နင်မသိတာလည်း အပြစ်မရှိပါဘူးလေ၊ နင်ဒီလိုထင်အောင် မိဇော်ကလဲ ဖန်တီးသွားတာပဲ၊ အခုလဲ သူ့အဖေဆုံးသွားပြီ ကိုနိုင်"

"ဟင် ဟုတ်လား"

သူက တအံ့တသြမေးမိ၏။ ဇော်တို့မှာ သားအဖနှစ်ယောက်တည်းရှိတာ၊ ဇော်ဖခင်မရှိလျှင် ဇော် တစ်ယောက်တည်း သူ ချက်ချင်းပင် ဇော့်ထံ ပြေးသွားကာ အားပေးချင်စိတ်ဖြစ်ပေါ်မိရ၏။ သည်အချိန်ဆို မိဇော်တစ်ယောက်တည်း အရမ်းအားငယ်နေမယ်လို့၊ ကိုယ်တွေ့ချင်လိုက်တာ မိဇော်ရယ်။

"ငါလည်း သူ့ကို ဟိုတစ်လောတုန်းကမှ ပြန်တွေ့တာ၊ သူ ပိန်လည်းပိန်သွားတယ်ဟာ၊ အခု အဒေါ်ကြီးတစ်ယောက်ကို အဖော်ခေါ်ထားတယ်တဲ့၊ လှတာကတော့ အရင်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကိုတွေ့ချင်လိုက်တာ တူးမာ"

"ခက်တာပဲ၊ မိဇော်က သူ့လိပ်စာကို ဘယ်သူ့မှ ပေးစေချင်ပုံမရဘူး"

"ဒါပေမယ့် ငါက သူ့အတွက် လူစိမ်းတစ်ယောက်မှ မဟုတ်ဘဲ တူးမာ၊ ငါ အခုပြန်လာတာ သူနဲ့ဆွေးနွေးဖို့၊ ငါ့ကို လိပ်စာပေးပါ တူးမာ"

သူက ဖွတ်ပင် ဇော့်လိပ်စာကို တူးမာထံတောင်းမိ၏။ ဇော့်ကိုပြန်လည်ဆက်သွယ်မိခြင်းကိုက သူ့အတွက် ကံကောင်းမှုတစ်ရပ်ပါပဲ၊

"နင် မိဇော်နဲ့ ဆွေးနွေးတာ အကြောင်းမဟုတ်ဘူး ကိုနိုင်၊ နင့်အမေရဲ့ သဘောထားကရောပြောင်းလဲပြီလား"

"ငါ အမေနဲ့ ဆွေးနွေးပြီးပါပြီ၊ အမေလည်း အရင်ကလို မဟုတ်တော့ဘူး၊ ခုဆို ရိုပ်သာမကြာခဏဝင်နေတော့ အရာရာကို တရားနဲ့ ဆင်ခြင်တတ်ပါပြီ"

"ဒီလိုကြားရတာ ဝမ်းသာပါတယ်ဟာ၊ မိဇော်လိပ်စာကို ငါ ပေးလိုက်ပါ့မယ်၊ နင်တို့နှစ်ယောက် ပြန်ပြေလည်ပါစေလို့လည်း ငါဆုတောင်းပေးပါတယ် ကိုနိုင်"

"ကျေးဇူးပဲ တူးမာ"

သူ တူးမာထံမှရသောလိပ်စာဖြင့် ဇော့်ထံသို့ ချက်ချင်းလိုက်လာခဲ့၏။ ရင်ထဲမှာတော့ပျော်နေသည်။ နှလုံးခုန်သံတွေကလည်း အလိုလိုမြန်နေရ၏။





ငါလာပြီမိဇော်၊ နင်ငါ့ကိုမြင်ရင် အံ့ဩလေမလား၊ ရင်ခုန်လေမလား၊ ငါကတော့ ဒီတစ်ခါ နင်နဲ့တွေ့ရင် မခွဲတော့ဖို့ ဆုံးဖြတ်လိုက်ပြီ မိဇော်ရေ။

သူရောက်သွားချိန်မှာ အိမ်မှာ ဇော်တစ်ယောက်တည်း ရှိနေချိန်ဖြစ်သည်။ ရေချိုးပြီးကာစ သနပ်ခါးခပ်ကျဲကျဲလူးထားသော ဇော့်အလှက အရင်ကအတိုင်း၊ ဆံပင်ရှည်တွေကလဲ လျှော်ထားဟန်မို့ ဖြန့်ချထားတာကြောင့် နုငယ်သော အသွင်က မပြင်ဆင်ဘဲ ပေါ်နေ၏။

သူ ကားပေါ်မှဆင်းလိုက်ချိန်မှာတော့ ဇော် အိမ်ရှေ့ထွက်ကြည့်လာ၏။ သူ့ကိုတွေ့တော့ ဇော့်မျက်လုံးလေးဝိုင်းလျက် အံ့ဩဟန်ပြသည်။ သူ ဇော့်ကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်၏။

"မိဇော်"

သူ့ခေါ်သံကြားမှ ဇော်က အသိဝင်လာသူတစ်ယောက်လို မျက်တောင်လေးများပုတ်ခတ်လာကာ-

"ကိုနိုင် နင် နင် လိုက်လာတယ်"

"ဒါပေါ့မိဇော်၊ ထွက်ပြေးတိမ်းရှောင်သွားတဲ့ မိန်းကလေးတစ်ယောက်ကို အမိလာဖမ်းတာလေ"

"အို"

သူ ဇော့်ကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောလိုက်တော့ ဇော့်မျက်နှာလေး ပန်းနုရောင်လေးသမ်းသွား၏။ သူ ဇော့်အနား



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး ဇော်ကို ခပ်ငုံ့ငုံ့ကြည့်သည်။ နီးကပ်လွန်းသော အနေအထားမှာ ဇော်ဆီမှ သနပ်ခါးရနံ့သင်းသင်းလေးက သူ့အတွက် ရင်ခုန်ချင်စရာ။

"ဦးလေးဆုံးသွားတဲ့အတွက် ကိုယ်စိတ်မကောင်းပါဘူး မိဇော်ရယ်"

သူ လှိုက်လှဲစွာ ပြောမိ၏။ ဇော့်မျက်နှာလေးမှာ ညှိုးဖျော့သွားကာ သက်ပြင်းဖွဖွတစ်ချက်ချသည်။

"ကံတရားအတိုင်းပါပဲ ကိုနိုင်ရယ်"

"ဒါပေမယ့် အဲဒီအချိန်မှာ ငါ နင့်ဘေးနားမှာ ရှိနေသင့်တယ်နော်၊ အခုတော့ နင်တစ်ယောက်တည်း ဘယ်လောက်အားငယ်ဝမ်းနည်းလိုက်မလဲ"

ဇော်က သူ့ကိုမျက်တောင်ကော့များ ပင့်လာကာကြည့်၏။ မတွေ့ရသောအချိန်များအတွင်းမှာ သူ့ပုံစံက အရင်ကထက်တောင် တင်းကျစ်လျစ်ကာ ချောမောမှုတွေ ပိုလာသည်ထင်၏။

"နင် ငါ့ကို စိတ်မနာဘူးလား ကိုနိုင်"

"မှန်တာပြောရရင် အစကတော့ ငါ့ကိုလှည့်စားတယ်ဆိုပြီး နင့်ကိုစိတ်နာချင်ခဲ့တယ် မိဇော်၊ ဒါပေမယ့် သေချာစဉ်းစားတော့ နင့်အပေါ် ငါ မုန်းလို့ စိတ်နာလို့ မရဘူး၊ အခုလည်း တူးမာကတဆင့် နင့်အကြောင်းတွေစုံစမ်းသိလို့ ငါ ချက်ချင်းလိုက်လာတာ ဒီတစ်ခါတော့ နင် ငါ့ကို ရှောင်မပြေးတော့ပါဘူးနော်၊ မိဇော်"





"အို ကိုနိုင်ရယ်"

သူ့အမေးက ဇော့်ရင်ကို ထိခိုက်စေသည်။ ရှောင်ဖယ်ပြေးချင်လို့ တမင်ပြေးခဲ့တာမှ မဟုတ်ဘဲ၊ ဇော်နဲ့ပတ်သက်ပြီး သူ့ကို မထိခိုက်စေချင်လို့ဆိုတာ မသိလေရော့သလား။

"မိဇော် ငါအလုပ်ရတာနင်သိတယ်နော်၊ တစ်ခါက ငါ ပြောခဲ့သလိုပေါ့၊ ငါ့မှာ နင့်ကိုအဆင့်အတန်းမြင့်မြင့်ထားနိုင်လောက်အောင် အလုပ်ဆိုတာ ရှိနေပြီလေ။ ဟိုမှာ အိမ်ရတယ်၊ အဲဒီအိမ်မှာ ငါတစ်ယောက်တည်းပဲ။အခုတော့ ဟိုးအဝေးကြီးဒေသမှာ ငါ တစ်ယောက်တည်းမနေချင်တော့ဘူး မိဇော်၊ ငါ့ရဲ့အိမ်ကလည်း သူ့ရဲ့ အိမ်ရှင်မကို မျှော်နေတယ်"

"အို"

သူစကားတွေကို ဆက်တိုက်ပြောချလိုက်၏။ ဇော်ကတော့ ခေါင်းကိုသာ တွင်တွင်ငုံ့ကာ ရှက်လို့မဆုံး။

ပန်းနုရောင်သမ်းနေသော ဇော့်မျက်နှာလေးကို ကြည့်ပြီး သူ အားမလိုအားမရဖြစ်မိသည်။ ဖြစ်နိုင်ရင် ဇော့်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့သွင်းယူလိုက်ချင်တော့တာပဲ။

"ငါပြောတာကို နင်သဘောပေါက်ပါတယ်နော်၊ အမေ့ကို လည်း ငါ ဆွေးနွေးပြီးပြီမိဇော်။ အမေက အခုဆို ငါ့သဘောတစ်ခုတည်းပဲ၊ ငါ မင်္ဂလာကိစ္စ ဘယ်တော့ စီစဉ်ခိုင်းရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို နင်ဘာတွေပြောနေတာလဲ ကိုနိုင်၊ နင်နဲ့ငါက သူငယ်ချင်းတွေဆိုတာ မေ့နေသလားကိုနိုင်"

"နင် ဒါတွေပြောမနေနဲ့မိဇော်၊ ကိုယ်ကိုယ့်ကိုယ်လည်း လှည့်စားဖို့ မကြံပါနဲ့တော့၊ ငါ့ကိုလည်း စိမ်းကားတဲ့စကားတွေ မပြောပါနဲ့တော့ မိဇော်၊ ငါ ဟိုးအဝေးကြီးက လာရတဲ့ကောင်ပါ"

သူ့မျက်နှာ မှိုင်းမှုန်သွားကာ မျက်ဝန်းတွေလည်း ရီဝေလာ၏။ ဇော် ဘာပြောရမလဲ၊ မျှော်လင့်ချက်တွေ ပြည့်နဲ့ လာတဲ့သူတစ်ယောက်ကို အရက်စက်ဆုံး တုန့်ပြန်ရမလား။

"ကိုနိုင်ရယ် နင် နင် ဘာဖြစ်လို့များ ငါ့ဆီ ပြန်လာရတာလဲကွယ်"

"ပြန်လာရတာပေါ့မိဇော်၊ နင်ဟာ ငါ့ဘဝရဲ့ အချစ်ဆုံးမိန်းကလေးပဲ။ ငါ့ဘဝမှာ နင်မရှိရင် မဖြစ်တော့ဘူး မိဇော်"

"ကိုနိုင်ရယ်၊ ငါကလေ နင့်ဘဝထဲက ငါ့ကိုအပြီးတိုင် ဖယ်ထုတ်လိုက်ပြီ မှတ်နေတာ"

ဇော် ထိုစကားတွေကို အားယူကာ မနည်းပြောလိုက်ရ၏။ သူ ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းခါယမ်းသည်။

"လွယ်မလားမိဇော်၊ ငါတို့နှစ်ယောက်ဟာ ငယ်ငယ်ကတည်းက သံယောဇဉ်ကြိုး ခိုင်မြဲခဲ့ကြတာပဲ၊ နင်က ငါ့ဘဝရဲ့ အချိန်တိုင်းမှာ သတိရနေတဲ့ မိန်းကလေးတစ်ယောက်ပဲ မိဇော်၊ ပြောပါဦး၊ နင်ကော နင့်ဘဝထဲက ငါ့ကို လွယ်လွယ်နဲ့ဖယ်ထုတ်ပစ်နိုင်သလား"





"အို ဟင့်အင်းကိုနိုင်"

သေချာတယ် ဇော် ထိုစကားကို ချက်ချင်းဖြေလိုက်၏။ တကယ်ဆို ဇော့်ဘဝမှာ ကိုနိုင်ဆိုတာ တစိတ်တဒေသနီးပါးရှိခဲ့တာပါ။ ဘယ်လိုအနေအထားရောက်ရောက် ကိုနိုင့်ကို မေ့ဖို့ဆိုတာ မလွယ်၊ ဇော်၏ ချက်ချင်းငြင်းလိုက်ဟန်ကြောင့် ကိုနိုင့်မျက်နှာတစ်ခုလုံး ဝင်းလက်သွား၏။ နှုတ်ခမ်းတွေကလည်း ပြုံးလို့-

"ဒါနဲ့များ သံယောဇဉ်ကြိုး ဘာလို့ဖြတ်အတင်းဖြတ်ဖို့ ကြိုးစားရတာလဲမိဇော်ရယ်၊ တို့နှစ်ယောက်ဘဝမှာ ဘယ်သူမှ တားဆီးမယ့်သူ မရှိတော့ပါဘူး၊ အခုအချိန်ကစပြီး ပျော်စရာ ဘဝလေး တစ်ခု ကို ဖန်တီးကြပါစို့နော်"

သူက တက်ကြွစွာ ပြောနေ၏။ ဇော့်ရင်ထဲ တစ်ဆို့နေရ၏။ မနက်ဖြန်ဆို ဆရာဦးအောင်ခန့်ညိုကို အဖြေပေးရမည့်ရက်။ အခုတော့ ဇော်လုံးဝမမျှော်လင့်ထားသော ငယ်သူငယ်ချင်း ကိုနိုင်က ပြန်ရောက်လာသည်။ ဇော် ခေါင်းတစ်ချက်ခါယမ်းကာ-

"နင်အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီ ကိုနိုင်"

"ဘာ ဘာပြောတယ် မိဇော်"

သူ နားကြားလွဲသလားဟု ထင်ကာ အလန့်တကြား ထပ်မေး၏။ ဇော် တံတွေးတစ်ချက်မြိုချကာ

"ငါ ငါ အိမ်ထောင်ပြုတော့မလို့"

"ဘာ နင်အိမ်ထောင်ပြုတော့မလို့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ လုံးဝပျက်သွား၏။ သူ ဇော့်ကို မယုံနိုင်သော မျက်ဝန်းများဖြင့်ကြည့်ကာ

"မကျီစားပါနဲ့ မိဇော်၊ ငါ့ရင်ထဲ ခံနိုင်ရည် မရှိလို့ပါ"

"မဟုတ်ဘူးကိုနိုင်၊ ငါနင့်ကိုကျီစားတာ မဟုတ်ဘူး။ တ . . . တကယ်ပြောတာ"

"မိဇော် နင် ဒီလိုပြောတာ ငါ့အပေါ်မုန်းလို့လား ဟင်၊ ပြောစမ်းပါ နင် ငါ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဖူးလား"

သည်မေးခွန်းကို ဇော်ဘယ်လိုဖြေရမလဲ၊ ကိုနိုင့်ကိုယ် သူငယ်ချင်းတစ်ယောက်မို့ မမုန်းခဲ့ပါဘူး၊ ချစ်ခဲ့သလားဆိုရင်တော့ အဖြေရခက်ပါသည်။အချစ်ဆိုတာထက် ခိုင်မြဲသော သံယောဇဉ် ရှိခဲ့ဖူးပါလေ၏။

ဇော် တိတ်ဆိတ်ကာ သူ့ကိုငေးကြည့်နေမိသည်။ သူက ဇော့်မျက်ဝန်းများကို မလွှဲတမ်းစိုက်ကြည့်ကာ

"မိဇော် ငါမေးတာ နင်ဖြေလေ"

"ဟင့်အင်း အဲဒီမေးခွန်းကို ငါမဖြေနိုင်ဘူးကိုနိုင်"

"ဘာ မဖြေနိုင်ဘူး ဟုတ်လား၊ ဒါဆိုအခု နင်လက်ထပ်မယ်လို့ စိတ် ထားတဲ့လူကိုရော နင် ချစ်သလား မိဇော်"

သူ့အမေးတွေက အဖြေခက်စရာတွေချည်းပဲ၊ ဆရာ့ကို ချစ်တယ်မချစ်ဘူးဆိုတာထက် အားကိုးလေးစားတာက ပိုနေ၏။

"သူက ငါ့ရဲ့ ကျေးဇူးရှင်တစ်ယောက်ပဲ ကိုနိုင်"





"ဘာပြောတယ်၊ နင့်ရဲ့ကျေးဇူးရှင် ဟုတ်လား၊ အော် နင်က လက်စသပ်တော့ကျေးဇူးတရားကို ခန္ဓာကိုယ်နဲ့ လဲလှယ်ဖို့ ကြိုးစားတာပေါ့ ဟုတ်လား မိဇော်"

"ကိုနိုင် နင်ငါ့ကို မစော်ကားနဲ့"

ဇော် နာလိုခံခက်စွာ အော်မိ၏။ သူက နာကျင်သလို ခပ်တိုးတိုးရယ်သည်။

"ငါစော်ကားတာ မဟုတ်ဘူး မိဇော်၊ အမှန်တရားကို ပြောတာ၊ ဒါဆို လူတစ်ယောက်ကိုမချစ်ဘဲနဲ့ လက်ထပ်ဖို့ ဘာ့ကြောင့် စိတ်ကူးလဲ"

"ငါ ပြောပြီးပြီရော"

ဒါပေမယ့် ဇော့်အသံက အဖျားတွင် တိုးတိတ်ဝင်သွား၏။ ကိုနိုင့်မျက်နှာကိုလည်း မကြည့်ရဲ။ ဇော်ဟာ တကယ်ပဲ ကိုနိုင်ပြောသလိုဖြစ်နေသလား၊ အတွေးက ရင်မောစရာပါ။ ကိုနိုင်က ဇော့်ကို စူးစူးရဲရဲ ကြည့်၏။

"ဒီမယ် မိဇော်၊ လူတစ်ယောက်ကို ကျေးဇူးတရားကြောင့်တော့လက်မထပ်ပါနဲ့၊ ကျေးဇူးတရားကို အခြားအရာတွေနဲ့ ပြန်ဆပ်လို့ရပါတယ်"

ကိုနိုင့်စကားကြောင့် ဇော်ငြိမ်ကျသွား၏။ ကျေးဇူးတရားကြောင့် လက်မထပ်ပါနဲ့တဲ့၊ ဆရာ့ကိုဇော်လက်ထပ်တာ ကျေးဇူးတရားကြောင့်လား၊ ထိုစဉ်ကိုနိုင့်အသံက တိုးလျစွာ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိဇော်"

"ပြောပါကိုနိုင်"

"ငါပြောတာကိုနင်သေချာ နားထောင်ပါမိဇော်၊ နင် ငါ့ကို မမုန်းဘူးဆိုတာ ငါသိတယ်၊ သံယောဇဉ်ရှိတယ်ဆိုတာလည်း သိတယ်၊ ငါလည်း နင့်အပေါ် ဘယ်လောက်အထိ မြတ်နိုးတယ်၊ ချစ်တယ်ဆိုတာ နင်အသိပါ၊ဒီလောက်သံယောဇဉ်ကြီးတဲ့တို့နှစ်ယောက်ဟာ ဘာကြောင့် ဝေးကွာဖို့ ကြိုးစားတာလဲဟင်၊ နင့်အပေါ်မှာရှိနေတဲ့ ဟိုလူရဲ့ ကျေးဇူးတွေကို ငါပေးဆပ်ပါရစေ၊ ဖြစ်နိုင်ရင် ငါ အသက်နဲ့လဲလှယ်ဆပ်ရရင် ဆပ်ပါရစေ မိဇော်ရယ်"

"အို ကိုနိုင်ရယ်၊ ငါ ငါ ဘာပြောရမှာလဲ"

ဇော် ဝမ်းနည်းထိခိုက်စွာ မေးမိ၏။ မျက်ဝန်းမှာလည်း အရည်ကြည်တွေ ရစ်ဝဲလာရသည်။ဇော့်အပေါ်ထားတဲ့ ကိုနိုင်ရဲ့ စေတနာမေတ္တာတွေကို သိရတော့ရင်မှာ တလှိုက်လှိုက် ခံစားမိရပါ၏။ ကိုနိုင်က ဇော့်ပခုံးကို ဖွဖွဆုပ်ကိုင်ကာ-

"နင့်ရဲ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ မိဇော်ရယ်၊ နင့်ရဲ့ အခက်အခဲတွေကို ငါရှေ့က မားမားမတ်မတ်ရပ်ပြီး ဖြေရှင်းပေးပါရစေ"

"ဆရာက ငါ့အပေါ် သိပ်ကောင်းခဲ့တယ် ကိုနိုင်၊ ငါ သူ့ကို ငြင်းလိုက်ရင် သိပ်စိတ်ထိခိုက်သွားလိမ့်မယ်"

"အော် မိဇော်ရယ်၊ အဲဒီလူစိတ်ထိခိုက်ရတယ်ဆိုတဲ့အချိန်





တွေဟာ ငါ့ဘဝရဲ့ သုံးပုံတစ်ပုံကိုတောင် မီပါ့မလား ဟင်၊ ငါတ နင့်အတွက် တစ်သက်လုံး ခံစားခဲ့ရတဲ့ကောင်ပါ"

ဒါလည်း ဟုတ်တာပါပဲ၊ ကိုနိုင်တစ်ယောက် ဇော့်မေတ္တာကို မျှော်လင့်ခဲ့တာ နှစ်တွေ ကြာပြီမဟုတ်လား၊ ဆရာ စောင့်ခဲ့ရတဲ့အချိန်ဆိုတာ ကိုနိုင်တစ်ဝက်မမီပါ။ ဒါပေမယ့် ခက်တာက အချိန်တိုတိုလေးအတွင်းမှာ တွေ့လိုက်ရတဲ့ ဆရာ့မေတ္တာစွမ်းအားကလဲ မသေးလှပါ။ ဇော့်အပေါ် အစွမ်းကုန် စိတ်ရှည်ကာ အလိုလိုက်နိုင်သူပါ။ ဇော့်ရဲ့ အခက်အခဲ အရာမှန်သမျှ ဆရာ့၏ အခက်အခဲဟု ယူဆထားသူလည်းဖြစ်သည်။

"ငါ့ကို စဉ်းစားခွင့်ပေးပါဦး ကိုနိုင်ရယ်"

"နင်စဉ်းစားခဲ့တာ အချိန်တွေ ဘယ်လောက်ကြာပြီလဲ မိဇော်၊ ငါက နင်အကြိမ်ကြိမ်အခါခါ စဉ်းစားရမယ့်လူလား ဟင်၊ ဒီတစ်ခါ နင် စဉ်းစားရင် တစ်သက်လုံး နင်နဲ့ငါ ကင်းကွာဖို့ပဲ ရှိတော့မယ် ထင်ပါရဲ့"

"ကိုနိုင် နင်ငါ့ကို ဒီလောက်တောင် မယုံမကြည်ဖြစ်နေပြီပေါ့နော်"

ဇော် ဝမ်းနည်းစွာ မေးလိုက်၏။ ကိုနိုင်က ခေါင်းမညိတ်ပေမယ့် တိတ်ဆိတ်နေတာမို့ ဝန်ခံတာနှင့်အတူတူပင်။ ထို့ကြောင့် ဇော် စိတ်မကောင်းဖြစ်သွားရ၏။ တကယ်တော့ ကိုနိုင် မယုံကြည်တာလဲ အပြစ်မဟုတ်၊ တိုတုန်းက သူ့ကို သူမ လှည့်စားခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ မဟုတ်လား။ ကိုနိုင်က သက်ပြင်းတစ်ချက်ချကာ ခပ်တိုးတိုး ပြောသည်။

"နင့်ကိုယုံချင်ပါတယ် မိဇော်ရယ်၊ ဒါပေမယ့် ကံတရားက ငါ့အတွက် မယုံနိုင်စရာဖြစ်နေပြီ၊ ဒါ နင် နားလည်မှာပါ မိဇော်"

"ဟိုတုန်းက အဖြစ်အပျက်တွေကို နင်မမေ့သေးဘူးနော် ကိုနိုင်"

"နင်နဲ့ပတ်သက်ရင် ငါအရာအားလုံးကို သတိရနေတတ်ပါတယ် မိဇော်"

"ကိုနိုင်ရယ်၊ ငါနင့်ကို ဘယ်တုန်းကမှ လှည့်စားဖို့ မကြိုးစားပါဘူး။ အခြေအနေတစ်ခုကြောင့် ရှောင်ခဲ့ရတာပါ"

"အဲဒီအခြေအနေတစ်ခုဆိုတာ ငါ့အမေကိုပြောတာ မဟုတ်လား၊ အခု ငါ့အမေက အားလုံးကို တရားနဲ့ဖြေသွားနိုင်ပြီ မိဇော်"

ကိုနိုင့်ဘက်ကတော့ ပြဿနာအားလုံးရှင်းနေပြီ၊ ဇော့်ဘက်က တိကျပြတ်သားသော အဖြေပေးရန်သာ ကျန်တော့၏။ ဇော် သက်ပြင်းတစ်ချက်ကို တိတ်တခိုးချလိုက်၏။ ထို့နောက် ကိုနိုင့်ကို ဆတ်ကနဲ မော့ကြည့်ကာ-

"ဒါဆို နင်ပြန်တော့ကိုနိုင်၊ ဒီတစ်ညလုံး ငါစဉ်းစားအုံးမယ်၊ မနက်ဖြန်ကျရင် နင်လာခဲ့တော့"

ဇော့်အပြောကြောင့် ကိုနိုင့်မျက်နှာ ဝင်းခနဲလက်သွားသည်။ ဇော့်ကိုငုံ့စိုက်စိုက် မိုးကြည့်ကာ-





"မနက်ဖြန်ကျရင် နင်ပေးမယ့်အဖြေဟာ ငါ့အတွက် ဝမ်းသာစရာဖြစ်ပါစေနော် မိဇော်"

ဇော် ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေလိုက်သည်။ ဝေခွဲရခက်သည့် ဝေဒနာက ဇော့်ရင်ထဲအပြိုင်ဖြစ်ထွန်းနေရတာ မဟုတ်လား။ ကိုနိုင်က ကားပေါ်တက်ပြီးနောက်-

"ငါ သွားမယ် မိဇော်၊ သေချာတယ် ဒီတစ်ညလုံး ငါအိပ်ပျော်မှာ မဟုတ်ဘူး"

ဇော် ကိုနိုင်ရယ်လို့သာ ဇော့်ရင်ထဲ ညည်းတွားလိုက်မိ၏။ ကိုနိုင်ဇော့်ကို လက်ပြနှုတ်ဆက်ထွက်သွားတဲ့အထိ ဇော်နေရာမှာပင် ရပ်ငေးကာ ကျန်ခဲ့သည်။

တကယ်လို့ ဇော့်ဘဝမှာ ဆရာဦးအောင်ခန့်ညိုသာ မရှိခဲ့ဘူးဆိုလျှင်တော့ ကိုနိုင့်အား ပျော်ရွှင်စရာ အဖြေတစ်ခုပေးဖို့ လိုလိမ့်မယ်။ ဒါပေမယ့် အခုတော့ ကိုနိုင်ရယ်. . .

ဘဝတစ်သက်တာမှာ အိပ်၍မပျော်သော ညတွေရှိခဲ့ပေမယ့် ဒီတစ်ညလောက် မွန်းကြပ်လှောင်မြိုက်ကာ ခက်ခဲပင်ပန်း စွာဖြတ်ကျော်ရတဲ့ညမရှိ။ ခက်ပါတယ်လေ၊ ဇော်က သိပ်ကို အကြပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အဖြစ်၊ သေချာတွေးကြည့်လျှင် ဇော့်လောက် ကံဆိုးတဲ့မိန်းကလေးမျိုး ဒီလောကတွင် ရှိမည်မထင်။

ဟုတ်တယ်လေ၊ ဇော့်ဘဝရဲ့ တစ်သက်တာ အဖော်ခရီး အဖြစ် လှမ်းလျှောက်ရမည့်လမ်းတွင် ရွေးရမည့်လူကတစ်ပြိုင်တည်း



www.burmeseclassic.com

www.burmeseclassic.com



မှာ နှစ်ယောက်ဖြစ်နေ၏။ ထိုနှစ်ယောက်ကလည်း ဇော့်အတွက် မုန်းလို့မေ့လို့ရတဲ့လူတွေ မဟုတ်။ တစ်ယောက်သူက ငယ်ငယ်ကတည်းက သံယောဇဉ်ခိုင်မြဲစွာ ရစ်ပတ်နှောင်ဖွဲ့လာတဲ့ အခင်မင်ရဆုံး၊ အတွယ်တာရဆုံး။ နောက်ကျန်တစ်ယောက်ကလဲ ဇော့် ဘဝတစ်သက်တာလုံး ကျေးဇူးဆပ်၍မကုန်နိုင်လောက်အောင် လေးစားကြည်ညိုအားကိုးတွယ်တာရတဲ့လူ၊ ကဲ အဲဒီနှစ်ယောက်အနက် တစ်ယောက်ကိုရွေးပါဆိုလျှင် ဇော် ဘယ်သူ့ကို ရွေးရမလဲ၊ တစ်ယောက်ရွေးလျှင် တစ်ယောက်ကျန်ခဲ့မည်။ ထိုကျန်ခဲ့ရတဲ့ လူတစ်ယောက်အတွက် ဇော် စိတ်ချမ်းသာနိုင်ပါမည်တဲ့လား။

ဟင့်အင်း၊ ထိုလူ့အတွက် ဇော့်ရင်ထဲ တသသဖြင့် စိတ်မကောင်းဖြစ်နေမှာ သေချာ၏။ ဒီလောက်ကြပ်တည်းတဲ့ အခက်အခဲမျိုး ဇော့်ဘဝမှ ဒီတစ်ခါပဲ ကြုံဖူးသေးပါ၏။ ဖြစ်နိုင်လျှင် ဇော် ထိုနှစ်ယောက်စလုံးကို စိတ်ချမ်းသာစေချင်သည်။ ရုပ်ရှင်ထဲကလို နှစ်ကိုယ်ခွဲ၍ရလျှင် ဘယ်လောက်ကောင်းမလဲနော်။

တဖြည်းဖြည်းနှင့် မိုးသောက်ယံ၏ အလင်းရောင် ခပ်မှိန်မှိန်က ပတ်ဝန်းကျင်တစ်ခွင်တွင် သမ်းစပြုလာပြီ။ ဇော့်စိတ်ထဲမှာ တိကျရေရာသော ဆုံးဖြတ်ချက်မရှိသေးပါ။ နောက်ဆုံးတော့ ဒီအတိုင်း တွေဝေနေလို့မရသေးဘူးဆိုတာ ဇော် သဘောပေါက်လိုက်၏။

ထို့ကြောင့် ဇော်ရွေးချယ်ရမည့်လူနှစ်ယောက်အကြောင်းကို သေချာပြန်စဉ်းစားနေမိသည်၊ ပထမဆုံး ဇော် စဉ်းစားမိတာက ကိုနိုင့်အကြောင်း-





ကိုနိုင်သည် ဇော့်ဘဝ၏ ကစားဖော်ကစားဖက် ငယ်သူငယ်ချင်းတစ်ဦး၊ အားနည်းချက်ရှိသော ဇော့်ဘက်က အမြဲတန်း ရပ်တည်ပေးနိုင်သောသူ၊ ကြီးလာတော့လည်း သူငယ်ချင်းအချစ်ထက် တဆင့်တိုးကာ ဇော့်အပေါ် သံယောဇဉ်ပြောင်းလဲခဲ့သည့်သူ။

ဒါပေမယ့် ဇော်ကရော ကိုနိုင့်အပေါ် သံယောဇဉ်မျိုး မရှိခဲ့ဖူးတဲ့လား။ ရိုးသားစွာ ဝန်ခံရလျှင် ထိုအချိန်က ကိုနိုင့်အပေါ်တွင် ရင်ခုန်လှုပ်ရှားခဲ့ရပါ၏။ ဇော့်အပေါ် နားလည်သော ကိုနိုင်နှင့်သာ ဘဝတစ်သက်တာ လျှောက်လှမ်းရလျှင် ပျော်စရာကောင်းလိမ့်မည်ဟု စိတ်ကူးယဉ်ခဲ့ဖူးပါသည်။

ဒါပေမယ့် ကိုနိုင့်မိခင်က ဇော်နှင့်ကိုနိုင့်ကို လုံးဝ သဘောတူကြည်ဖြူခဲ့ခြင်း မရှိ။မိခင်သဘောတူခြင်းမခံရသော မိန်းကလေးတစ်ယောက်ကိုလက်ထပ်ဖို့ ကြိုးစားလျှင် ကိုနိုင်သာ စိတ်ဆင်းရဲရုံရှိ၏။ ဇော်ကရော ဇော်လည်း ဘာထူးလဲ။ သားရှင်တစ်ယောက်၏ သဘောမတူညီမှုကို ခံရသည့်မိန်းကလေးတစ်ယောက်အနေဖြင့် ခံပြင်းဖို့လည်းကောင်း၊ ရှက်ဖို့လည်း ကောင်းပါ၏။

သူမမှာသာ သားရှင်တစ်ယောက်အတွက် သဘောမတူစရာ ဘယ်လိုအချက်မျိုး ရှိနေသနည်း။ သူမကိုယ်မို့လည်း ပြောသာမဟုတ်၊ သူမ၏ ရုပ်ရည်သည် ဒီခေတ်မိန်းကလေးများထဲတွင် ရှားပါး



www.burmeseclassic.com

www.burmeseclassic.com



သော အလှမျိုးဖြစ်၏။ ပညာဆိုတာတလည်း ဘွဲ့တစ်ခုပိုင်ဆိုင်မှယ့်သူ၊ အိမ်ထောင်ထိန်းသိမ်းမှုကိုလည်း တတ်ကျွမ်းနားလည်တဲ့သူ ဒီလိုမိန်းကလေးတစ်ယောက်အတွက် သားရှင်ဘက်က သဘောမတူဘူးဆိုတာရင်နာစရာ။

အမိက အကြောင်းအရင်းကတော့ အကြောင်းအရာ တိုက်ဆိုင်မှုတွေ ဖြစ်ပေါ်လာသည့်အချက်များကိုယူတာ ဇော်အား ပြုစားတတ်သူအဖြစ် သတ်မှတ်ကာ သဘောမတူခဲ့ခြင်းဖြစ်၏။ နောက်ဆုံးတော့ အားလုံးစိတ်ချမ်းသာဖို့အတွက် ဇော်က ကိုနိုင့်ကိုစွန့်လွှတ်ပေးခဲ့သည် မဟုတ်လား။

ဒါဆိုလျှင် အဖြေက ရှင်းနေပြီ။ ကိုနိုင့်ကို အစကတည်းက ဇော် စွန့်လွှတ်ခဲ့ရတာ ဖြစ်၏။ ထို့ကြောင့် ယခုနေအချိန်အခါမှာ ကိုနိုင်ပြန်ရောက်လာခြင်းသည် ဇော့်အတွက်စွန့်ထားသောပစ္စည်းတစ်ခုကို တွေ့ရသလို ခံစားမှု သိပ်မရှိလှသလိုပါပဲ၊

သို့ဆိုလျှင်အောင်ခန့်ညိုဆိုတဲ့ ဆရာတရော၊ ဆရာနဲ့တွေ့တဲ့အချိန်တိုတိုလေးဖြစ်ပေမယ့် အားကိုးတွယ်တာမှုက စတာ အရင်းနှီးဆုံး လူတစ်ယောက်လို ဖြစ်နေပြီ။ နောက်ပြီးတော့ ဆရာရဲ့ကူညီမှုများက သူ့အပေါ်တွင် ကြီးမားလွန်းလှ၏။ ထိုအချိန်က ဆရာသာ ဇော့်ကို မကူညီခဲ့ဖူးဆိုလျှင် ဇော်တစ်ယောက် ဘယ်လောက်အထိ ဒုက္ခရောက်နေမလဲ၊ လူတစ်ယောက်၏ ခင်မင်တွယ်





တာမှုသည် ဒုက္ခရောက်နေစဉ်အတွင်း ကူညီတဲ့သူသာ **အစစ်အမှန်ဖြစ် ၏။**

တကယ်ဆို ထိုစဉ်မတိုင်မီက ဇော်နှင့်ဆရာတို့သည် ခင်မင်ခဲ့ကြသူတွေ မဟုတ်။ ရက်ပိုင်း၊နာရီပိုင်းလေးအတွင်းမှာပင် ဆရာက ဇော့်ကို မယုံကြည်နိုင်လောက်အောင် ကူညီခဲ့သူ ဖြစ်သည်။ ဇော့်အတွက် ဆရာ အတတ်နိုင်ဆုံး လိုက်လျောခဲ့၏။ ဇော့်အပေါ် တောင်းခံလာသည့် ဆရာ့မေတ္တာကိုလည်း ဘယ်လိုအရောင်အစွန်းမှ မပါဘူးဟု ယုံကြည်ထားပါ၏။

ထိုကဲ့သို့ ကျေးဇူးတရားတွေ ရှိခဲ့သောဆရာ့အပေါ် သူမ ဘယ်လောက်အထိ တုန့်ပြန်နိုင်ပြီလဲ၊ ဟင့်အင်း နှမ်းစေ့တစ်စေ့စာလောက်တောင် မဆပ်နိုင်သေးပါ။ ပြီးတော့ ဆရာ့အပေါ် လေးစားအထင်ကြီးမှုက ဇော့်ရင်ထဲ ပြည့်နေသည်။ ထိုကဲ့သို့ လေးစားအားကိုးမှုက ဆရာ့၏ ဖြူစင်သော စိတ်စေတနာကိုဖြစ်ပြီး ဆရာ၏ အဆောင်အယောင်များ မပါဝင်ပေ။

သည်လို ကျေးဇူးရှင်တစ်ယောက်ကို ဇော်က စိတ်ဆင်းရဲအောင်လုပ်လျှင် ဘယ်လောက်မိုက်မဲရာကျမလဲ။ လူတစ်ယောက်၏ ကျေးဇူးကို မဆပ်နိုင်လျှင်တောင် စိတ်ဆင်းရဲအောင်လုပ်ဖို့ မသင့်။ ပြီးတော့ကျေးဇူးရှင်ကို ကျေးဇူးဆပ်တာသည်လည်း မင်္ဂလာတစ်ပါးပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်မေးသလို ကျေးဇူးတရားကို တစ်ခြားအရာတွေနဲ့ ဆပ်လို့မရတော့ဘူးလားဟုဆိုပေမယ့် ကိုယ့်ကျေးဇူးရှင်၏ စိတ်ချမ်းသာမှုကို ဖြည့်ဆည်းနိုင်ခြင်းသည်သာအ ကောင်းဆုံးပင်၊ ထို့ကြောင့် ဇော် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချလိုက်တော့၏။ အဲဒါကတော့ ဇော်လက်ထပ်ဖို့ ရွေးချယ်လိုက်သူဟာ အောင်ခန့်ညို ဆိုတဲ့ဆရာတည်း။

ဆရာ့ကိုရွေးလိုက်လို့ ကိုနိုင်တစ်မျိုးထင်ရင်လည်းထင်ပါစေတော့။ ကျေးဇူးရှိသော လူတစ်ယောက်မို့ ကျေးဇူးတုန့်ပြန်ခြင်းဖြင့် ဇော့်ဘဝ စိတ်ချမ်းသာလိမ့်မည်ဟု မျှော်လင့်မိပါသည်၊ တကယ်တော့ ဇော့်အပေါ်မှာသာ ဆရာ၏ ကျေးဇူးမရှိခဲ့ဖူးဆိုလျှင် ဇော် ရွေးချယ်မည့်သူကတော့ ကိုနိုင်ပါပဲ။ အဲဒါကိုတော့ ငြင်းလို့မရ။ ယခုတော့ ကိုနိုင်သည် ဇော့်ဘဝ၏ သံယောဇဉ်ရှိခဲ့သော လူတစ်ယောက်အဖြစ် ထားရစ်ခဲ့ရတော့မည်။ ခွင့်လွှတ်ပါတော့ ကိုနိုင်ရယ်။ ဇော်သည် ကိုနိုင့်ကို တိုးတိတ်စွာ တောင်းပန်လာရင်း အိပ်ရာမှထ၏၊ ထို့နောက် ကိုယ်လက်သန့်စင်ပြီး ဘုရားကန်တော့လိုက်သည်၊ မြတ်ဘုရားထံမှာတော့ ဇော်သည် သူတစ်ပါး၏ ကျေးဇူးတရားကို မှန်ကန်စွာ သိတာမို့ ဇော့်ဘဝသည်လည်း တစ်သက်တာ မှန်ကန်စွာ စိတ်ချမ်းသာနိုင်ပါစေဟု ဆုတောင်းလိုက်မိ၏၊





ဘုရားကန်တော့ပြီးနောက် အိမ်အလုပ်များကို လုပ်စရာရှိတာ လုပ်ကာ ကိုနိုင်အလာကို စောင့်နေလိုက်၏။ သည်နေ့ ဆရာလည်းလာမည့်နေ့၊ သူတို့နှစ်ယောက် တွေ့သွား၍မဖြစ်။ ထို့ကြောင့် ကိုနိုင်လာလျှင် အပြင်ထွက်စကားပြောရန် စိတ်ကူးလိုက်၏၊ ဆရာလာလျှင်တော့ စောင့်ခိုင်းထားလိုက်မည်၊ ဆရာက ဇော့်အပေါ် နားလည်တဲ့သူပဲ၊ ကိုနိုင်နဲ့ပတ်သက်တဲ့ကိစ္စကို ခွင့်လွှတ်နိုင်မည် ဟု ယုံကြည်၏၊

ဝီရိယကောင်းစွာပင် မနက်မိုးလင်းတာနှင့် ကိုနိုင်ရောက်လာ၏၊ ကိုနိုင့်မျက်နှာမှာ စိတ်ရွှင်လန်း လှုပ်ရှားတဲ့ အမူအရာ တွေပြနေသည်၊

ဇော် ကိုနိုင့်ကို တစ်ချက်ပြုံးပြလိုက်ပြီး

"အစောကြီးပါလားကိုနိုင်၊ ကြည့်ရတာ ညက အိပ်ကောအိပ်ရဲ့လား"၊

ဇော့်အမေးကြောင့်ကိုနိုင်က ရှက်ကိုးရှက်ကန်းပြုံးကာ-

"သေချာတယ် ညက တို့လုံးဝ အိပ်မပျော်ဘူး၊ တို့ စိတ်တွေအားလုံး မင်းဆီပဲ ရောက်နေတာ"

ကိုနိုင့်အဖြေကြောင့် သူ သက်ပြင်းကြိတ်ချလိုက်မိ၏။ မျှော်လင့်ချက်အပြည့်နဲ့လာတဲ့သူကို ဇော်က ရင်ဝဆီးကန်မည့်အဖြစ်၊ ငါမပြောရက်ပေမယ့် ပြောရတော့မှာပဲ ကိုနိုင်ရယ်။

"မိဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တို့ အပြင်ခဏသွားရအောင်လေ"

ဇော် ခေါင်းညိတ်လိုက်သည်။ ကိုနိုင်လာမည်ဆိုတာသိလို့ အဝတ်အစားလဲထားပြီးသား ဖြစ်၏။ သည်တစ်ခါ ကိုနိုင်နှင့်အတူ သွားခြင်းဟာ ဇော့်အတွက် နောက်ဆုံးပါပဲ။ သည်နေ့အတွက်တော့ ကိုနိုင့်ဆန္ဒတွေကို ဇော် တစ်ခုမှ မငြင်းချင်ပါ။ နောက်ဆုံးအချိန်မို့ ကိုနိုင့်ကို စိတ်ချမ်းသာစေချင်၏။ ထို့ကြောင့် အလွယ်တကူပင် ကိုနိုင်ခေါ်ရာ လိုက်ခဲ့သည်။

ကိုနိုင်က ဇော့်ကို စားသောက်ဆိုင်တစ်ခုတွင် မနက်စာ ကျွေးပြီးတော့မှ ကားဖြင့် နှစ်ယောက်သား ကန်တော်ကြီးသို့ လာခဲ့ကြသည်။ အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်တွင် ကိုနိုင်က ကားကိုရပ်လိုက်သည်။ ထို့နောက် ကားပေါ်မှ နှစ်ယောက်သား ဆင်းလိုက်၏။

ဇော်က အပင်ကြီး ခြေရင်းတွင် သွားရပ်သည်။ ကိုနိုင်က ဇော့်ဘေးမှာ လာရပ်ကာ ဇော့်ကို ငုံ့စိုက်မိုးကြည့်၏။ ဇော်က လှိုင်းကြပ်ခွပ်များထနေသော ရေပြင်ကို ရီဝေစွာ ခေတ္တငေးမောကြည့်နေမိသည်။ ထိုစဉ်မှာပင် ကိုနိုင့်အသံ ထွက်ပေါ်လာ၏။

"မိဇော်"

ကိုနိုင့်ခေါ်သံက တိုးပေမယ့် အားအင်တွေ ပြည့်ဝနေသလို ဇော် ကိုနိုင့်ကို မော့ကြည့်မိသည်။ တောက်ပနေသောကိုနိုင့်မျက်ဝန်း





တွေက ဇော့်ရင်ကို လှိုင်းထစေ၏။ ဇော် ချက်ချင်းမျက်နှာတို အကြည့်လွှဲကာ-

"ကိုနိုင် နင်ငါပြောတာကိုနင်သေသေချာချာ နားထောင်နော်၊ အခုပြောမယ့်စကားတွေဟာ ငါညက သေချာစဉ်းစားပြီးမှ ပြောတာပါ၊ နင်နဲ့ငါဟာ သူငယ်ချင်းတွေ၊ တစ်ယောက်အကြောင်း တစ်ယောက်သိသူတွေပါ။ ဒီတော့ ငါဘာမှလည်း သွယ်ဝိုက်မပြောချင်ပါဘူး၊ ဒီမယ်ကိုနိုင် နင့်ကိုလေ တစ်ချိန်တုန်းက အတိုင်းအတာ တစ်ခုအထိ သံယောဇဉ်ရှိခဲ့ပါတယ်။ ဒါပေမယ့် နင်နဲ့ငါဟာ နီးစပ်ဖို့ ဖူးစာပါမလာဘူး ထင်ပါရဲ့ဝေးခဲ့ကြရတယ်၊ ဒီအတွက် ငါနင့်ကို တစ်သက်စာ စွန့်လွှတ်လိုက်ရပြီလို့ မှတ်ယူခဲ့တယ်၊ ဆရာ့ကို တွေ့တဲ့ အချိန်မှာငါဟာ သောကပင်လယ်ကြားမှာ ဒုက္ခဝေနေခဲ့သူပါ၊ ငါ့ အနားမှာ ကူညီဖေးမပေးမယ့် လူရယ်လို့ တစ်ယောက်မှ မရှိခဲ့ဖူး၊ အဲဒီလို အချိန်မှာ ဆရာဟာ ငါတို့တစ်သက်လုံး ကျွမ်းဝင်ရင်းနှီးလာတဲ့ လူတစ်ယောက်လို အစစအရာရာ ကူညီခဲ့တယ်။ တကယ်လို့ ဆရာသာ ငါ့ရဲ့ဒုက္ခတွေကို အဲဒီအချိန်က မကူညီခဲ့ဖူးဆိုရင် ငါဒုက္ခ ရောက်မှာအတိပဲ။ အဲဒီတုန်းက ဆရာငါ့ကိုကူညီခဲ့တာ ဘာမျှော် လင့်ချက်မှ မရှိဘူး ကိုနိုင်၊ ဒါပေမယ့် ဆရာဟာ ငါ့ရဲ့ ကျေးဇူးရှင် တစ်ယောက်မို့ သူ့ကိုကျေးဇူးဆပ်ရမယ်ဆိုတာ ငါ့ရင်ထဲ ခိုအောင်း ခဲ့တယ်၊ ထမင်းတစ်လုပ်စားဖူးရင်တောင်မှ သူတစ်ပါးကျေးဇူးကို



www.burmeseclassic.com

www.burmeseclassic.com



မမေ့တာပဲ။ ငါ့အပေါ်မှာတော့ ဒီထက်မက ကျေးဇူးတွေ အများကြီး ရှိခဲ့တယ်လေ၊ ငါ့အတွက်နဲ့ ဆရာ စိတ်ချမ်းသာစေချင်တယ်၊ ကျေးဇူးရှင်တစ်ယောက်ရဲ့ ချမ်းမြေ့မှုကို ငါမြင်ချင်တယ်။ နင်ပြောသလို ဆရာ့ကို တစ်ခြားနည်းနဲ့ ကျေးဇူးဆပ်လို့ရပေမယ့် ဆရာဟာ အစစအရာရာပြည့်စုံတဲ့လူပါ ကိုနိုင်၊ သူ့အတွက်လိုအပ်နေတဲ့ နှလုံးသားကွက်လပ်ကိုပဲ ငါ ဖြည့်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒီအတွက် ငါ့ကို နင် ခွင့်မလွှတ်ပါနဲ့ ကိုနိုင်"

ဇော့်စကားအဆုံးမှာတော့ ကိုနိုင်ခေါင်းငိုက်စိုက်ကျသွားရလေပြီ။ သွားပြီ၊ သူ တစ်သက်လုံးစိတ်ကူးယဉ် မျှော်လင့်ခဲ့တဲ့ အိပ်မက်ခဲ့တဲ့ကမ္ဘာကြီး တစ်ခဏနှင့် ပြိုပျက်သွားရပြီ။ သူ ဘာလုပ်ရမလဲ၊ လာတဲ့လမ်းကိုပဲ လှည့်ပြန်ပြေးရမှာလား၊ ဟင့်အင်း မဟုတ်သေးပါဘူး၊ မီးပုံပွဲမှာ တွေ့ခဲ့တဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့ စကားတွေကိုပြန်လည် ကြားယောင်မိ၏။

"ငါ့ညီနေရာမှာ အစ်ကိုသာဆိုရင် အဲဒီမိန်းကလေးကို လွယ်လွယ်နဲ့ အရှုံးမပေးဘူး၊ ကိုယ်ချစ်တဲ့မိန်းကလေးကို ရအောင်ယူဖို့ ကြိုးစားမှာပဲ"

ထိုစကားပြန်ကြားရခိုက် သူ၏ လျော့ရဲရဲ အတွေးတွေကို ပြန်လည်တင်းမာစေ၏။ စောစောက ဇော်ပြောခဲ့သားပဲ။ ဇော်ဟာ တစ်ချိန်တုန်းက သူ့အပေါ်အတိုင်းအတာတစ်ခုအထိ သံယောဇဉ် ရှိခဲ့တယ်ဆို တာ ဒါ သူ့ကိုချစ်ခဲ့ပါတယ်လို့ ပြောတာနှင့်အတူတူပဲ မဟုတ်လား။



သူနဲ့ဇော် ဝေးကွာရမယ့်အဖြစ်ဟာ အမုန်းပါလို့မဟုတ်၊ ကျေးဇူးတရားဆိုတဲ့ အရာကြောင့်ကွဲကွာရမှာ။ အဲဒီကျေးဇူးတရားသာ သူတို့ကြားမှာ မရှိခဲ့ဖူးဆိုရင် အခုအချိန်မှာ သူနဲ့ဇော်ဟာ ပျော်စရာကောင်းလောက်နေပြီ။

ဇော်ဟာ အချစ်ထက် ကျေးဇူးတရားကိုဦးစားပေးလိုက်ပြီဆိုတဲ့ အသိက သူ့နှလုံးသားအတွက် လက်မခံနိုင်စရာ။ ထို့ကြောင့် ဇော့်ကို ရီဝေသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်ပြီး-

"ဒါဟာ နင့်ရဲ့ဆုံးဖြတ်ချက်အမှန်ပဲလား မိဇော်"

ဇော်က သူ့ကိုရီဝေသော မျက်လုံးများဖြင့်ကြည့်ကာ ခေါင်းညိတ်၏။ သူ အံတင်းကနဲ ကြိတ်ကာ-

"ဒါဆို နင်ငါ့ကိုနောက်ဆုံးအနေနဲ့ မေးခွင့်ပေးပါ၊ အခု နင်ရွေးချယ်လိုက်တဲ့လူဟာ ကျေးဇူးတရားကြောင့်ကလွဲပြီး အချစ်ဆိုတာ မပါဘူးပေါ့ ဟုတ်လား"

ဇော် ချက်ချင်းပင်-

"ဟုတ်ပါတယ်ကိုနိုင်၊ ဆရာ့ကို ငါ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ လေးစားအားကိုးတာပဲ ရှိပါတယ်"

"ကောင်းပြီ၊ဒါဆို နင်ချစ်ခဲ့တာ ဘယ်သူ့ကိုလဲ"

"ဒါကတော့. ."

ရုတ်တရက် ဇော် စကားစရပ်သွား၏။ သူ နှုတ်ခမ်းတင်းတင်းစေ့ကာ ဇော့်ကို စိုက်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြေပါ မိဇော်၊ အဲဒီအဖြေဟာတစ်သက်လုံးရှုံးရမယ့် ငါ့အတွက် ဖြေသိမ့်ရမယ့် စကားပါ"

ဇော် နှုတ်ခမ်းကို သွားချွန်ချွန်လေးများဖြင့် ကိုက်ကာ ခေါင်းခါယမ်း၏။

"ဝမ်းနည်းပါတယ် ကိုနိုင်၊ ငါ မဖြေနိုင်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မတိုင်ခင်ကပဲ ငါ လူတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်လို့ပါပဲ၊ အဲဒီအတွက် ငါ သူ့ကို သစ္စာရှိရမယ်လေ"

"အော်"

တကယ့် သစ္စာရှင်ကြီးနဲ့လာတွေ့နေပါလားဟု သူတွေးမိကာ ခပ်မဲ့မဲ့ပြုံးမိ၏။ ဒါပေမယ့် သေချာတာတစ်ချက်ကတော့ ဇော်ချစ်ခဲ့တာ သူ့ကိုဆိုတာ ဘယ်လိုမှ ငြင်းမရ။ ထိုအတွေးနှင့်ပင် သူ့ရင်ထဲ တသိမ့်သိမ့်ကြည်နူးစေလာ၏။

"ကောင်းပြီလေ၊ နင်မပြောပေမယ့် ငါသိနေပါတယ် မိဇော်၊ အဲဒီ့အတွက် ငါ ဝမ်းလည်းသာရသလို ဝမ်းလည်းနည်းရပါတယ်၊ ငါက ထီပေါက်ပြီး ထီလက်မှတ်ပျောက်တဲ့သူလိုပါပဲ မိဇော်ရယ်"

"အော် ကိုနိုင်ရယ်၊ နင်ငါ့ကို ခွင့်လွှတ်ပါတော့ကွယ်"

"ခွင့်လွှတ်ပါတယ်မိဇော်၊ နင့်အပေါ်မှာ ငါဆိုတဲ့ကောင် တစ်သက်လုံးခွင့်လွှတ်နေမှာပါ၊ ကဲ ပြန်စို့ မိဇော်"

အပြန်လမ်းက တိတ်ဆိတ်နေ၏။ နှစ်ဦးသား အတွေးမှာ နစ်မျောမွန်းကြပ်နေသည်။ အထူးသဖြင့် ဇော့်ရင်ထဲမှာ ကိုနိုင့်





အတွက် စိတ်ထိခိုက်လွန်းရတာမို့ ရင်ထဲကနင့်နင့်။ ခွင့်လွှတ်ပါ ကိုနိုင်ရယ်၊ ခွင့်လွှတ်ပါ။ နင့်ရဲ့ စိတ်ချမ်းသာမှုကို မပေးနိုင်တဲ့ငါ့လို မိန်းမိုးကိုနင့်ဘဝထဲက တစ်သက်လုံးသာ ဖယ်ထုတ်လိုက်ပါတော့။

ကားလေးက ပြေးလမ်းပေါ်မှာတရိပ်ရိပ်ပြေးနေ၏။ အတွေးဖြင့်လိုက်ပါလာသောဇော်ကဘယ်လိုပတ်ဝန်းကျင်ကိုရောက်လာတယ်ဆိုတာ သတိမပြုမိ၊ လိုအပ်တာထက် ပို၍ ကားအရှိန်မြန်လာတော့မှ ဇော် ပတ်ဝန်းကျင်ကို သတိထားမိ၏။

"ဟင် ကိုနိုင် ကားကိုဘယ်မောင်းနေတာလဲ"

ဇော်၏ အလန့်တကြားအမေးကို သူက ဂရုမစိုက်၊ ကားကိုသာ သည်းသည်းမည်းမည်းမောင်းနေ၏။ သူ၏ မျက်နှာပြင်က ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချထားသည့်ဟန်။ ဇော် သူ့အမူအယာကိုကြည့်ပြီး စိုးရိမ်လာကာ-

"ကိုနိုင် ငါမေးနေတယ်လေ၊ ကားကို ခုချက်ချင်း ရန်ကုန်ဘက်ပြန်ကွေ့ပါ"

ကိုနိုင်က အံတင်းတင်းတစ်ချက်ကြိတ်ကာ ဇော့်ကို ဆတ်ကနဲ လှည့်ကြည့်လာ၏၊

"မကွေ့နိုင်ဘူး မိဇော်၊ နင်နဲ့ငါချစ်လျက်နဲ့ တစ်သက်လုံး ပူဆွေးပြီး အဝေးမခံနိုင်ဘူး၊ ဒီတော့ နင်ငါ့နောက်ကို ငြိမ်ငြိမ်သာ လိုက်ခဲ့ပါ မိဇော်"

"ဘာ ဘာပြောတယ်၊ နင့်နောက်ငါ လိုက်ခဲ့ရမယ် ဟုတ်လား။ မလိုက်နိုင်ဘူး ကိုနိုင်၊ ဘယ်တော့မှ မလိုက်ဘူး နင့်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့တယ်ဆိုတာလည်း ဝန်ခံတယ်၊ဒါပေမယ့် ငါဟာ လူတစ်ယောက်ရဲ့ ကျေးဇူးကိုမှမထောက်ဘဲ ရက်ရက်စက်စက်ကျေးဇူးကန်းသွားတဲ့ မိန်းမတော့ မဖြစ်ချင်ဘူး"

"တော်စမ်း မိဇော်၊အဲဒီ ကျေးဇူးဆိုတဲ့စကားကို ငါ မကြားချင်ဘူး၊ နင့်ရဲ့ကျေးဇူးတွေကို ငါ အသက်နဲ့လဲဆပ်ပစ်လိုက်မယ်၊ ဒါပေမယ့် ငါ့နှလုံးသားနဲ့တော့ မလဲဆပ်နိုင်ဘူး၊ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ မိဇော်"

ဇော် ကိုနိုင့်ကို ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်၏။ ကိုနိုင့် မျက်နှာပြင်မှာ အနိုင်ယူလိုမှုတွေ၊ ရယူလိုမှုတွေ ပြည့်နေသည်။ ဇော်က တည်ငြိမ်စွာဖြင့်-

"ကိုနိုင်နင်ကားကိုရပ်ပေးမလား၊မရပ်ပေးဘူးလားပြောစမ်း"

"မရပ်ပေးဘူး၊ လုံးဝမရပ်ပေးနိုင်ဘူး မိဇော်"

"နင့်ကိုမုန်းတယ် ကိုနိုင်၊ သိပ်ကိုမုန်းတယ်၊ ငါ့ကို ဒီလို မတရားလုပ်တာ ငါ လုံးဝမကြိုက်ဘူး နင်သိလျက်နဲ့"

"ဘာ နင်က ငါ့ကို မုန်းတယ်ဟုတ်လား မိဇော်"

ဇော့်နှုတ်ဖျားက သူ့ကိုမုန်းတယ်ဆိုသော စကားကြားလိုက်ရတာမို့ သွေးပျက်သွားသူတစ်ယောက်လို ကမူးရှူးထိုး မေးလိုက်၏။ ဇော်က အေးစက်စိမ်းကားသောမျက်လုံးများဖြင့်စိုက်ကြည့်ကာ-

"ဟုတ်တယ် နင့်ကိုငါ သိပ်မုန်းသွားပြီ၊ တကယ်ဆို နင်ဟာ ငါ့ဘဝထဲကို ပြန်ဝင်လာဖို့မဟုတ်ဘူး၊ မကောင်းဘူး၊ နင်ဟာ ငါ့ဘဝထဲက အပြီးတိုင်ထွက်သွားဖို့ပဲ ကောင်းတယ် ကိုနိုင်"





"ဟင်မိဇော် နင်က ငါ့အပေါ် ဒီလောက်တောင် ခါးသီးသွားတာကိုး၊ ငါကတော့ နင့်အပေါ် ချစ်လိုက် မြတ်နိုးလိုက်ရတာ"

သူသည် ဇော်၏ ရက်စက်စိမ်းကားသော စကားလုံးများကို မခံနိုင်တော့သည့်အလား ကားရှိန်ကိုလျှော့လိုက်၏။ ထို့နောက် ဇော့်မျက်နှာကို ဆွေးမြေ့စွာကြည့်ကာ-

"မိဇော် နင်ငါ့ကို မမုန်းပါနဲ့၊ နင့်အချစ်ကို မရရင်နေပါ၊ နင့်အမုန်းကိုတော့ ငါမခံနိုင်ဘူး မိဇော်၊ ဒီတော့ နင့်ကိုငါ ပြန်ပို့ပေးပါတော့မယ်"

ပြောပြောဆိုဆို ကိုနိုင်က ကားကိုရန်ကုန်ဘက် ပြန်ကွေ့ချလိုက်၏။ ထို့နောက် ဘာတစ်ခုမှ မပြောတော့ဘဲ ဇော်အိမ်ရှိရာသို့ တောက်လျှောက်မောင်းခဲ့တော့၏။ စိတ်ပြောင်းသွားသောကိုနိုင့်ကြောင့် ဇော် အံ့ဩဝမ်းသာသွားရသည်။ ဒါပေမယ့် ကိုနိုင်က ဇော့်ကို လှည့်မကြည့်တော့ပေ။

သိပ်မကြာခင်မှာပင် ကိုနိုင်မောင်းသောကားက ဇော့် အိမ်ရှေ့ရောက်လာ၏။ ဇော် ကားပေါ်မှဆင်းရင်းတစ်ခုခုပြောရန်ပြင်၏။

"ကဲ မိဇော် နင်ဆင်းတော့"

ကိုနိုင့်မျက်နှာက တည်ငြိမ်နေသည်။

"မိဇော်၊ နင် ငယ်ငယ်တုန်းက အဖြစ်အပျက်တစ်ခုကို မှတ်မိသေးလားဟင်၊တူးမာက နင့်အပေါ် မတရားလုပ်လို့ တူးမာလက်ကျိုးပါစေလို့ နင်ဆုတောင်းခဲ့တယ်၊ အခုလည်း နင်ငါ့ကို နင့်ဘဝထဲ



www.burmeseclassic.com

www.burmeseclassic.com



က အပြီးတိုင်ထွက်သွားပါစေလို့ ပြောတယ်နော်၊ စိတ်ချ မိဇော်၊ နင်စိတ်ချမ်းသာစေဖို့ ငါလေ နင့်ဘဝထဲကို ဘယ်တော့မှ မလာတော့ပါဘူးလို့ ကတိပေးပါတယ် မိဇော်"

"အို ကိုနိုင်"

သို့သော် ဇော် ဘာမှပြောခွင့်မရလိုက်ပါ။ ကိုနိုင်က တားကို တစ်ရှိန်ထိုးမောင်းကာထွက်သွားလေပြီ။ ဇော့်မှာ အရှိန်ဖြင့် ထွက်သွားသောကိုနိုင့်ကားကိုကြည့်ရင်းပင် တစ်စုံတစ်ရာအတွက် စိုးရိမ်လာတော့၏။

"ဟင့်အင်း၊ ကိုနိုင် . . . ဘုရား . . . ဘုရား၊ ကိုနိုင်ဘာမှ မဖြစ်ပါစေနဲ့"

တူးမာကိုပြောခဲ့တုန်းကတော့ တကယ်ပဲတူးမာ လက်ကျိုးခဲ့ဖူး၏။ အခုတစ်ခါ ကိုနိုင့်ကိုရော၊ ဟင့်အင်း ကိုနိုင် . . ကိုနိုင်ဘာမှ မဖြစ်ရပါဘူး။

သို့သော် အရှိန်ဖြင့်မောင်းလာသောကိုနိုင်၏ ကားလေးမှာ လမ်းချိုးတစ်နေရာအရောက် တစ်ဖက်မှလာသော ကားတစ်စီးနှင့်မရှောင်လွှဲဘဲ တိုက်မိတော့၏။ ကားနှစ်စီးတိုက်သံက ထို ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံကျယ်လောင်သွား၏။ ထိုအချိန်တွင်မှ အိမ်ဇော်ဆီ အဖြေတောင်းရန်လာသော အောင်ခန့်ညို၏ ကားလေးက ထိုနေရာသို့ ရောက်လာသည်။





ကားတိုက်တာမြင်တော့ အောင်ခန့်ညို ကားကိုရပ်ကာ ကူညီဖို့ ဆင်းလိုက်၏။ ဝိုင်းအုံကြည့်နေသူတွေကြားမှ အောင်ခန့်ညို တိုးဝင်ကာ ရှေ့သို့ကြည့်ခိုက်-

ဟင် လူငယ်လေးတစ်ဦး-

သွေးဒဏ်ရာတို့ဖြင့် သတိလစ်နေသော လူငယ်လေးတစ်ဦးကို တွေ့ရခိုက် အောင်ခန့်ညိုမျက်စိထဲ လွန်ခဲ့သောသုံးလခန့်က ရှမ်းပြည်နယ်၏ မီးပုံပွဲတစ်ခုတွင် တွေ့ကြုံခဲ့ရသော မိန်းမတစ်ယောက်အတွက် အသည်းကွဲနေသည့် လူငယ်တစ်ဦးကို ပြေးမြင်ယောင်မိ၏။ ထိုအခါ သူ့ရင်ထဲတွင် တုန်လှုပ်ဖြစ်ကာထိုလူငယ်လေးနားသို့ အပြေးလေးသွားလိုက်မိတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



မျက်ခွံတွေက လေးလံနေသည်။ ခေါင်းတစ်ခုလုံး ချာချာလည်မူးနေ၏။ တစ်ကိုယ်လုံးမှာလည်း နာကျင်ကာကိုက်ခဲနေ၏။ ထိုစဉ် သူ့နားထဲသို့ ငိုရှိုက်သံသဲ့သဲ့ ဝင်လာ၏။

သူ ဘယ်ရောက်နေတာလဲ

သူ့နားထဲမှာ ငိုရှိုက်နေတာကရော ဘယ်သူလဲ

မိဇော်လား

မိဇော်ဆိုရင် သူကပြောလိုက်ချင်၏။

"နင်ပြုစားလိုက်တဲ့အတိုင်း ငါ နင့်ဘဝထဲက အပြီးထွက်သွားရတော့မှာပါလို့"

ကိုင်းဆာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ လေးလံလွန်းသောမျက်ခွံတွေကို ဖွင့်ကြည့်ဖို့ ကြိုးစား၏။ မရ။ နှုတ်ဖျားမှ နာမည်တစ်ခုကို အားတင်းကာ ခပ်တိုးတိုးခေါ်ကြည့်မိသည်။

"မိဇော်"

အားအင်မဲ့သောအသံက ပီပြင်မှုမရှိ။ ထို့နောက် မျက်ဝန်းများထဲမှာ အမှောင်များ ပြန်လည်လွှမ်းမိုးသွားတော့၏။

"ဆရာ"

ပြန်လည်ငြိမ်ကျသွားသောကိုနိုင့်ကိုကြည့်ပြီး ဇော့်ရင်ထဲဆောက်တည်ရာမဲ့ လှုပ်ရှားကာ အနီးတွင်ရှိနေသောဆရာ့ရင်ခွင်ထဲသို့ အားကိုးတကြီး ငိုရှိုက်မိတော့၏။

"ဆရာ သူ သူ သတိပြန်လစ်သွားပြီ၊ သူသာတစ်ခုခုဖြစ်ရင်တော့ ကျွန်မကိုယ်ကျွန်မ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး ဆရာ"

ဇော် ငိုရှိုက်ရင်း ကိုနိုင်တစ်ခုခုဖြစ်သွားမယ်ကို စိုးရိမ်ကာ စိတ်ထိခိုက်စွာ ပြောနေမိ၏။ အောင်ခန့်ညိုက ဇော့်ဆံပင်လေးများကို ဖွဖွပွတ်သပ်ပေးရင်း အားပေးလိုက်သည်။

"သိပ်လဲစိတ်ထိခိုက်မနေပါနဲ့မွေ့၊ သူ ပြန်ကောင်းလာမှာပါ။ကိုယ်တို့ အားလုံးသူ့အတွက် အကောင်းဆုံးတွေ စီစဉ်ပေးထားတာပဲ"

အားပေးနေရသည့်တိုင် သူ့ရင်ထဲမှာလည်း ထိခိုက်နေရတာကို အောင်ခန့်ညိုသတိပြုမိပါ၏။ ဖြစ်မှဖြစ်ရလေ၊ တိုက်တိုက်ဆိုင်ဆိုင် မှ ကြုံရတတ်လေတယ် ကိုယ့်ညီရယ်။

လှိုင်စာပေ



လွန်ခဲ့တဲ့သုံးလလောက်တုန်းက မိန်းမတစ်ယောက်ကြောင့် ကိုယ့်ညီက အသည်းကွဲဝေဒနာခံစားခဲ့ရတယ်၊ ကိုယ့်ညီသိပ်ချစ်တဲ့ မိန်းကလေးဟာ မွေ့အိမ်ဇော်ဆိုတဲ့မွေ့တဲ့လား။ အဲဒီတုန်းက ကိုယ် ပြောခဲ့တဲ့ စကားတစ်ခွန်းကို ပြန်ပြီး အမှတ်ရမိသေးတယ်။

"ကိုယ်သာဆိုရင် မာကျောလွန်းတဲ့ အဲဒီမိန်းကလေးရဲ့ အသည်းနှလုံးကို ပျော့ပျောင်းလာအောင် ဆက်ကြိုးစားမှာပဲလို့ အခုတော့ ကိုယ်ပြောတဲ့အတိုင်းကိုယ့်ညီ မွေ့ရဲ့အချစ်ကို ရယူဖို့ ကြိုးစားခဲ့တယ်နော်"

တိုက်ဆိုင်ချင်တော့ အချစ်စစ်အချစ်မှန်ဆိုတာကို ရှာနေတဲ့ကိုယ်ဟာ မွေ့အိမ်ဇော်ခေါ်တဲ့ မိန်းကလေးနဲ့မှ တွေ့ရသလို၊ ကိုယ် သိပ်ချစ်မိတဲ့ မွေ့ဟာ ကိုယ့်ညီရဲ့ အသည်းစွဲမိန်းကလေးဖြစ်ရတယ်လို့ ကိုယ်ဘာလုပ်ရမလဲ ညီရယ်. . ။

အောင်ခန့်ညို ကုတင်ထက်တွင် ဒဏ်ရာများနှင့် သတိလစ်နေသော စောမင်းနိုင်ကိုကြည့်ပြီး ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကိုပြတ်သားစွာ ချလိုက်၏။

"ဒီမယ်မွေ့ ကိုယ်ပြောတာ သေချာနားထောင်ပါနော်၊ မွေ့ရဲ့ ကိုနိုင်ဆိုတာ ကိုယ့်အတွက် ညီလေးတစ်ယောက်လို ခင်ခဲ့ရသူပါ။ ကိုယ်နဲ့သူ တွေ့ကြတဲ့အချိန်မှာ ကိုနိုင်ဟာ မွေ့အတွက် အရမ်းကိုထိခိုက်ခံစားနေရတဲ့အချိန်ပါကွယ်၊ အဲဒီတုန်းက ကိုယ်ကကြောင့် သူ့ကိုပြောခဲ့သေးတယ်"

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီဒီလောက်ချစ်မှန်းသိလို့၊ မိန်းကလေးကအသည်းခွဲတာလို့ ကိုယ်သာဆိုရင် အဲဒီမိန်းကလေးကိုရအောင် ယူမှာပဲလို့ ကိုနိုင့်ဘက်ကနေ ကိုယ် မွေ့အပေါ် နာခဲ့မိသေးတယ်။ အဲ့ဩစရာကောင်းတာက ကိုနိုင်ချစ်နေ စွဲလန်းနေတဲ့ မိန်းကလေးဟာ မွေ့မှန်း ကိုယ်မသိခဲ့ဖူး၊ မွေ့ကို မြင်မြင်ချင်းပဲ ကိုယ်သိပ်ချစ်ခဲ့တယ်၊ စွဲလန်းမြတ်နိုးခဲ့တယ်၊ နောက်ဆုံးလက်ထပ်ဖို့အထိ ဆုံးဖြတ်ခဲ့တာ မွေ့အသိပါ၊ ဒါပေမယ့် မွေ့ရယ်၊ ကံကြမ္မာက ကိုယ့်ဘက်မှာ မရှိဘူးဆိုတာ ကိုယ်နားလည်လိုက်ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ မွေ့ဆီက အဖြေရမယ့်နေ့မှာပဲဟောဒီကိုနိုင်က မွေ့ကိုခိုးပြေးဖို့ ကြိုးစားတယ်၊တကယ်တော့ မွေ့ ကိုယ်ကို လက်ထပ်ဖို့ ဆုံးဖြတ်တာဟာ ကျေးဇူးတရားကြောင့်ဆိုတာ ကိုယ်နားလည်ပါတယ်။ မွေ့တကယ်ချစ်တာက ကိုယ့်ကိုမဟုတ်ပါဘူး၊ ကိုယ်ဆိုတဲ့ကောင်ကလည်း ကျေးဇူးတရားကြောင့် ရလာမယ့်မွေ့ဆီက အဖြေကို လုံးဝမလိုချင်ဘူး၊ ပြီးတော့ ကိုယ့်ရဲ့ ပြိုင်ဖက်ဟာ ဟောဒီညီလေးဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က လုံးဝအလျှော့ပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ နောက်ဆုံး ကိုယ်ပြောချင်တာက မွေ့နဲ့ညီလေးကိုနိုင်တို့ ထာဝရပျော်ရွှင်စွာ လက်တွဲကြပါလို့ နောက်တစ်ခုမှာချင်တာက ညီလေးစောမင်းနိုင်ရဲ့ ပြိုင်ဘက်ဟာကိုယ်မှန်း သူ ဘယ်တော့မှ မသိပါစေနဲ့ကွယ်"

"ဆရာရယ်"





တိကျခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီးသွားသော ဆရာအောင်ခန့်ညို၏ မျက်နှာကို ထိခိုက်ကြေကွဲစွာဖြင့် ဇော်မော့ကြည့်မိ၏။ ဆရာမျက်နှာတစ်ခုလုံး မှုန်မှိုင်းရီဝေနေပေမယ့် ဆရာ့မျက်လုံးတွေကတော့ တစ်စုံတစ်ခုကိုပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်ပြီမို့ အထူးကြည့်လင်နေ၏။

ဆရာက ဇော့်ကိုယ်လေးကို ရင်ခွင်မှ ခွာကာ နေရာမှ ထွက်ခွာဖို့ပြင်၏။ ဇော် ရုတ်တရက် ဆရာ့လက်တစ်ဖက်ကို လှမ်းဆွဲဆုပ်ကိုင်ရင်း-

"ဆရာ"

"ကိုယ့်ကို ဘာပြောစရာရှိသေးလဲ မွေ့"

ဇော် နှုတ်ခမ်းတင်းတင်းစေ့ကာ တစ်ချက်ရှိုက်လိုက်ပြီး ဆရာ့မျက်နှာကို နောက်ဆုံးအနေဖြင့်မော့ကြည့်၏။

"ကျွန်မကို ကျွန်မကို ခွင့်လွှတ်ပါဆရာရယ်"

ဇော် တောင်းပန်မှုကြောင့် သူတစ်ချက်ပြုံးသည်။ ဒါပေမယ့် သူ့အပြုံးက မပီပြင်ချင်ပါ။ ထို့နောက် ဖြေးညင်းစွာ ခေါင်းကို အသာခါယမ်းကာ တိုးတိတ်ညင်သာသော လေသံဖြင့် ဇော့်မျက်နှာလေးကိုစိုက်ကြည့်ကာ ပြော၏။

"ဒီမှာမွေ့ ကိုယ်ပြောတာကို မင်းသေချာနားထောင်နော်၊ ဟောဒီလောကကြီးတစ်ခုလုံးမှာ မင်းအပေါ် ကိုယ်ဟာ အမြဲတန်း နားလည်ခွင့်လွှတ်နေမယ့်သူ့ဆိုတာ၊ ကဲ ကိုယ်သွားမယ်၊ မင်းရဲ့ အပ္ပူမီးတွေကမကြာခင်ပြေပျောက်သွားမှာပါ မွေ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဇော်ကို နှုတ်ခမ်းတစ်ဖက်သာ ပြုံးခနဲ ပြုံးလိုက်ကာ ငြိမ်နေ၏။ နောက်တော့နေရာမှ ချာခနဲလှည့်ကာခြေလှမ်းကျဲကြီးများဖြင့်ဇော့်ကို ကျောခိုင်းထွက်ခွာသွားလေသည်။ နေရာတွင် ရပ်၍ကျန်ခဲ့သောဇော်မှာ သူ့နောက်ကျောပြင်ကျယ်ကြီးကိုကြည့်ပြီး "အင့်"ကနဲ တစ်ချက်ငိုရှိုက်မိ၏။

ခွင့်လွှတ်ပါ ဆရာရယ်။

တကယ်တော့ ကျွန်မအဖြစ်ကိုက ဆိုးရွားလွန်းပါတယ်။ တစ်ဖက်ကလည်း ကျွန်မရင်မှာ ငြိတွယ်မိရတဲ့ ပထမဆုံး သံယောဇဉ်ဦး၊ တစ်ဖက်ကလည်း ကျွန်မဘဝနဲ့ရင်းပြီး လေးစားကြည်ညို အားကိုးမိရတဲ့ ကျေးဇူးရှင်၊ ဒီနှစ်ယောက်ကြားမှာ ကျွန်မ ဘာကို ဆုံးဖြတ်ချက်ချရမလဲလေ။

ကျွန်မ အခက်အခဲကိုသိနေတဲ့ဆရာကပဲ ကျွန်မလျှောက်ရမယ့်လမ်းကို ညွှန်ပြခဲ့တယ်။ ပြတ်သားစွာ ဆုံးဖြတ်ချက်ချပေးခဲ့တယ်။ ဒီအတွက် ဆရာ့ကို ကျွန်မ ကျေးဇူးတင်ပါတယ်။

ဒါပေမယ့်ဆရာရယ်-

ဆရာ ဒီလိုအနစ်နာခံစွန့်လွှတ်သွားတာဟာ ကျွန်မတို့ လူငယ်နှစ်ယောက် ပျော်ရွှင်ဖို့ဆိုပေမယ့် ဆရာ့ရင်ထဲမှာတော့ ဘယ်လောက်အထိအောင် နင့်နဲလှိုက်လှဲသိပ်သည်းစွာ ခံစားရမလဲဆိုတာ ကျွန်မ သိနေပါတယ်၊ ဒီအတွက် ကျွန်မကိုယ်တိုင် ဆရာ့အပေါ် သနားကရုဏာဖြစ်လို့ မဆုံးပါဘူး။





ဆရာ့ရင်ထဲက ဝေဒနာတွေကိုသိနေလျက်နဲ့ ဆရာ့နောက်မလိုက်နိုင်တဲ့ကျွန်မကိုယ်ကျွန်မ ခွင့်မလွှတ်နိုင်ပါဘူး၊ ဆရာက ခွင့်လွှတ်တယ်ပြောလေ ကျွန်မမှာ အပြစ်ရှိလေပဲ တကယ်တော့ ဒါတွေဟာ ကံတရားရဲ့ စီရင်ချက်တွေပါ ဆရာရယ်။

ထိုစဉ်ဆရာမလေးတစ်ယောက် လူနာသတိရလာပြီဟု ပြောတာကြောင့် ဇော် မျက်ရည်စက်တွေကိုသုတ်ကာ ကိုနိုင့်ထံ သွားလိုက်၏။

ကိုနိုင့်ဘေးမှာကိုနိုင့်မိခင်နှင့် ဆွေမျိုးအသိုင်းအဝိုင်းတွေအားလုံး ကြားက ကိုနိုင်တမ်းတနေသူက မမွှေ့အိမ်ဇော်ဆိုတဲ့ ဇော့်ကို အရင်က ဇော် အပေါ် အထင်လွဲအမြင်လွဲရှိခဲ့သည့် ကိုနိုင့်မိခင်ကိုယ်တိုင် မျက်ဝန်းထဲမှာ ဇော့်အပေါ် တောင်းပန်သည့်အရိပ်အယောင်တွေနှင့်။

ဇော် ဘယ်သူ့ကိုမှ မကြည့်ဘဲ ကိုနိုင့်ထံသို့ တန်းတန်းမတ်မတ်လျှောက်လာခဲ့လိုက်၏။ သည်အချိန်မှာအားလုံးထက်အရေးကြီးဆုံးက ကိုနိုင်လေ။

ကိုနိုင့်ကို ဇော်တောင်းပန်ရမည်။

ပြီးတော့ ကိုနိုင်ကြားချင်သော စကားကို ကိုနိုင်စိတ်ချမ်းသာအောင် ဇော်ပြောရမည်။

ဒါဆို ကိုနိုင်တစ်ယောက် ဇော့်ကို ခွင့်လွှတ်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရောက်သွားတဲ့အချိန်မှာ ကိုနိုင့် မျက်လုံးတွေ ခပ်မှေးမှေးဖွင့်တာ ကိုနိုင်ပါးစပ်က ဇော့်နာမည်ကို တမ်းတနေလေ၏။

"မိဇော် မိဇော်"

လေသံသဲ့သဲ့ဖြင့် ခေါ်နေသော ကိုနိုင့်နားသို့ ဇော် ခပ်သွက်သွက်ချဉ်းကပ်သွားကာကိုနိုင့်လက်တစ်ဖက်ကို ဇော့်လက်ဖြင့် ခပ်ဖွဖွအုပ်၍ ဆုပ်ကိုင်ကာ ကိုနိုင့်ဘေးတွင် ထိုင်လိုက်၏။

"ကိုနိုင်"

ဇော်၏ ခေါ်သံကို ကိုနိုင်ကြားသည့်အလား ကိုနိုင့်မျက်ဝန်းများက ဇော့်ထံ စူးစိုက်ရောက်လာ၏။ဇော်ကိုနိုင့်ကိုပြုံးပြလိုက်ရင်း-

"ကိုနိုင် သတိရလာပြီနော်၊ငါသိပ်ဝမ်းသာတာပဲကိုနိုင်ရယ်"

ဝမ်းသာတယ်ပြောနေသော ဇော်၏ လေသံတွေက အနည်းငယ်တုန်ယင်နေကာ ဇော့်မျက်ဝန်းမှာလည်း အရည်ကြည်တွေ ရစ်ဝဲနေတာ ကိုနိုင်သတိပြုမိမည် မထင်။

ကိုနိုင်က ဇော့်ကို ပြုံးမဲ့မဲ့စိုက်ကြည့်ကာ-

"မိဇော် နင်ဟာတကယ်ပဲပြုစားတတ်သူလား ဟင်"

"အို"

ကိုနိုင်၏ မထင်မှတ်သောအမေးကြောင့် ဇော် တစ်ကိုယ်လုံး အံ့ဩတုန်လှုပ်သွားရသည်။ ဇော်မျက်ဝန်းအစုံ ပြူးကျယ်ကာ ဇော် ကိုနိုင့်ကို ငေးစိုက်ကြည့်မိ၏။





"ဘုရား. . . ဘုရား"

ကိုနိုင်ကိုယ်တိုင်က ဇော့်ကို ပြုစားတတ်သူလို့ စွပ်စွဲလိုက်တာလား၊ ဒါဟာကိုနိုင့်ရဲ့ထင်မြင်ချက်မဟုတ် စွပ်စွဲချက်ပဲ ဖြစ်ရမည်။

သူ ဘာပြောခွင့်ရှိလဲ။

ကိုနိုင်ကို ဇော့် ဘာဖြေရှင်းရမလဲ။

ဟင့်အင်း ဇော့်မှာ ဖြေရှင်းချက်တစ်စုံတစ်ရာမရှိဘူးဆိုတာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုနိုင်ဆိုတာ ဇော့်အပေါ်မှာ ငယ်စဉ်ကတည်းက ထာဝရခွင့်လွှတ်နားလည်ခဲ့တဲ့သူ၊ အခုတော့ အဲဒီလို လူတစ်ယောက်က ဇော့်အား သံသယဝင်သည့်မေးခွန်းကို ပြန်မေးနေတော့မှ ဇော်က ဘာဖြေရှင်းရမှာလဲ။

ဇော်ငေးကြောင်စွာ ကိုနိုင့်ကိုစိုက်ကြည့်နေစဉ်မှာပင် ကိုနိုင့်မျက်ဝန်းတွေ တဖြည်းဖြည်း မှေးမှိတ်ကာငြိမ်သက်ကျသွားတော့၏။

ဇော်သည် ငြိမ်သက်ကျသွားသော ကိုနိုင့်ကိုမယုံနိုင်စွာဖြင့် ငေး စိုက်ကြည့်နေစဉ်မှာပင် ကိုနိုင့်မိခင်နှင့်ဆွေမျိုးအသိုင်းအဝိုင်းထံမှ ကျယ်လောင်စွာ အော်ဟစ်ငိုသံကိုကြားလိုက်ရမှ ဇော် သတိဝင်လာ ကာကိုနိုင့်လက်အား ခပ်တင်းတင်းဆုပ်ကိုင်ကာ-

"ကိုနိုင်"

ကိုနိုင့်နာမည်အား အော်ဟစ်ခေါ်၍ သည်းထန်စွာ ငိုမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင် ကိုနိုင်မသေရဘူး။

ဟုတ်တယ် ကိုနိုင်လုံးဝမသေရဘူး။

ဒါဟာ ဇော်အတွက် ကြောက်စရာအကောင်းဆုံး ချောက်ချားတုန်လှုပ်မှုကြီးတစ်ခုပါပဲ။

ကိုနိုင်ရယ် နင်ငါ့ကို ပြုစားတတ်သူလို့ စွပ်စွဲလိုက်ပြီနော်၊ ဒါ နင် ငါ့ကို အနိုင်နဲ့ပိုင်းသွားတာလား ကိုနိုင် ဟုတ်ပါတယ်ကိုနိုင်ရယ်၊ တကယ်တော့ ငါဟာ နင်စွပ်စွဲခဲ့သလို ပြုစားတတ်သူပါပဲ။

ဘာဖြစ်လို့လဲဆိုတော့အခုနင်ဒီလိုဖြစ်ရတာ ငါ့ကြောင့် ဟုတ်တယ် ငါ့ကြောင့်၊ ငါကပြောခဲ့မိတယ်လေ နင်ဟာ ငါ့ဘဝထဲက အပြီးတိုင်ထွက်သွားဖို့ ကောင်းတယ်လို့၊

အခုတော့ငါပြောတဲ့အတိုင်း နင်ငါ့ဘဝထဲကအပြီးတိုင်ထွက်သွားရပြီ၊ အဲဒါကိုက ငါဟာပြုစားတတ်သူပါလို့ နင် အသက်နဲ့လဲပြီး သက်သေပြသွားလိုက်တာပါပဲကိုနိုင်ရယ်။

ကိုနိုင်. .

နင် ငါ့ကို ခွင့်မလွှတ်ပါနဲ့၊

ဖြစ်လေရာ ဘဝမှာ ငါ့လိုပြုစားတတ်တဲ့မိန်းမမျိုးလည်း နင် မကြုံဆုံပါရစေနဲ့၊ နင့်လို အချစ်ကြီးတဲ့ မိန်းကလေးမျိုးနဲ့ပဲ တွေ့ပါစေ ကိုနိုင်ရယ်။

အပြင်ဘက်မှာ မိုးတွေ သဲသဲမဲမဲရွာနေတယ်မွေ့၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ညို့ညို့ဆိုင်းဆိုင်း၊ အုပ်အုပ်မှိုင်းမှိုင်းနဲ့





ကိုယ့်အတွက် လွမ်းစရာကောင်းအောင် သည်းလွန်းနေတယ်၊ အငြိုးကြီးကြီးနဲ့ သဲသဲမဲမဲ ရွာပေးနေတဲ့ မျက်ရည်မိုးတွေလား၊ ဒါမှမဟုတ် ကိုယ့်နှလုံး သားထဲက တစိမ့်စိမ့် တပေါက်ပေါက်ယိုစီးကျလာတဲ့ နှလုံးသွေး မိုးစက်တွေလား ကိုယ်ထင်မိတယ် မွေ့ရယ်။

တကယ်တော့မွေ့ရယ်၊ မင်းကို ကိုယ်စွန့်လွှတ်ခဲ့ရတာဟာ မချစ်မနှစ်သက်လို့ မဟုတ်ဘူးဆိုတာ မင်းလည်းသိမှာပါ မွေ့၊ ကိုယ် မင်းကိုအသက်လောက်မြတ်နိုးတယ်၊ ချစ်တယ်ဆိုတာ အားလုံးက အသိပါ။

ဒါဆို မင်းက မေးမယ်မွေ့၊ ချစ်လျက်နဲ့ ဘာလို့စွန့်ပစ်ခဲ့ရတာလဲလို့ အဲဒီလိုသာ မင်းမေးရင် ကိုယ်ကလည်း ဖြေဖို့အသင့်ပါပဲ မွေ့ရယ်။

မင်းကိုစွန့်လွှတ်ပစ်ခဲ့ရတာ ချစ်လွန်းလို့ပေါ့ကွယ် ဟုတ်တယ် မိန်းကလေးရယ်၊ ကိုယ်သိပ်ချစ်ရတဲ့မင်း စိတ်ဆင်းရဲမှာကို ဘယ်လိုအင်အားမျိုးနဲ့ ကိုယ်ကြည့်ရက်မှာလဲ၊ ကိုယ်ဆိုတဲ့ကောင်က မင်းပြုံးပျော်နေတာကိုပဲတွေ့ချင်မြင်ချင်တဲ့သူပါ၊ လူဆိုတာအတ္တရှိတဲ့လူတွေချည်းပါပဲ မွေ့ရယ်၊ ကိုယ်ကလည်း အတ္တကင်းတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်လည်းမွေ့ရယ်-

အတ္တဆိုတာ နေရာတကာ ထားကောင်းတဲ့အရာမှ မဟုတ်ဘဲ ထားသင့်တဲ့နေရာမှာ ထားကြတာအကောင်းဆုံးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ယောက်စိတ်ချမ်းသာဖို့ကို အခြားလူနှစ်ယောက်စိတ်ဆင်းရဲမှုနဲ့ ဘယ်လိုလဲရက်မှာလဲ။

ပြီးတော့ မွေ့တို့ ကိုနိုင်တို့ဆိုတာတ ကိုယ့်ထက်ငယ်ရွယ်တဲ့သူတွေ၊ သံယောဇဉ်ဆိုတာကလည်း ငယ်စဉ်ကတည်းက ခိုင်မြဲတွယ်တာလာခဲ့ကြတဲ့သူတွေ။

ကိုယ့်အပေါ် မွေ့သံယောဇဉ်ရှိတယ်ဆိုတာယုံကြည်ကိုးစားမှု၊ လေးစားအားကိုးမှုတွေ ပျော်ဝင်နေတဲ့ကိုယ့်အတွက် ခပ်ပါးပါးပဲ ကျရောက်နေတဲ့အရာပါ။ နောက်တစ်ခုကတော့ ကိုယ့်ညီလေးလို ခင်တွယ်ခဲ့ရတဲ့ နှလုံးသားအတွက်ခံစားကြေကွဲခဲ့ရတဲ့လူငယ်လေး ကိုနိုင်အတွက်လေ၊ ကိုနိုင်ကမင်းကိုသိပ်ကိုစွဲလန်း သံယောဇဉ်ရှိတဲ့သူဆိုတာကိုယ်ကောင်းကောင်းသိနေတာပဲ၊ အဲဒီလို လူငယ်လေးရဲ့အချစ်ကိုကိုယ်ဘယ်လို လုယူရက်မှာလဲ။

ဒါကြောင့်မို့ အားလုံးအတွက် အရာရာကိုစဉ်းစားပြီး မင်းတို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုကို ကိုယ်ပေးအပ်ခဲ့တာပါ၊ မိုးတွေကဝန်းကျင်တစ်ခုလုံးကိုပိုပြီးသည်းလာပြီ မွေ့၊ အဲဒီမိုးတွေဟာ ကိုယ့်အတွက် အလွမ်းမိုး၊ အဆွေးမိုးတွေဖြစ်ပေမယ့် မင်းတို့နှစ်ယောက်အတွက်တော့ ပျော်ရွှင်စရာကောင်းတဲ့မိုး၊ အေးချမ်းတဲ့မိုး၊ ကြည်နူးစရာကောင်းတဲ့မိုးစက်တွေပါ မွေ့ရယ်။

ထိုအချိန်တွင် သူခြံထဲသို့ လေးဘီးအငှားကားတစ်စီးဆိုက်ဝင်ရောက်လာ၏။ ကားပေါ်မှာတော့ သူဘယ်လိုမှ မထင်မှတ်၊ မမျှော်လင့်ထားတဲ့မိန်းကလေးတစ်ယောက်။





အဲဒီမိန်းကလေးကတော့သူ့ရင်ခုန်သံနှင့်အမျှ အစဉ်တမ်းတနေသူလေးမွေ့၊ သူသည်အစပထမ၌ ထိုမြင်ကွင်းကို မယုံကြည်နိုင်သလို ငေးစိုက်ကြည့်နေမိ၏။ သို့သော်သူမစီးလာသောကားလေးဆင်ဝင်အောက်တည့်တည့်ထိုးရပ်သွားချိန်မှာတော့ သူသည် အိပ်မက်မှလန့်နိုးလာသူ တစ်ယောက်လိုအောက်ထပ်သို့ ခပ်သွက်သွက်ဆင်းခဲ့လိုက်၏။

သူအောက်ထပ်ရောက်ချိန်မှာတော့ ဇော်က ကြေကွဲထိခိုက်နွမ်းနယ်သော မျက်နှာလေးဖြင့် အိမ်ထဲ ဝင်လာလေပြီ။သူ ဇော့်ကို အသာရပ်ကာစောင့်နေလိုက်၏။ ဇော်က သူ့ဆီ တန်းတန်းမတ်မတ်လျှောက်လာကာ-

"ဆရာ"

ဇော် ခေါ်သံလေးက အားကိုးရာမဲ့ကလေးတစ်ဦးက အားကိုးစရာလူကြီးတစ်ဦးကိုတွေ့လိုက်ရခိုက် အားကိုးတကြီး ခေါ်လိုက်ဟန်၊ ဇော်က ထိုတစ်ခွန်းသာခေါ်ပြီးသူ့ရင်ခွင်ထဲ တိုးဝင်ကာ ဝမ်းနည်းအားငယ်မှုကို မြိုသိပ်ကာ လှိုက်လှိုက်လှဲလှဲ နင့်နင့်သည်းသည်းရှိုက်ကာ ငိုကြွေးတော့၏။

ရုတ်တရက် သူ့ရင်ထဲ ဇော့်အတွက် စိုးရိမ်ပူလောင်သွားသည်။ ဇော် ဘာဖြစ်လာတာလဲ၊ ဇော် ဘာတွေ ဝမ်းနည်းစရာနဲ့တွေ့လာသလဲ၊ မင်းဘာတွေ ခံစားလာရတာလဲ မွေ့ရယ်၊ ဟု သူမေးဖို့ကြိုးစားသေး၏။ ဒါပေမယ့် ဇော် ငိုပါစေဦးလေ၊ ငိုလိုက်ပါမွေ့၊ ငိုလိုက်ပါ၊ ဒါမှ မင်းရင်ထဲက ခံစားချက်တွေ ပေါ့သွားမှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ငိုလို့အားရရင် မင်းတစ်ခုခုတော့ ဖွင့်ပြောလာမှာပါ။ ကိုယ် အဲဒီအခါကျမှ နားထောင်မယ် မွေ့။

ဇော်က အတော်ကြာသည့်အထိ သူ့ရင်ခွင်ထဲမှာ ငိုရှိုက်နေပြီးမှ သူ့မျက်နှာကို တဖြည်းဖြည်းမော့ကြည့်လာ၏။ ဇော် မျက်နှာတစ်ခုလုံး မျက်ရည်တို့ဖြင့် စိုရွှဲနစ်နေပါလား။ ဘယ်လောက်ထိအောင်များ မင်းဝမ်းနည်းကြေကွဲထိခိုက်ခဲ့ရသလဲ မိန်းကလေးရယ်-

"ဆရာ ကိုနိုင်၊ ကိုနိုင် မရှိတော့ဘူး"

"ဘာ"

ဇော့်အသံ တိုးတိုးလေးပေမယ့် ထိုစကားကိုကြားလိုက်ရသောသူ့အတွက်တော့ကမ္ဘာမြေကြီးပတ်ချာလည်သွားသလို ပါပဲ။

ဖြစ်မှဖြစ်ရလေ ကိုယ့်ညီရယ်၊ဖြစ်မှဖြစ်ရလေ၊ ဒီအသက်အရွယ်၊ မင်းအရည်ချင်းတွေနဲ့ ဟောဒီလောကကြီးထဲက ဒီလောက်အချိန်စောပြီး ထွက်ခွာသွားဖို့ မကောင်းပါဘူး။ မင်းအတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်နောက်ဆုတ်ပေးခဲ့လျက်နဲ့ကွယ်။

ရင်ခွင်ထဲမှ မွေ့လေးကို ကြေကွဲသော မျက်လုံးအစုံဖြင့်ငုံ့ကြည့်တော့ကျောပြင်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုလို့-

မွေ့ရယ် မင်း မင်းရဲ့ငယ်သံယောဇဉ်ဦးအတွက် အရမ်းကို ကြေကွဲထိခိုက်နေမယ်ဆိုတာကိုယ်နားလည်ပါတယ်၊ ကိုယ်တောင် မင်းလောက်မှ ရင်းနှီးကျွမ်းဝင်ခြင်းမရှိခဲ့တဲ့ကိုနိုင့်အတွက်





ထိထိခိုက်ခိုက် ခံစားရသေးတာပဲငိုပါ မွေ့ အားရအောင် ငိုလိုက်စမ်းပါ၊ ဒီအချိန်မှာ ကိုနိုင့်အတွက် မင်းပေးဆပ်နိုင်တာက ဒီ မျက်ရည်စက်တွေပဲ ကြေကွဲထိခိုက်နေတဲ့ လူတစ်ယောက်ကို ဒီအချိန်မှာ သွားနှစ်သိမ့်ရင် အဲဒီနှစ်သိမ့်တဲ့လူဟာ မတရားတဲ့လူပဲ ဖြစ်မှာပေါ့ မွေ့။

သည်တော့သူ့အတွက် မင်းနောက်ဆုံးအနေနဲ့ ကြေကွဲထိခိုက်စွာ ငိုလိုက်ပါမွေ့ရယ်။

"ဆရာ ကိုနိုင့်က ပြောသွားတယ် ကျွန်မဟာ ပြုစားတတ်သူလား တဲ့"

"ဟင် သူက အဲဒီလို ပြောသွားတယ်"

"ဟုတ်တယ် ဆရာ၊ တကယ်တော့ကိုနိုင်က ကျွန်မကို ပြုစားတတ်သူလို့ အတိအကျ စွပ်စွဲသွားတာပါ ဆရာရယ်"

"အိုကွယ်"

သူလှိုက်လှဲနင့်သည်းစွာ ငိုရှိုက်နေသော ဇော့်ကိုကြင်နာစွာ ပွေ့ဖက်မိ၏။ ဇော့် ကျောပြင်လေးကိုအသာဖွဖွပွတ်သပ်ကာသူ ခပ်တိုးတိုးပြောလိုက်မိ၏။

"ဒီမှာမွေ့၊ကိုယ်ပြောတာ သေချာနားထောင်စမ်းပါကွယ်၊ တကယ်တော့ ကိုနိုင်ဆုံးတာဟာ မင်းရဲ့ပြုစားတတ်တယ်ဆိုတဲ့ အတတ်ကြောင့် မဟုတ်ပါဘူး၊ သူ့ရဲ့ တစ်ဇွတ်ထိုးလုပ်မှုကြောင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာပါ၊ တကယ်လို့ သူသာ အဲဒီအချိန်က ကားကိုတစ်ခွတ်ထိုး မမောင်းဘူးဆိုရင် သူဒီလိုဘယ်ဖြစ်မလဲမွေ့ရယ်၊ တကယ်တော့ မင်းဟာ ပြုစားတတ်သူ မဟုတ်ပါဘူးကွယ်"

"ဆရာ တကယ်ပဲ အဲဒီလိုထင်သလား ဟင်"

ဇော်က သူ့ရင်ခွင်ထက်မှနေရင်း အားတိုးတကြီး မေးလိုက်၏။ သူ စိတ်ထိခိုက်သည့်ကြားမှ လူတစ်ဦး စိတ်ချမ်းသာဖို့ အတွက် ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ သေချာတာကတော့ အဲဒီ အချိန်တအပြုံးသည် သူ့အတွက် ဘယ်လိုမှ ပီပြင်မှု မရှိဘူးဆို တာပါပဲ၊ ဒါပေမယ့်လေ လောကကြီးမှာ လူတစ်ယောက်က ထွက် ခွာသွားပြီပဲ၊ ကျန်ခဲ့တဲ့သူတစ်ဦးအတွက် ဘာလို့ စိတ်ဆင်းရဲမှုတွေ ပေးခဲ့ရမှာလဲ၊ ဒါကြောင့်မို့ အားလုံးအတွက် အကောင်းဆုံးအဖြေ ဟာ သူ့ရဲ့ခေါင်းညိတ်မှုပါပဲ။

ဇော်ကတော့ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နေ၏။ စောစော ကလို ဝမ်းနည်းထိခိုက်စွာ ငိုရှိုက်နေတာကိုလဲ မတွေ့ရ၊ ဇော် ငြိမ် သက်တာ တစ်စုံတစ်ခုကို စဉ်းစားနေ၏။ ဇော် ဘာတွေ စဉ်းစားနေ တာလဲ၊ ဇော် စဉ်းစားနေတဲ့အရာက ကိုနိုင်သေဆုံးရတာ တကယ် ပဲ ဇော်ရဲ့ပြုစားတတ်မှုကြောင့်လား၊ ဒါမှမဟုတ် ကိုနိုင့်ရဲ့ တစ်ခွတ် ထိုးစိတ်ကြောင့်လားဆိုတာပါပဲ။

တကယ်လို့ ဇော်သာအဲဒီအချိန်က ကိုနိုင်အား "ငါ့ဘဝ ထဲ အပြီးတိုင် ထွက်သွား"ဆိုတဲ့စကားကိုမပြောခဲ့လျှင် ကိုနိုင်မသေ ဆုံးနိုင်ဘူးလား။

လှိုင်စာပေ



တကယ်လို့ အဲဒီနေ့က ကိုနိုင့်သာ ဇော့်ကို ကားတင်ပြီး ခိုးပြေးဖို့ မကြိုးစားခဲ့ဖူးဆိုလျှင် ဒီအဖြစ်အပျက်တွေကိုဖြစ်လာလိမ့် မည်မထင်။

နောက်ဆုံးတော့ ဇော်ဟာ ပြုစားတတ်သူလား၊ ဒါမှမဟုတ် ကိုနိုင်တပဲ သူ့ကံကြမ္မာ သူဖန်တီးသွားတာလားဆိုတာကိုတော့ ကာ ယကံရှင်ဖြစ်တဲ့ ဇော် ကိုယ်တိုင် ဝေခွဲဆုံးဖြတ်လို့တော့ဖြင့် . . . .

❒

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ



ဆုအဥ္ဇလီ

လှိုင်စာပေ

www.burmeseclassic.com